အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာကို
ပါဠိကျက်မှု အနက်တက်မှု ဝန်လေးသူများအတွက်
သက်သာလွယ်ကူစွာ တတ်မြောက်စေရန်

အဘိဓမ္မာပြန့်ပွားရေးအသင်း

မှ

သင်္ကေတနည်း ဇယားနည်းတို့ဖြင့် စီစဉ်ရေးသားထုတ်ဝေသော

# သင်္ဂြိုဟ်သရုပ်အခြေပြုကျမ်း

၃

စီစဉ်ရေးသားသူ

ဥက္ကဋ္ဌ ဦးကျော်
အဘိဓမ္မာပြန့်ပွားရေးအသင်း၊ ရန်ကုန်မြို့။

ဆဋ္ဌမအကြိမ်ပုံနှိပ်သည်။

၁၃၆၇ - ခုနှစ်    ၂၀၀၆ - ခုနှစ်

၃၄၁၉

အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာကို
ပါဠိကျက်မှု အနက်တက်မှု ဝန်လေးသူများအတွက်
သက်သာလွယ်ကူစွာ တတ်မြောက်စေရန်

ရန်ကုန်မြို့
# အဘိဓမ္မာပြန့်ပွားရေးအသင်း
မှ
သင်္ကေတနည်း ဇယားနည်းတို့ဖြင့်
စီစဉ်ရေးသားထုတ်ဝေသော

# သင်္ဂြိုဟ်သရုပ်အခြေပြုကျမ်း

စီစဉ်ရေးသားသူ
ဥက္ကဋ္ဌ ဦးကျော်
အဘိဓမ္မာပြန့်ပွားရေးအသင်း၊ ရန်ကုန်မြို့။

အဋ္ဌမအကြိမ်ပုံနှိပ်ခြင်း

ကောဇာ-၁၃၆၇၊ နတ်တော်လ ခရစ်-၂၀၀၅၊ ဒီဇင်ဘာလ

စာအုပ်မှတ်တမ်း

"အဘိဓမ္မာပြန့်ပွားရေးအသင်းမူပိုင်"

***Copy Right, All Rights Reserved.***

စာမူခွင့်ပြုချက်အမှတ်-၃၂၀၉၃၈၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၃၂၀၀၉၄၀၆၀၂

၂၀၀၅-ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ-၂၀၀၀

တန်ဖိုး-ဓမ္မဒါန

အဌမအကြိမ်

<u>ပုံနှိပ်သူ</u>

ဦးရှိန်ဘီး (မြ-၀၆၇၅၉) ဝင်းလိုက်မိတ်ပုံနှိပ်တိုက်

ပင်မရေတပ်စက်မှုလက်မှုတပ်၊ အောက်ပုဇွန်တောင်လမ်း၊

သန်လျက်စွန်း၊ ဗိုလ်တထောင်မြို့နယ်တွင်ရိုက်နှိပ်သည်။

<u>ထုတ်ဝေသူ</u>

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းအတွက်

ဦးကြိုင်မြင့်(၀၃၈၀၈) ဝါမိုးအောင်စာပေ၊

အမှတ်-၅၀၊ ၄၃-လမ်း၊ ၆-ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်က

ထုတ်ဝေသည်။

# ကျမ်းပြုပုဂ္ဂိုလ်



ဥက္ကဋ္ဌ ဦးကျော်

ဆရာကြီးဦးကျော်ကို ဦးဖိုးကြင်၊ ဒေါ်ကျေးမျှင်တို့မှ (၁၂၇၀-ပြည့်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်)၊ ၁၉၀၈-ခုနှစ်၊ နိုဝင်ဘာလ ၁၆-ရက်တွင် ရန်ကုန်မြို့ ပုဇွန်တောင်ရပ်၌ မွေးဖွားခဲ့သည်။ ငယ်စဉ်အခါကစ၍ လောကီမှုရေးရာတို့၌ စိတ်ဝင်စားမှုနည်းပါးပြီး လောကုတ္တရာသာသနာရေး၌သာ အလေးထားလျက် ဘာသာရေးနှင့်စပ်သော စာပေကျမ်းဂန်အစောင်စောင်တို့ကို ဖတ်ရှုလေ့လာမှတ်သားနေခဲ့သည်။

ဦးကျော်သည် ပုဇွန်တောင်ရပ်နေ ဆရာကြီးဦးဖိုးလှိုင်ထံတွင် သင်္ချိုဟ်ကို သင်္ဂြိုဟ်ကို သင်္ကေတနည်းများဖြင့် ကျနစွာသင်ယူဆည်းပူးခဲ့သည်။ ရုံးပိတ်ရက်တနင်္ဂနွေနေ့များတွင် နံနက်စောစောကပင် ဆရာကြီးဦးဖိုးလှိုင်အား နေအိမ်သို့ဖိတ်ကြား၍ ကောင်းမြတ်သောနံနက်စာဖြင့် ဝတ်ပြုပြီးနောက် မိမိအလိုရှိရာ အဘိဓမ္မာစာပေများကို သင်ယူမှတ်သားခဲ့သည်။ နှုတ်တက်အာဂုံဆောင်ရန် ရှိသည်များကိုလည်း အလွန်စိတ်အားထက်သန်စွာဖြင့် နှုတ်တက်အာဂုံဆောင်ခဲ့သည်။

နောင်အခါ ရန်ကုန်မြို့သို့ ခေတ္တကြွရောက်သီတင်းသုံးတော်မူသော ရွှေဘိုခရိုင် ခင်ဦးတော၊ မူလပဋ္ဌာန်းဆရာတော် ဦးနာရဒ (နောင် အဂ္ဂမဟာပဏ္ဍိတ)အားဖူးတွေ့ရပြီးလျှင် ပဋ္ဌာန်းဒေသနာတော်များ သင်ကြားပို့ချပေးပါရန် ဆရာတော်အားပန်ကြားလျှောက်ထားခဲ့ပြီး သင်ယူခဲ့သည်။

ရန်ကုန်မြို့ ဆူးလေစေတီတော်အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးကိုတည်ထောင်ခဲ့သောပုဂ္ဂိုလ် (၆) ဦးတို့တွင် တစ်ဦးအပါအဝင်ဖြစ်ပြီး၊ အသင်းကြီး၏ဥက္ကဋ္ဌအဖြစ် ၁၉၅၈-ခုနှစ်မှစ၍ ကွယ်လွန်ချိန်ထိ တာဝန်ယူထမ်းဆောင်ခဲ့သည်။ အဘိဓမ္မာပြန့်ပွားရေးအသင်းတိုက်တွင် နှစ်ပေါင်း(၃၀)ကျော်ကြာအောင် အဘိဓမ္မာညဝါကျမ်းရင်းများဖြစ်သော ယမိုက်ပဋ္ဌာန်း၊ မာတိကာ၊ ဓာတုကထာတို့ကို ဝါတွင်းကာလတွင် သံဃာတော်အရှင်မြတ်များကိုလည်းကောင်း၊ ဝါပကာလတွင် လူပုဂ္ဂိုလ်များကိုလည်းကောင်း နေ့စဉ်သင်ကြားပို့ချပေးခဲ့သည်။ ပဋ္ဌာန်းဆဝါရဝိဘင်္ဂပို့ချစဉ်ကျမ်းနှင့် သင်္ဂြိုဟ်သရုပ်အခြေပြုကျမ်းများကို ရေးသားခဲ့သည်။ မူလပဋ္ဌာန်းဆရာတော်ဘုရားကြီး၏အဘိဓမ္မာညဝါအသံဖမ်းပို့ချစဉ်ကျမ်းများကို ကိုယ်တိုင်ကြီးကြပ်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဦးကျော်သည် ရန်ကုန်ရဲအဖွဲ့တွင် ရဲဝန်ထောက်အဖြစ်အမှုထမ်းဆောင်ခဲ့ပြီး၊ အငြိမ်းစားယူပြီးနောက် အထက်တန်းရှေ့နေအဖြစ် အမှုလိုက်ခဲ့သည်။ ကမ္ဘာအေးပိဋကတ်ဘာသာပြန်အဖွဲ့တွင် အမြဲတမ်းရာသက်ပန်အဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်၍ ဦးချန်ထွန်း၊ ဦးတင်နွယ်တို့နှင့်အတူ ယမကပါဠိတော်ကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့ရာ သစ္စယမကအထိ ပြီးစီးအောင်မြင်ခဲ့သည်။ ဆရာကြီးဦးကျော်သည် (၁၄-၂-၉၃) ရက်နေ့တွင် ရန်ကုန်မြို့၌ကွယ်လွန်ခဲ့သည်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | နိဒါန်း | ၁၁ |
| – | ပဏာမနှင့် ပဋိညာဉ် | ၁၂ |
| | **စိတ်ပိုင်း** | |
| ၁။ | အကုသိုလ်စိတ် ၁၂ ခုကို သင်္ကေတဖြင့်ပြပုံ | ၁၃ |
| ၂။ | အဟိတ်စိတ် ၁၈ ခုကို သင်္ကေတဖြင့်ပြပုံ | ၁၄ |
| ၃။ | ကာမာဝစရ သောဘဏစိတ် ၂၄ ခုကို သင်္ကေတဖြင့်ပြပုံ | ၁၅ |
| ၄။ | ရူပါဝစရစိတ် ၁၅ ခုကို သင်္ကေတဖြင့်ပြပုံ | ၁၆ |
| ၅။ | အရူပါဝစရစိတ် ၁၂ ခုကို သင်္ကေတဖြင့်ပြပုံ | ၁၇ |
| ၆။ | လောကုတ္တရာစိတ် ၈ ခုကို သင်္ကေတဖြင့်ပြပုံ | ၁၈ |
| ၇။ | လောကုတ္တရာစိတ်အကျယ် ၄၀ ကို သင်္ကေတဖြင့်ပြပုံ | ၁၈ |
| ၈။ | စိတ်ပိုင်း သရုပ်ခွဲဇယား | ၂၁ |
| ၉။ | စိတ်ပိုင်း သင်္ကေတပုံစံ | ၂၂ |
| | **စေတသိက်ပိုင်း** | |
| ၁။ | စေတသိက် လက္ခဏာလေးပါး | ၂၅ |
| ၂။ | အညသမာန်း စေတသိက် ၁၃ နှင့်အဓိပ္ပာယ် | ၂၅ |
| ၃။ | အကုသိုလ် စေတသိက် ၁၄ နှင့်အဓိပ္ပာယ် | ၂၆ |
| ၄။ | သောဘဏ စေတသိက် ၂၅ နှင့်အဓိပ္ပာယ် | ၂၇ |
| ၅။ | အညသမာန်း စေတသိက် သမ္ပယောဂနည်း | ၂၈ |
| ၆။ | အကုသိုလ် စေတသိက် သမ္ပယောဂနည်း | ၂၉ |
| ၇။ | သောဘဏ စေတသိက် သမ္ပယောဂနည်း | ၃၀ |
| ၈။ | အနိယတယောဂီ စေတသိက် | ၃၁ |
| ၉။ | အကုသိုလ်စိတ် သင်္ဂဟနည်း | ၃၃ |
| ၁၀။ | အဟိတ်စိတ် သင်္ဂဟနည်း | ၃၄ |
| ၁၁။ | ကာမာဝစရသောဘဏစိတ် သင်္ဂဟနည်း | ၃၅ |
| ၁၂။ | မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း | ၃၆ |
| ၁၃။ | လောကုတ္တရာစိတ် သင်္ဂဟနည်း | ၃၇ |
| ၁၄။ | စေတသိက်ပိုင်း သင်္ဂဟနည်းအချုပ် | ၃၈ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | စေတသိက် ၅၂ ခု၌ စေတသိက်ယှဉ်ပုံ ... ... ... | ၃၉ |
| ၁၆။ | စေတသိက်ပိုင်းသရုပ်ခွဲ လေ့ကျင့်ရန်ဇယား ... ... ... | ၄၀ |
| | **ပကိဏ်းပိုင်း** | |
| ၁။ | ဝေဒနာ သင်္ဂဟ ... ... ... | ၄၂ |
| ၂။ | စေတသိက်တို့ကို ဝေဒနာဖြင့်ရေတွက်ပြပုံ ... ... ... | ၄၃ |
| ၃။ | ဟေတုသင်္ဂဟ ... ... ... | ၄၄ |
| ၄။ | စေတသိက်တို့ကို ဟိတ်ဖြင့်ရေတွက်ပြပုံ ... ... ... | ၄၆ |
| ၅။ | ဟိတ် ၆ ပါးကို တိက်, ဇာတ်, ပုဂ္ဂိုလ် ဘူမိဖြင့်ပြပုံ ... ... ... | ၄၇ |
| ၆။ | ကိစ္စ သင်္ဂဟ ... ... ... | ၄၈ |
| ၇။ | စေတသိက်တို့ကို ကိစ္စဖြင့်ရေတွက်ပြပုံ ... ... ... | ၅၀ |
| ၈။ | ဌာန ၂၅ ပါး ... ... ... | ၅၁ |
| ၉။ | ဒွါရ သင်္ဂဟ ... ... ... | ၅၂ |
| ၁၀။ | စေတသိက်တို့ကို ၆ ဒွါရဖြင့် ရေတွက်ပြပုံ ... ... ... | ၅၃ |
| ၁၁။ | အာရမ္မဏ သင်္ဂဟ ... ... ... | ၅၄ |
| ၁၂။ | အာရုံပြုသင်္ဂဟဂါထာ ... ... ... | ၅၅ |
| ၁၃။ | စိတ်တို့၏အာရုံပြုပုံကိုပြခြင်း ... ... ... | ၅၆ |
| ၁၄။ | အဘိညာဏ်အာရုံ ... ... ... | ၅၉ |
| ၁၅။ | ကေန် အနေကန် အာရုံပြုဇယားအကျယ် ... ... ... | ၆၀ |
| ၁၆။ | စေတသိက်တို့၏အာရုံပြု ... ... ... | ၆၁ |
| ၁၇။ | ဝတ္ထု သင်္ဂဟ ... ... ... | ၆၂ |
| ၁၈။ | စေတသိက်တို့ကိုမှီရာဝတ္ထုဖြင့်ပြပုံ ... ... ... | ၆၃ |
| ၁၉။ | ၃–ပိုင်းသရုပ်ခွဲ လေ့ကျင့်ရန်ဇယား ... ... ... | ၆၄ |
| | **ဝီထိပိုင်း** | |
| ၁။ | ဆက္က ၆ ပါး ... ... ... | ၆၆ |
| ၂။ | နာမ်သက် ရုပ်သက် ပြပုံ ... ... ... | ၆၇ |
| ၃။ | ပဉ္စဒွါရဝီထိ ... ... ... | ၆၇ |
| ၄။ | ဆဒွါရဝီထိဖြစ်ကြောင်းအင်္ဂါ ... ... ... | ၆၈ |
| ၅။ | ပဉ္စဒွါရဝီထိစိတ်၏ အာရုံ, ဝတ္ထု, ဘုံ, ပုဂ္ဂိုလ် ... ... ... | ၆၈ |
| ၆။ | မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ရွေးချယ်ပုံ ... ... ... | ၆၉ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇။ | အတိပရိတ္တာရုံဝီထိ၌ မန္ဒာယုကစသည် မစိစစ်ရခြင်း | ... ... ... | ၇၀ |
| ၈။ | ကာမဇောဝါရ မနောဒွါရဝီထိ | ... ... ... | ၇၀ |
| ၉။ | မနောဒွါရိကဝီထိစိတ်၏ အာရုံ,ဝတ္ထု,ဘုံ,ပုဂ္ဂိုလ် | ... ... ... | ၇၁ |
| ၁၀။ | တဒနုဝတ္တက မနောဒွါရဝီထိ | ... ... ... | ၇၁ |
| ၁၁။ | အပ္ပနာဇောဝါရ | ... ... ... | ၇၃ |
| ၁၂။ | ဈာနဝီထိ | ... ... ... | ၇၄ |
| ၁၃။ | ဈာနဝီထိ၏ စိတ်,အာရုံ,ဝတ္ထု,ဘုံ,ပုဂ္ဂိုလ် | ... ... ... | ၇၅ |
| ၁၄။ | မဂ္ဂဝီထိ | ... ... ... | ၇၆ |
| ၁၅။ | မဂ္ဂဝီထိ၏ စိတ်,အာရုံ,ဝတ္ထု,ဘုံ,ပုဂ္ဂိုလ် | ... ... ... | ၇၇ |
| ၁၆။ | ဖလသမာပတ္တိဝီထိ | ... ... ... | ၇၈ |
| ၁၇။ | အဘိညာဏ်ဝီထိ | ... ... ... | ၇၈ |
| ၁၈။ | နိရောဓသမာပတ္တိဝီထိ | ... ... ... | ၈၁ |
| ၁၉။ | ကာမဇောနောင် အပ္ပနာဇောကျပုံ | ... ... ... | ၈၂ |
| ၂၀။ | တဒါရုမ္မဏ နိယာမ | ... ... ... | ၈၃ |
| ၂၁။ | ဝိပါက်အမှန် ဇောအပြန် | ... ... ... | ၈၄ |
| ၂၂။ | ဝိပါက်လည်းအမှန် ဇောလည်းအမှန် | ... ... ... | ၈၄ |
| ၂၃။ | ဇောနောင် တဒါရုံကျပုံ | ... ... ... | ၈၅ |
| ၂၄။ | အာဂန္တုကဘဝင် | ... ... ... | ၈၆ |
| ၂၅။ | ဇဝနဝါရ | ... ... ... | ၈၆ |
| ၂၆။ | တစ်ကြိမ်ဖြစ်သော ဝီထိစိတ်များ | ... ... ... | ၈၇ |
| ၂၇။ | ကာမဘုံပုဂ္ဂိုလ်စိတ်ရ | ... ... ... | ၈၉ |
| ၂၈။ | ရူပဘုံပုဂ္ဂိုလ်စိတ်ရ | ... ... ... | ၉၀ |
| ၂၉။ | အရူပဘုံပုဂ္ဂိုလ်စိတ်ရ | ... ... ... | ၉၁ |
| ၃၀။ | ဝီထိစိတ်တို့ကို အနန္တ ရပစ္စည်း ပဌာန်းနည်းဖြင့်ပြပုံ | ... ... ... | ၉၃ |


## ဘုံပိုင်း


| | | | |
|---|---|---|---|
| ၁။ | စတုက္ကလေးပါး | ... ... ... | ၉၅ |
| ၂။ | ဘူမိစတုက္က | ... ... ... | ၉၅ |
| ၃။ | ဘုံ ၃၁ စကြဝဠာတစ်ခု | ... ... ... | ၉၆ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | ဘုံအကွာအဝေး | ၉၇ |
| ၅။ | သတ္တဝါသဘုံကိုးဝ | ၉၇ |
| ၆။ | သတ္တဝိညာဏဋ္ဌိတိ | ၉၈ |
| ၇။ | ဘဝင်သုံးပါး | ၉၈ |
| ၈။ | ဘုံပုဂ္ဂိုလ်ရ | ၉၈ |
| ၉။ | ပုဂ္ဂိုလ်ဘုံရ | ၉၉ |
| ၁၀။ | ပုဂ္ဂိုလ်အပြား ဝါကရား | ၉၉ |
| ၁၁။ | ပဋိသန္ဓိစတုက္က | ၉၉ |
| ၁၂။ | ကပ်အပြား | ၁၀၀ |
| ၁၃။ | ကမ္ဘာပျက်ပုံ | ၁၀၁ |
| ၁၄။ | ကမ္ဘာမျိုးမည် | ၁၀၁ |
| ၁၅။ | အသက်တမ်း | ၁၀၂ |
| ၁၆။ | ကမ္မစတုက္က | ၁၀၃ |
| ၁၇။ | ကိစ္စစတုက္က | ၁၀၃ |
| ၁၈။ | ပါကဒါန ပရိယာယစတုက္က၊ | ၁၀၃ |
| ၁၉။ | ပါကကာလစတုက္က | ၁၀၄ |
| ၂၀။ | ပါကဋ္ဌာနစတုက္က | ၁၀၄ |
| ၂၁။ | ဒုစရိုက် ၁၀ ပါး၊ သုစရိုက် ၁၀ ပါး | ၁၀၄ |
| ၂၂။ | ပုညကြိယာ ၁၀ ပါး | ၁၀၅ |
| ၂၃။ | ကာမာဝစရကံနှင့် အကျိုးပေးဝိပါက် | ၁၀၅ |
| ၂၄။ | ကာမကုသိုလ်အခွဲနှင့် အကျိုးပေး | ၁၀၆ |
| ၂၅။ | မဟဂ္ဂုတ်ကံနှင့် မဟဂ္ဂုတ်ဝိပါက် | ၁၀၆ |
| ၂၆။ | မရဏုပ္ပတ္တိ စတုက္က | ၁၀၇ |
| ၂၇။ | ကာမစုတိ ကာမပဋိသန္ဓေဝီထိ | ၁၀၈ |
| ၂၈။ | ကာမစုတိ ရူပပဋိသန္ဓေဝီထိ | ၁၁၀ |
| ၂၉။ | ရူပါဝစရစုတိ ကာမပဋိသန္ဓေ | ၁၁၁ |
| ၃၀။ | အသညသတ်စုတိ ကာမပဋိသန္ဓေ | ၁၁၁ |
| ၃၁။ | ရဟန္တာစုတိ | ၁၁၂ |
| ၃၂။ | စုတိနောင် ပဋိသန္ဓေနောင်း | ၁၁၄ |
| ၃၃။ | ကာမဘုံစုတိနောင် ပဋိသန္ဓေနောင်း | ၁၁၄ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- | --- |
| ၄။ | ဥပါဒါန် လေးပါး | ... ... ... | ၁၄၂ |
| ၅။ | နီဝရဏ ၆ ပါး | ... ... ... | ၁၄၂ |
| ၆။ | အနုသယ ၇ ပါး | ... ... ... | ၁၄၃ |
| ၇။ | သံယောဇဉ် ၁၀ ပါး | ... ... ... | ၁၄၄ |
| ၈။ | ကိလေသာ ၁၀ ပါး | ... ... ... | ၁၄၄ |
| ၉။ | အကုသလ သင်္ဂဟ တရားကိုယ်ကောက်နည်း | ... ... ... | ၁၄၄ |
| ၁၀။ | တစ်ထောင့်ငါးရာ ကိလေသာသရုပ် | ... ... ... | ၁၄၅ |
| ၁၁။ | တဏှာအစစ် တစ်ရာ့ရှစ် | ... ... ... | ၁၄၅ |
| ၁၂။ | အကုသလသင်္ဂဟ တရားကိုယ်နှင့် ဌာနယှုပုံ | ... ... ... | ၁၄၆ |
| ၁၃။ | မိဿကသင်္ဂဟ | ... ... ... | ၁၄၇ |
| ၁၄။ | ဟိတ်, ဈာနင်, မဂ္ဂင်, ဣန္ဒြေ | ... ... ... | ၁၄၇ |
| ၁၅။ | ဣန္ဒြေသုံးပါးအထူး | ... ... ... | ၁၄၉ |
| ၁၆။ | ဗိုလ်, အဓိပတိ, အာဟာရ | ... ... ... | ၁၅၀ |
| ၁၇။ | ဈာနင်, ဗိုလ်, မဂ္ဂင်, ဣန္ဒြေကိစ္စမတင်သောတရားများ | ... ... ... | ၁၅၁ |
| ၁၈။ | မိဿကသင်္ဂဟတရား ကိုယ်နှင့်ဌာနယှုပုံ | ... ... ... | ၁၅၂ |
| ၁၉။ | ဗောဓိပက္ခိယသင်္ဂဟ | ... ... ... | ၁၅၃ |
| ၂၀။ | သတိပဋ္ဌာန်, သမ္မပ္ပဓာန် | ... ... ... | ၁၅၃ |
| ၂၁။ | ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင် | ... ... ... | ၁၅၄ |
| ၂၂။ | မဂ္ဂင်ရှစ်ပါး | ... ... ... | ၁၅၅ |
| ၂၃။ | ဗောဓိပက္ခိယသင်္ဂဟတရား ကိုယ်နှင့်ဌာနယှုပုံ | ... ... ... | ၁၅၆ |
| ၂၄။ | သဗ္ဗသင်္ဂဟ | ... ... ... | ၁၅၇ |
| ၂၅။ | ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ၊ အာယတန | ... ... ... | ၁၅၇ |
| ၂၆။ | ဓာတ် ၁၈ ပါး၊ သစ္စာလေးပါး | ... ... ... | ၁၅၈ |
| ၂၇။ | သဗ္ဗသင်္ဂဟဇယား | ... ... ... | ၁၆၀ |


## ပစ္စည်းပိုင်း


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- | --- |
| ၁။ | ပဋိစ္စသမုပ္ပါဒ်နည်း | ... ... ... | ၁၆၁ |
| ၂။ | အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ | ... ... ... | ၁၆၂ |
| ၃။ | အဝိဇ္ဇာသည် သင်္ခါရအားကျေးဇူးပြုပုံ | ... ... ... | ၁၆၂ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄။ | အဝိဇ္ဇာကို အစထားခြင်း | ... ... ... | ၁၆၃ |
| ၅။ | သင်္ခါရ ပစ္စယာ ဝိညာဏံ | ... ... ... | ၁၆၃ |
| ၆။ | ဝိညာဏ ပစ္စယာ နာမရူပံ | ... ... ... | ၁၆၄ |
| ၇။ | ဝိညာဏ်သည် နာမ်ရုပ်အားကျေးဇူးပြုပုံ | ... ... ... | ၁၆၄ |
| ၈။ | နာမရူပ ပစ္စယာ သဠာယတနံ | ... ... ... | ၁၆၄ |
| ၉။ | သဠာယတန ပစ္စယာ ဖဿော | ... ... ... | ၁၆၄ |
| ၁၀။ | ဖဿ ပစ္စယာ ဝေဒနာ | ... ... ... | ၁၆၅ |
| ၁၁။ | ဝေဒနာ ပစ္စယာ တဏှာ | ... ... ... | ၁၆၅ |
| ၁၂။ | တဏှာ ပစ္စယာ ဥပါဒါနံ | ... ... ... | ၁၆၅ |
| ၁၃။ | ဥပါဒါန ပစ္စယာ ဘဝေါ | ... ... ... | ၁၆၅ |
| ၁၄။ | သင်္ခါရနှင့်ဘဝအထူး | ... ... ... | ၁၆၆ |
| ၁၅။ | ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ | ... ... ... | ၁၆၆ |
| ၁၆။ | ဘဝ ပစ္စယာ ဇာတိ | ... ... ... | ၁၆၆ |
| ၁၇။ | ကာလ ၃-ပါး၊ အင်္ဂါ ၁၂-ပါး၊ အခြင်းအရာ ၂၀ | ... ... ... | ၁၆၇ |
| ၁၈။ | ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် | ... ... ... | ၁၆၈ |
| ၁၉။ | ဝဋ် ၃-ပါး၊ မူလ ၂-ပါး | ... ... ... | ၁၆၉ |
| ၂၀။ | ပဋ္ဌာန်းနည်း အဓိပ္ပာယ်များ | ... ... ... | ၁၆၉ |
| ၂၁။ | နတ္ထိနှင့် ဝိဂတအထူး | ... ... ... | ၁၇၄ |
| ၂၂။ | အတ္ထိနှင့် အဝိဂတအထူး | ... ... ... | ၁၇၄ |
| ၂၃။ | အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယအထူး | ... ... ... | ၁၇၄ |
| ၂၄။ | အနန္တရနှင့် အနန္တရူပနိဿယအထူး | ... ... ... | ၁၇၄ |
| ၂၅။ | နိဿယနှင့် ဥပနိဿယအထူး | ... ... ... | ၁၇၄ |
| ၂၆။ | ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ | ... ... ... | ၁၇၄ |
| ၂၇။ | ပဋ္ဌာန်းပစ္စယနိဒ္ဒေသအတွက် ပစ္စည်းပစ္စယုပ္ပန်များ | ... ... ... | ၁၇၆ |
| ၂၈။ | ပစ္စည်းသဘောတူပေါင်း၍ပြချက် | ... ... ... | ၁၇၈ |
| ၂၉။ | ပစ္စည်းအကျဉ်းချုပ် | ... ... ... | ၁၇၉ |
| ၃၀။ | ကာလ ၃-ပါးစသည်ဖြင့် ဖေဝဖန်ပြခြင်း | ... ... ... | ၁၇၉ |
| ၃၁။ | ပညတ္တိဝိဘာဂ | ... ... ... | ၁၈၁ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၂။ | အတ္တပညတ်အပြား | ... ... ... | ၁၈၁ |
| ၃၃။ | သဒ္ဒပညတ်အပြား | ... ... ... | ၁၈၂ |
| ၃၄။ | အနက်ကိုသိရာ၌ ဝီထိဖြစ်ပုံ | ... ... ... | ၁၈၂ |


## ကမ္မဋ္ဌာန်းပိုင်း


| | | | |
|---|---|---|---|
| ၁။ | သမထကမ္မဋ္ဌာန်းအဖွင့် | ... ... ... | ၁၈၃ |
| ၂။ | ကမ္မဋ္ဌာန်း ၄၀ နှင့် စရိုက် ၆-ပါး | ... ... ... | ၁၈၆ |
| ၃။ | ကမ္မဋ္ဌာန်း ၄၀ နှင့် ဘာဝနာ ၃-ပါး | ... ... ... | ၁၈၆ |
| ၄။ | ကမ္မဋ္ဌာန်း-၄၀ နှင့် နိမိတ် ၃-ပါး | ... ... ... | ၁၈၇ |
| ၅။ | အာရုပ္ပစျာန်တက်ခန်း | ... ... ... | ၁၈၈ |
| ၆။ | ၂၆-ဘုံ၌ရကြသော သမထကမ္မဋ္ဌာန်း | ... ... ... | ၁၈၉ |
| ၇။ | ဝိပဿနာကမ္မဋ္ဌာန်းအဖွင့် | ... ... ... | ၁၉၀ |
| ၈။ | ဝိသုဒ္ဓိ ၇-ပါး | ... ... ... | ၁၉၀ |
| ၉။ | သီလဝိသုဒ္ဓိ | ... ... ... | ၁၉၀ |
| ၁၀။ | စိတ္တဝိသုဒ္ဓိ | ... ... ... | ၁၉၁ |
| ၁၁။ | ဒိဋ္ဌိဝိသုဒ္ဓိ | ... ... ... | ၁၉၁ |
| ၁၂။ | ကင်္ခါဝိတရဏဝိသုဒ္ဓိ | ... ... ... | ၁၉၁ |
| ၁၃။ | မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | ... ... ... | ၁၉၂ |
| ၁၄။ | ဝိပဿနာဉာဏ် ၁၀-ပါး | ... ... ... | ၁၉၂ |
| ၁၅။ | ဝိပဿနုပက္ကိလေသ ၁၀-ပါး | ... ... ... | ၁၉၃ |
| ၁၆။ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | ... ... ... | ၁၉၄ |
| ၁၇။ | ဉာဏဒဿနဝိသုဒ္ဓိ | ... ... ... | ၁၉၄ |
| ၁၈။ | လက္ခဏာ ၃-ပါး | ... ... ... | ၁၉၅ |
| ၁၉။ | အနုပဿနာ ၃-ပါး | ... ... ... | ၁၉၅ |
| ၂၀။ | ဝိမောက္ခ ၃-ပါး | ... ... ... | ၁၉၅ |
| ၂၁။ | ဝိမောက္ခမုခ ၃-ပါး | ... ... ... | ၁၉၅ |
| ၂၂။ | ပုဂ္ဂလဘေဒ | ... ... ... | ၁၉၆ |
| ၂၃။ | မဂ် ၄-ပါးပယ်သော အကုသိုလ်တရားများ | ... ... ... | ၁၉၈ |
| | နိဂုံးနှင့်ပတ္ထာနာ | ... ... ... | ၁၉၉ |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များသာမက ယခုအခါ နိုင်ငံခြားသားများပင် ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သော အဘိဓမ္မာသဘောတရားများကို သိလိုကြ တတ်မြောက်လိုကြပေသည်။ သို့သော် သင်ကြားရာ၌ ပါဠိကျက်ရမှု, အနက်တက်ရမှု, သရုပ်ခွဲရမှုတို့ဖြင့် ပင်ပန်းခြင်း, ဝန်လေးခြင်း ဖြစ်ကြရလေသည်။ အဘိဓမ္မာကျမ်းရင်းကြီးများ၏သဘောသရုပ်ကို သိရှိနားလည်ကြရန်မှာလည်း သင်္ဂြိုဟ်ကျမ်းမှ သဘောသရုပ်ကိုအခြေခံ၍ တက်လှမ်းကြရပေသည်။ ထို့ကြောင့် အဘိဓမ္မာတတ်မြောက်လိုသူတိုင်း သင်္ဂြိုဟ်ကျမ်းရှိ သရုပ်ကျေပွန်မှု အရေးကြီးပေသည်။ သင်္ဂြိုဟ်ကျမ်းသည် ပါဠိဘာသာဖြင့် ရေးသားစီရင်ခဲ့သည်သာမက ဂါထာစုဏ္ဏိယအသွားဖြင့် ရေးသားထားပေရာ ယခုခေတ် ပါဠိဘာသာကို အလေ့အလာနည်းပါးသော မြန်မာလူမျိုးများအတွက် အဘိဓမ္မာတတ်မြောက်ရန် ခဲယဉ်းသကဲ့သို့ရှိကြရ၏။

'သဒ္ဒါမှာရုပ်၊ သင်္ဂြိုဟ်မှာသရုပ်'ဟု ရှေးရိုးစကားရှိခဲ့၏။ သင်္ဂြိုဟ်မှာ သရုပ်ကျေပွန်မှု အရေးအကြီးဆုံးဖြစ်သည်။ သရုပ်ကို ပိုင်ပိုင်နိုင်နိုင်အခြေခံမိမှ အဘိဓမ္မာ၏သဘောအဓိပ္ပာယ်များကို ထိထိရောက်ရောက် သိနားလည်ပေမည်။ သင်္ဂြိုဟ်ကျမ်းနှင့် ပတ်သက်၍ ရေးသားကြသော စာအုပ်အများအပြားရှိသော်လည်း ထိုစာအုပ်များကို ဆရာမပါ ဖတ်ရှုရုံမျှဖြင့် တတ်မြောက်မှုမရနိုင်ခြင်းမှာ သရုပ်မသိ၍သာဖြစ်ပါသည်။

သင်္ဂြိုဟ်ကျမ်း၏ သရုပ်အခက်ကို ကျော်လွှန်တတ်မြောက်စေရန် အဘိဓမ္မာဆရာကြီးဦးဘိုးလှိုင်သည် စိတ်ပိုင်း စေတသိက်ပိုင်းတို့ကို သင်္ကေတနည်းများဖြင့် သင်ကြားပေးခဲ့ရာ ခရီးအတော်ပေါက်ခဲ့ပါသည်။ ဤအသင်းကြီး၏ ဩဝါဒါစရိယ မူလပဋ္ဌာန်းဆရာတော်ဘုရားလည်း သင်္ဂြိုဟ်သရုပ်ဇယားပုံစံများ တီထွင်ရေးသားပို့ချပေးခဲ့ရာ နိုင်ငံခြားသားများပင် လွယ်လင့်တကူ တတ်မြောက်ခဲ့ပါသည်။ ဤစာအုပ်တွင် သင်္ကေတနည်း ဇယားနည်းအစုံတို့ဖြင့် ပြသထားပါသည်။

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းတိုက်၌ သင်္ဂြိုဟ်သင်တန်း၊ ညဝါဆိုင်ရာအဘိဓမ္မာ ကျမ်းရင်းကြီးများဖြစ်သော မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းသင်တန်းများကို လွန်ခဲ့သော ၁၇ –နှစ်ကစ၍ ယနေ့တိုင် နေ့စဉ်သင်ကြားပေးလျက်ရှိရာ အဘိဓမ္မာဉာဏ် သက်ဝင်မှုရရှိခဲ့သူများ အတော်များများပြားခဲ့ပြီးဖြစ်ပါသည်။

ဤကျမ်းရေးသားသူသည် အခါအားလျော်စွာ သင်္ဂြိုဟ်သင်တန်းကို ပို့ချပေးစဉ်က သောတုဇနတို့အတွက် သင်တန်းမှတ်စုများ ရေးသားပြုစုပေးခဲ့ရာ ထိုသင်တန်း မှတ်စုများကို စာအုပ်တစ်ချဖြစ်မြောက်အောင် ပြုစုပါရန် သင်တန်းသူ သင်တန်းသားများ၏ တိုက်တွန်းတောင်းပန်မှုကြောင့် ဤ သင်္ဂြိုဟ်သရုပ်အခြေပြုကျမ်းကို သင်ကြားသော အစဉ်အတိုင်း ရေးသားပုံနှိပ်ခြင်းဖြစ်ပါသည်။ ဤစာအုပ်တွင်ပါရှိသော သင်္ကေတနည်း ဇယားနည်းတို့မှာ ကျက်မှတ်ရာ၌ လွယ်ကူသက်သာသည်သာမက ကြည့်ဖန်များလျှင် ဥဂ္ဂဟနိမိတ်သဖွယ် စွဲမြဲထင်မြင်၍ နေနိုင်သဖြင့် မေ့လျော့မှုနည်းပါးသော အကျိုးထူးရရှိပေလိမ့်မည်။ လေ့ကျင့်ခန်းစသည်တို့ကို အမှာအတိုင်း ကြိုးစားလေ့လာအားထုတ်ကြပါရန် တိုက်တွန်းအပ်ပါသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏ္ဏာမနှင့် ပဋိညာဉ်

သံဃကိဋ္ဌက္ခ သမ္ဘုဏ္ဏံ၊ ဓမ္မဂန္ဓ ပဝါယိတံ၊
ဗုဒ္ဓမ္ဗုဇံ ဘိဝန္ဒိတွာ၊ သတ္တာလိ ဂဏာစုမ္ဗိတံ။

သိက္ခိတ နယသညာယ၊ ယေ မံပါပေန္တိ ပဏ္ဍိစ္စံ၊
ကဿံ ဂေဿံ နမိတွာန၊ ဝါစနာ မဂ္ဂ သင်္ဂဟံ။

သံဃကိဋ္ဌက္ခ သမ္ဘုဏ္ဏံ၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် သံဃာတော်ဟု ဂုဏ်တော်မြင့်မား ဝတ်မှုန်များဖြင့် ငွါးငွါးဖုံဖုံ ပြည့်စုံတော်မူထသော။ ဓမ္မဂန္ဓ ပဝါယိတံ၊ အဘိဓမ္မာ စရိုစွာသား လွန်စွာကြိုင်ပြန့် တရားရနံ့တို့ဖြင့် တပြန့်ပြန့်မွှေးထုံ၍ နေထသော။ သတ္တာလိ ဂဏာစုမ္ဗိတံ၊ သတ္တဝါ ပျားပိတုန်းတို့၏ စားသုံး စုတ်ယူရာလည်း ဖြစ်ပေထသော။ ဗုဒ္ဓမ္ဗုဇံ၊ ဘုရားမြတ်စွာ ပဒုံကြာကို။ အဘိဝန္ဒိတွာ၊ ကောင်းစွာရိုကျိုး ရှိခိုးပြီး၍။

ယေ၊ အကြင် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ဆရာတော်ဘုရား၊ မူလပဋ္ဌာန်း ဆရာတော်ဘုရား၊ အဘိဓမ္မာဆရာကြီး ဦးဘိုးလှိုင် အစရှိသော အရှင်ဆရာမြတ်တို့သည်။ မံ၊ အဘိဓမ္မာ ဒေသနာကို ဖွေရှာနည်းယူ သိကြောင်းမှုဖြင့် စင်ဖြူအားထုတ် အကျွန်ုပ်ကို။ သိက္ခိတနယ သညာယ၊ ထာဝစဉ်အပြီးတတ်ရအောင် စာအသင်းနည်းအမှတ်တို့ဖြင့် အပြီးသတ် အခြေအမြစ်ခိုင်ရန် ပိုင်ပိုင်ညွှန်းပြ သင်နည်းအဝဝဖြင့်။ ပဏ္ဍိစ္စံ၊ အဘိဓမ္မသဘာဝကို ကျနသိမြင်ဉာဏ်သက်ဝင်၍ အဘိဓမ္မာဆောင်အဖြစ်သို့။ ပါပေန္တိ၊ ဤသို့မှတ်သား ဤသို့သွားဟု တအားထောက်ပင့် လွှန်ချီးမြှင့်လျက် အသင့်ရောက်စေခဲ့ပါကုန်ပြီ။ တေသံ၊ မစိုးရိမ်ဆရာတော်ဘုရား မူလပဋ္ဌာန်းဆရာတော်ဘုရား အဘိဓမ္မာဆရာကြီး ဦးဘိုးလှိုင် စသော ထိုဆရာမြတ်တို့အား။ နမိတွာန၊ နှုတ်ချိုမြွက်ဟ ဂုဏ်ချီးပလျက် ရှင်ပျစိတ်ရှိုင်း ဦးညွှတ်ကိုင်းလျက်။ ဝါစနာ မဂ္ဂသင်္ဂဟံ၊ ပို့ချစဉ်လမ်း မှီငြမ်းရေးတင် အမည်တွင်သော သင်္ဂြိုဟ်သရုပ် အခြေပြုကျမ်းကို။ ကဿံ၊ သောတုဇန လူအများတို့ မှတ်သားလွယ်လွယ် သိကြောင်းရွယ်လျက် အကယ်ပြုစုပါအံ့သတည်း။ ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# စိတ်ပိုင်း

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် = ပရမတ္ထတရား ၄ ပါး။

ကာမာဝစရစိတ်–၅၄၊ ရူပါဝစရစိတ်–၁၅၊ အရူပါဝစရစိတ်–၁၂၊ လောကုတ္တရာစိတ်–၈ = ပေါင်းစိတ် ၈၉။

## အကုသိုလ် ၁၂ ခုကို သင်္ကေတဖြင့်ပြပုံ

| လောဘမူစိတ် ၈ | | | | ဒေါသမူစိတ် ၂ | မောဟမူစိတ် ၂ | |
|---|---|---|---|---|---|---|
| (၁) ✖ | (၃) × | (၅) ▬ | (၇) – | (၉) > | (၁၁) – | (၁၂) – |
| (၂) ✖ | (၄) × | (၆) ▬ | (၈) – | (၁၀) > | | |

## လောဘမူ စိတ် ၈ ခု

(၁) ✖ = သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်

(၂) ✖ = ။ ။ ။ သ ။

(၃) × = ။ ။ ဝိပ္ပယုတ် အ ။

(၄) × = ။ ။ ။ သ ။

(၅) ▬ = ဥပေက္ခာသဟဂုတ် ။ သမ္ပယုတ် အ ။

(၆) ▬ = ။ ။ ။ သ ။

(၇) – = ။ ။ ဝိပ္ပယုတ် အ ။

(၈) – = ။ ။ ။ သ ။

## ဒေါသမူ စိတ် ၂ ခု

(၉) > = ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်

(၁၀) > = ။ ။ ။ သ ။

## မောဟမူ စိတ် ၂ ခု

(၁၁) – = ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်

(၁၂) – = ။ ဥဒ္ဓစ္စ ။

လောဘမူစိတ် ၈၊ ဒေါသမူစိတ် ၂၊ မောဟမူစိတ် ၂ = ပေါင်း အကုသိုလ်စိတ် ၁၂။

## သင်္ကေတများကို ရှင်းပြချက်

× = ဤသင်္ကေတကို သောမနဿဟုမှတ်။ — = ဤသင်္ကေတကို ဥပေက္ခာဟုမှတ်။
> = ဤသင်္ကေတကို ဒေါမနဿဟုမှတ်။

မျဉ်းကြောင်းစက်အပေါ်၌ ပြထားသော စိတ်များကို အသင်္ခါရိကဟုမှတ်။ မျဉ်းကြောင်းစက်အောက်၌ ပြထားသော စိတ်များကို သသင်္ခါရိကဟုမှတ်။ ထူထူရေးသားပြသောစိတ်များကို သမ္ပယုတ်ဟုမှတ်။ ပါးပါးရေးသားပြသော စိတ်များကို ဝိပ္ပယုတ်ဟုမှတ်။ ။မောဟမူစိတ် ၂ ခုကို ပရမတ္ထဒီပနီဆရာကား ကေန္ဒအသင်္ခါရိကဖြစ်၍ သင်္ခါရအပြားကိုမဆိုဟု မိန့်တော်မူ၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာကား သင်္ခါရဝိမုတ်ဟု ဆိုလိုရိပ်ရှိ၏။ အသင်္ခါရိက သသင်္ခါရိကအဖြစ်ကို ဓမ္မသင်္ဂဏီပါဠိတော်နှင့်တကွ အဋ္ဌကထာကြီးတို့ကလည်းမဆို။ သဂြိုဟ်ဆရာကလည်း အသင်္ခါရိက, သသင်္ခါရိက ငါးပါးစီသာဆို၏။ ဋီကာကျော်ဆရာကလည်း အထူးမဆို။ သရုပ်ခွဲလွယ်စေခြင်းငှာ အသင်္ခါရိကတွင် နောက်ဆရာများ သွင်းယူကြကုန်၏။

## အဟိတ်စိတ် ၁၈ ခုကို သင်္ကေတဖြင့်ပြပုံ

| | | |
|---|---|---|
| အကုသလဝိပါက်စိတ် | = | (၁) - (၂) - (၃) - (၄) - (၅) Λ (၆) - (၇) - |
| အဟိတ်ကုသလဝိပါက်စိတ် | = | (၁) - (၂) - (၃) - (၄) - (၅) V (၆) - (၇) × (၈) - |
| အဟိတ်ကြိယာစိတ် | = | (၁) - (၂) - (၃) × |

### အကုသလဝိပါက်စိတ် –

| | | | | | | |
|---|---|---|---|---|---|---|
| (၁) - = | ဥပေက္ခာသဟဂုတ် | စက္ခု | ဝိညာဏ်စိတ် | (၅) V = | ဒုက္ခသဟဂုတ် | ကာယဝိညာဏ်စိတ် |
| (၂) - = | ။ | သောတ | ။ | (၆) - = | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆန်းစိတ် |
| (၃) - = | ။ | ဃာန | ။ | (၇) - = | ။ | သန္တီရဏစိတ် |
| (၄) - = | ။ | ဇိဝှာ | ။ | | | |

### အဟိတ် ကုသလဝိပါက်စိတ်–၈

| | | | | |
|---|---|---|---|---|
| (၁) - = | ဥပေက္ခာသဟဂုတ် | ကုသလဝိပါက် | စက္ခု | ဝိညာဏ်စိတ် |
| (၂) - = | ။ | ။ | သောတ | ။ |
| (၃) - = | ။ | ။ | ဃာန | ။ |
| (၄) - = | ။ | ။ | ဇိဝှာ | ။ |
| (၅) Λ = | သုခသဟဂုတ် | ။ | ကာယ | ။ |
| (၆) - = | ဥပေက္ခာသဟဂုတ် | ။ | သမ္ပဋိစ္ဆန်းစိတ် | |
| (၇) × = | သောမနဿသဟဂုတ် | ။ | သန္တီရဏစိတ် | |
| (၈) - = | ဥပေက္ခာသဟဂုတ် | ။ | သန္တီရဏစိတ် | |

### အဟိတ် ကြိယာစိတ် –၃

(၁) – = ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်
(၂) – = မနောဒွါရာဝဇ္ဇန်းစိတ်
(၃) × = သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်

အကုသိုလ်စိတ် ၁၂၊ အဟိတ်စိတ် ၁၈ = ပေါင်း အသောဘဏစိတ် ၃၀။
V = ဤသင်္ကေတကို ဒုက္ခသဟဂုတ်ဟုမှတ်။ Λ = ဤသင်္ကေတကို သုခသဟဂုတ်ဟုမှတ်။

**အဟိတ်စိတ်၌ သင်္ခါရအပြား အဆုံးအဖြတ်။** ။သင်္ခါရ ဟူသည် တိုက်တွန်းမှုပယောဂ–ဥပါယ ပင်တည်း။ အဟိတ်စိတ်တို့သည် အလိုအလျောက် ရူပါရုံစသည်တို့၌ အာရုံပြုကာမျှ – ရှေးရှုကျကာမျှ မထင်မရှားသော ကိစ္စဖြစ်သဖြင့် တိုက်တွန်းမှုပယောဂ–ဥပါယဟုဆိုအပ်သော သင်္ခါရတရားပင် မရှိသော ကြောင့် အသင်္ခါရိက – သသင်္ခါရိက မပြားသင့် မရှိသင့်ဟု မူလဋီကာနှင့် အနုဋီကာဆရာတို့ဆိုကုန်၏။ အရှင်အနုရုဒ္ဓါဆရာလည်း ဤအဟိတ်စိတ်၌ သင်္ခါရအပြားကိုမဖွင့်ဆို။ နောက်ဆရာတို့ကား အသင်္ခါရိကဟု မိန့်တော်မူ၍ သရုပ်ခွဲရာ၌ ရေတွက်ကြကုန်၏။

**အဟိတ်စိတ်၏ ဝိပ္ပယုတ်ဖြစ်ပုံ။** ။အဟိတ်စိတ်သည် သမ္ပယုတ်အမည်ကိုပေးတတ်သော ဉာဏ်, ဒိဋ္ဌိစသည်နှင့် မယှဉ်သောကြောင့် ဝိပ္ပယုတ်သာတည်း။ ဓမ္မသင်္ဂဏီပါဠိတော်၌လည်း "ဟေတုဝိပ္ပယုတ္တာဓမ္မာ" ဟူ၍ ဟောကြားတော်မူ၏။ အရကား- အဟိတ်စိတ် ၁၈၊ ဆန္ဒကြဉ် အညသမာန်းစေ ၁၂၊ မောဟမူဒွေး၌ မောဟ၊ ရုပ် ၂၈၊ နိဗ္ဗာန်ရ၏။

### ကာမာဝစရ သောဘဏစိတ် ၂၄–ခုကို သင်္ကေတဖြင့်ပြပုံ

| | | | | |
|---|---|---|---|---|
| မဟာကုသိုလ်စိတ် – ၈ | (၁) × | (၃) × | (၅) – | (၇) – |
| | (၂) × | (၄) × | (၆) – | (၈) – |
| မဟာဝိပါက်စိတ် – ၈ | (၁) × | (၃) × | (၅) – | (၇) – |
| | (၂) × | (၄) × | (၆) – | (၈) – |
| မဟာကြိယာစိတ် – ၈ | (၁) × | (၃) × | (၅) – | (၇) – |
| | (၂) × | (၄) × | (၆) – | (၈) – |

## မဟာကုသိုလ်စိတ် ၈–ခု

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) | × | = | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | | အသင်္ခါရိက | မဟာကုသိုလ်စိတ် |
| (၂) | × | = | ။ | ။ | ။ | သ | ။ |
| (၃) | × | = | ။ | ။ | ဝိပ္ပယုတ် | အ | ။ |
| (၄) | × | = | ။ | ။ | ။ | သ | ။ |
| (၅) | − | = | ဥပေက္ခာသဟဂုတ် | ။ | သမ္ပယုတ် | အ | ။ |
| (၆) | − | = | ။ | ။ | ။ | သ | ။ |
| (၇) | − | = | ။ | ။ | ဝိပ္ပယုတ် | အ | ။ |
| (၈) | − | = | ။ | ။ | ။ | သ | ။ |

မဟာဝိပါက်စိတ် ၈ – ခုနှင့် မဟာကြိယာစိတ် ၈ – ခုတို့ကိုလည်း မဟာကုသိုလ်စိတ် ၈ – ခုနည်းတူဆိုလေ။

မဟာကုသိုလ်စိတ် ၈
မဟာဝိပါက်စိတ် ၈ } ပေါင်း ကာမာဝစရသောဘဏစိတ်–၂၄။
မဟာကြိယာစိတ် ၈

အမှာ။ ။ထူထူရေးသားထားလျှင် ဉာဏသမ္ပယုတ်။ ပါးပါးရေးသားလျှင် ဉာဏဝိပ္ပယုတ်။

**သဂြိုဟ်ပါဠိ = ကာမေ တေဝီသ ပါကာနိ၊ ပုညာပုညာနိ ဝီသတိ။**
**ကောဒသ ကြိယာစေတိ၊ စတုပညာသ သဗ္ဗထာ။ ။**

ကာမေ တေဝီသ ပါကာနိ၌ ကာမဝိပါက် ၂၃ – အရကား အကုသလဝိပါက်စိတ် ၇၊ အဟိတ်ကုသလဝိပါက်စိတ် ၈၊ မဟာဝိပါက်စိတ် ၈ – ခုတည်း။

ပုညာ ပုညာနိ ဝီသတိ၌ ဝီသတိအရကား မဟာကုသိုလ်စိတ် ၈၊ အကုသိုလ်စိတ် ၁၂ တည်း။

ကောဒသကြိယာ၌ ကာမကြိယာ ၁၁–အရကား အဟိတ်ကြိယာစိတ် ၃၊ မဟာကြိယာစိတ် ၈ ခုတည်း။

စတုပညာသ သဗ္ဗထာ၌ ကာမစိတ် ၅၄–ခုအရကား ကာမဝိပါက် ၂၃၊ ကာမကုသိုလ် အကုသိုလ် ၂၀၊ ကာမကြိယာ ၁၁ တည်း။

## ရူပါဝစရစိတ် ၁၅–ခုကို သင်္ကေတဖြင့်ပြပုံ

| ကု | ဝိ | ကြိ |
|---|---|---|
| (၁) × | (၁) × | (၁) × |
| (၂) × | (၂) × | (၂) × |
| (၃) × | (၃) × | (၃) × |
| (၄) × | (၄) × | (၄) × |
| (၅) − | (၅) − | (၅) − |

## ရူပါဝစရ ကုသိုလ်စိတ်–၅

(၁) × = ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့်တကွဖြစ်သော ပထမဈာန်ကုသိုလ်စိတ်
(၂) × = ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄–ပါးနှင့်တကွဖြစ်သော ဒုတိယဈာန်ကုသိုလ်စိတ်
(၃) × = ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃–ပါးနှင့်တကွဖြစ်သော တတိယဈာန်ကုသိုလ်စိတ်
(၄) × = သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန်ကုသိုလ်စိတ်
(၅) – = ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်ကုသိုလ်စိတ်

ရူပါဝစရ ဝိပါက်စိတ် ၅ ခုနှင့် ရူပါဝစရ ကြိယာစိတ် ၅–ခုတို့ကို ရူပါဝစရ ကုသိုလ်စိတ်အတိုင်းတွင် ကုသိုလ်စိတ်အစား ဝိပါက်စိတ် ကြိယာစိတ်ဟုဆိုလေ။

ရူပါဝစရကုသိုလ် ၅၊ ရူပါဝစရဝိပါက်စိတ် ၅၊ ရူပါဝစရကြိယာစိတ် ၅ = ပေါင်း ရူပါဝစရစိတ်–၁၅။

## အရူပါဝစရစိတ် ၁၂–ခုကို သင်္ကေတဖြင့်ပြပုံ

| ကု | ဝိ | ကြိ |
|---|---|---|
| (၁) – | (၁) – | (၁) – |
| (၂) – | (၂) – | (၂) – |
| (၃) – | (၃) – | (၃) – |
| (၄) – | (၄) – | (၄) – |

### အရူပါဝစရ ကုသိုလ်စိတ်–၄

(၁) – = အာကာသာနဉ္စာယတန ကုသိုလ်စိတ်
(၂) – = ဝိညာဏဉ္စာယတန ။
(၃) – = အာကိဉ္စညာယတန ။
(၄) – = နေဝသညာနာသညာယတန ။

အရူပါဝရ ဝိပါက်စိတ် ၄–ခုနှင့် အရူပါဝစရ ကြိယာစိတ် ၄–ခုတို့ကို အရူပါဝစရ ကုသိုလ်စိတ်အတိုင်းတွင် ကုသိုလ်စိတ်အစား ဝိပါက်စိတ်–ကြိယာစိတ်ဟုဆိုလေ။

အရူပါဝစရ ကုသိုလ်စိတ် ၄၊ အရူပါဝစရ ဝိပါက်စိတ် ၄၊ အရူပါဝစရကြိယာစိတ် ၄ = ပေါင်း အရူပါဝစရ စိတ်–၁၂။

ရူပါဝစရစိတ် ၁၅–ခုနှင့် အရူပါဝစရစိတ် ၁၂–ခု ပေါင်း ၂၇–ခုကို မဟဂ္ဂုတ်စိတ်ဟု ခေါ်၏။ မဟဂ္ဂုတ် စိတ် ၂၇–ခုကို ဥာဏသမ္ပယုတ်၊ သသင်္ခါရိကစိတ်ယူလေ။

## လောကုတ္တရာစိတ် ၈–ခုကို သင်္ကေတဖြင့်ပြပုံ

(၁) မ (၂) မ (၃) မ (၄) မ (၁) ဖ (၂) ဖ (၃) ဖ (၄) ဖ

**မဂ်စိတ် ၄ ခု**

(၁) မ = သောတာပတ္တိမဂ်စိတ်
(၂) မ = သကဒါဂါမိမဂ်စိတ်
(၃) မ = အနာဂါမိမဂ်စိတ်
(၄) မ = အရဟတ္တမဂ်စိတ်

**ဖိုလ်စိတ် ၄ ခု**

(၁) ဖ = သောတာပတ္တိဖိုလ်စိတ်
(၂) ဖ = သကဒါဂါမိဖိုလ်စိတ်
(၃) ဖ = အနာဂါမိဖိုလ်စိတ်
(၄) ဖ = အရဟတ္တဖိုလ်စိတ်

## လောကုတ္တရာစိတ်အကျယ်–၄၀ ကို သင်္ကေတဖြင့်ပြပုံ

| (၁) မ | (၂) မ | (၃) မ | (၄) မ | (၁) ဖ | (၂) ဖ | (၃) ဖ | (၄) ဖ |
|---|---|---|---|---|---|---|---|
| × | × | × | × | × | × | × | × |
| × | × | × | × | × | × | × | × |
| × | × | × | × | × | × | × | × |
| × | × | × | × | × | × | × | × |
| — | — | — | — | — | — | — | — |

### မဂ်စိတ်–၂၀

(၁) မ

× = ပထမဈာန် သောတာပတ္တိမဂ်စိတ်
× = ဒုတိယဈာန် ။
× = တတိယဈာန် ။
× = စတုတ္ထဈာန် ။
— = ပဉ္စမဈာန် ။

(၂) မ

× = ပထမဈာန် သကဒါဂါမိမဂ်စိတ်
× = ဒုတိယဈာန် ။
× = တတိယဈာန် ။
× = စတုတ္ထဈာန် ။
— = ပဉ္စမဈာန် ။

(၃) မ

× = ပထမရျာန် အနာဂါမိမဂ်စိတ်

× = ဒုတိယရျာန် ။

× = တတိယရျာန် ။

× = စတုတ္ထရျာန် ။

— = ပဉ္စမရျာန် ။

(၄) မ

× = ပထမရျာန် အရဟတ္တမဂ်စိတ်

× = ဒုတိယရျာန် ။

× = တတိယရျာန် ။

× = စတုတ္ထရျာန် ။

— = ပဉ္စမရျာန် ။

## ဖိုလ်စိတ်–၂၀

(၁) ဖ

× = ပထမရျာန် သောတာပတ္တိဖိုလ်စိတ်

× = ဒုတိယရျာန် ။

× = တတိယရျာန် ။

× = စတုတ္ထရျာန် ။

— = ပဉ္စမရျာန် ။

(၂) ဖ

× = ပထမရျာန် သကဒါဂါမိဖိုလ်စိတ်

× = ဒုတိယရျာန် ။

× = တတိယရျာန် ။

× = စတုတ္ထရျာန် ။

— = ပဉ္စမရျာန် ။

## ဖိုလ်စိတ်-၂၀

(၃) ဖ

× = ပထမဈာန် အနာဂါမိဖိုလ်စိတ်
× = ဒုတိယဈာန် ။
× = တတိယဈာန် ။
× = စတုတ္ထဈာန် ။
— = ပဉ္စမဈာန် ။

(၄) ဖ

× = ပထမဈာန် အရဟတ္တဖိုလ်စိတ်
× = ဒုတိယဈာန် ။
× = တတိယဈာန် ။
× = စတုတ္ထဈာန် ။
— = ပဉ္စမဈာန် ။

| | | |
|---|---|---|
| သောတာပတ္တိမဂ်စိတ် | - ၅ | ပေါင်း လောကုတ္တရာကုသိုလ်စိတ်-၂၀။ |
| သကဒါဂါမိမဂ်စိတ် | - ၅ | |
| အနာဂါမိမဂ်စိတ် | - ၅ | |
| အရဟတ္တမဂ်စိတ် | - ၅ | |

| | | |
|---|---|---|
| သောတာပတ္တိဖိုလ်စိတ် | - ၅ | ပေါင်း လောကုတ္တရာဝိပါက်စိတ်-၂၀။ |
| သကဒါဂါမိဖိုလ်စိတ် | - ၅ | |
| အနာဂါမိဖိုလ်စိတ် | - ၅ | |
| အရဟတ္တဖိုလ်စိတ် | - ၅ | |

| | | |
|---|---|---|
| လောကီစိတ် | ၈၁ | ပေါင်း စိတ်အကျယ်အားဖြင့်-၁၂၁။ |
| လောကုတ္တရာစိတ် | ၄၀ | |

## စိတ်ပိုင်း သရုပ်ခွဲဇယား

| စိတ်အမည် | | ဇာတိဘေဒ | | | | ဝေဒနာဘေဒ | | | | | ယောဂဘေဒ | | သင်္ခါရဘေဒ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကု | အကု | ဝိ | ကြိ | ဒုက္ခ | သုခ | ဒေါ | သော | ဥ | သမ္ပ | ဝိပ္ပ | အသင်္ခါ | သသင်္ခါ |
| အကုသိုလ်စိတ် | ၁၂ | | ၁၂ | | | | | ၂ | ၄ | ၆ | ၈ | ၄ | ၇ | ၅ |
| အဟိတ်စိတ် | ၁၈ | | | ၁၅ | ၃ | ၁ | ၁ | | ၂ | ၁၄ | | ၁၈ | ၁၈ | |
| ကာမာဝစရသောဘဏစိတ် | ၂၄ | ၈ | | ၈ | ၈ | | | | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ |
| ကာမာဝစရစိတ် | ၅၄ | ၈ | ၁၂ | ၂၃ | ၁၁ | ၁ | ၁ | ၂ | ၁၈ | ၃၂ | ၂၀ | ၃၄ | ၃၇ | ၁၇ |
| ရူပါဝစရစိတ် | ၁၅ | ၅ | | ၅ | ၅ | | | | ၁၂ | ၃ | ၁၅ | | | ၁၅ |
| အရူပါဝစရစိတ် | ၁၂ | ၄ | | ၄ | ၄ | | | | | ၁၂ | ၁၂ | | | ၁၂ |
| မဟဂ္ဂုတ်စိတ် | ၂၇ | ၉ | | ၉ | ၉ | | | | ၁၂ | ၁၅ | ၂၇ | | | ၂၇ |
| လောကီစိတ် | ၈၁ | ၁၇ | ၁၂ | ၃၂ | ၂၀ | ၁ | ၁ | ၂ | ၃၀ | ၄၇ | ၄၇ | ၃၄ | ၃၇ | ၄၄ |
| လောကုတ္တရာအကျဉ်း | ၈ | ၄ | | ၄ | | | | | *၈ | *၈ | ၈ | | | ၈ |
| လောကုတ္တရာအကျယ် | ၄၀ | ၂၀ | | ၂၀ | | | | | ၃၂ | ၈ | ၄၀ | | | ၄၀ |
| စိတ်အကျဉ်း | ၈၉ | ၂၁ | ၁၂ | ၃၆ | ၂၀ | ၁ | ၁ | ၂ | ၃၈ | ၅၅ | ၅၅ | ၃၄ | ၃၇ | ၅၂ |
| စိတ်အကျယ် | ၁၂၁ | ၃၇ | ၁၂ | ၅၂ | ၂၀ | ၁ | ၁ | ၂ | ၆၂ | ၅၅ | ၈၇ | ၃၄ | ၃၇ | ၈၄ |

မောဟမူ ဒွေ၊ အဟိတ်စိတ်၊ မဟဂ္ဂုတ်စိတ်၊ လောကုတ္တရာစိတ်များကို သင်္ခါရအပြားမရှိကြောင်း ဝါဒအသီးသီးရှိကြသည်။ သရုပ်ခွဲရာ၌ လွယ်ကူရန် ထည့်သွင်းရေတွက်ပါသည်။ သို့သော် ၎င်းစိတ်များကို သင်္ခါရအပြား၌ မထည့်သွင်းဘဲလည်း ရေတွက်ကြသေး၏။

* လောကုတ္တရာစိတ် အကျဉ်း ၈–ခုကို သုခေါပေက္ခာဟုယူလေ။

## စိတ်ပိုင်းကို သင်္ကေတဖြင့်ပြပုံ

အကုသိုလ်စိတ်—၁၂

✖ × ▬ – > ▬ ▬

. . . . . . . . . . . . . . . . . .

✖ × ▬ – >

အဟိတ်စိတ်—၁၈

– – – – V – –

– – – – Λ – × –

– – ×

ကာမာဝစရသောဘဏစိတ်—၂၄

✖ × ▬ –

. . . . . . . . . . . . . . .

✖ × ▬ –

✖ × ▬ –

. . . . . . . . . . . . . . .

✖ × ▬ –

✖ × ▬ · ·

. . . . . . . . . . . . . . .

✖ × ▬ –

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၄။ | ရူပစုတိနှောင် ပဋိသန္ဓေနှောင်း | ... ... ... | ၁၁၅ |
| ၃၅။ | အရူပဘုံစုတိနှောင် ပဋိသန္ဓေနှောင်း | ... ... ... | ၁၁၆ |
| ၃၆။ | သံသရာစက်ဝိုင်း | ... ... ... | ၁၁၇ |


## ရုပ်ပိုင်း


| | | | |
|---|---|---|---|
| ၁။ | ရူပသင်္ဂဟ ငါးပါး | ... ... ... | ၁၁၈ |
| ၂။ | ရူပသမုဒ္ဒေသဇယား | ... ... ... | ၁၁၉ |
| ၃။ | ရူပဝိဘာဂ | ... ... ... | ၁၂၂ |
| ၄။ | ရူပသမုဋ္ဌာန | ... ... ... | ၁၂၃ |
| ၅။ | စိတ်တို့၏ရုပ်ဖြစ်ပုံ အာကာရများ | ... ... ... | ၁၂၅ |
| ၆။ | ပုဂ္ဂိုလ်အရ ဟဒယနှဖြစ်ပုံ | ... ... ... | ၁၂၅ |
| ၇။ | စိတ်တို့၏ဆောင်ရွက်သောကိစ္စ ဇနကသင်္ဂဟ | ... ... ... | ၁၂၆ |
| ၈။ | ရုပ်စသည်ကိုဖြစ်စေနိုင်သောစိတ်ပေါင်း | ... ... ... | ၁၂၇ |
| ၉။ | ဥတုဇရုပ် | ... ... ... | ၁၂၇ |
| ၁၀။ | အာဟာရဇရုပ် | ... ... ... | ၁၂၈ |
| ၁၁။ | ရူပသမုဋ္ဌာန်ဇယား | ... ... ... | ၁၂၈ |
| ၁၂။ | ရူပကလာပ | ... ... ... | ၁၂၉ |
| ၁၃။ | ရူပပဝတ္တိက္ကမ | ... ... ... | ၁၃၁ |
| ၁၄။ | ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့၏ရုပ်ဖြစ်စဉ် | ... ... ... | ၁၃၃ |
| ၁၅။ | စတုဇရုပ်တို့၏ဖြစ်စဉ် | ... ... ... | ၁၃၃ |
| ၁၆။ | ရုပ်ဖြစ်ပုံချုပ်ပုံ | ... ... ... | ၁၃၃ |
| ၁၇။ | ပဋိသန္ဓေအခါ မရကောင်းသောရုပ်များ | ... ... ... | ၁၃၃ |
| ၁၈။ | ရုပ်ပိုင်း သရုပ်ခွဲ လေ့ကျင့်ခန်း | ... ... ... | ၁၃၄ |
| ၁၉။ | နိဗ္ဗာန်အကြောင်း | ... ... ... | ၁၃၇ |


## သမုစ္စည်းပိုင်း


| | | | |
|---|---|---|---|
| ၁။ | အကုသလ သင်္ဂဟ | ... ... ... | ၁၄၀ |
| ၂။ | အာသဝ လေးပါး | ... ... ... | ၁၄၁ |
| ၃။ | ဩဃ လေးပါး | ... ... ... | ၁၄၂ |

ရူပါဝစရစိတ်–၁၅

× × ×
× × ×
× × ×
× × ×
— — —

အရူပါဝစရစိတ်–၁၂

— — —
— — —
— — —
— — —

လောကုတ္တရာစိတ် – ၈ (အကျယ်) ၄၀

မ မ မ မ ဖ ဖ ဖ ဖ
× × × × × × × ×
× × × × × × × ×
× × × × × × × ×
× × × × × × × ×
— — — — — — — —

### သင်္ကေတ

× = သောမနဿသဟဂုတ်
— = ဥပေက္ခာသဟဂုတ်
> = ဒေါမနဿသဟဂုတ်
V = ဒုက္ခသဟဂုတ်
Λ = သုခသဟဂုတ်

ကုသိုလ် = အနီ
အကုသိုလ် = အမည်း
ဝိပါက် = အဝါ
ကြိယာ = အစိမ်း

ထူထူရေးလျှင် သမ္ပယုတ်၊ ပါးပါးရေးလျှင် ဝိပ္ပယုတ်။ မျဉ်းကြောင်းစက် အထက်၌ရေးလျှင် အသင်္ခါရိက၊ အောက်၌ရေးလျှင် သသင်္ခါရိက။ သရုပ်ခွဲလွယ်စေခြင်းငှာ မောဟမူစိတ်, အဟိတ်စိတ်တို့ကို အသင်္ခါရိက၊ မဟာဂ္ဂုစိတ်ကို သသင်္ခါရိကသို့ သွင်းယူကြသည်။

# စေတသိက်ပိုင်း

## စေတသိက်လက္ခဏာ–လေးပါး

ကေပ္ပါဒ = စိတ်နှင့်အတူဖြစ်ခြင်း
ကေနိရောဓ = စိတ်နှင့်အတူချုပ်ခြင်း
ကောရမ္မဏ = စိတ်နှင့်အာရုံတူခြင်း
ကေဝတ္ထုက = စိတ်နှင့်တူသော မှီရာဝတ္ထုရှိခြင်း

ဤအင်္ဂါလေးပါးနှင့် အညီအညွတ် စိတ်နှင့်ယှဉ်သော ၅၂ ပါးသော တရားအပေါင်းသည် စေတသိက် မည်၏။

## ၁ညသမာန်းစေတသိက်–၁၃

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ–စိတ်တိုင်းနှင့်ယှဉ်သော သဗ္ဗစိတ္တ သာဓာရဏ စေတသိက်–၇။

### အဓိပ္ပာယ်

* အာရုံကိုတွေ့ခြင်း လက္ခဏာရှိသော သဘောတရားသည် ဖဿ မည်၏။
* အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိသော သဘောတရားသည် ဝေဒနာ မည်၏။
* အာရုံ၏သဘောကို မှတ်ခြင်းလက္ခဏာရှိသော သဘောတရားသည် သညာ မည်၏။
* အာရုံ၌သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်းလက္ခဏာရှိသော သဘောတရားသည် စေတနာ မည်၏။
* တစ်ခုတည်းသော အာရုံကိုသာယူသည်ဖြစ်၍ တည်ကြည်ခြင်း မပျံ့လွင့်ခြင်း လက္ခဏာရှိသော သဘောတရားသည် ဧကဂ္ဂတာမည်၏။
* တကွဖြစ်သော ရုပ်နာမ်တရားတို့ကို စောင့်ခြင်း အစိုးရခြင်း လက္ခဏာရှိသော သဘောတရားသည် ဇီဝိတိန္ဒြေ မည်၏။
* အာရုံ၌နှလုံးသွင်းခြင်းလက္ခဏာရှိသော သဘောတရားသည် မနသိကာရ မည်၏။

ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ – စိတ်တိုင်းနှင့်မယှဉ် အချို့အချို့သောစိတ်၌သာ ပြိုးပြွမ်းယှဉ်သော ပကိဏ်းစေတသိက် ၆။

### အဓိပ္ပာယ်

* သမ္ပယုတ်တရားတို့ကို အာရုံသို့ရှေးရှုတင်ခြင်း လက္ခဏာရှိသော သဘောတရားသည် ဝိတက် မည်၏။
* အာရုံ၌သမ္ပယုတ်တရားတို့ကို သုံးသပ်စေခြင်းလက္ခဏာရှိသော သဘောတရားသည် ဝိစာရ မည်၏။
* အာရုံကိုဆုံးဖြတ်ခြင်းလက္ခဏာရှိသော သဘောတရားသည် အဓိမောက္ခ မည်၏။

* သမ္ပယုတ်တရားတို့ကို ထောက်ပံ့နိုင်စေခြင်းလက္ခဏာရှိသော သဘောတရားသည် ဝီရိယ မည်၏။
* အာရုံကိုနှစ်သက်ခြင်းလက္ခဏာရှိသော သဘောတရားသည် ပီတိ မည်၏။
* ပြုလုပ်လိုကာမျှသာ လက္ခဏာရှိသော သဘောတရားသည် ဆန္ဒ မည်၏။

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ }
ပကိဏ်းစေတသိက် ၆ } ပေါင်း အညသမာန်း စေတသိက် ၁၃။

## အကုသိုလ်စေတသိက် ၁၄

**မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာ – အကုသိုလ်စိတ်နှင့်သာယှဉ်သော အကုသိုလ် စေတသိက် ၁၄။**

### အဓိပ္ပာယ်

* အာရုံ၏သဘောကို ဖုံးလွှမ်းခြင်းလက္ခဏာရှိသော သဘောတရားသည် မောဟ မည်၏။
* ကာယဒုစရိုက်စသည်မှ မရှက်ခြင်းလက္ခဏာရှိသော သဘောတရားသည် အဟိရိက မည်၏။
* ကာယဒုစရိုက်စသည်မှ မလန့်ခြင်းလက္ခဏာရှိသော သဘောတရားသည် အနောတ္တပ္ပ မည်၏။
* စိတ်၏မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်းလက္ခဏာရှိသော သဘောတရားသည် ဥဒ္ဓစ္စ မည်၏။
* အာရုံ၌ငြိသောအားဖြင့် တပ်ခြင်းလက္ခဏာရှိသော သဘောတရားသည် လောဘ မည်၏။
* မှားသောအားဖြင့် နှလုံးသွင်းခြင်းလက္ခဏာရှိသော သဘောတရားသည် ဒိဋ္ဌိ မည်၏။
* မိမိကိုယ်ကို ငါသာလျှင်မြတ်၏ဟူ၍ မှန်ကင်းကဲ့သို့ ထောင်လွှားခြင်းလက္ခဏာရှိသော သဘောတရားသည် မာန မည်၏။
* ကြမ်းတမ်းသောအားဖြင့် ပြစ်မှားခြင်းလက္ခဏာရှိသော သဘောတရားသည် ဒေါသ မည်၏။
* သူတစ်ပါးတို့၏ စည်းစိမ်ချမ်းသာကို ငြူစူခြင်းလက္ခဏာရှိသော သဘောတရားသည် ဣဿာ မည်၏။
* မိမိ၏ စည်းစိမ်ချမ်းသာကို လျှို့ဝှက်ခြင်းလက္ခဏာရှိသော သဘောတရားသည် မစ္ဆရိယ မည်၏။
* ပြုအပ်ပြီးသောဒုစရိုက်၊ မပြုလိုက်မိသောသုစရိုက်တို့ကိုအာရုံပြု၍ အဖန်တလဲလဲစိုးရိမ်ခြင်း လက္ခဏာရှိသော သဘောတရားသည် ကုက္ကုစ္စ မည်၏။
* စိတ်၏မခံ့ခြင်းလက္ခဏာရှိသော သဘောတရားသည် ထိန မည်၏။
* စေတသိက်တို့၏ မခံ့ခြင်းလက္ခဏာရှိသော သဘောတရားသည် မိဒ္ဓ မည်၏။
* အာရုံကို မဆုံးဖြတ်နိုင်ခြင်းလက္ခဏာရှိသော သဘောတရားသည် ဝိစိကိစ္ဆာ မည်၏။

## သောဘဏစေတသိက်–၂၅

သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာ – သောဘဏစိတ်တိုင်းနှင့်သာယှဉ်သော သောဘဏသာဓာရဏ စေတသိက် ၁၉။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ – ဝိရတိ စေတသိက် ၃။

ကရုဏာ၊ မုဒိတာ – အပ္ပမညာ စေတသိက် ၂။

ပညိန္ဒြေ အမည်ရှိသော– အမောဟ စေတသိက် ၁။

### အဓိပ္ပာယ်

* ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို ကြည်စေခြင်းလက္ခဏာရှိသော သဘောတရားသည် သဒ္ဓါမည်၏။
* ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို အောက်မေ့စေခြင်း လက္ခဏာရှိသော သဘောတရားသည် သတိ မည်၏။
* ကာယဒုစရိုက် အစရှိသည်မှ ရှက်ခြင်းလက္ခဏာရှိသော သဘောတရားသည် ဟိရီ မည်၏။
* ကာယဒုစရိုက်စသည်မှ လန့်ခြင်းလက္ခဏာရှိသော သဘောတရားသည် ဩတ္တပ္ပ မည်၏။
* အာရုံ၌ငြိသောအားဖြင့် မတပ်ခြင်းလက္ခဏာရှိသော သဘောတရားသည် အလောဘ မည်၏။
* ကြမ်းတမ်းသောအားဖြင့် မပြစ်မှားခြင်းလက္ခဏာရှိသော သဘောတရားသည် အဒေါသ မည်၏။
* ထိုထိုသို့သောအာရုံတို့၌ သမ္ပယုတ်တရားတို့ကို လျစ်လျူရှုစေခြင်းလက္ခဏာရှိသော သဘောတရားသည် တတြမဇ္ဈတ္တတာ မည်၏။
* စေတသိက်တို့၏ ငြိမ်းခြင်းလက္ခဏာရှိသော သဘောတရားသည် ကာယပဿဒ္ဓိ မည်၏။
* စိတ်၏ ငြိမ်းခြင်းလက္ခဏာရှိသော သဘောတရားသည် စိတ္တပဿဒ္ဓိ မည်၏။
* စေတသိက်တို့၏ ပေါ့ခြင်းလက္ခဏာရှိသော သဘောတရားသည် ကာယလဟုတာ မည်၏။
* စိတ်၏ ပေါ့ခြင်းလက္ခဏာရှိသော သဘောတရားသည် စိတ္တလဟုတာ မည်၏။
* စေတသိက်တို့၏ နူးညံ့ခြင်းလက္ခဏာရှိသော သဘောတရားသည် ကာယမုဒုတာ မည်၏။
* စိတ်၏ နူးညံ့ခြင်းလက္ခဏာရှိသော သဘောတရားသည် စိတ္တမုဒုတာ မည်၏။
* စေတသိက်တို့၏အမှု၌ ကောင်းသောအဖြစ်လျှင် လက္ခဏာရှိသော သဘောတရားသည် ကာယကမ္မညတာ မည်၏။
* စိတ်၏ အမှု၌ ကောင်းသောအဖြစ်လျှင် လက္ခဏာရှိသော သဘောတရားသည် စိတ္တကမ္မညတာ မည်၏။
* စေတသိက်တို့၏ လေ့လာခြင်းလက္ခဏာရှိသော သဘောတရားသည် ကာယပါဂုညတာ မည်၏။
* စိတ်၏ လေ့လာခြင်းလက္ခဏာရှိသော သဘောတရားသည် စိတ္တပါဂုညတာ မည်၏။
* စေတသိက်တို့၏ ဖြောင့်မှန်ဖြစ်ခြင်းလက္ခဏာရှိသော သဘောတရားသည် ကာယုဇုကတာ မည်၏။

* စိတ်၏ ဖြောင့်စွာဖြစ်ခြင်းလက္ခဏာရှိသော သဘောတရားသည် စိတ္တုဇုကတာ မည်၏။
* အသက်မွေးကြောင်းမဟုတ်သော မုသာဝါဒ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပတည်းဟူသော ဝစီဒုစရိုက် လေးပါးတို့မှ ရှောင်ကြဉ်ခြင်းလက္ခဏာရှိသော သဘောတရားသည် သမ္မာဝါစာ မည်၏။
* အသက်မွေးကြောင်းမဟုတ်သော ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရတည်းဟူသော ကာယဒုစရိုက်သုံးပါးတို့မှ ရှောင်ကြဉ်ခြင်းလက္ခဏာရှိသော သဘောတရားသည် သမ္မာကမ္မန္တ မည်၏။
* အသက်မွေးကြောင်းဖြစ်သော ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးတို့မှ ရှောင်ကြဉ်ခြင်း လက္ခဏာရှိသော သဘောတရားသည် သမ္မာအာဇီဝ မည်၏။
* အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၍ သနားခြင်းလက္ခဏာရှိသော သဘောတရား သည် ကရုဏာ မည်၏။
* အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကိုအာရုံပြု၍ ဝမ်းမြောက်ခြင်းလက္ခဏာရှိသော သဘော တရားသည် မုဒိတာ မည်၏။
* အထူးထူးအပြားပြားသိခြင်း၌ အစိုးရခြင်းလက္ခဏာရှိသော သဘောတရားသည် ပညိန္ဒြေ မည်၏။

| | | |
|---|---|---|
| သောဘဏ သာဓာရဏ စေတသိက် | ၁၉ | ပေါင်း သောဘဏစေတသိက် ၂၅။ |
| ဝိရတိ စေတသိက် | ၃ | |
| အပ္ပမညာ စေတသိက် | ၂ | |
| ပညိန္ဒြေ စေတသိက် | ၁ | |
| သဗ္ဗစိတ္တ သာဓာရဏ စေတသိက် | ၇ | ပေါင်း စေတသိက် ၅၂။ |
| ပကိဏ်း စေတသိက် | ၆ | |
| အကုသိုလ် စေတသိက် | ၁၄ | |
| သောဘဏ စေတသိက် | ၂၅ | |

## အညသမာန်းစေတသိက် ၁၃ သမ္ပယောဂနည်း

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ–သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇ ပါးသည် အလုံးစုံသောစိတ် ၈၉ (တစ်နည်း ၁၂၁)တို့၌ ယှဉ်ကုန်၏။

## ပကိဏ်းစေတသိက် သမ္ပယောဂနည်းလေ့ကျင့်ခန်း

| | ယှဉ်သောစိတ် | | မယှဉ်သောစိတ် |
|---|---|---|---|
| *ဝိတက် | = ၅၅ = (၅၄ − ၁၀)+၁၁ | | ၆၆ = ၁၀+၁၁+၁၁+၁၁+၂၃ |
| *ဝိစာရ | = ၆၆ = (၅၄ − ၁၀)+၁၁+၁၁ | | ၅၅ = ၁၀+၁၁+၁၁+၂၃ |
| အဓိမောက္ခ | = ၇၈ = ၈၉ − (၁၀+၁) | | ၁၁ = ၁၀+၁ |
| ဝီရိယ | = ၇၃ = ၈၉ − (၁+၁၀+၂+၃) | | ၁၆ = ၁+၁၀+၂+၃ |
| *ပီတိ | = ၅၁ = ၁၈+၁၁+၁၁+၁၁ | | ၇၀ = ၂+၅၅+၂+၁၁ |
| ဆန္ဒ | = ၆၉ = ၈၉ − (၁၈+၂) | | ၂၀ = ၁၈+၂ |

## ဆိုရိုး

* ဝိတက်နှင့်ယှဉ်သောစိတ်ကား ၅၅ = ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော ကာမစိတ် ၄၄ + ပထမဈာန်စိတ် ၁၁ တည်း။ ။မယှဉ်သောစိတ်ကား ၆၆ = ဒွေပဉ္စဝိညာဏ် ၁၀ + ဒုတိယဈာန် ၁၁ + တတိယဈာန်စိတ် ၁၁ + စတုတ္ထဈာန်စိတ် ၁၁ + ပဉ္စမဈာန်စိတ် ၂၃ တည်း။
* ဝိစာရနှင့်ယှဉ်သောစိတ်ကား ၆၆ = ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော ကာမစိတ် ၄၄ + ပထမဈာန်စိတ် ၁၁ + ဒုတိယဈာန်စိတ် ၁၁ တည်း။ ။မယှဉ်သောစိတ်ကား ၅၅=ဒွေပဉ္စဝိညာဏ် ၁၀ + တတိယ ဈာန်စိတ် ၁၁ + စတုတ္ထဈာန်စိတ် ၁၁ + ပဉ္စမဈာန်စိတ် ၂၃ တည်း။
* အဓိမောက္ခနှင့်ယှဉ်သောစိတ်ကား ၇၈=ဒွေပဉ္စဝိညာဏ် ၁၀+ဝိစိကိစ္ဆာသဟဂုတ်စိတ်ကြဉ်သောစိတ် ၇၈ တည်း။ ။မယှဉ်သောစိတ်ကား ၁၁ = ဒွေပဉ္စဝိညာဏ် ၁၀+ဝိစိကိစ္ဆာသဟဂုတ်စိတ်တည်း။
* ဝီရိယနှင့်ယှဉ်သောစိတ်ကား ၇၃ = ပဉ္စဒွါရာဝဇ္ဇန်း + ဒွေပဉ္စဝိညာဏ် ၁၀ + သမ္ပဋိစ္ဆိုင်းဒွေ+သန္တီရဏစိတ် ၃ ခုကြဉ်သောစိတ် ၇၃ ခုတည်း။ ။မယှဉ်သောစိတ်ကား ၁၆ = ပဉ္စဒွါရာဝဇ္ဇန်း + ဒွေပဉ္စဝိညာဏ် ၁၀ + သမ္ပဋိစ္ဆိုင်းဒွေ + သန္တီရဏစိတ် ၃–ခုတည်း
* ပီတိနှင့်ယှဉ်သောစိတ်ကား ၅၁=ကာမသောမနဿ ၁၈ + ပထမဈာန်စိတ် ၁၁ + ဒုတိယဈာန်စိတ် ၁၁+ တတိယဈာန်စိတ် ၁၁ တည်း။ မယှဉ်သောစိတ်ကား ၇၀= ဒေါသမူဒွေ+ဥပေက္ခာသဟဂုတ်စိတ် ၅၅ + ကာယဝိညာဉ်ဒွေ + စတုတ္ထဈာန်စိတ် ၁၁–တည်း။
* ဆန္ဒနှင့်ယှဉ်သောစိတ်ကား ၆၉ = အဟိတ်စိတ် ၁၈ + မောဟမူဒွေ ကြဉ်သောစိတ် ၆၉ တည်း။ ။ မယှဉ်သောစိတ်ကား ၂၀= အဟိတ်စိတ် ၁၈ + မောဟမူဒွေတည်း။

မှတ်ချက်။ ။ပကိဏ်းစေတသိက် ၆ ခုတို့တွင် ဝိတက်၊ ဝိစာရ၊ ပီတိစေတသိက် ၃ ခုတို့သည် ဈာန်အင်္ဂါ စေတသိက်များဖြစ်သောကြောင့် ဈာန်ပွားအပ်သော စိတ်အကျယ် ၁၂၁ ပါးသောစိတ်တို့၌ ယှဉ်မှုကြဉ်မှုကို ပြအပ်ကုန်၏။ အဓိမောက္ခ၊ ဝီရိယ၊ ဆန္ဒစေတသိက် ၃ ခုတို့သည်ကား ဈာန်အင်္ဂါထိုက်သော တရားများမဟုတ်သဖြင့် ဈာန်မပွားသော စိတ်အကျဉ်း ၈၉–ခု၌သာ ယှဉ်မှုကြဉ်မှုကို ပြအပ်ကုန်၏။

### အကုသိုလ်စေတသိက် ၁၄ သမ္ပယောဂနည်းလေ့ကျင့်ခန်း

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | = | ၁၂ | = | × | × | – | – | > | – | – |
| | | | | × | × | – | – | > | | |
| လောဘ | = | ၈ | = | × | × | – | – | > | – | – |
| | | | | × | × | – | – | > | | |
| ဒိဋ္ဌိ | = | ၄ | = | × | × | – | – | > | – | – |
| | | | | × | × | – | – | > | | |
| မာန | = | ၄ | = | × | × | – | – | > | – | – |
| | | | | × | × | – | – | > | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ = | ၂ = | × | × | − | − | [>] | − | − |
| | | × | × | − | − | [>] | | |
| ထိန၊ မိဒ္ဓ = | ၅ = | × | × | − | − | > | − | − |
| | | [× | × | − | − | >] | | |
| ဝိစိကိစ္ဆာ = | ၁ = | × | × | − | − | > | [−] | − |
| | | × | × | − | − | > | | |

## ဆိုရိုး

* မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စနှင့်ယှဉ်သောစိတ်ကား အကုသိုလ်စိတ် ၁၂–ခုတည်း။
* လောဘနှင့်ယှဉ်သောစိတ်ကား လောဘမူစိတ် ၈–ခုတည်း။
* ဒိဋ္ဌိနှင့်ယှဉ်သောစိတ်ကား ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄–ခုတည်း။
* မာနနှင့်ယှဉ်သောစိတ်ကား ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄–ခုတည်း။
* ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စနှင့်ယှဉ်သောစိတ်ကား ဒေါသမူဒွေတည်း။
* ထိန၊ မိဒ္ဓနှင့်ယှဉ်သောစိတ်ကား သသင်္ခါရိကစိတ် ၅–ခုတည်း။
* ဝိစိကိစ္ဆာနှင့်ယှဉ်သောစိတ်ကား ဝိစိကိစ္ဆာသဟဂုတ်စိတ်တည်း။

## သောဘဏစေတသိက် ၂၅ သမ္ပယောဂနည်းလေ့ကျင့်ခန်း

သောဘဏ သာဓာရဏ ၁၉ = ၅၉
ဝိရတီ ၃ = ၁၆ = (အမြဲတပေါင်းတည်း) လောကုတ်–၈ + (ရံခါအသီးသီး) မဟာကု–၈
အပ္ပမညာဒွေ = ၂၈ = ၈ + ၈ + ၁၂
ကေစိဝါဒ = ၂၀ = ၄ + ၄ + ၁၂
ပညိန္ဒြေ = ၄၇ = ၁၂ + ၂၇ + ၈

## ဆိုရိုး

* သောဘဏ သာဓာရဏ စေတသိက် ၁၉–ခုနှင့်ယှဉ်သောစိတ်ကား သောဘဏစိတ် ၅၉–ခုတည်း။
* ဝိရတီ စေတသိက် ၃ ခုနှင့် အမြဲတပေါင်းတည်း ယှဉ်သောစိတ်ကား လောကုတ္တရာစိတ် ၈–ခုတည်း။
  ရံခါအသီးသီးယှဉ်သောစိတ်ကား မဟာကုသိုလ်စိတ် ၈–ခုတည်း။
* ကရုဏာ–မုဒိတာတို့နှင့် ရံခါအသီးသီး ယှဉ်သောစိတ်ကား ၂၈ = မဟာကုသိုလ်စိတ် ၈+မဟာကြိယာစိတ် ၈ + ရူပါဝစရသောမနဿစိတ် ၁၂–ခုတည်း။

* ကေစိဝါဒအားဖြင့် ကရုဏာ - မုဒိတာတို့နှင့် ရံခါအသီးသီး ယှဉ်သောစိတ်ကား ၂၀ = မဟာကုသိုလ် သောမနဿသဟဂုတ်စိတ် ၄ + မဟာကြိယာ သောမနဿသဟဂုတ်စိတ် ၄ + ရူပါဝစရ သောမနဿစိတ် ၁၂ ခုတည်း။

* ပညာနှင့်ယှဉ်သောစိတ်ကား ၄၇ = မဟာကုသိုလ် မဟာဝိပါက် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၁၂ + မဟဂ္ဂုတ်စိတ် ၂၇ + လောကုတ္တရာစိတ် ၈ ခုတည်း။

## အနိယတယောဂီစေတသိက်–၁၁

| | |
|---|---|
| ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ဝိရတီ ၃ အပ္ပမညာဒွေ | = ရံခါ (ကဒါစိ) အသီးအသီး(နာနာ) |
| မာန | = ရံခါ (ကဒါစိ) |
| ထိန၊ မိဒ္ဓ | = ရံခါ (ကဒါစိ) တကွ (သဟ) |

ဤစေတသိက် ၁၁ ခုတို့သည် မိမိယှဉ်သော စိတ်တို့၌ အမြဲမယှဉ်သောကြောင့် အနိယတယောဂီ စေတသိက်မည်ကုန်၏။ ကြွင်းသောစေတသိက် ၄၁ ခုတို့သည်ကား မိမိယှဉ်သောစိတ်၌ အမြဲယှဉ်တတ်သော ကြောင့် နိယတယောဂီစေတသိက်မည်ကုန်၏။

### ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ စေတသိက်တို့၏ ဒေါသမူဒွေ၌ ရံခါအသီးအသီးယှဉ်ပုံ

* ဣဿာသည် သူတစ်ပါးတို့၏ စည်းစိမ်ချမ်းသာကို ငြူစူသောအခါယှဉ်၏။ မငြူစူသောအခါမယှဉ်။

* မစ္ဆရိယသည် မိမိ၏စည်းစိမ်ချမ်းသာကို လျှို့ဝှက်သောအခါယှဉ်၏။ မလျှို့ဝှက်သောအခါမယှဉ်။

* ကုက္ကုစ္စသည် ပြုအပ်ပြီးသောဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်ကို အာရုံပြု၍ ဝိပ္ပဋိသာရဖြစ်သော အခါ ယှဉ်၏။ ဝိပ္ပဋိသာရ မဖြစ်သောအခါ မယှဉ်။

ဤကား ရံခါယှဉ်ပုံတည်း။

* ဣဿယှဉ်ခိုက် မစ္ဆရိယ ကုက္ကုစ္စတို့မယှဉ်။

* မစ္ဆရိယယှဉ်ခိုက် ဣဿာ ကုက္ကုစ္စတို့မယှဉ်။

* ကုက္ကုစ္စယှဉ်ခိုက် ဣဿ၊ မစ္ဆရိယတို့မယှဉ်။

ဤကား အသီးအသီးယှဉ်ပုံတည်း။

### ဝိရတီ၊ အပ္ပမညာစေတသိက်တို့၏ မဟာကုသိုလ်စသောစိတ်တို့၌ အသီးအသီးယှဉ်ပုံ

* သမ္မာဝါစာသည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ မိစ္ဆာဝါစာမှ ရှောင်ကြဉ်သောအခါယှဉ်၏။ မရှောင် ကြဉ်သောအခါမယှဉ်။

* သမ္မာကမ္မန္တသည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ မိစ္ဆာကမ္မန္တမှ ရှောင်ကြဉ်သောအခါယှဉ်၏။ မရှောင်ကြဉ်သောအခါမယှဉ်။

* သမ္မာအာဇီဝသည် ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ အာဇီဝဟေတုဖြစ်သော မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တတို့မှ ရှောင်ကြဉ်သောအခါယှဉ်၏။ မရှောင်ကြဉ်သောအခါမယှဉ်။
* ကရုဏာသည် အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခါယှဉ်၏။ မသနားသောအခါမယှဉ်။
* မုဒိတာသည် အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါယှဉ်၏။ ဝမ်းမမြောက်သောအခါမယှဉ်။ ဤကား ရံခါယှဉ်ပုံတည်း။
* သမ္မာဝါစာယှဉ်ခိုက် သမ္မာကမ္မန္တ သမ္မာအာဇီဝ ကရုဏာ မုဒိတာမယှဉ်။
* သမ္မာကမ္မန္တယှဉ်ခိုက် သမ္မာဝါစာ သမ္မာအာဇီဝ ကရုဏာ မုဒိတာမယှဉ်။
* သမ္မာအာဇီဝယှဉ်ခိုက် သမ္မာဝါစာ သမ္မာကမ္မန္တ ကရုဏာ မုဒိတာမယှဉ်။
* ကရုဏာယှဉ်ခိုက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ မုဒိတာမယှဉ်။
* မုဒိတာယှဉ်ခိုက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ကရုဏာမယှဉ်။
  ဤကား အသီးသီးယှဉ်ပုံတည်း။

### မာန၏ ရံခါယှဉ်ပုံ

မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ခုတို့၌ မိမိကိုယ်ကို ချီးမြှောက်သောအခါ, သူတစ်ပါးကို ရှုတ်ချသောအခါတို့၌သာယှဉ်၏။ မချီးမြှောက်သောအခါ, မရှုတ်ချသောအခါတို့၌မယှဉ်။

ဤကား ရံခါယှဉ်၍ ရံခါမယှဉ်ပုံတည်း။

### ထိန, မိဒ္ဓ၏ ရံခါတပေါင်းတည်းယှဉ်ပုံ

ထိန, မိဒ္ဓသည် သသင်္ခါရိကစိတ် ၅-ခုတို့၌ စိတ်စေတသိက်တို့၏ ပျင်းရိထိုင်းမှိုင်း တွန့်တိုဆုတ်နစ်သောအခါယှဉ်၏။ မပျင်းရိမထိုင်းမှိုင်း မတွန့်တိုမဆုတ်နစ်သောအခါမယှဉ်။

ဤကား ရံခါတပေါင်းတည်းယှဉ်ပုံတည်း။

သမ္ပယောဂနည်း ပြီး၏။

## အကုသိုလ်စိတ်သင်္ဂဟနည်း လေ့ကျင့်ခန်း

| | | | | | | | | ဆန္ဒ၊ပီတိ | | ဆန္ဒ၊ပီတိ | |
|---|---|---|---|---|---|---|---|---|---|---|---|
| အညသမာန်း | ၁၃ ... | ၁၃ | ပီတိကြဉ် | ၁၂ ... | ၁၂ | ......... | ၁၂ | အဓိကြဉ် | ၁၀ | ကြဉ် | ၁၁ |
| မောစတုက် | ၄ ... | ၄ | ......... | ၄ ... | ၄ | ......... | ၄ | ......... | ၄ | ...... | ၄ |
| လောဘ | ၁ ... | ၁ | ......... | ၁ ... | ၁ | ဒေါစတုက် | ၄ | ဝိစိကိစ္ဆာ | ၁ | | |
| ဒိဋ္ဌိ | ၁ ... | | ဒိဋ္ဌိ | ၁ | | | | | | | |
| | မာန ၁ | | | မာန ၁ | | | | | | | |
| ပေါင်း = | ၁၉ | ၁၉ | | ၁၈ | ၁၈ | | ၂၀ | | ၁၅ | | ၁၅ |
| | × | × | | − | − | | > | | − | | − |
| +ထိန၊ မိဒ္ဓ | ၂...... | ၂ | ............ | ၂ ... | ၂ | ............ | ၂ | | | | |
| ပေါင်း = | ၂၁ | ၂၁ | | ၂၀ | ၂၀ | | ၂၂ | | | | |
| | × | × | | − | − | | > | | | | |

### ဆိုရိုး

၁၉

* × = သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃, မောစတုက်, လောဘ, ဒိဋ္ဌိ – ပေါင်း စေတသိက် ၁၉–ခုယှဉ်၏။

၂၁

* × = သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃, မောစတုက်, လောဘ, ဒိဋ္ဌိ, ထိန, မိဒ္ဓ – ပေါင်း စေတသိက် ၂၁–ခုယှဉ်၏။

(ဤကဲ့သို့ အကုသိုလ်စိတ် ၁၂–ခုကို ကုန်စင်အောင် အထက်ပါလေ့ကျင့်ခန်း၌ ကြည့်၍ဆို။)

* လောဘမူစိတ် ၈–ခု၌ အညသမာန်းစေတသိက် ၁၃, မောစတုက်, လောဘ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ– ပေါင်း စေတသိက် ၂၂–ခုယှဉ်၏။

* ဒေါသမူဒွေ၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂, မောစတုက်, ဒေါစတုက်, ထိန, မိဒ္ဓ– ပေါင်း စေတသိက် ၂၂–ခုယှဉ်၏။

* မောဟမူဒွေ၌ ဆန္ဒ, ပီတိကြဉ် အညသမာန်းစေတသိက် ၁၁, မောစတုက်, ဝိစိကိစ္ဆာ – ပေါင်း စေတသိက် ၁၆–ခုယှဉ်၏။

## ဉာဏ်စမ်းသရုပ်ခွဲ

လောဘမူ, ဒေါသမူစိတ်၌ အညသမာန်းစေတသိက် ၁၃, ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စေတသိက် ၁၃–ပေါင်း စေတသိက် ၂၆–ခုယှဉ်၏။

လောဘမူ, မောဟမူစိတ်၌ အညသမာန်းစေတသိက် ၁၃, ဒေါသစတုက်ကြဉ်သော အကုသိုလ်စေတသိက် ၁၀–ပေါင်း စေတသိက် ၂၃–ခုယှဉ်၏။

ဒေါသမူ, မောဟမူစိတ်၌ ပီတိကြဉ်အညသမာန်းစေတသိက် ၁၂, လောဘ, ဒိဋ္ဌိ, မာနကြဉ်သော အကုသိုလ်စေတသိက် ၁၁–ပေါင်း စေတသိက် ၂၃–ခုယှဉ်၏။

အကုသိုလ်စိတ် ၁၂–ခု၌ အညသမာန်းစေတသိက် ၁၃, အကုသိုလ်စေတသိက် ၁၄ – ပေါင်း စေတသိက် ၂၇–ခုယှဉ်၏။

## အဟိတ်စိတ် သင်္ဂဟနည်း လေ့ကျင့်ခန်း

| ဆိုရိုး | | | | | | | | |
|---|---|---|---|---|---|---|---|---|
| * ဒွေပဉ္စဝိညာဏ် ၁၀ ၌ သဗ္ဗစိတ္တသာဓာရဏ စေတ သိက် ၇ ခုယှဉ်၏။ | ၇ | ၇ | ၇ | ၇ | ၇ | | | |
| | – | – | – | – | v | | | |
| | ၇ | ၇ | ၇ | ၇ | ၇ | | | |
| | – | – | – | – | ∧ | – | × | – |
| | – | – | × | | | | | |
| | | | | | | ၁၀ | ၁၀ | |
| * သမ္ပဋိစ္ဆိုန်းဒွေ၊ ဥပေက္ခာသဟဂုတ်သန္တီရဏ ၂၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်တို့၌ ဆန္ဒ,ပီတိ,ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် ၁၀–ခု ယှဉ်၏။ | – | – | – | – | v | – | – | |
| | | | | | | ၁၀ | | ၁၀ |
| | – | – | – | – | ∧ | – | × | – |
| | ၁၀ | | | | | | | |
| | – | – | × | | | | | |
| * သောမနဿသဟဂုတ် သန္တီရဏစိတ်၌ ဆန္ဒ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် ၁၁ ခုယှဉ်၏။ | – | – | – | – | v | – | – | |
| | | | | | | | ၁၁ | |
| | – | – | – | – | ∧ | – | × | – |
| | – | – | × | | | | | |
| * မနောဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ ပီတိ ကြဉ်သော အညသမာန်း စေတသိက် ၁၁ ခု ယှဉ်၏။ | – | – | – | – | v | – | – | – |
| | – | – | – | – | ∧ | – | × | – |
| | | ၁၁ | | | | | | |
| | – | – | × | | | | | |
| * ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ၁၂ ခုယှဉ်၏။ | – | – | – | – | v | – | – | |
| | – | – | – | – | ∧ | – | × | – |
| | | | ၁၂ | | | | | |
| | – | – | × | | | | | |

* အကုသလဝိပါက်စိတ် ၇ ခု၌ ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀ ခုယှဉ်၏။
* အဟိတ်ကုသလဝိပါက်စိတ် ၈ ခု၌ ဆန္ဒ, ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၁ ခုယှဉ်၏။
* အဟိတ်ကြိယာစိတ် ၃ ခု၌ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂ ခုယှဉ်၏။
* အဟိတ်စိတ် ၁၈ ခု၌ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂ ခုယှဉ်၏။

## ကာမာဝစရ သောဘဏစိတ် သင်္ဂဟနည်း လေ့ကျင့်ခန်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| | × | × | – | – | | | |
| | ၃၈ | ၃၇ | ၃၇ | ၃၆ | ဉာဏ်ကြဉ်။ | ပီတိကြဉ်။ | ဉာဏ်,ပီတိကြဉ် |
| | × | × | – | – | | | |
| | × | × | – | – | | | |
| ဝိရတီ,အပ္ပမညာကြဉ် | ၃၃ | ၃၂ | ၃၂ | ၃၁ | ။ | ၎င်း | ။ |
| | × | × | – | – | | | |
| | × | × | – | – | | | |
| ဝိရတီကြဉ် | ၃၅ | ၃၄ | ၃၄ | ၃၃ | ။ | ၎င်း | ။ |
| | × | × | – | – | | | |

## ဆိုရိုး

* မဟာကုသိုလ် ပထမဒွေ၌ အညသမာန်းစေတသိက် ၁၃, သောဘဏစေတသိက် ၂၅-ပေါင်း စေတသိက် ၃၈-ခုယှဉ်၏။
* မဟာကုသိုလ် ဒုတိယဒွေ၌ အညသမာန်းစေတသိက် ၁၃, ဉာဏ်ကြဉ် သောဘဏစေတသိက် ၂၄-ပေါင်း စေတသိက် ၃၇-ခုယှဉ်၏။
* မဟာကုသိုလ် တတိယဒွေ၌ ပီတိကြဉ်အညသမာန်းစေတသိက် ၁၂, သောဘဏစေတသိက် ၂၅-ပေါင်း စေတသိက် ၃၇-ခုယှဉ်၏။
* မဟာကုသိုလ် စတုတ္ထဒွေ၌ ပီတိကြဉ်အညသမာန်းစေတသိက် ၁၂, ဉာဏ်ကြဉ် သောဘဏစေတသိက် ၂၄-ပေါင်း စေတသိက် ၃၆-ခုယှဉ်၏။
* မဟာဝိပါက် ပထမဒွေ၌ အညသမာန်းစေတသိက် ၁၃, ဝိရတီ, အပ္ပမညာကြဉ် သောဘဏစေတသိက် ၂၀-ပေါင်း စေတသိက် ၃၃-ခုယှဉ်၏။
* မဟာဝိပါက် ဒုတိယဒွေ၌ အညသမာန်းစေတသိက် ၁၃, ဝိရတီ, အပ္ပမညာ, ဉာဏ်ကြဉ် သောဘဏစေတသိက် ၁၉-ပေါင်း စေတသိက် ၃၂-ခုယှဉ်၏။
* မဟာဝိပါက် တတိယဒွေ၌ ပီတိကြဉ်အညသမာန်းစေတသိက် ၁၂, ဝိရတီ, အပ္ပမညာကြဉ် သောဘဏစေတသိက် ၂၀-ပေါင်း စေတသိက် ၃၂-ခုယှဉ်၏။

* မဟာဝိပါက် စတုတ္ထဒွေ၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂, ဝိရတီ, အပ္ပမညာ, ဉာဏ်ကြဉ် သောဘဏစေတသိက် ၁၉- ပေါင်း စေတသိက် ၃၁ ခုယှဉ်၏။
* မဟာကြိယာ ပထမဒွေ၌ အညသမာန်းစေတသိက် ၁၃, ဝိရတီကြဉ် သောဘဏစေတသိက် ၂၂- ပေါင်း စေတသိက် ၃၅ ခုယှဉ်၏။
* မဟာကြိယာ ဒုတိယဒွေ၌ အညသမာန်းစေတသိက် ၁၃, ဝိရတီ, ဉာဏ်ကြဉ် သောဘဏစေတသိက် ၂၁- ပေါင်း စေတသိက် ၃၄ ခုယှဉ်၏။
* မဟာကြိယာ တတိယဒွေ၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂, ဝိရတီကြဉ် သောဘဏ စေတသိက် ၂၂- ပေါင်း စေတသိက် ၃၄ ခုယှဉ်၏။
* မဟာကြိယာ စတုတ္ထဒွေ၌ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂, ဝိရတီ, ဉာဏ်ကြဉ် သောဘဏ စေတသိက် ၂၁-ပေါင်း စေတသိက် ၃၃ ခုယှဉ်၏။

## မဟဂ္ဂုတ်စိတ် သင်္ဂနည်း လေ့ကျင့်ခန်း

| | | | | | | ကု | ဝိ | ကြိ | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ဝိရတီကြဉ် | ၃၅ | = | × | × | × | | | |
| ဝိတက် | | | " | ၃၄ | = | × | × | × | | | |
| " | ဝိစာရ | | " | ၃၃ | = | × | × | × | | | |
| " | " | ပီတိ | " | ၃၂ | = | × | × | × | ကု | ဝိ | ကြိ |
| " | " | " | ဝိရတီ, အပ္ပမညာကြဉ် | ၃၀ | = | – | – | – | – | – | – |
| | | | | | | | | ၃၀ = | – | – | – |
| | | | | | | | | | – | – | – |
| | | | | | | | | | – | – | – |

## ဆိုရိုး

* ရူပါဝစရ ပထမဈာန်စိတ် ၃-ခု၌ အညသမာန်းစေတသိက် ၁၃, ဝိရတီကြဉ် သောဘဏစေတသိက် ၂၂- ပေါင်း စေတသိက် ၃၅-- ယှဉ်၏။
* ရူပါဝစရ ဒုတိယဈာန်စိတ် ၃- ခု၌ ဝိတက်ကြဉ် အညသမာန်းစေတသိက် ၁၂, ဝိရတီကြဉ် သောဘဏစေတသိက် ၂၂- ပေါင်း စေတသိက် ၃၄- ယှဉ်၏။
* ရူပါဝစရ တတိယဈာန်စိပ် ၃ ခု၌ ဝိတက်, ဝိစာရကြဉ် အညသမာန်းစေတသိက် ၁၁, ဝိရတီကြဉ် သောဘဏစေတသိက် ၂၂- ပေါင်း စေတသိက် ၃၃- ယှဉ်၏။

* ရူပါဝစရ စတုတ္ထဈာန်စိတ် ၃-ခု၌ ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်းစေတသိက် ၁၀, ဝိရတီကြဉ် သောဘဏစေတသိက် ၂၂- ပေါင်း စေတသိက် ၃၂- ယှဉ်၏။
* ရူပါဝစရ ပဥ္စမဈာန်စိတ် ၃ ခုနှင့် အရူပါဝစရစိတ် ၁၂ တို့၌ ဝိတက်,ဝိစာရ,ပီတိကြဉ် အညသမာန်း စေတသိက် ၁၀, ဝိရတီ, အပ္ပမညာကြဉ်သောဘဏစေတသိက် ၂၀- ပေါင်း စေတသိက် ၃၀ ယှဉ်၏။

## လောကုတ္တရာစိတ် သင်္ဂဟနည်း လေ့ကျင့်ခန်း

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အပ္ပမညာကြဉ် | ၃၆ | = | မ | မ | မ | မ | ဖ | ဖ | ဖ | ဖ |
| | | | ။ | ၃၆ | = | × | × | × | × | × | × | × | × |
| ဝိတက် | | | ။ | ၃၅ | = | × | × | × | × | × | × | × | × |
| ။ | ဝိစာရ | | ။ | ၃၄ | = | × | × | × | × | × | × | × | × |
| ။ | ။ | ပီတိ | ။ | ၃၃ | = | × | × | × | × | × | × | × | × |
| ။ | ။ | ။ | ။ | ၃၃ | = | – | – | – | – | – | – | – | – |

## ဆိုရိုး

* လောကုတ္တရာစိတ် ၈ ခု၌ အညသမာန်းစေတသိက် ၁၃, အပ္ပမညာကြဉ် သောဘဏစေတသိက် ၂၃- ပေါင်း စေတသိက် ၃၆ ယှဉ်၏။
* လောကုတ္တရာ ပဌမဈာန်စိတ် ၈ ခု၌ အညသမာန်းစေတသိက် ၁၃, အပ္ပမညာကြဉ် သောဘဏ စေတသိက် ၂၃- ပေါင်း စေတသိက် ၃၆ ယှဉ်၏။
* လောကုတ္တရာ ဒုတိယဈာန် စိတ် ၈ ခု၌ ဝိတက်ကြဉ် အညသမာန်းစေတသိက် ၁၂, အပ္ပမညာကြဉ် သောဘဏစေတသိက် ၂၃- ပေါင်း စေတသိက် ၃၅ ယှဉ်၏။
* လောကုတ္တရာ တတိယဈာန်စိတ် ၈ ခု၌ ဝိတက်, ဝိစာရကြဉ် အညသမာန်း စေတသိက် ၁၁, အပ္ပမညာကြဉ် သောဘဏစေတသိက် ၂၃- ပေါင်း စေတသိက် ၃၄ ယှဉ်၏။
* လောကုတ္တရာ စတုတ္ထဈာန် စိတ် ၈ ခု၌ ဝိတက်, ဝိစာရ, ပီတိကြဉ် အညသမာန်း စေတသိက် ၁၀, အပ္ပမညာကြဉ် သောဘဏစေတသိက် ၂၃- ပေါင်း စေတသိက် ၃၃ ယှဉ်၏။
* လောကုတ္တရာ ပဥ္စမဈာန်စိတ် ၈ ခုကို လောကုတ္တရာ စတုတ္ထဈာန်စိတ် ၈ ခုအတိုင်းဆို။

## စေတသိက်ပိုင်း–သင်္ဂဟနည်း

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၁၉ | ၁၉ | ၁၈ | ၁၈ | ၂၀ | ၁၅ | ၁၅ | |
| | ✖ | × | ━ | – | > | ━ | ━ | |
| | ၂၁ | ၂၁ | ၂၀ | ၂၀ | ၂၂ | | | |
| | ✖ | × | ━ | – | > | | | |
| | ၇ | ၇ | ၇ | ၇ | ၇ | ၁၀ | ၁၀ | |
| | – | – | – | – | v | – | – | |
| | ၇ | ၇ | ၇ | ၇ | ၇ | ၁၀ | ၁၁ | ၁၀ |
| | – | – | – | – | ʌ | – | × | – |
| | ၁၀ | ၁၁ | ၁၂ | | | | | |
| | – | – | × | | | | | |
| | ✖ | × | ━ | – | | | | |
| | ၃၈ | ၃၇ | ၃၇ | ၃၆ | ဉာဏ်ကြဉ်။ ပီတိကြဉ်။ ဉာဏ်,ပီတိကြဉ်။ | | | |
| | ✖ | × | ━ | – | | | | |
| ဝိရတီ အပ္ပမညာကြဉ် { | ✖ | × | ━ | – | | | | |
| | ၃၃ | ၃၂ | ၃၂ | ၃၁ | | | ၎င်း | |
| | ✖ | × | ━ | – | | | | |
| ဝိရတီကြဉ် { | ✖ | × | ━ | – | | | | |
| | ၃၅ | ၃၄ | ၃၄ | ၃၃ | | | ၎င်း | |
| | ✖ | × | ━ | – | | | | |

| | | | | |
|---|---|---|---|---|
| ၃၅ | = | ✖ | ✖ | ✖ |
| ၃၄ | = | ✖ | ✖ | ✖ |
| ၃၃ | = | ✖ | ✖ | ✖ |
| ၃၂ | = | ✖ | ✖ | ✖ |
| ဝိရတီ၊ အပ္ပမညာကြဉ် ၃၀ | = | ━ | ━ | ━ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၃၆ | = | ω | ω | ω | ω | ɵ | ɵ | ɵ | ɵ |
| ၃၆ | = | ✖ | ✖ | ✖ | ✖ | ✖ | ✖ | ✖ | ✖ |
| ၃၅ | = | ✖ | ✖ | ✖ | ✖ | ✖ | ✖ | ✖ | ✖ |
| ၃၄ | = | ✖ | ✖ | ✖ | ✖ | ✖ | ✖ | ✖ | ✖ |
| ၃၃ | = | ✖ | ✖ | ✖ | ✖ | ✖ | ✖ | ✖ | ✖ |
| ၃၃ | = | ✖ | ✖ | ✖ | ✖ | ✖ | ✖ | ✖ | ✖ |

၃၀ = { ━ ━ ━ / ━ ━ ━ / ━ ━ ━ / ━ ━ ━ }

### ရှာနည်း

| | | | | | | |
|---|---|---|---|---|---|---|
| အကုသိုလ်စိတ် | = | အညသမာန်း ၁၃ | + | အကုသိုလ်စေ ၁၄ | = | ၂၇ |
| အဟိတ်စိတ် | = | ဆန္ဒကြဉ် အညသမာန်း | | | = | ၁၂ |
| သောဘဏစိတ် | = | အညသမာန်း ၁၃ | + | သောဘဏစေ ၂၅ | = | ၃၈ |

## စေတသိက် ၅၂ ခု၌ စေတသိက်ယှဉ်ပုံ

| စေတသိက် အမည် | ယှဉ်သော စေတသိက် | |
|---|---|---|
| ဖဿ,ဝေဒနာ,သညာ,စေတနာ,<br>ဧကဂ္ဂတာ,ဇီဝိတိန္ဒြေ,မနသိကာရ,<br>ဝိတက်,ဝိစာရ,ဝီရိယ | မိမိကြဉ်သောစေတသိက် | ၅၁ စီ |
| အဓိမောက္ခ,ဆန္ဒ | မိမိ,ဝိစိကိစ္ဆာကြဉ်သော စေတသိက် | ၅၀ စီ |
| ပီတိ | မိမိ,ဒေါသစတုက်,ဝိစိကိစ္ဆာကြဉ်သော စေတသိက် | ၄၆ |
| မောဟ,အဟိရိက,<br>အနောတ္တပ္ပ,ဥဒ္ဓစ္စ | အညသမာန်း ၁၃ + မိမိကြဉ် အကုသိုလ်စေတသိက် ၁၃ | ၂၆ စီ |
| လောဘ | အသညသမာန်း ၁၃ + မောစတုက် + ဒိဋ္ဌိ + မာန + ထိန + မိဒ္ဓ | ၂၁ |
| ဒိဋ္ဌိ,မာန | အညသမာန်း ၁၃ + မောစတုက် + လောဘ + ထိန + မိဒ္ဓ | ၂၀ စီ |
| ဒေါသ | ပီတိကြဉ် အညသမာန်း ၁၂ + မောစတုက် + ဣဿာ +<br>မစ္ဆရိယ + ကုက္ကုစ္စ + ထိန + မိဒ္ဓ | ၂၁ |
| ဣဿ,မစ္ဆရိယ,ကုက္ကုစ္စ | ပီတိကြဉ် အညသမာန်း ၁၂ + မောစတုက် + ဒေါသ +<br>ထိန + မိဒ္ဓ | ၁၉ စီ |
| ထိန,မိဒ္ဓ | အညသမာန်း ၁၃ + မိမိ,ဝိစိကိစ္ဆာကြဉ် အကုသိုလ်စေ ၁၂ | ၂၅ စီ |
| ဝိစိကိစ္ဆာ | အဓိမောက္ခ,ပီတိ,ဆန္ဒကြဉ် အညသမာန်း စေ ၁၀ +<br>မောစကုက် | ၁၄ |
| သောဘဏသာဓာရဏ–၁၉ | အညသမာန်း ၁၃ + မိမိကြဉ် သောဘဏ စေ ၂၄ | ၃၇ စီ |
| ဝိရတီ–၃ | အညသမာန်း ၁၃ + မိမိ,အပ္ပမညာဒွေကြဉ်<br>သောဘဏ စေ ၂၂ | ၃၅ စီ |
| ကရုဏာ,မုဒိတာ | အသညသမန်း ၁၃ + ဝိရတီ ၃, အပ္ပမညာဒွေကြဉ်<br>သောဘဏ စေ ၂၀ | ၃၃ စီ |
| ပညိန္ဒြေ | အညသမာန်း ၁၃ + မိမိကြဉ် သောဘဏ စေ ၂၄ | ၃၇ |

စေတသိက်ပိုင်း သမ္ပယောဂနည်း, သင်္ဂဟနည်း ကျေပွန်အောင်လေ့ကျက်လျှင် စေတသိက်၌ စေတသိက် ယှဉ်ပုံ အမြင်သန်မည်။ အထက်ဖော်ပြပါဇယားရှိ ယှဉ်သော စေတသိက်များ၏အဖြေကို မကြည့်သေးဘဲ စေတသိက်အမည်ပါ ဇယားလွတ်ရေး၍ မိမိဉာဏ်စွမ်းဖြင့် အဖြေရှာပါ။

**ဆိုရိုး**

ဖဿစေတသိက်သည် ဖဿကြဉ်သောစေတသိက် ၅၁ ခု၌ ယှဉ်၏။ (ပ) အဓိမောက္ခစေတသိက်သည် အဓိမောက္ခ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၀ ၌ယှဉ်၏။ ဤသို့စသည်ဖြင့် ဇယားကိုကြည့်၍ဆိုလေ။

## စေတသိက်ဝိုင်း သရုပ်ခွဲ

| စေတသိက်အမည် | | လောဘမူရှစ်ခု နှင့်ယှဉ် | ဒေါသမူဒွေ ။ | မောဟမူဒွေ ။ | အကုသိုလ်စိတ် ၁၂ ။ | ဒွေပဉ္စဝိညာဏ် ၁၀ ။ | သမ္ပဋိစ္ဆန်းဒွေ ။ | ဥပေက္ခာသန္တီရဏ ၂ ။ | သောမနဿသန္တီရဏ ။ | ပဉ္စဒွါရာဝဇ္ဇန်း ။ | မနောဓာတ် ၃ ခု ။ | မနောဒွါရာဝဇ္ဇန်း ။ | ဟသိတုပ္ပါဒ် ။ | အကုသလဝိပါက် ၇ ခု ။ | ကုသလဝိပါက် ၈ ခု ။ | အဟိတ်ကြိယာ ၃ ခု ။ | အဟိတ်စိတ် ၁၈ ခု ။ | အသောဘဏစိတ် ၃၀ ။ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သဗ္ဗစိတ္တသာဓာရဏ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ | ၇ |
| ပကိဏ်း | ၆ | ၆ | ၅ | ၄ | ၆ | | ၃ | ၃ | ၄ | ၃ | ၃ | ၄ | ၅ | ၃ | ၄ | ၅ | ၅ | ၆ |
| အညသမာန်း | ၁၃ | ၁၃ | ၁၂ | ၁၁ | ၁၃ | ၇ | ၁၀ | ၁၀ | ၁၁ | ၁၀ | ၁၀ | ၁၁ | ၁၂ | ၁၀ | ၁၁ | ၁၂ | ၁၂ | ၁၃ |
| အကုသိုလ် | ၁၄ | ၉ | ၁၀ | ၅ | ၁၄ | | | | | | | | | | | | | ၁၄ |
| သောဘဏသာဓာရဏ | ၁၉ | | | | | | | | | | | | | | | | | |
| ဝိရတိ | ၃ | | | | | | | | | | | | | | | | | |
| အပ္ပမညာ | ၂ | | | | | | | | | | | | | | | | | |
| ပညိန္ဒြေ | ၁ | | | | | | | | | | | | | | | | | |
| သောဘဏ | ၂၅ | | | | | | | | | | | | | | | | | |
| နိယတယောဂီ | ၄၁ | ၁၉ | ၁၇ | ၁၆ | ၂၁ | ၇ | ၁၀ | ၁၀ | ၁၁ | ၁၀ | ၁၀ | ၁၁ | ၁၂ | ၁၀ | ၁၁ | ၁၂ | ၁၂ | ၂၁ |
| အနိယတယောဂီ | ၁၁ | ၃ | ၅ | | ၆ | | | | | | | | | | | | | ၆ |
| ပေါင်း | ၅၂ | ၂၂ | ၂၂ | ၁၆ | ၂၇ | ၇ | ၁၀ | ၁၀ | ၁၁ | ၁၀ | ၁၀ | ၁၁ | ၁၂ | ၁၀ | ၁၁ | ၁၂ | ၁၂ | ၂၇ |

ဇယားတွင် ရေးပြထားသော ဂဏာန်းများကို ကြည့်ရှုရုံမျှဖြင့် သရုပ်မကျေနိုင်။ ပုံတူဇယားပြုလုပ်၍

လေ့ကျင့်ရန်ဇယား

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| မဟာကုသိုလ် ၈ · နှံ့ယှဉ် | ၇ | ၆ | ၁၃ | | ၁၉ | ၃ | ၂ | ၁ | ၂၅ | ၃၃ | ၅ | ၃၈ |
| မဟာဝိပါက် ၈ ။ | ၇ | ၆ | ၁၃ | | ၁၉ | | ၂ | ၁ | ၂၀ | ၃၃ | | ၃၃ |
| မဟာကြိယာ ၈ ။ | ၇ | ၆ | ၁၃ | | ၁၉ | | ၂ | ၁ | ၂၂ | ၃၃ | ၂ | ၃၅ |
| ကာမာဝစရသောဘဏ ၂၄ ။ | ၇ | ၆ | ၁၃ | | ၁၉ | ၃ | ၂ | ၁ | ၂၅ | ၃၃ | ၅ | ၃၈ |
| ကာမစိတ် ၅၄ ။ | ၇ | ၆ | ၁၃ | ၁၄ | ၁၉ | ၃ | ၂ | ၁ | ၂၅ | ၄၁ | ၁၁ | ၅၂ |
| လောကီပထမဈာန်စိတ် ၃ ၃ ။ | ၇ | ၆ | ၁၃ | | ၁၉ | | ၂ | ၁ | ၂၂ | ၃၃ | ၂ | ၃၅ |
| ။ ဒုတိယ ။ | ၇ | ၅ | ၁၂ | | ၁၉ | | ၂ | ၁ | ၂၂ | ၃၂ | ၂ | ၃၄ |
| ။ တတိယ ။ | ၇ | ၄ | ၁၁ | | ၁၉ | | ၂ | ၁ | ၂၂ | ၃၁ | ၂ | ၃၃ |
| ။ စတုတ္ထ ။ | ၇ | ၃ | ၁၀ | | ၁၉ | | ၂ | ၁ | ၂၂ | ၃၀ | ၂ | ၃၂ |
| ။ ပဥ္စမဈာန်စိတ် ၁၅ ။ | ၇ | ၃ | ၁၀ | | ၁၉ | | | ၁ | ၂၀ | ၃၀ | | ၃၀ |
| ရူပါဝစရစိတ် ၁၅ ။ | ၇ | ၆ | ၁၃ | | ၁၉ | | ၂ | ၁ | ၂၂ | ၃၃ | ၂ | ၃၅ |
| အရူပါဝစရစိတ် ၁၂ ။ | ၇ | ၃ | ၁၀ | | ၁၉ | | | ၁ | ၂၀ | ၃၀ | | ၃၀ |
| မဟဂ္ဂုတ်စိတ် ၂၇ ။ | ၇ | ၆ | ၁၃ | | ၁၉ | | ၂ | ၁ | ၂၂ | ၃၃ | ၂ | ၃၅ |
| လောကီစိတ် ၈၁ ။ | ၇ | ၆ | ၁၃ | ၁၄ | ၁၉ | ၃ | ၂ | ၁ | ၂၅ | ၄၁ | ၁၁ | ၅၂ |
| ပထမဈာန်စိတ် ၁၁ ။ | ၇ | ၆ | ၁၃ | | ၁၉ | ၃ | ၂ | ၁ | ၂၅ | ၃၃ | ၅ | ၃၈ |
| ဒုတိယဈာန်စိတ် ၁၁ ။ | ၇ | ၅ | ၁၂ | | ၁၉ | ၃ | ၂ | ၁ | ၂၅ | ၃၂ | ၅ | ၃၇ |
| တတိယဈာန်စိတ် ၁၁ ။ | ၇ | ၄ | ၁၁ | | ၁၉ | ၃ | ၂ | ၁ | ၂၅ | ၃၁ | ၅ | ၃၆ |
| စတုတ္ထဈာန်စိတ် ၁၁ ။ | ၇ | ၃ | ၁၀ | | ၁၉ | ၃ | ၂ | ၁ | ၂၅ | ၃၀ | ၅ | ၃၅ |
| ပဥ္စမဈာန်စိတ် ၂၃ ။ | ၇ | ၃ | ၁၀ | | ၁၉ | ၃ | | ၁ | ၂၃ | ၃၀ | ၃ | ၃၃ |
| လောကုတ္တရာအကျဉ်း ၈ ။ | ၇ | ၆ | ၁၃ | | ၁၉ | ၃ | | ၁ | ၂၃ | ၃၃ | ၃ | ၃၆ |
| လောကုတ္တရာအကျယ် ၄၀ ။ | ၇ | ၆ | ၁၃ | | ၁၉ | ၃ | | ၁ | ၂၃ | ၃၃ | ၃ | ၃၆ |
| စိတ်အကျဉ်း ၈၉ ။ | ၇ | ၆ | ၁၃ | ၁၄ | ၁၉ | ၃ | ၂ | ၁ | ၂၅ | ၄၁ | ၁၁ | ၅၂ |
| စိတ်အကျယ် ၁၂၁ ။ | ၇ | ၆ | ၁၃ | ၁၄ | ၁၉ | ၃ | ၂ | ၁ | ၂၅ | ၄၁ | ၁၁ | ၅၂ |

အဖြေရှာကာ ရေးသွင်းလေ့လာပါ။ သို့မှ သရုပ်အမြင်သန်မည်။

# ပကိဏ်းပိုင်း

စိတ်ပိုင်း၌ စိတ်သက်သက်မျှကို ဝေဖန်ပိုင်းခြား၍ပြ၏။ စေတသိက်ပိုင်း၌ စေတသိက်သက်သက်မျှကို ဝေဖန်ပိုင်းခြား၍ပြ၏။ ဤပကိဏ်းပိုင်း၌ကား စိတ် စေတသိက်နှစ်ပါးစုံကို ရောပြွမ်း၍ပြ၏။

စိတ် စေတသိက်တို့သည် မိမိတို့၏ သဘောလက္ခဏာအားဖြင့် စိစစ်လိုက်သည်ရှိသော် ၅၃ ပါးသာ အပြားရှိ၏။ စိတ်သည် ၈၉ ပါးပင်ဖြစ်သော်လည်း အာရုံကိုအထူးအားဖြင့် သိခြင်း အာရမ္မဏဝိဇာနနလက္ခဏာ အားဖြင့် တစ်ပါးသာရှိသဖြင့် တစ်ပါးသာရ၏။ စေတသိက် ၅၂ ပါးကား လက္ခဏာ အသီးအသီးရ၍ စိတ် စေတသိက် နာမ်တရားသည် ၅၃ ပါးဖြစ်၏။ သို့ဖြစ်၍ သင်္ဂြိုဟ်ကျမ်း၌ နာမ် "တေပညာသ"ဟုဆို၏။

ဤပကိဏ်းပိုင်း၌- (၁) ဝေဒနာသင်္ဂဟ
(၂) ဟေတုသင်္ဂဟ
(၃) ကိစ္စသင်္ဂဟ
(၄) ဒွါရသင်္ဂဟ
(၅) အာရမ္မဏသင်္ဂဟ
(၆) ဝတ္ထုသင်္ဂဟအားဖြင့် ၆-ပါး အပြားရှိ၏။

## (၁) ဝေဒနာသင်္ဂဟ

| အနုဘဝနလက္ခဏာ | | ဣန္ဒြိယဘေဒ | သင်္ကေတ | စိတ် | စေယုဉ် |
|---|---|---|---|---|---|
| သုခဝေဒနာ | ၆၃ | သုခဝေဒနာ ၁ | ∧ | သုခသဟဂုတ်ကာယဝိညာဏ်-၁ | ၇ |
| | | သောမနဿဝေဒနာ ၆၂ | × | သောမနဿသဟဂုတ်စိတ်-၆၂ | ၄၇ |
| ဒုက္ခဝေဒနာ | ၃ | ဒုက္ခဝေဒနာ ၁ | ∨ | ဒုက္ခသဟဂုတ်ကာယဝိညာဏ်-၁ | ၇ |
| | | ဒေါမနဿဝေဒနာ ၂ | > | ဒေါသမူဒွေ | ၂၂ |
| ဥပေက္ခာဝေဒနာ | ၅၅ | ဥပေက္ခာဝေဒနာ ၅၅ | - | ဥပေက္ခာသဟဂုတ်စိတ်-၅၅ | ၄၇ |

### ဆိုရိုး

* ဝေဒနာကား အနုဘဝနလက္ခဏာအားဖြင့် ၃ ပါး=သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာတည်း။

မှတ်ချက်။ ။သုခဝေဒနာစိတ် ၆၃-ခု၊ ဒုက္ခဝေဒနာစိတ် ၃-ခု၊ ဥပေက္ခာဝေဒနာစိတ် ၅၅-ခုကို စိတ်ပိုင်းသင်္ကေတပုံစံကို ကြည့်၍ဆိုတတ်စေ။

* ဣန္ဒြိယဘေဒအားဖြင့်ကား ၅ပါး=သုခဝေဒနာ,ဒုက္ခဝေဒနာ,သောမနဿဝေဒနာ,ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတည်း။

∧ = သုခဝေဒနာနှင့်ယှဉ်သောစိတ်ကား ၁ = သုခသဟဂုတ် ကာယဝိညာဏ်စိတ်တည်း။
∨ = ဒုက္ခဝေဒနာနှင့်ယှဉ်သောစိတ်ကား ၁ = ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်တည်း။
× = သောမနဿဝေဒနာနှင့်ယှဉ်သောစိတ်ကား ၆၂
> = ဒေါမနဿဝေဒနာနှင့်ယှဉ်သောစိတ်ကား ၂
− = ဥပေက္ခာဝေဒနာနှင့်ယှဉ်သောစိတ်ကား ၅၅
} စိတ်ပိုင်းသင်္ကေတပုံစံကို ကြည့်၍ဆိုတတ်စေ။

"စိတ္တုပ္ပါဒ ဝသေနေဝ၊ သင်္ဂဟောနာမ နီယတေ"ဟူသော သင်္ဂြိုဟ်ပါဠိ၌ ဝေ-သဒ္ဒါအရစေတသိက်ကို ကန့်၍ စိတ်ကိုသာ အချို့ဆရာတို့ယူကြ၏။ ဋီကာကျော် မဏိမဥ္ဇူသာဋီကာစသော ဆရာ့ဆရာများကား "စိတ္တုံဥပ္ပဇ္ဇတိ ဧတေနာတိ ဥပ္ပါဒေါ"။ ။စေတသိက်ရ၏။ ။စိတ္တဉ္စ ဥပ္ပါဒေါစာတိ စိတ္တုပ္ပါဒေါ-ဟု သမာဟာရဒွန္ဒသမာသ် ကြံတော်မူကြကုန်၍ စိတ် စေတသိက်နှစ်ပါးလုံးကို ကောက်တော်မူကြကုန်၏။ သို့အတွက် စေတသိက်တို့၏သင်္ဂဟနည်းကိုပါ ပြလိုက်သည်။

## စေတသိက်တို့ကို ဝေဒနာဖြင့်ရေတွက်ပြပုံ

| စေတသိက်အမည် | ယှဉ်သောဝေဒနာ | | | | | ပေါင်း |
|---|---|---|---|---|---|---|
| | သုခ | ဒုက္ခ | သော | ဒေါ | ဥ | |
| ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ | | | | > | | ဝေဒနာတစ်ပါးနှင့်သာ ယှဉ်သော စေတသိက် ၆ ခု |
| ဝိစိကိစ္ဆာ | | | | | − | |
| ပီတိ | | | × | | | |
| လောဘ, ဒိဋ္ဌိ, မာန သောဘဏစေတသိက် ၂၅ | | | × | | − | ဝေဒနာနှစ်ပါးနှင့်သာယှဉ်သော စေတသိက် ၂၈ ခု |
| ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ဆန္ဒ မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ | | | × | > | − | ဝေဒနာသုံးပါးနှင့်ယှဉ်သော စေတသိက် ၁၁ ခု |
| ဝေဒနာကြဉ် သဗ္ဗစိတ္တ သာဓာရဏ ၆ | ∧ | ∨ | × | > | − | ဝေဒနာငါးပါးနှင့်ယှဉ်သော စေတသိက် ၆ ခု |
| ဝေဒနာ | | | | | | မည်သည့်ဝေဒနာနှင့်မျှမယှဉ် |

## ဆိုရိုး

* ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ စေတသိက်တို့သည် ဒေါမနဿဝေဒနာတစ်ပါးနှင့်သာ ယှဉ်ကုန်၏။ ဝိစိကိစ္ဆာစေတသိက်သည် ဥပေက္ခာဝေဒနာတစ်ပါးနှင့်သာယှဉ်၏။ ။ပီတိစေတသိက်သည် သောမနဿဝေဒနာတစ်ပါးနှင့်သာယှဉ်၏။ ။ကြွင်းကား ဝေဒနာတစ်ပါးနှင့်သာယှဉ်သော စေတသိက် ၆–ခုတည်း။
* လောဘ၊ ဒိဋ္ဌိ၊ မာန၊ သောဘဏစေတသိက် ၂၅ ခုတို့သည် သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ နှစ်ပါးတို့နှင့်ယှဉ်ကုန်၏။ ။ကြွင်းကား ဝေဒနာနှစ်ပါးနှင့်ယှဉ်သော စေတသိက် ၂၈–ခုတည်း။
* ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ဆန္ဒ၊ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ထိန၊ မိဒ္ဓစေတသိက်တို့သည် သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာသုံးပါးတို့နှင့် ယှဉ်ကုန်၏။ ။ကြွင်းကား ဝေဒနာသုံးပါးနှင့်ယှဉ်သော စေတသိက် ၁၁–ခုတည်း။
* ဝေဒနာကြဉ်သော သဗ္ဗစိတ္တ သာဓာရဏစေတသိက် ၆–ခုသည် သုခဝေဒနာ,ဒုက္ခဝေဒနာ,သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာအားဖြင့် ဝေဒနာငါးပါးတို့နှင့် ယှဉ်ကုန်၏။ ။ကြွင်းကား ဝေဒနာ ငါးပါးနှင့်ယှဉ်သော စေတသိက် ၆–ခုတည်း။
* ဝေဒနာစေတသိက်သည် အခြားယှဉ်ဖော်ယှဉ်ဘက် ဝေဒနာစေတသိက် မရှိသဖြင့် မည်သည့် ဝေဒနာနှင့်မျှ မယှဉ်။

ဝေဒနာသင်္ဂဟ ပြီး၏။

## ဟေတုသင်္ဂဟ

| စိတ် | | | ဟိတ် ၆ ပါး | | | | | | စေယှဉ် |
|---|---|---|---|---|---|---|---|---|---|
| | | | အကုသိုလ်ဟိတ် ၃ | | | ကုသိုလ်ဟိတ် ၃၊ အဗျာကတဟိတ် ၃ | | | |
| | | | လောဘ | ဒေါသ | မောဟ | အလောဘ | အဒေါသ | အမောဟ | |
| အဟိတ်စိတ်–၁၈ | | | | | | | | | ၁၂ |
| သဟိတ်စိတ်–၇၁ | ကေဟိတ် ၂ (မောဟမူဒွေ) | | | | ။ | | | | ၁၆ |
| | ဒွိဟိတ် ၂၂ | လောဘမူစိတ် ၈ | ။ | | ။ | | | | ၅၀ |
| | | ဒေါသမူဒွေ | | ။ | ။ | | | | |
| | | မဟာကု, ဝိ, ကြိ–ဉာဏဝိပ္ပ ၁၂ | | | | ။ | ။ | | |
| | တိဟိတ် ၄၇ | မဟာကု, ဝိ, ကြိ–ဉာဏသမ္ပယုတ် ၁၂။ မဟဂ္ဂုတ် ၂၇။ လောကုတ္တရာစိတ် ၈ | | | | ။ | ။ | ။ | ၃၈ |

## ဟေတုသင်္ဂဟဆိုင်ရာ

* ဟေတုသင်္ဂဟ၌ ဟိတ်တို့သည် လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်ဟူ၍ ၆-ပါးအပြားရှိကုန်၏။
* အကုသိုလ်ဟိတ်ကား ၃ = လောဘ၊ ဒေါသ၊ မောဟတည်း။
* ကုသိုလ်ဟိတ်ကား ၃ = ကုသိုလ်စိတ်နှင့်ယှဉ်သော အလောဘ၊ အဒေါသ၊ အမောဟတည်း။
* အဗျာကတဟိတ်ကား ၃ = သဟိတ်ဝိပါက်, သဟိတ်ကြိယာနှင့်ယှဉ်သော အလောဘ၊ အဒေါသ၊ အမောဟတည်း။
* ဟိတ်နှင့်မယှဉ်သော အဟိတ်စိတ်ကား ၁၈ = အဟိတ်စိတ် ၁၈-ခုတည်း။
* ဟိတ်နှင့်ယှဉ်သော သဟိတ်စိတ်ကား ၇၁ = ဧကဟိတ်စိတ် ၂၊ ဒွိဟိတ်စိတ် ၂၂၊ တိဟိတ်စိတ် ၄၇-တည်း။
* ဟိတ် ၁ ပါးနှင့်ယှဉ်သော ဧကဟိတ်စိတ်ကား ၂ = မောဟမူဒွေတည်း။
* ဟိတ် ၂ ပါးစီနှင့်ယှဉ်သော ဒွိဟိတ်စိတ်ကား ၂၂ = လောဘမူစိတ် ၈ ခု၊ ဒေါသမူဒွေ၊ မဟာကုသိုလ် မဟာဝိပါက် မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၁၂ တည်း။ (မည်သည့်စိတ်၌ မည်သည့် ဟိတ် ယှဉ်သည်ကို ဇယားတွင်ကြည့်ပါ။)
* ဟိတ် ၃-ပါးနှင့်ယှဉ်သော တိဟိတ်စိတ်ကား ၄၇ = မဟာကုသိုလ် မဟာဝိပါက် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၁၂၊ မဟဂ္ဂုတ်စိတ် ၂၇၊ လောကုတ္တရာစိတ် ၈ ခုတည်း။

မှတ်ချက်။ ။ဤဟေတုသင်္ဂဟ၌ ဟိတ် ၆-ပါးဆိုသည်မှာ အခြားမဟုတ်။ စေတသိက်ကိုပင် ဟိတ်ဟု ဆိုသည်။

## စေတသိက်တို့ကို ဟိတ်ဖြင့်ရေတွက်ပြပုံ

| စေတသိက် | ယှဉ်သောဟိတ် | အမည် |
|---|---|---|
| မောဟမူဒွေ၌မောဟ<br>အဟိတ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်းစေ-၁၂ | မရှိ | အဟိတ်စေတသိက်-၁၃ |
| မောမူဒွေ၌ မောဟမှတစ်ပါး ကြွင်းစေ-၁၅<br>လောဘမူစိတ်၌ လောဘ<br>" မောဟ<br>ဒေါသမူစိတ်၌ ဒေါသ<br>" မောဟ<br>ဉာဏဝိပ္ပယုတ်စိတ် ၁၂ ၌ အလောဘ<br>" အဒေါသ | မောဟ<br>မောဟ<br>လောဘ<br>မောဟ<br>ဒေါသ<br>အဒေါသ<br>အလောဘ | ဧကဟိတ်စေတသိက်-၂၀ |
| လောဘမူစိတ်၌ လောဘ မောဟမှတစ်ပါး ကြွင်းစေ-၂၀<br>ဣဿာ မစ္ဆရိယ ကုက္ကုစ္စ<br>ဉာဏဝိပ္ပယုတ်စိတ်တို့၌ အလောဘ အဒေါသမှတစ်ပါး<br>ကြွင်းသော သောဘဏစေ-၂၂<br>တိဟိတ်စိတ်တို့၌ အလောဘ<br>" အဒေါသ<br>" အမောဟ | လောဘ,မောဟ<br>ဒေါသ,မောဟ<br><br>အလောဘ,အဒေါသ<br>အဒေါသ,အမောဟ<br>အလောဘ,အမောဟ<br>အလောဘ,အဒေါသ | ဒွိဟိတ်စေတသိက်-၄၈ |
| ဉာဏသမ္ပယုတ်စိတ်တို့၌ ဟိတ် ၃ ပါးကြဉ်စေတသိက် ၃၅ | အလောဘ,အဒေါသ,<br>အမောဟ | တိဟိတ်စေတသိက်-၃၅ |

### ဆိုရိုး

* မောဟမူဒွေ၌ မောဟစေတသိက်, အဟိတ်စိတ်၌ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂-ဤစေတသိက် ၁၃ ခုတို့သည် ယှဉ်ဖော်ယှဉ်ဖက် ဟိတ်မရှိသောကြောင့် အဟိတ်စေတသိက် မည်ကုန်၏။
* မောဟမူဒွေ၌ မောဟမှတစ်ပါးကြွင်း စေတသိက် ၁၅ ခုသည် မောဟဟိတ်တစ်ပါးသာ ယှဉ်၏။ လောဘမူစိတ်၌ လောဘစေတသိက်သည် မောဟဟိတ်တစ်ပါးသာ ယှဉ်၏။ လောဘမူစိတ်၌ မောဟ စေတသိက်သည် လောဘဟိတ်တစ်ပါးသာ ယှဉ်၏။ ဒေါသမူစိတ်၌ ဒေါသစေတသိက်သည်

မောဟဟိတ်တစ်ပါးသာ ယှဉ်၏။ ဒေါသမူစိတ်၌ မောဟစေတသိက်သည် ဒေါသဟိတ်တစ်ပါးသာ ယှဉ်၏။ ကာမသောဘဏ ဉာဏဝိပ္ပယုတ်စိတ် ၁၂ ၌ အလောဘစေတသိက်သည် အဒေါသဟိတ် တစ်ပါးသာယှဉ်၏။ ကာမသောဘဏ ဉာဏဝိပ္ပယုတ်စိတ် ၁၂၌ အဒေါသစေတသိက်သည် အလောဘဟိတ်တစ်ပါးသာ ယှဉ်၏။ ဤစေတသိက် ၂၀ တို့သည် ယှဉ်ဖော်ယှဉ်ဖက် ဟိတ်တစ်ပါးစီ သာရှိသောကြောင့် ကေဟိတ်စေတသိက် မည်ကုန်၏။

ဒွိဟိတ်စေတသိက် ၄၈ နှင့် တိဟိတ်စေတသိက် ၃၅ တို့ကိုလည်း တဖက်ပါဖေယားကြည့်၍ဆိုလေ။

## အဂ္ဂဟိတ ဂဟာဏနည်း

လောဘ, ဒေါသ, ဝိစိကိစ္ဆာ – ဤစေတသိက် ၃ ခုတို့သည် ယှဉ်ဖော်ယှဉ်ဖက် မောဟဟိတ်တစ်ပါးသာ ရှိသောကြောင့် **ကေဟိတ်စေတသိက်** ကုန်မည်၏။ ။ကေဟိတ်စေတသိက် ၃။

မောဟ, ဒိဋ္ဌိ, မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, အလောဘ, အဒေါသ, အမောဟ – ဤစေတသိက် ၉ ခုတို့သည် **ဒွိဟိတ်စေတသိက်** ကုန်မည်၏။ ။မောဟစေတသိက်သည် လောဘဟိတ် ဒေါသဟိတ် ၂ ပါးနှင့်ယှဉ်၏။ ဒိဋ္ဌိ, မာနစေတသိက်တို့သည် လောဘဟိတ်, မောဟဟိတ် ၂ ပါးနှင့်ယှဉ်၏။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်တို့သည် ဒေါသဟိတ်, မောဟဟိတ် ၂ ပါးနှင့်ယှဉ်၏။ အလောဘစေတသိက်သည် အဒေါသဟိတ်, အမောဟဟိတ် ၂ ပါးနှင့်ယှဉ်၏။ အဒေါသစေတသိက်သည် အလောဘဟိတ်, အမောဟဟိတ် ၂ ပါးနှင့်ယှဉ်၏။ အမောဟစေတသိက်သည် အလောဘဟိတ်, အဒေါသဟိတ် ၂ ပါးနှင့်ယှဉ်၏။ ။ဒွိဟိတ်စေတသိက် ၉။

အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ, ဟိတ် ၃ ပါးမှ တစ်ပါး သောဘဏစေတသိက် ၂၂– ဤ ၂၇ ပါးသော စေတသိက်တို့သည် **တိဟိတ်စေတသိက်** မည်ကုန်၏။ ။အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ, ဤစေတသိက် ၅ ခုတို့သည် လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ် ၃ ပါးနှင့်ယှဉ်ကုန်၏။ ။ သောဘဏစေတသိက် ၂၂–ခုတို့သည် အလောဘ, အဒေါသ, အမောဟ ဟိတ် ၃ ပါးနှင့် ယှဉ်ကုန်၏။ ။ တိဟိတ်စေတသိက် ၂၇။

ပီတိစေတသိက်သည် ဒေါသဟိတ်မှတစ်ပါး ကြွင်းဟိတ် ၅–ပါးနှင့်ယှဉ်၍ ဖြစ်နိုင်သောကြောင့် **ပဥ္စဟိတ်စေတသိက်** မည်၏။ ။ပဥ္စဟိတ်စေတသိက် ၁။

ပီတိကြဉ် အညသမာန်းစေတသိက် ၁၂ တို့သည် ဟိတ် ၆ ပါးလုံးနှင့်ယှဉ်၍ ဖြစ်နိုင်သောကြောင့် **ဆဟိတ်စေတသိက်** မည်ကုန်၏။ ။ဆဟိတ်စေတသိက် ၁၂။ ။ပေါင်း စေတသိက် ၅၂။

ဤနည်းကား ရှေးနည်းကဲ့သို့ ယှဉ်ဖော်ပြီးသော စေတသိက်တို့ကို မရေတွက်ဘဲ မယှဉ်ဖော်သေးသော စေတသိက်တို့ကိုသာ ရေတွက်ပြသော နည်းဖြစ်၏။

## ဟိတ် ၆ ပါးကို တိက်, ဓာတ်, ပုဂ္ဂိုလ်, ဘူမိဖြင့်ပြပုံ

ကုသိုလ်၌ အလောဘ, အဒေါသ, အမောဟဟု ဟိတ် ၃–ပါး။ အကုသိုလ်၌ လောဘ, ဒေါသ, မောဟဟု ဟိတ် ၃–ပါး။ အဗျာကတ၌ အလောဘ, အဒေါသ, အမောဟဟု ဟိတ် ၃ ပါး–ပေါင်း **တိက်** အားဖြင့် ဟိတ်–၉ ပါး။

ကုသိုလ်ဇောတ်၌ အလောဘ, အဒေါသ, အမောဟဟု ဟိတ် ၃-ပါး။ အကုသိုလ်ဇောတ်၌ လောဘ, ဒေါသ, မောဟဟု ဟိတ် ၃-ပါး။ ဝိပါက်ဇောတ်၌ အလောဘ, အဒေါသ, အမောဟဟု ဟိတ် ၃-ပါး။ ကြိယာဇောတ်၌ အလောဘ, အဒေါသ, အမောဟဟု ဟိတ် ၃-ပါး-ပေါင်း ဇာတ် အားဖြင့် ဟိတ်-၁၂ ပါး။

ပုထုဇဉ်ပုဂ္ဂိုလ်၌ ဟိတ် ၆ ပါး။ သောတာပန် ပုဂ္ဂိုလ်၌ ဟိတ် ၆ ပါး။ သကဒါဂါမိ ပုဂ္ဂိုလ်၌ ဟိတ် ၆-ပါး။ အနာဂါမိပုဂ္ဂိုလ်၌ ဒေါသကြဉ် ဟိတ်-၅ ပါး။ ရဟန္တာ၌ အလောဘ, အဒေါသ, အမောဟ ဟိတ် ၃-ပါး-ပေါင်း ပုဂ္ဂိုလ် အားဖြင့် ဟိတ်-၂၆ ပါး။

ကာမဘုံ၌ ဟိတ် ၆ ပါး။ ရူပဘုံ၌ အလောဘ, အဒေါသ, အမောဟ ဟိတ် ၃-ပါး။ အရူပဘုံ၌ အလောဘ, အဒေါသ, အမောဟ ဟိတ် ၃-ပါး။ လောကုတ္တရာဘုံ၌ အလောဘ, အဒေါသ, အမောဟ ဟိတ် ၃-ပါး-ပေါင်း ဘုံ အားဖြင့် ဟိတ် ၁၅ ပါး။

ဟေတုသင်္ဂဟ ပြီး၏။

## ကိစ္စသင်္ဂဟ

| ကိစ္စအမည် ၁၄ ဌာနအမည် ၁၀ | | | အကုသိုလ်စိတ် ၁၂ | စက္ခုဝိညာဏ်ဒွေ | သောတဝိညာဏ်ဒွေ | ဃာနဝိညာဏ်ဒွေ | ဇိဝှါဝိညာဏ်ဒွေ | ကာယဝိညာဏ်ဒွေ | သမ္ပဋိစ္ဆိုန်းဒွေ | သော သန္တီရဏ ၁ | ဥ သန္တီရဏ ၂ | ပဉ္စဒွါရာဝဇ္ဇန်း ၁ | မနောဒွါရာဝဇ္ဇန်း ၁ | ဟသိတုပ္ပါဒ် ၁ | မဟာကု-[ကြိ]-၁၆ | မဟာဝိပါက် ၈ | မဟဂ္ဂုတ် ကု-[ကြိ]-၁၈ | မဟဂ္ဂုတ်ဝိပါက် ၉ | လောကုတ္တရာစိတ် ၈ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပဋိ၊ ဘဝင်၊* စု | | ၁၉ | | | | | | | | | ॥ | | | | | ॥ | | ॥ | |
| အာဝဇ္ဇန်း | | ၂ | | | | | | | | | | ॥ | ॥ | | | | | | |
| ပဉ္စဝိညာဏ် | ဒဿန | ၂ | | ॥ | | | | | | | | | | | | | | | |
| | သဝန | ၂ | | | ॥ | | | | | | | | | | | | | | |
| | ဃာယန | ၂ | | | | ॥ | | | | | | | | | | | | | |
| | သာယန | ၂ | | | | | ॥ | | | | | | | | | | | | |
| | ဖုသန | ၂ | | | | | | ॥ | | | | | | | | | | | |
| သမ္ပဋိစ္ဆန | | ၂ | | | | | | | ॥ | | | | | | | | | | |
| သန္တီရဏ | | ၃ | | | | | | | | (॥ | ॥) | | | | | | | | |
| ဝုဋ္ဌော | | ၁ | | | | | | | | | | | ॥ | | | | | | |
| ဇော | | ၅၅ | ॥ | | | | | | | | | | | ॥ | ॥ | | ॥ | | ॥ |
| တဒါရုံ | | ၁၁ | | | | | | | | ॥ | ॥ | | | | | ॥ | | | |
| တစ်ကိစ္စစသည်တပ် | | | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၂ | ၅ | ၁ | ၂ | ၁ | ၁ | ၄ | ၁ | ၃ | ၁ |

*၁၄ ကိစ္စ – ၁၀ ဌာနတို့ကို ဆိုရာ၌ ဗုတိကိုနောက်ဆုံးထား၍ဆိုပါ။

| ကိစ္စ | ဌာန | | စိတ် | စေယုဉ် |
|---|---|---|---|---|
| ၁ | ၆၈ | | ဇော ၅၅၊ မနောဓာတ် ၃၊ ဒွေပဥ္စဝိညာဏ် ၁၀ | ၅၂ |
| ၂ | ၂ | | သောမနဿသန္တီရဏ၊ မနောဒွါရာဝဇ္ဇန်း | ၁၂ |
| ၃ | ၉ | | မဟဂ္ဂုတ်ဝိပါက် ၉ | ၃၅ |
| ၄ | ၈ | | မဟာဝိပါက် ၈ | ၃၃ |
| ၅ | ၂ | | ဥပေက္ခာသန္တီရဏ ၂ | ၁၀ |

## ဆိုရိုး

* ကိစ္စကား ၁၄ ပါး=ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ အာဝဇ္ဇန်းကိစ္စ၊ ဒဿနကိစ္စ၊ သဝနကိစ္စ၊ ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စ၊ သမ္ပဋိစ္ဆနကိစ္စ၊ သန္တီရဏကိစ္စ၊ ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ၊ တဒါရုံကိစ္စ၊ စုတိကိစ္စတည်း။
* ဌာနကား ၁၀ ပါး=ပဋိသန္ဓေဌာန၊ ဘဝင်ဌာန၊ အာဝဇ္ဇန်းဌာန၊ ပဥ္စဝိညာဏ်ဌာန၊ သမ္ပဋိစ္ဆိန်းဌာန၊ သန္တီရဏဌာန၊ ဝုဋ္ဌောဌာန၊ ဇောဌာန၊ တဒါရုံဌာန၊ စုတိဌာနတည်း။
* **ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သောစိတ်ကား** ၁၉ = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂၊ မဟာဝိပါက်စိတ် ၈၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ခုတည်း။
* အာဝဇ္ဇန်းကိစ္စ တပ်သောစိတ်ကား ၂ = ပဥ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်းတည်း။
* ဒဿနကိစ္စ တပ်သောစိတ်ကား ၂ = စက္ခုဝိညာဏ်ဒွေတည်း။
* သဝနကိစ္စ တပ်သောစိတ်ကား ၂ = သောတဝိညာဏ်ဒွေတည်း။
* ဃာယနကိစ္စ တပ်သောစိတ်ကား ၂ = ဃာနဝိညာဏ်ဒွေတည်း။
* သာယနကိစ္စ တပ်သောစိတ်ကား ၂ = ဇိဝှါဝိညာဏ်ဒွေတည်း။
* ဖုသနကိစ္စ တပ်သောစိတ်ကား ၂ = ကာယဝိညာဏ်ဒွေတည်း။
* သမ္ပဋိစ္ဆနကိစ္စ တပ်သောစိတ်ကား ၂ = သမ္ပဋိစ္ဆိန်းဒွေတည်း။
* သန္တီရဏကိစ္စ တပ်သောစိတ်ကား ၃ = သန္တီရဏစိတ် ၃ ခုတည်း။
* ဝုဋ္ဌောကိစ္စ တပ်သောစိတ်ကား ၁ = မနောဒွါရာဝဇ္ဇန်းတည်း။
* ဇောကိစ္စ တပ်သောစိတ်ကား ၅၅ = အကုသိုလ် ၁၂၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ မဟဂ္ဂုတ်ကြိယာ ၉၊ လောကုတ္တရာစိတ် ၈ ခုတည်း။
* တဒါရုံကိစ္စ တပ်သောစိတ်ကား ၁၁ = သန္တီရဏစိတ် ၃ ခု၊ မဟာဝိပါက်စိတ် ၈ ခုတည်း။
* **တစ်ကိစ္စ တစ်ဌာနတပ်သောစိတ်ကား ၆၈** = ဇော ၅၅၊ မနောဓာတ် ၃၊ ဒွေပဥ္စဝိညာဏ် ၁၀ တည်း။
* ဇော ၅၅ ခုသည် ဇောကိစ္စသာတပ်၏။
* သမ္ပဋိစ္ဆိန်းဒွေသည် သမ္ပဋိစ္ဆိန်းကိစ္စသာတပ်၏။
* ပဥ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စသာတပ်၏။

* စက္ခုဝိညာဉ်ဒွေသည် ဒဿနကိစ္စသာတပ်၏။
* သောတဝိညာဉ်ဒွေသည် သဝနကိစ္စသာတပ်၏။
* ဃာနဝိညာဉ်ဒွေသည် ဃာယနကိစ္စသာတပ်၏။
* ဇိဝှါဝိညာဉ်ဒွေသည် သာယနကိစ္စသာတပ်၏။
* ကာယဝိညာဉ်ဒွေသည် ဖုသနကိစ္စသာတပ်၏။
* **နှစ်ကိစ္စ နှစ်ဌာနတပ်သောစိတ်ကား ၂ = သောမနဿသဟဂုတ်သန္တီရဏ၊ မနောဒွါရာဝဇ္ဇန်းတည်း။**
* **သောမနဿသဟဂုတ်သန္တီရဏစိတ်သည် သန္တီရဏကိစ္စ၊ တဒါရုံကိစ္စအားဖြင့် ၂-ကိစ္စတပ်၏။** ။
* **မနောဒွါရာဝဇ္ဇန်းစိတ်သည် ဝုဋ္ဌောကိစ္စ၊ အာဝဇ္ဇန်းကိစ္စအားဖြင့် ၂-ကိစ္စတပ်၏။**
* **သုံးကိစ္စ သုံးဌာနတပ်သောစိတ်ကား ၉ = မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ခုတည်း။**
* မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ခုသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စအားဖြင့် ၃-ကိစ္စတပ်၏။
* **လေးကိစ္စ လေးဌာနတပ်သောစိတ်ကား ၈ = မဟာဝိပါက်စိတ်ရှစ်ခုတည်း။**
* မဟာဝိပါက်စိတ် ၈ ခုသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စအားဖြင့် ၄-ကိစ္စတပ်၏။
* ငါးကိစ္စ ငါးဌာနတပ်သောစိတ်ကား ၂ = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ခုတည်း။
* ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၂ ခုသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စအားဖြင့် ၅-ကိစ္စတပ်၏။

## စေတသိက်တို့ကို ကိစ္စဖြင့်ရေတွက်ပြပုံ

| စေတသိက် | ကိစ္စ | | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပဋိသန္ဓေ | ဘဝင် | စုတိ | အာဝဇ္ဇန်း | ဒဿန | သဝန | ဃာယန | သာယန | ဖုသန | သမ္ပဋိစ္ဆန | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရုံ | |
| အကုသိုလ်စေတသိက် ၁၄ ဝိရတီ ၃ | | | | | | | | | | | | | | ၊ | တစ်ကိစ္စ=၁၇ |
| အပ္ပမညာဒွေ | ၊ | ၊ | ၊ | | | | | | | | | | ၊ | | လေးကိစ္စ=၂ |
| သောဘဏသာဓာရဏ ၁၉ ပညိန္ဒြေ,ဆန္ဒ | ၊ | ၊ | ၊ | | | | | | | | | | ၊ | ၊ | ငါးကိစ္စ=၂၁ |
| ပီတိ | ၊ | ၊ | ၊ | | | | | | | | ၊ | | ၊ | ၊ | ခြောက်ကိစ္စ=၁ |
| ဝီရိယ | ၊ | ၊ | ၊ | ၊ | | | | | | | | ၊ | ၊ | ၊ | ခုနစ်ကိစ္စ=၁ |
| ဝိတက်,ဝိစာရ,အဓိမောက္ခ | ၊ | ၊ | ၊ | ၊ | | | | | | ၊ | ၊ | ၊ | ၊ | ၊ | ကိုးကိစ္စ=၃ |
| သဗ္ဗစိတ္တ သာဓာရဏ ၇ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | တစ်ဆယ့်လေးကိစ္စ=၇ |

## ဆိုရိုး

* အကုသိုလ်စေတသိက် ၁၄-ခု၊ ဝိရတိစေတသိက် ၃-ခု-ပေါင်း စေတသိက် ၁၇-ခုသည် ဓောကိစ္စ တစ်ပါး၌သာ ဖြစ်ကုန်၏။
* အပ္ပမညာစေတသိက် ၂-ခုသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, ဇောကိစ္စအားဖြင့် ၄-ကိစ္စ၌ ဖြစ်ကုန်၏။
* သောဘဏ သာဓာရဏ စေတသိက် ၁၉, ပညိန္ဒြေစေတသိက်, ဆန္ဒစေတသိက်-ပေါင်း စေတသိက် ၂၁-ခုသည် ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,စုတိကိစ္စ,ဇောကိစ္စ,တဒါရုံကိစ္စအားဖြင့် ၅-ကိစ္စ၌ ဖြစ်ကုန်၏။
* ပီတိစေတသိက်သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, သန္တီရဏကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စ အားဖြင့် ၆-ကိစ္စ၌ ဖြစ်ကုန်၏။
* ဝီရိယစေတသိက်သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, အာဝဇ္ဇန်းကိစ္စ, ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စအားဖြင့် ၇-ကိစ္စ၌ ဖြစ်ကုန်၏။
* ဝိတက်,ဝိစာရ,အဓိမောက္ခစေတသိက် ၃ခုတို့သည် ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,စုတိကိစ္စ,အာဝဇ္ဇန်းကိစ္စ, သမ္ပဋိစ္ဆိန်းကိစ္စ, သန္တီရဏကိစ္စ, ဝုဋ္ဌောကိစ္စ, ဇောကိစ္စ, တဒါရုံကိစ္စအားဖြင့် ၉-ကိစ္စ၌ ဖြစ်ကုန်၏။
* သဗ္ဗစိတ္တ သာဓာရဏစေတသိက် ၇ခုသည် ၁၄-ကိစ္စ၌ ဖြစ်ကုန်၏။

## ဌာန ၂၅-ပါး

စုတိနှင့်ဘဝင်အကြားသည် ပဋိသန္ဓေဌာန မည်၏။

ပဋိသန္ဓေနှင့် အာဝဇ္ဇန်းအကြား၊ ဇောနှင့် အာဝဇ္ဇန်းအကြား၊ တဒါရုံနှင့် အာဝဇ္ဇန်းအကြား၊ ဝုဋ္ဌောနှင့် အာဝဇ္ဇန်းအကြား၊ ဇောနှင့် စုတိအကြား၊ တဒါရုံနှင့် စုတိအကြား- ဤ ၆ ဌာနသည် ဘဝင်ဌာန မည်၏။

ဘဝင်နှင့်ပဉ္စဝိညာဏ်အကြား၊ ဘဝင်နှင့် ဇောအကြား- ဤ ၂-ဌာနသည် အာဝဇ္ဇန်းဌာန မည်၏။

အာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိန်းအကြားသည် ပဉ္စဝိညာဉ်ဌာန မည်၏။

ပဉ္စဝိညာဏ်နှင့် သန္တီရဏအကြားသည် သမ္ပဋိစ္ဆိန်းဌာန မည်၏။

သမ္ပဋိစ္ဆိန်းနှင့် ဝုဋ္ဌောအကြားသည် သန္တီရဏဌာန မည်၏။

သန္တီရဏနှင့် ဇောအကြား၊ သန္တီရဏနှင့် ဘဝင်အကြား- ဤ ၂ ဌာနသည် ဝုဋ္ဌောဌာန မည်၏။

ဝုဋ္ဌောနှင့် တဒါရုံအကြား၊ ဝုဋ္ဌောနှင့် ဘဝင်အကြား၊ ဝုဋ္ဌောနှင့် စုတိအကြား အာဝဇ္ဇန်းနှင့် တဒါရုံ အကြား၊ အာဝဇ္ဇန်းနှင့် ဘဝင်အကြား၊ အာဝဇ္ဇန်းနှင့် စုတိအကြား- ဤ ၆ ဌာနသည် ဇောဌာန မည်၏။

ဇောနှင့် ဘဝင်အကြား၊ ဇောနှင့် စုတိအကြား- ဤ ၂-ဌာနသည် တဒါရုံဌာန မည်၏။

တဒါရုံနှင့် ပဋိသန္ဓေအကြား၊ ဇောနှင့် ပဋိသန္ဓေအကြား၊ ဘဝင်နှင့် ပဋိသန္ဓေအကြား- ဤ ၃ ဌာန သည် စုတိဌာန မည်၏။

မှတ်ချက်။ ။ဝီထိကျေပွန်စွာချဲ့ပြတ်ပါက ဤဌာနအပြား ၂၅ ပါးကို နားလည်လွယ်မည်။ ဝီထိပိုင်း သင်ကြားပြီးမှ ဌာနအပြားကို လေ့လာပါ။

ကိစ္စသင်္ဂဟ ပြီး၏။

## ဒွါရသင်္ဂဟ

| ဒွါရ ၆ ပါး | | စိတ် | | | | | | | ပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|
| (စက္ခုပသာဒ) = စက္ခုဒွါရ | ရုပ်ဒွါရ-၅ | ပ | စက်ခွေ | စ္ဆိုန်း ၂ | တီ ၃ | ၀ု | ကာမဇော ၂၉ | တဒါရုံကိစ္စ မဟာဝိ-၈ | ၄၆ | ပဥ္စဒွါရ = ကာမစိတ် ၅၄ |
| (သောတပသာဒ) = သောတဒွါရ | | ။ | သောခွေ | ။ | ။ | ။ | ။ | ။ | ၄၆ | |
| (ဃာနပသာဒ) = ဃာနဒွါရ | | ။ | ဃာခွေ | ။ | ။ | ။ | ။ | ။ | ၄၆ | |
| (ဇိဝှါပသာဒ) = ဇိဝှါဒွါရ | | ။ | ဇိခွေ | ။ | ။ | ။ | ။ | ။ | ၄၆ | |
| (ကာယပသာဒ) = ကာယဒွါရ | | ။ | ကာခွေ | ။ | ။ | ။ | ။ | ။ | ၄၆ | |
| (ဘဝင်္ဂုပစ္ဆေဒ ၁၉) = မနောဒွါရ | နာမ်ဒွါရ-၁ | | | | | မ | ဇော ၅၅ | တဒါရုံ ၁၁ | ၆၇ | |

## ဆိုရိုး

* ဒွါရကား ၆ ပါး = စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရတည်း။
* စက္ခုပသာဒရုပ်သည် စက္ခုဒွါရမည်၏။ ။သောတပသာဒရုပ်သည် သောတဒွါရမည်၏။ ။ဃာနပသာဒရုပ်သည် ဃာနဒွါရမည်၏။ ။ဇိဝှါပသာဒရုပ်သည် ဇိဝှါဒွါရမည်၏။ ။ကာယပသာဒရုပ်သည် ကာယဒွါရမည်၏။ ။ဘဝင်္ဂုပစ္ဆေဒ ၁၉ ခုသည် မနောဒွါရမည်၏။
* ရုပ်ဒွါရကား ၅ = စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရတည်း။
* နာမ်ဒွါရကား ၁ = မနောဒွါရတည်း။
* စက္ခုဒွါရ၌ဖြစ်သော စိတ်ကား ၄၆=ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်ခွေ၊ သမ္ပဋိစ္ဆိုန်းခွေ၊ သန္တီရဏ ၃၊ ဝုဋ္ဌော၊ ကာမဇော ၂၉၊ တဒါရုံကိစ္စတပ်နိုက်ဖြစ်သော မဟာဝိပါက် ၈-ခုတည်း။ (ပ)။
* ကာယဒွါရ၌ဖြစ်သောစိတ်ကား ၄၆=ပဥ္စဒွါရာဝဇ္ဇန်း၊ ကာယဝိညာဏ်ခွေ၊ သမ္ပဋိစ္ဆိုန်းခွေ၊ သန္တီရဏ ၃၊ ဝုဋ္ဌော၊ ကာမဇော ၂၉၊ တဒါရုံကိစ္စတပ်နိုက်ဖြစ်သော မဟာဝိပါက် ၈ ခုတည်း။
* ပဥ္စဒွါရ၌ဖြစ်သောစိတ်ကား ကာမစိတ် ၅၄-ခုတည်း။
* မနောဒွါရ၌ဖြစ်သောစိတ်ကား ၆၇ = မနောဒွါရာဝဇ္ဇန်း၊ ဇော ၅၅၊ တဒါရုံ ၁၁ တည်း။

| ဒွါရ | | | စိတ် | စေယှဉ် |
|---|---|---|---|---|
| ၁ | | ၃၆ | ဒွေပဉ္စဝိညာဏ် ၁၀ + အပ္ပနာဇော ၂၆ | ၃၈ |
| ၅ | | ၃ | မနောဓာတ် ၃ ခု | ၁၀ |
| ၆ | | ၃၁ | သောမနဿသန္တီရဏ ၁ + မနောဒွါရာဝဇ္ဇန်း + ကာမဇော ၂၉ | ၅၂ |
| ဒွါရ ဝိမုတ် | ရံခါ | ၁၀ | ဥပေက္ခာသန္တီရဏ ၂ + မဟာဝိပါက်စိတ် ၈ | ၃၃ |
| | ခပ်သိမ်း | ၉ | မဟဂ္ဂုတ်ဝိပါက် ၉ ခု | ၃၅ |

## ဆိုရိုး

- ✱ **တစ်ဒွါရ၌ဖြစ်သောစိတ်ကား ၃၆ = ဒွေပဉ္စဝိညာဉ် ၁၀၊ အပ္ပနာဇော ၂၆ တည်း။**
- ✱ **ငါးဒွါရ၌ဖြစ်သောစိတ်ကား ၃ = မနောဓာတ် ၃ ခုတည်း။**
- ✱ **၆ ဒွါရ၌ဖြစ်သောစိတ်ကား ၃၁ = သောမနဿသန္တီရဏစိတ်၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉ ခုတည်း။**
- ✱ **ရံခါ ၆ ဒွါရမှလွတ်သောစိတ်ကား ၁၀ = ဥပေက္ခာသန္တီရဏစိတ် ၂ ခုသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သောအခါ ၆ ဒွါရမှလွတ်၏။ သန္တီရဏကိစ္စတပ်သောအခါ ၅ ဒွါရ၌ဖြစ်၏။ တဒါရုံကိစ္စတပ်သောအခါ ၆ ဒွါရ၌ဖြစ်၏။**
- ✱ မဟာဝိပါက်စိတ် ၈ ခုသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သောအခါ ၆ ဒွါရမှလွတ်၏။ တဒါရုံကိစ္စတပ်သောအခါ ၆ ဒွါရ၌ဖြစ်၏။
- ✱ **အချင်းခပ်သိမ်း ၆ ဒွါရမှလွတ်သောစိတ်ကား ၉ = မဟဂ္ဂုတ်ဝိပါက် ၉ ခုတည်း။**
- ✱ ဒွါရဝိမုတ်စိတ်ကား ၁၉ = ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်နိုက်ဖြစ်သော ဥပေက္ခာသန္တီရဏစိတ် ၂ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ခုတည်း။

## စေတသိက်တို့ကို ၆ ဒွါရဖြင့် ရေတွက်ပြပုံ

အပ္ပမညာဒွေ, ဝိရတီစေတသိက် ၃ – ပေါင်း စေတသိက် ၅ ခုတို့သည် မနောဒွါရ၌သာ ဖြစ်ကုန်၏။ အခြားသော ဒွါရ၌ မဖြစ်ကုန်။

ကြွင်းစေတသိက် ၄၇ ခုတို့သည် ၆ ဒွါရ၌ ဖြစ်ကုန်၏။

မဟဂ္ဂုတ်ဝိပါက် ၉ ၌ရှိသော စေတသိက် ၃၅ ခုသည် ဒွါရဝိမုတ်စေတသိက် မည်၏။

ဒွါရသင်္ဂဟ ပြီး၏။

## အာရမ္မဏ သင်္ဂဟ

| အာရုံ ၆ ပါး | အဓိပ္ပာယ် | အာရုံပြု |
|---|---|---|
| ရူပါရုံ | စက္ခုဝိညာဏ်ဖြင့်မြင်ရသော အဆင်းဟူသမျှ ရူပါယတနသည် ရူပါရုံမည်၏။ | စက္ခုဒွါရိက စိတ် ၄၆ ခုသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏။ |
| သဒ္ဒါရုံ | သောတဝိညာဏ်ဖြင့် ကြားရသော အသံဟူသမျှ သဒ္ဒါယတနသည် သဒ္ဒါရုံမည်၏။ | သောတဒွါရိကစိတ် ၄၆ ခုသည် ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၏။ |
| ဂန္ဓာရုံ | ဃာနဝိညာဏ်ဖြင့် နမ်းရှူရသော အနံ့ဟူသမျှ ဂန္ဓာယတနသည် ဂန္ဓာရုံမည်၏။ | ဃာနဒွါရိကစိတ် ၄၆ ခုသည် ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြု၏။ |
| ရသာရုံ | ဇိဝှါဝိညာဏ်ဖြင့် လျက်ရသော အရသာဟူသမျှ ရသာယတနသည် ရသာရုံမည်၏။ | ဇိဝှါဒွါရိကစိတ် ၄၆ ခုသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၏။ |
| ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဏ်ဖြင့် တွေ့ထိရသော အကြမ်း အနု စသော အရာဝတ္ထုဟူသမျှ ဖောဋ္ဌဗ္ဗာယတနသည် ဖောဋ္ဌဗ္ဗာရုံမည်၏။ | ကာယဒွါရိကစိတ် ၄၆ ခုသည် ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။ |
| ဓမ္မာရုံ | မနောဝိညာဉ်ဖြင့်သာ သိရသော ပသာဒရုပ် ၅ ခု, သုခုမရုပ် ၁၆ ခု, စိတ် ၈၉, စေတသိက် ၅၂, နိဗ္ဗာန်, ပညတ်သည် ဓမ္မာရုံမည်၏။ | မနောဒွါရိကစိတ် ၆၇ ခုသည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် ၈၉, စေတသိက် ၅၂, ရုပ် ၂၈, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ်– ဤအာရုံ ၆ ပါး တို့တွင် တစ်ပါးပါးကို ထိုက်သည့် အားလျော်စွာ အာရုံပြု၏။ |
| | | ဒွါရဝိမုတ်ဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိ စိတ်များသည် ထိုက်သင့်သည့် အားလျော်စွာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။ |

## အာရုံပြု သင်္ဂဟဂါထာ

ကေန်အာရုံ = ပဥ္စဝီသ ပရိတ္တမှိ၊ ဆ စိတ္တာနိ မဟဂ္ဂတေ။
ကေဝီသတိ ဝေါဟာရေ၊ အဋ္ဌ နိဗ္ဗာနဂေါစရေ။
အနေကန်အာရုံ = ဝီသာနုတ္တရ မုတ္တမှိ၊ အဂ္ဂမဂ္ဂ ဖလုဇ္ဈိတေ။
ပဉ္စ သဗ္ဗတ္ထ ဆစ္စေတိ၊ သတ္တဓာ သတ္တသင်္ဂဟော။

### ပဥ္စဝီသ ပရိတ္တမှိ ၌

**ပဥ္စဝီသ အရကား။** ။ဒွေပဥ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ သန္တီရဏ ၃၊ မဟာဝိပါက် ၈၊ ဟသိတုပ္ပါဒ်တည်း။

**ပရိတ္တမှိ အရကား။** ။ကာမစိတ် ၅၄၊ စေတသိက် ၅၂၊ ရုပ် ၂၈ ဟု ဆိုအပ်သော ကာမအာရုံ ၆ ပါးတည်း။

### ဆ စိတ္တာနိ မဟဂ္ဂတေ ၌

**ဆ စိတ္တာနိ အရကား။** ။ဝိညာဏဥ္စာယတနစိတ် ၃ ခု၊ နေဝသညာနာသညာယတနစိတ် ၃ ခု တည်း။

**မဟဂ္ဂတေ အရကား။** ။အာကာသာနဥ္စာယတနကုသိုလ်,ကြိယာ၊ အာကိဉ္စညာယတနကုသိုလ်, ကြိယာဟုဆိုအပ်သော မဟဂ္ဂုတ်အာရုံဘည်း။

### ကေဝီသတိ ဝေါဟာရေ ၌

**ကေဝီသတိ အရကား။** ။အဘိညာဉ်ဒွေမှတစ်ပါး ရူပစိတ် ၁၅ ခု၊ အာကာသာနဥ္စာယတနစိတ် ၃ ခု၊ အာကိဉ္စညာယတနစိတ် ၃ ခုတည်း။

**ဝေါဟာရေ အရကား။** ။၂၈ ပါးသော ပညတ်အာရုံတည်း။

### အဋ္ဌနိဗ္ဗာန ဂေါစရေ ၌

**အဋ္ဌ အရကား။** ။လောကုတ္တရာစိတ် ၈ ခုတည်း။

**နိဗ္ဗာနဂေါစရေ အရကား။** ။နိဗ္ဗာန်အာရုံတည်း။

### ဝီသာနုတ္တရ မုတ္တမှိ ၌

**ဝီသ အရကား။** ။အကုသိုလ်စိဘ် ၁၂၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄ ခု၊ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄ ခုတည်း။

**အနုတ္တရ မုတ္တမှိ အရကား။** ။လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ကာလဝိမုတ်ဖြစ်သော ပညတ်တည်း။

### အဂ္ဂမဂ္ဂ ဖလုဇ္ဈိ တေ ပဥ္စ ၌

**ပဉ္စ အရကား။** ။မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ခု၊ ကုသိုလ်အဘိဉာဏ်တည်း။

**အဂ္ဂမဂ္ဂ ဖလုဇ္ဈိတေ အရကား။** ။အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သောစိတ် ၈၇၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်တည်း။

## သမ္ပတ္တ ဆဓေ့တိ ၌

ဆ အရကား။ ။မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ခု၊ ကြိယာအဘိဉာဏ်တည်း။
သမ္ပတ္တ အရကား။ ။စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်တည်း။

## စိတ်တို့၏ အာရုံပြုပုံကိုပြခြင်း

| | | အာရမ္မဏိက | အာရုံ | |
|---|---|---|---|---|
| ဓမ္မ | ၂၅ | စက်ဒွေ / (ပ) ကာဒွေ | ပစ္စုပ္ပန်ရူပါရုံ / (ပ) ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ | ကာမ |
| ဓမ္မ | | မနောဓာတ် ၃ | ပစ္စုပ္ပန်ပဉ္စာရုံ | |
| ဓမ္မ | | သန္တီရဏစိတ် ၃၊ မဟာဝိ ၈၊ ဟသိတုပ္ပါဒ်–ဤ ၁၂ ပါး | ပွန်၊ တိတ်၊ အနာဂတ်ဖြစ်သော ကာမစိတ် ၅၄၊ စေ ၅၂၊ ရုပ် ၂၈ – ဤကာမအာရုံ ၆ ပါးတို့တွင် တစ်ပါးပါး | |
| ဓမ္မ | ၆ | ဝိညာဏဥ္စယတန ကုသိုလ် | ဤဘဝ ရှေးဘဝ အဖွတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စယတန ကုသိုလ်ဖြစ်သော မဟဂ္ဂုတ်တရား | မဟဂ္ဂုတ် |
| ဓမ္မ | | ဝိညာဏဥ္စာယတန ဝိပါက် | ရှေးဘဝ အဖွတ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်တည်းဟူသော အတိတ်ဖြစ်သော မဟဂ္ဂုတ်တရား | |
| ဓမ္မ | | ဝိညာဏဥ္စာယတန ကြိယာ | ဤဘဝ အဖွတ္တသန္တာန်၌ဖြစ်ဖူးသော အာကာကြိယာနှင့် ဤဘဝ ရှေးဘဝ အဖွတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာ ကုသိုလ်တည်းဟူသော မဟဂ္ဂုတ်တရား | |
| ဓမ္မ | | နေဝ ကု၊ ဝိ၊ ကြိ | ဝိညာ နည်းတူဆို (အာကာ အစား အာကိံဟုဆို) | |
| ဓမ္မ | | ရူပါဝစရ ပထမဈာန် စိတ် ၃ ခု | ကသိုဏ်းပညတ် ၁၀ ပါး၊ အသုဘပညတ် ၁၀ ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင်အစရှိသော ကာယကောဋ္ဌာသပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတသတ္တဝါပညတ်၊ ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတသတ္တဝါပညတ်၊ မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတသတ္တဝါပညတ် – ဤ ၂၅ ပါးသော ပညတ်အာရုံတို့တွင် တစ်ပါးပါး | ပညတ် |

<u>ဇယားအဆက်</u>

| | | | | |
|---|---|---|---|---|
| ကျန် | ၂၁ | ရူပါဝစရ ဒုတိယဈာန်စိတ် ၃ ခု၊ တတိယဈာန်စိတ် ၃ ခု၊ စတုတ္ထဈာန်စိတ် ၃ ခု | ကသိုဏ်းပညတ် ၁၀ ပါး၊ အာနာပါနသသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ၏အာရုံ(ပ) မုဒိတာ၏အာရုံ – ဤ ၁၄ ပါးသော ပညတ်အာရုံတို့တွင် တစ်ပါးပါး | ပညတ် |
| | | ရူပါဝစရ ပဥ္စမဈာန်စိတ် ၃ ခု | ကသိုဏ်းပညတ် ၁၀ ပါး၊ အာနာပါနသသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ ဥပေက္ခာ၏အာရုံဖြစ်သော ခပ်သိမ်းသော သတ္တဝါပညတ် – ဤ ၁၂ ပါးသော ပညတ်အာရုံတို့တွင် တစ်ပါးပါး | |
| | | အာကာသာနဉ္စာယတန စိတ် ၃ ခု | အာကာသ ကသိုဏ်းကြဉ်သော ကသိုဏ်း ၉ ပါးတို့တွင် တစ်ပါးပါးကိုခွာ၍ ရအပ်သော ကောင်းကင်ပညတ် | |
| | | အာကိဉ္စညာယတန စိတ် ၃ ခု | အာကာသာနဉ္စာယတန ဈာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ် | |
| | ၈ | လောကုတ္တရာစိတ် ၈ ခု | နိဗ္ဗာန် | နိဗ္ဗာန် |

| | | အာရမ္မဏိက | အာရုံ | |
|---|---|---|---|---|
| အနေကျန် | ၂၀ | အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ် ၄၊ မဟာကြိယာ ၄ – ဤ ၂၀ သောစိတ် | ပွန်၊ တိတ်၊ အနာဂတ်ဖြစ်သော လောကီစိတ် ၈၁, စေ ၅၂, ရုပ် ၂၈၊ ကာလဝိမုတ်ဖြစ်သော ပညတ်– ဤအာရုံ ၆ ပါးတို့တွင် တစ်ပါးပါး | ၉ ချက် |
| | ၅ | မဟာကု သမ္ပယုတ် ၄၊ ကုသိုလ်အဘိညာဏ် – ဤ ၅ ပါးသောစိတ် | ပွန်၊ တိတ်၊ အနာဂတ်ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇၊ စေ ၅၂၊ ရုပ် ၂၈၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ် – ဤအာရုံ ၆ ပါးတို့တွင် တစ်ပါးပါး | ၂ ချွင်း |
| | ၆ | မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာသမ္ပ ၄၊ ကြိယာအဘိညာဏ်–ဤ၆ပါးသောစိတ် | ပွန်၊ တိတ်၊ အနာဂတ်ဖြစ်သော စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ် – ဤအာရုံ ၆ ပါးတို့တွင် တစ်ပါးပါး | အားလုံး |

## ဆိုရိုး

* စက္ခုဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။
* သောတဝိညာဏ်ဒွေသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။
* ဃာနဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြု၏။
* ဇိဝှါဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၏။
* ကာယဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။
* မနောဓာတ် ၃ ခုသည် ပစ္စုပ္ပန်ပဉ္စာရုံကို အာရုံပြု၏။
* သန္တီရဏစိတ် ၃ ခု, မဟာဝိပါက်စိတ် ၈ ခု, ဟသိတုပ္ပါဒ် – ဤ ၁၂ ပါးသောစိတ်တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော ကာမစိတ် ၅၄, စေတသိက် ၅၂, ရုပ် ၂၈ – ဤကာမအာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကိုအာရုံပြု၏။

ဤ ၂၅ ပါးသောစိတ်တို့သည် ကာမကို ဧကန် အာရုံပြုကုန်၏။

* ဝိညာဏဉ္စာယတနကုသိုလ်သည် ဤဘဝရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော **အာကာသာနဉ္စာယတန** ကုသိုလ်ဖြစ်သော မဟဂ္ဂုတ်တရားကို အာရုံပြု၏။
* ဝိညာဏဉ္စာယတနဝိပါက်သည် ရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော **အာကာသာနဉ္စာယတန** ကုသိုလ် တည်းဟူသော အတိတ်ဖြစ်သော မဟဂ္ဂုတ်တရားကို အာရုံပြု၏။
* ဝိညာဏဉ္စာယတနကြိယာသည် ဤဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော **အာကာသာနဉ္စာယတန** ကြိယာ နှင့် ဤဘဝရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော **အာကာသာနဉ္စာယတန** ကုသိုလ်တည်းဟူသော မဟဂ္ဂုတ်တရားကို အာရုံပြု၏။
* နေဝသညာနာသညာယတနကုသိုလ်သည် ဤဘဝရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကိဉ္စညာ ယတနကုသိုလ်ဖြစ်သော မဟဂ္ဂုတ်တရားကို အာရုံပြု၏။
* နေဝသညာနာသညာယတနဝိပါက်သည် ရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကိဉ္စညာယတန ကုသိုလ်တည်းဟူသော အတိတ်ဖြစ်သော မဟဂ္ဂုတ်တရားကို အာရုံပြု၏။
* နေဝသညာ နာသညာယတနကြိယာသည် ဤဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကိဉ္စညာယတန ကြိယာနှင့် ဤဘဝရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဖူးသော အာကိဉ္စညာယတန ကုသိုလ်တည်းဟူသော မဟဂ္ဂုတ်တရားကို အာရုံပြု၏။

ဤ ၆ ပါးသောစိတ်တို့သည် မဟဂ္ဂုတ်ကို ဧကန်အာရုံပြု၏ ။

ကြွင်းနည်းတူဆိုလေ။ သိသာပြီ။

## အဘိညာဏ်အာရုံ

| အဘိညာဏ်စိတ် | အာရုံ |
|---|---|
| ဒိဗ္ဗစက္ခု-ကု၊ ကြိ | ဒူရ၊ ပဋိစ္ဆန္န၊ သဏှ၊ သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံ |
| ဒိဗ္ဗသောတ-ကု၊ ကြိ | ॥ ॥ ॥ သဒ္ဒါရုံ |
| ဣဒ္ဓိဝိဓ-ကု<br>ဣဒ္ဓိဝိဓ-ကြိ | ပါဒကဖြစ်သော ရူပကုသိုလ်ပဥ္စမဈာန်နှင့် သတ သဟဿစသော နိမ္မိတရုပ်<br>॥ ကြိယာ ॥ ॥ |
| စေတောပရိယ-*(ကု)ကြိ | လွန်လေပြီးသော ၇ ရက်မှစ၍ လာလတ္တံ့သော ၇ ရက်တိုင်အောင် ကာလ ၃ ပါး၌တည်သော သူတစ်ပါးတို့၏သန္တာန်၌ဖြစ်သော *(အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်သောစိတ် ၈၇) စိတ် ၈၉၊ စေ ၅၂ ဟုဆိုအပ်သော ဓမ္မာရုံ။ |
| ပုဗ္ဗေနိဝါသာနုဿတိ-*(ကု)ကြိ | ပုဗ္ဗေနိဝုဋ္ဌဖြစ်သော *(အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇) စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈ ဟုဆိုအပ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးမှ အစဉ်ပျောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည် အမျိုးစသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆ ပါး |
| ယထာကမ္မူပဂ-ကု၊ ကြိ | အတိတ်ဖြစ်သော လောကီကုသိုလ်ကံ၊ အကုသိုလ်ကံဟုဆိုအပ်သောဓမ္မာရုံ |
| အနာဂတံသ-ကု၊ ကြိ | အနာဂတ်ဖြစ်သော (ပုဗ္ဗေနည်းတူဆို) |

### ဆိုရိုး:

* ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဏ်သည် ဒူရ,ပဋိစ္ဆန္န,သဏှ,သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။
* ဒိဗ္ဗသောတကုသိုလ်အဘိညာဏ်သည် ဒူရ,ပဋိစ္ဆန္န,သဏှ,သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါကို အာရုံပြု၏။
* ဣဒ္ဓိဝိဓကုသိုလ်အဘိညာဏ်သည် ပါဒကဖြစ်သော ရူပကုသိုလ်ပဥ္စမဈာန်နှင့် သတ သဟဿ စသော နိမ္မိတရုပ်ကို အာရုံပြု၏။

ကျန်ကုသိုလ်အဘိညာဏ်များကို ဆက်၍ဆိုပါ။ ထို့နောက် ကြိယာအဘိညာဏ်များကိုဆိုပါ။

* စေတောနှင့်ပုဗ္ဗေကုအဘိညာဏ်များတွင် အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သောစိတ် ၈၇ ကို ဆိုရသည်။

### အဓိပတိပစ္စည်းတပ်သောအာရုံ

* လောဘမူစိတ် ၈ ခုတို့သည် ဒေါသမူ,မောဟမူ,ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော လောကီစိတ် ၇၆ ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇ ခု၊ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈ ခုတို့ကို အလေးအမြတ်အာရုံပြု၏။

ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ မဟာကုသိုလ်စိတ် ၈–ခုသည် လောကီကုသိုလ် သတ္တရသကို အလေးအမြတ် အာရုံပြုကုန်၏။ ။သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄–ခုတို့သည် မိမိတို့၏ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်, နိဗ္ဗာန်တို့ကို အလေးအမြတ် အာရုံပြုကုန်၏။ ။သကဒါဂါမ်ပုဂ္ဂိုလ် အနာဂါမ်ပုဂ္ဂိုလ်တို့၏ မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄–ခုတို့သည် မိမိတို့၏သကဒါဂါမိမဂ်, ဖိုလ်။ အနာဂါမိမဂ်, ဖိုလ်၊ နိဗ္ဗာန်တို့ကို အသီးသီး အလေးအမြတ် အာရုံပြုကုန်၏။ ။ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာဉာဏသမ္ပယုတ် ၄–ခုတို့သည် မိမိ၏အရဟတ္တမဂ်, ဖိုလ်၊ နိဗ္ဗာန်တို့ကို အလေးအမြတ် အာရုံပြုကုန်၏။ ။ လောကုတ္တရာစိတ် ၈ ခုသည် နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြု၏။

## ကေန် အနေကန် အာရုံပြု ဇယားအကျယ်

| အာရမ္မဏိက | | | အာရုံ | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စိတ်အမည် | | | ကာမ | မဟဂ္ဂုတ် | ပညတ် | နိဗ္ဗာန် | ရုပ် | နာမ် | ပစ္စုပ္ပန် | အတိတ် | အနာဂတ် | ကာလဝိမုတ် | ပဉ္စာရုံ | ဓမ္မာရုံ | ပရမတ် | အဇ္ဈတ္တ | ဗဟိဒ္ဓ | ကံ,ကမ္မ,ဂတိ | ၁ ပါးသည် |
| ကေန် | ဒွေပဉ္စဝိညာဏ် | ၁၀ | ။ | | | | ၊ | | ၊ | | | | ၊ | | ၊ | | | | ၁၈ |
| | မနောဓာတ် | ၃ | ၊ | | | | ၊ | | ၊ | | | | ၊ | | ၊ | | | | ၅ |
| | ဥပေက္ခာသန္တီရဏ | ၂ | ၊ | | | | | | | | | | | | ၊ | | | ၊ | |
| | သောမနဿသန္တီရဏ ဟသိတုပ္ပါဒ် | ၂ | ၊ | | | | | | | | | | | | ၊ | | | | |
| | မဟာဝိပါက် | ၈ | ၊ | | | | | | | | | | | | ၊ | | | ၊ | |
| | ရူပ ပ ဈာန် | ၃ | | | ၊ | | | | | | | ၊ | | ၊ | | | ၊ | | ၂၅ |
| | ရူပ ဒု,တ,စ ဈာန် | ၉ | | | ၊ | | | | | | | ၊ | | ၊ | | | ၊ | | ၁၄ |
| | ရူပ ပဉ္စ ဈာန် | ၃ | | | ၊ | | | | | | | ၊ | | ၊ | | | ၊ | | ၁၂ |
| | အာကာ | ၃ | | | ၊ | | | | | | | ၊ | | ၊ | | | ၊ | | ၁ |
| | ဝိညာ,နေဝ–ကု,ဝိ | ၄ | | ၊ | | | | ၊ | | ၊ | | | | ၊ | ၊ | ၊ | | | ၁ |
| | ဝိညာ,နေဝ–ကြိ | ၂ | | ၊ | | | | ၊ | | ၊ | | | | ၊ | ၊ | ၊ | | | ၂ |
| | အာကိ | ၃ | | | ၊ | | | | | | | ၊ | | ၊ | | | | | ၁ |
| | မဟဂ္ဂုတ်ဝိပါက် | ၉ | | | | | | | | | | | | | | | | ကမ္မ | |
| | လောကုတ် | ၈ | | | | ၊ | | ၊ | | | | ၊ | | ၊ | ၊ | | ၊ | | ၁ |
| | ပေါင်း | = | ၂၅ | ၆ | ၂၁ | ၈ | ၁၃ | ၁၄ | ၁၃ | ၆ | | ၂၉ | ၁၃ | ၃၅ | ၃၉ | ၆ | ၂၆ | ၁၉ | |

| အာရမ္မဏိက | | | အာရုံ | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စိတ်အမည် | | | ကာမ | မဟဂ္ဂုတ် | ပညတ် | နိဗ္ဗာန် | ရုပ် | နာမ် | ပစ္စုပ္ပန် | အတိတ် | အနာဂတ် | ကာလဝိမုတ် | ပဥ္စာရုံ | ဓမ္မာရုံ | ပရမတ် | အဇ္ဈတ္တ | ဗဟိဒ္ဓ | ကံ,ကမ္မ,ဂတိ | ၁ ပါးစသည် |
| အနေကန် | အကု ၁၂, ကုဝိပ် ၄-ကြိဝိပ် ၄ | ၂၀ | ၊ | ၊ | ၊ | | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | | |
| | ဒွေပဉ္စဝိညာဏ် | ၁၀ | | | | | | | | | | | | | | ၊ | ၊ | | |
| | မနောဓာတ် | ၃ | | | | | | | | | | | ၊ | | | ၊ | ၊ | | |
| | တဒါရုံ ၁၁.ဟသိ | ၁၂ | | | | | ၊ | ၊ | ၊ | ၊ | ၊ | | ၊ | ၊ | | ၊ | ၊ | | |
| | မနောဒွါ၊ ကုသံ ၄၊ ကြိသံ ၄၊ ဘိ ၂ | ၁၁ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | | |
| | ပေါင်း | = | ၃၁ | ၃၁ | ၃၁ | ၁၁ | ၄၃ | ၄၃ | ၄၃ | ၄၃ | ၄၃ | ၃၁ | ၄၆ | ၄၃ | ၃၁ | ၅၆ | ၅၆ | | |

**ကေန်ဆိုရိုး။** ။ဒွေပဉ္စဝိညာဏ် ၁၀ သည် ကာမ, ရုပ်, ပစ္စုပ္ပန်, ပဥ္စာရုံ, ပရမတ်, အာရုံတစ်ပါးစီကို ကေန်အာရုံပြု၏ စသည်ဆိုလေ။ (ဇယားအလျားလိုက်ဆိုပုံ)။ ။ကာမကို ကေန်အာရုံပြုသောစိတ်ကား ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ သန္တီရဏ ၃၊ ဟသိတုပ္ပါဒ်၊ မဟာဝိပါက် ၈– ပေါင်း ၂၅ ပါးတည်း။ (ဤသို့ ထက်အောက်လည်းဆိုလေ)။ ။အနေကန်ကိုလည်း ဆိုရိုးနည်းတူဆို။ ဂဏန်းတူများပေါင်းဆိုနိုင်သည်။

## စေတသိက်တို့၏ အာရုံပြု

အကုသိုလ်စေတသိက် ၁၄ ခုတို့သည် တေဘူမိက အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ပညတ်တို့ကိုအာရုံပြုကုန်၏။ ထို ၁၄ ခုတို့တွင် ဣဿာသည် မိမိမှတစ်ပါး အခြားသော ဗဟိဒ္ဓပုဂ္ဂိုလ်ကို အာရုံပြု၏။ မစ္ဆရိယသည် မိမိဟုဆိုအပ်သော အဇ္ဈတ္တကိုသာ အာရုံပြု၏။

အပ္ပမညာစေတသိက် ၂ ခုသည် ကာလဝိမုတ်ဖြစ်သော ဒုက္ခိတသတ္တဝါ သုခိတသတ္တဝါ ပညတ်တရားကို အာရုံပြု၏။

လောကီဝိရတီစေတသိက် ၃ ခုသည် ရှောင်ကြဉ်အပ်သော ဝိရမိတဗ္ဗဖြစ်သော ပစ္စုပ္ပန်, အနာဂတ် ကာမတရားစုဖြစ်သော နာမ်ရုပ်တရားတို့ကို အာရုံပြုကုန်၏။ လောကုတ္တရာဥ်ယှဉ်သော သမုစ္ဆေဒဝိရတီကား နိဗ္ဗာန်ဟူသော အပ္ပမာဏ ကာလဝိမုတ်တရားကို အာရုံပြုသေး၏။

ကြွင်းသော အညသမာန်း စေတသိက် ၁၃ ခု၊ သောဘဏသာဓာရဏစေတသိက် ၁၉၊ ပညိန္ဒြေ ဤ ၃၃ ခုတို့သည် အလုံးစုံကို အာရုံပြုနိုင်၏။

**အာရမ္မဏသင်္ဂဟ ပြီး၏။**

## ဝတ္ထုသင်္ဂဟ

| ကာမ ၁၁ ဘုံ၌ | | စက္ခုဝတ္ထု | သောတဝတ္ထု | ဃာနဝတ္ထု | ဇိဝှါဝတ္ထု | ကာယဝတ္ထု | ဟဒယဝတ္ထု | | |
|---|---|---|---|---|---|---|---|---|---|
| အသညသတ်ကြဉ် ရူပ ၁၅ ဘုံ၌ | | ။ | ။ | | | | ။ | | |
| အရူပ ၄ ဘုံ၌ | | | | | | | | | |
| | | အမြဲမှီ | | | | | အမြဲမှီ | ရံခါမှီ | အမြဲမမှီ |
| အကုသိုလ်စိတ် | ၁၂ | | | | | | ဒေါသမူဒွေ | လောဘမူ ၈<br>မောဟမူဒွေ | |
| အဟိတ်စိတ် | ၁၈ | စက်ဒွေ | သောဒွေ | ဃာဒွေ | ဇိဒွေ | ကာဒွေ | မနောဓာတ် ၃<br>သန္တီရဏ ၃<br>ဟသိတုပ္ပါဒ် | မနောဒွါရာ<br>ဝဇ္ဇန်း | |
| ကာမသောဘဏ | ၂၄ | | | | | | မဟာဝိ ၈ | မဟာကု ၈<br>မဟာကြိ ၈ | |
| ရူပစိတ် | ၁၅ | | | | | | ရူပစိတ် ၁၅ | | |
| အရူပစိတ် | ၁၂ | | | | | | | ရူပကု ၄<br>အရူပကြိ ၄ | အရူပ<br>ဝိပါက်၄ |
| လောကုတ္တရာ | ၈ | | | | | | သောတာပတ္တိမဂ် | သောမဂ်ကြဉ်<br>လောကုတ် ၇ | |
| | | ၂ | ၂ | ၂ | ၂ | ၂ | ၃၃ | ရံခါ ၄၂ | အမြဲမမှီ၄ |
| | | ဝတ္ထုရုပ်ကို အမြဲမှီသော စိတ်ပေါင်း = ၄၃ | | | | | | | |

### ဆိုရိုး

* ဝတ္ထုသင်္ဂဟ၌ ဝတ္ထုကား ၆ ပါး- စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုတည်း။

* ကာမဘုံ၌ ရကောင်းသောဝတ္ထုကား ၆ ပါး- စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုတည်း။ ။မရကောင်းသောဝတ္ထုကား မရှိ။
* အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ရကောင်းသောဝတ္ထုကား ၃ ပါး-စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထုတည်း။ ။မရကောင်းသောဝတ္ထုကား ၃ ပါး- ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုတည်း။
* အရူပဘုံ၌ ရကောင်းသောဝတ္ထုကားမရှိ။
* စက္ခုဝိညာဏ်ဒွေသည် စက္ခုဝတ္ထုကို အမြဲမှီ၍ဖြစ်၏။
* သောတဝိညာဏ်ဒွေသည် သောတဝတ္ထုကို အမြဲမှီ၍ဖြစ်၏။
* ဃာနဝိညာဏ်ဒွေသည် ဃာနဝတ္ထုကို အမြဲမှီ၍ဖြစ်၏။
* ဇိဝှါဝိညာဏ်ဒွေသည် ဇိဝှါဝတ္ထုကို အမြဲမှီ၍ဖြစ်၏။
* ကာယဝိညာဏ်ဒွေသည် ကာယဝတ္ထုကို အမြဲမှီ၍ဖြစ်၏။
* ဒေါသမူဒွေ၊ မနောဓာတ် ၃ ခု၊ သန္တီရဏစိတ် ၃ ခု၊ ဟသိတုပ္ပါဒ်၊ မဟာဝိပါက်စိတ် ၈ ခု၊ ရူပစိတ် ၁၅ ခု၊ သောတာပတ္တိမဂ်စိတ်- ဤ ၃၃ ပါးသောစိတ်တို့သည် ဟဒယဝတ္ထုကို အမြဲမှီ၍ ဖြစ်ကုန်၏။
* လောဘမူစိတ် ၈ ခု၊ မောဟမူဒွေ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာကြိယာစိတ် ၈ ခု၊ အရူပကုသိုလ်စိတ် ၄ ခု၊ အရူပကြိယာစိတ် ၄ ခု၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ၇ ခု- ဤ ၄၂ ပါးသောစိတ်တို့သည် ပဉ္စဝေါဟာရဘုံ၌ဖြစ်သောအခါ ဟဒယဝတ္ထုကို မှီ၍ ဖြစ်ကုန်၏။ ။အရူပဘုံ၌ဖြစ်သောအခါ မမှီဘဲဖြစ်ကုန်၏။
* အရူပဝိပါက်စိတ် ၄ ခုသည် ဟစ်စုံတစ်ခုသောဝတ္ထုကို မမှီမူ၍ဖြစ်၏။

## စေတသိက်တို့ကို မှီရာဝတ္ထုဖြင့်ပြပုံ

* သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ခုသည် ကာမဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ် ၆ ပါးလုံးကိုမှီ၏။ ရူပဘုံ၌ ဖြစ်သောအခါ ဝတ္ထုရုပ် ၃ ပါးကိုမှီ၏။ အရူပဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ်ကိုမမှီ။
* ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက် ၄ ခုသည် ဟဒယဝတ္ထုရုပ်ကို အမြဲမှီ၏။
* ကြွင်းစေတသိက် ၄၁ ခုတို့သည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ဟဒယဝတ္ထုကို အမြဲမှီကုန်၏။ အရူပဘုံ၌ဖြစ်သောအခါ မမှီကုန်။

ဝတ္ထုသင်္ဂဟ ပြီး၏။

## စိတ်၊ စေတသိက်၊ ပကိဏ်း ၃ ပိုင်း သရုပ်ခွဲလေ့ကျင့်ရန်ဇယား

| စိတ် | စေယုဉ် | ဝေဒနာ | ဟိတ် | ကိစ္စ | ဒွါရ | | အာရုံ | | ဝတ္ထု | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | အမြဲ | ရံခါ | ဧကန် | အနေကန် | အမြဲ | ရံခါ |
| လောဘမူ ပ ဒွေ | ၂၁ | သော | ဒွိ | ဇော | ၆ | | | ၉ ချန် | | ဟဒယ |
| ။ ဒု ဒွေ | ၂၁ | ။ | ။ | ။ | ။ | | | ။ | | ။ |
| ။ တ ဒွေ | ၂၀ | ဥ | ။ | ။ | ။ | | | ။ | | ။ |
| ။ စ ဒွေ | ၂၀ | ဥ | ။ | ။ | ။ | | | ။ | | ။ |
| ဒေါသမူဒွေ | ၂၂ | ဒေါ် | ။ | ။ | ။ | | | ။ | ဟဒယ | |
| မောဟမူဒွေ | ၁၆ | ဥ | ဧက | ။ | ။ | | | ။ | | ဟဒယ |
| စက္ခုဝိညာဏ်ဒွေ | ၇ | ဥ | အဟိတ် | ဒဿန | စက္ခု | | ပွန် ရူပါရုံ | | စက္ခု | |
| သောတ ။ | ။ | ။ | ။ | သဝန | သောတ | | ။ သဒ္ဒါရုံ | | သောတ | |
| ဃာန ။ | ။ | ။ | ။ | ဃာယန | ဃာန | | ။ ဂန္ဓာရုံ | | ဃာန | |
| ဇိဝှါ ။ | ။ | ။ | ။ | သာယန | ဇိဝှါ | | ။ ရသာရုံ | | ဇိဝှါ | |
| ကာယ ။ | ။ | ဒု။သု | ။ | ဖုသန | ကာယ | | ။ ဖောဋ္ဌဗ္ဗာရုံ | | ကာယ | |
| သမ္ပဋိစ္ဆန်းဒွေ | ၁၀ | ဥ | ။ | သမ္ပဋိစ္ဆန်း | ၅ | | ။ ပဉ္စာရုံ | | ဟဒယ | |
| ဥပေက္ခာသန္တီရဏ | ၁၀ | ။ | ။ | ၅ | | ၆ | ကာမ | | ။ | |
| သောမနဿသန္တီရဏ | ၁၁ | သော | ။ | တီ၊ ရုံ | ၆ | | ။ | | ။ | |
| ပဉ္စဒွါရာဝဇ္ဇန်း | ၁၀ | ဥ | ။ | အာဝဇ္ဇန်း | ၅ | | ပွန် ပဉ္စာရုံ | | ။ | |
| မနောဒွါရာဝဇ္ဇန်း | ၁၁ | ။ | ။ | အာ၊ ဝု | ၆ | | | အားလုံး | | ဟဒယ |
| ဟသိတုပ္ပါဒ် | ၁၂ | သော | ။ | ဇော | ၆ | | ကာမ | | ဟဒယ | |
| မဟာကု ပ ဒွေ | ၃၈ | ။ | တိ | ။ | ၆ | | | ၂ ချွင်း | | ဟဒယ |
| ။ ဒု ဒွေ | ၃၇ | ။ | ဒွိ | ။ | ။ | | | ၉ ချန် | | ။ |
| ။ တ ဒွေ | ၃၇ | ဥ | တိ | ။ | ။ | | | ၂ ချွင်း | | ။ |
| ။ စ ဒွေ | ၃၆ | ။ | ဒွိ | ။ | ။ | | | ၉ ချန် | | ။ |
| မဟာဝိ ပ ဒွေ | ၃၃ | သော | တိ | ၄ | | ၆ | ကာမ | | ဟဒယ | |
| ။ ဒု ဒွေ | ၃၂ | ။ | ဒွိ | ။ | | ။ | ။ | | ။ | |
| ။ တ ဒွေ | ၃၂ | ဥ | တိ | ။ | | ။ | ။ | | ။ | |
| ။ စ ဒွေ | ၃၁ | ။ | ဒွိ | ။ | | ။ | ။ | | ။ | |
| မဟာကြိ ပ ဒွေ | ၃၅ | သော | တိ | ဇော | ၆ | | | အားလုံး | | ဟဒယ |
| ။ ဒု ဒွေ | ၃၄ | ။ | ဒွိ | ။ | ။ | | | ၉ ချန် | | ။ |
| ။ တ ဒွေ | ၃၄ | ဥ | တိ | ။ | ။ | | | အားလုံး | | ။ |
| ။ စ ဒွေ | ၃၃ | ။ | ဒွိ | ။ | ။ | | | ၉ ချန် | | ။ |

| စိတ် | စေယုဉ် | ဝေဒနာ | ဟိတ် | ကိစ္စ | ဒွါရ | | အာရုံ | | ဝတ္ထု | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | အမြဲ | ရံခါ | ဧကန် | အနေကန် | အမြဲ | ရံခါ |
| ပဌမဈာန် ကု၊ ကြိ | ၃၅ | သော | တိ | ဇော | ၁ | | ပညတ် | | ဟဒယ | |
| ပဌမဈာန် ဝိပါက် | ၃၅ | 〃 | 〃 | ၃ | ခ၀်သိမ်း | | 〃 | | 〃 | |
| ဒု၊တ၊စ ဈာန်ကု၊ကြိ | ၃၄ | 〃 | 〃 | ဇော | ၁ | | 〃 | | 〃 | |
| 〃 ဝိပါက် | ၃၄ | 〃 | 〃 | ၃ | ခ၀်သိမ်း | | 〃 | | 〃 | |
| ပဉ္စမဈာန်ကု၊ကြိ | ၃၀ | ဥ | 〃 | ဇော | ၁ | | 〃 | | 〃 | |
| 〃 ဝိပါက် | ၃၀ | 〃 | 〃 | ၃ | ခ၀်သိမ်း | | 〃 | | 〃 | |
| အာကာ–ကု၊ကြိ | ၃၀ | 〃 | 〃 | ဇော | ၁ | | 〃 | | | ဟဒယ |
| 〃 ဝိပါက် | ၃၀ | 〃 | 〃 | ၃ | ခ၀်သိမ်း | | 〃 | | မမှီ | |
| ဝိညာ–ကု၊ကြိ | ၃၀ | 〃 | 〃 | ဇော | ၁ | | မဟဂ္ဂုတ် | | | ဟဒယ |
| 〃 ဝိပါက် | ၃၀ | 〃 | 〃 | ၃ | ခ၀်သိမ်း | | 〃 | | မမှီ | |
| အာကိ–ကု၊ကြိ | ၃၀ | 〃 | 〃 | ဇော | ၁ | | ပညတ် | | | ဟဒယ |
| 〃 ဝိပါက် | ၃၀ | 〃 | 〃 | ၃ | ခ၀်သိမ်း | | 〃 | | မမှီ | |
| နေဝ–ကု၊ကြိ | ၃၀ | 〃 | 〃 | ဇော | ၁ | | မဟဂ္ဂုတ် | | | ဟဒယ |
| 〃 ဝိပါက် | ၃၀ | 〃 | 〃 | ၃ | ခ၀်သိမ်း | | 〃 | | မမှီ | |
| သောတာပတ္တိမဂ် | ၃၆ | သုခေါ် ပေက္ခာ | 〃 | ဇော | ၁ | | နိဗ္ဗာန် | | ဟဒယ | |
| ကြွင်းလောကုတ်–၇ | ၃၆ | 〃 | 〃 | 〃 | ၁ | | 〃 | | | ဟဒယ |

## ဆိုရိုး

* လောဘမူ ပထမဒွေ၌ မာန, ဒေါစတုက်, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၁ ခုယှဉ်၏။ ဝေဒနာအားဖြင့် သောမနဿဝေဒနာ၊ ဟိတ်အားဖြင့် လောဘဟိတ်, မောဟဟိတ် ၂ ပါးရှိသောကြောင့် ဒွိဟိတ် စိတ်မည်၏။ ကိစ္စအားဖြင့် ဇောကိစ္စ၊ ဒွါရအားဖြင့် ၆ ဒွါရ၌ အမြဲဖြစ်၏။ အာရုံအားဖြင့် လောကုတ္တရာတရား ၉ ပါးကိုချန်၍ လောကီစိတ် ၈၁, စေတသိက် ၅၂, ရုပ် ၂၈, ကာလဝိမုတ်ဖြစ်သော ပညတ်– ဤအာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကိုအာရုံပြု၏။ ဝတ္ထုအားဖြင့် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ဟဒယဝတ္ထုကို မှီ၍ဖြစ်၏။ အရူပဘုံ၌ဖြစ်သောအခါ မမှီဘဲဖြစ်၏။

* လောဘမူ ဒုတိယဒွေ၌ ဒိဋ္ဌိ, ဒေါစတုက်, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၁ ယှဉ်၏။ (ပ)

* လောဘမူ တတိယဒွေ၌ ပီတိ, မာန, ဒေါစတုက်, ဝိစိကိစ္ဆာကြဉ်သော စေတသိက်–၂၀ ယှဉ်၏။ ဝေဒနာအားဖြင့် ဥပေက္ခာဝေဒနာ။ ပ။

* လောဘမူ စတုတ္ထဒွေ၌ ပီတိ, ဒိဋ္ဌိ, ဒေါစတုက်, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၀ ယှဉ်၏။ (ပ) ကြွင်းဇယားကိုကြည့်၍ ဆိုခါလေ့ကျင့်ပါ။

ပကိဏ်းပိုင်း ပြီး၏။

# ဝီထိပိုင်း

လူတို့၏သွားလာရာခရီးသည် ရှာစဉ်ကိုမကျော်ဘဲ အစဉ်သွားဘိသကဲ့သို့ ထိုအတူ စိတ္တ နိယာမ အတိုင်းဖြစ်သော စိတ်တို့၏အစဉ်သည်လည်း ဖြစ်သင့်သောစိတ်တစ်ခုနှင့်တစ်ခု မကျော်မူ၍ အစဉ်အတိုင်း ဖြစ်တတ်သောကြောင့် ဝီထိမည်၏။

### ဆက္က ၆ ပါး

ဝတ္ထု ၆ ပါး | ဒွါရ ၆ ပါး | အာရုံ ၆ ပါး | ဝိညာဏ် ၆ ပါး | ဝီထိ ၆ ပါး | ဝိသယပဝတ္တိ ၆ ပါး

ဝတ္ထု၊ ဒွါရ၊ အာရုံတို့ကိုပကိဏ်းပိုင်း၌ ဆိုအပ်ပြီးသောနည်းအတိုင်းမှတ်လေ။

### ဝိညာဏ် ၆ ပါး

| | |
|---|---|
| ၁။ စက္ခုဝိညာဏ် | ၄။ ဇိဝှါဝိညာဏ် |
| ၂။ သောတဝိညာဏ် | ၅။ ကာယဝိညာဏ် |
| ၃။ ဃာနဝိညာဏ် | ၆။ မနောဝိညာဏ် |

### ဝီထိ ၆ ပါး

| ဒွါရ၏ အစွမ်းအားဖြင့် ၆ ပါး | | ဝိညာဏ်၏အစွမ်းအားဖြင့် ၆ ပါး |
|---|---|---|
| ၁။ စက္ခုဒွါရ ဝီထိ | = | ၁။ စက္ခုဝိညာဏ ဝီထိ |
| ၂။ သောတဒွါရ ဝီထိ | = | ၂။ သောတဝိညာဏ ဝီထိ |
| ၃။ ဃာနဒွါရ ဝီထိ | = | ၄။ ဃာနဝိညာဏ ဝီထိ |
| ၄။ ဇိဝှါဒွါရ ဝီထိ | = | ၄။ ဇိဝှါဝိညာဏ ဝီထိ |
| ၅။ ကာယဒွါရ ဝီထိ | = | ၅။ ကာယဝိညာဏ ဝီထိ |
| ၆။ မနောဒွါရ ဝီထိ | = | ၆။ မနောဝိညာဏ ဝီထိ |

### ဝိသယပဝတ္တိ ၆ ပါး

**ပဉ္စဒွါရ**

၁။ အတိမဟန္တာရုံ = ထင်ထင်ရှားရှား အားကြီးသော အာရုံငါးပါးသည် အတိမဟန္တာရုံ မည်၏။

၂။ မဟန္တာရုံ = သင့်ရုံအားကြီး ထင်ရှားသော အာရုံငါးပါးသည် မဟန္တာရုံ မည်၏။

၃။ ပရိတ္တာရုံ = မထင်မရှား မသိမသာအားနည်းသော အာရုံငါးပါးသည် ပရိတ္တာရုံ မည်၏။

၄။ အတိပရိတ္တာရုံ = အလွန်တရာမသိမသာ မထင်မရှား အားနည်းလှသော မြင်သလို ကြားသလိုစသော အာရုံငါးပါးသည် အတိပရိတ္တာရုံ မည်၏။

**မနောဒွါရ**

၁။ ဝိဘူတာရုံ = ထင်ထင်ရှားရှားဖြစ်သော အာရုံသည် ဝိဘူတာရုံ မည်၏။

၂။ အဝိဘူတာရုံ = မထင်မရှားသောအာရုံသည် အဝိဘူတာရုံ မည်၏။

အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်းသည် ဝိသယပဝတ္တိ မည်၏။ တစ်နည်း–အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်း သည် ဝိသယပဝတ္တိ မည်၏။

## နာမ်သက်၊ ရုပ်သက်ပြပုံ

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ |
| ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo |

ရုပ်ဌီ

ဥပါဒ် ဘင်

စိတ် စေတသိက်တို့၏အသက်သည် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ခဏငယ် ၃ ချက်သာ အသက်ရှိ၏။ ဝိညတ်ဒွေ့, လက္ခဏာရုပ်လေးခုမှတစ်ပါးသော ရုပ် ၂၂ ပါးတို့၏အသက်သည် စိတ္တက္ခဏ ၁၇ ချက် အသက် ရှည်၏။ ဝိညတ်ရုပ် ၂ ပါးသည် စိတ်သို့အစဉ်လိုက်သော စိတ္တာနုပရိဝတ္တိတရားမျိုးဖြစ်၍ စိတ်နှင့်အသက် တူမှုခြင်းကြောင့် ခဏငယ် ၃ ချက်သာ အသက်ရှည်၏။ ဥပစယနှင့် သန္တတိ ၂ ပါးသည် စိတ်၏ဥပါဒ်ခဏမျှသာ အသက်ရှည်၏။ ဇရတာကား ရုပ်၏ဌီခဏဖြစ်၍ ခဏငယ်ပေါင်း ၄၉ ချက် အသက်ရှည်၏။ အနိစ္စတာ သည် စိတ်၏ဘင်ခဏမျှသာ အသက်ရှည်၏။

## ပဥ္စဒွါရ ဝီထိ

| ဝီထိ | | ဝီထိစိတ် | ဝါရ |
|---|---|---|---|
| အတိမဟန္တာရုံ – ၁ ဝီထိ = | | တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ | = တဒါလမ္ဗဏဝါရ |
| မဟန္တာရုံ – ၂ ဝီထိ = | ၂ | တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ င် | = ဇဝနဝါရ |
| | ၃ | တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ | |
| ပရိတ္တာရုံ – ၆ ဝီထိ = | ၄ | တီ န ဒ ပ စ သံ ဏ ဝု ဝု င် င် င် င် င် | = ဝေါဋ္ဌဗ္ဗနဝါရ |
| | ၅ | တီ န ဒ ပ စ သံ ဏ ဝု ဝု င် င် င် င် | |
| | ၆ | တီ န ဒ ပ စ သံ ဏ ဝု ဝု င် င် င် | |
| | ၇ | တီ န ဒ ပ စ သံ ဏ ဝု ဝု င် င် | |
| | ၈ | တီ န ဒ ပ စ သံ ဏ ဝု ဝု င် | |
| | ၉ | တီ န ဒ ပ စ သံ ဏ ဝု ဝု | |
| အတိပရိတ္တာရုံ – ၆ ဝီထိ = | ၁၀ | တီ န န င် င် င် င် င် | = မောဃဝါရ |
| | ၁၁ | တီ န န င် င် င် င် | |
| | ၁၂ | တီ န န င် င် င် | |
| | ၁၃ | တီ န န င် င် | |
| | ၁၄ | တီ န န င် | |
| | ၁၅ | တီ န န | |

တိ = အတီတဘဝင်။ န = ဘဝင်္ဂစလန။ ဒ = ဘဝင်္ဂုပစ္ဆေဒ။ ပ = ပဉ္စဒွါရာဝဇ္ဇန်း။
စ = စက္ခုဝိညာဉ်။ သံ = သမ္ပဋိစ္ဆိုန်း။ ဏ = သန္တီရဏ။ ဝု = ဝုဋ္ဌော။ ဇ = ဇော။
ရုံ = တဒါရုံ။ င် = ဘဝင်။ ၂-တိ ၃-တိ စသည်ကို အတီတဘဝင် ၂ ကြိမ်၊ ၃ ကြိမ်စသည်ချလော။

စက္ခုဒွါရဝီထိ ၁၅ ပါးရသကဲ့သို့ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရတို့၌လည်း ၁၅ ပါးစီ ဝီထိချလော။ စက္ခုဝိညာဏ်အစား သောတဝိညာဏ်၊ ဃာနဝိညာဏ်စသည် ဝီထိချလော။ ဤသို့ ၁၅ ပါးစီ ရသဖြင့် ပဉ္စဒွါရဝီထိ ပေါင်း ၇၅ ပါးဖြစ်၏။

ပဉ္စဒွါရ၌ဖြစ်သော ဝီထိစိတ်တို့ကို သာမညရေတွက်သော် (၇)ပါး။ စိတ္တက္ခဏအားဖြင့် ရေတွက်သော် (၁၄)ပါး၊ အကျယ်ရေတွက်သော် (၅၄)ပါးဖြစ်၏။

သာမညအားဖြင့် (၇)ပါးဆိုသည်မှာ= ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇ၊ ရုံ

စိတ္တက္ခဏအားဖြင့် (၁၄)ပါးဆိုသည်မှာ= ပ၊ စ၊ သံ၊ ဏ၊ ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရုံ၊ ရုံ

အကျယ်အားဖြင့် (၅၄)ပါးဆိုသည်မှာ= ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်ဒွေ၊ သမ္ပဋိစ္ဆိုန်းဒွေ၊ သန္တီရဏ ၃၊ ဝုဋ္ဌော၊ ကာမဇော ၂၉၊ တဒါရုံ ၁၁- ပေါင်း ၄၆ ပါးတည်း။ ဤ ၄၆ ပါးထဲသို့ ကျန်သော ဝီထိအတွက် သောတဝိညာဏ်ဒွေ၊ ဃာနဝိညာဏ်ဒွေ၊ ဇိဝှါဝိညာဏ်ဒွေ၊ ကာယဝိညာဏ်ဒွေ- ဤ ၈ ပါး ထည့်သော် ၅ ဒွါရ၌ ကာမစိတ် ၅၄ ပါးပင်ဖြစ်၏။

## ၁ဒွါရဝီထိဖြစ်ကြောင်းအင်္ဂါ

| စက္ခုဒွါရဝီထိ | စက္ခုပသာဒ | ရူပါရုံ | အာလောက | မနသိကာရ |
|---|---|---|---|---|
| သောတဒွါရဝီထိ | သောတပသာဒ | သဒ္ဒါရုံ | အာကာသဓာတ် | ။ |
| ဃာနဒွါရဝီထိ | ဃာနပသာဒ | ဂန္ဓာရုံ | ဝါယောဓာတ် | ။ |
| ဇိဝှါဒွါရဝီထိ | ဇိဝှါပသာဒ | ရသာရုံ | အာပေါဓာတ် | ။ |
| ကာယဒွါရဝီထိ | ကာယပသာဒ | ဖောဋ္ဌဗ္ဗာရုံ | ပထဝီဓာတ် | ။ |
| မနောဒွါရဝီထိ | ဟဒယဝတ္ထု | ဓမ္မာရုံ | ဘဝင် | ။ |

ဤအင်္ဂါ ၄ ပါးစီတို့နှင့် ပြည့်စုံမှသာလျှင် စက္ခုဝိညာဏ်စသော ဝီထိစိတ်တို့ ဖြစ်နိုင်၏။

## ပဉ္စဒွါရဝီထိစိတ်၏ အာရုံ၊ ဝတ္ထု၊ ဘုံ၊ ပုဂ္ဂိုလ်

ဤပဉ္စဒွါရဝီထိ၌ ဝီထိစိတ်ဟူသမျှတို့သည် ကာမစိတ် ၅၄ ပါးတို့သာတည်း။ ။အာရုံအားဖြင့် ဝီထိစိတ်တို့၏ ရှေ့နောက်ဖြစ်သော ကာမဘဝင် ၁၀ တို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အားဖြင့် ၃ ပါး တို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ရူပဘဝင် ၅ ခု ဖြစ်အံ့- ကမ္မနိမိတ်တစ်ပါးကိုသာ အာရုံပြု၏။ ။

ပဉ္စဒွါရာဝဇ္ဇန်းစသော ဝိထိစိတ်တို့သည် ပစ္စုပ္ပန်ပဥ္စာရုံကို အာရုံပြုကုန်၏။ မိုရာဝတ္ထု အားဖြင့် ဒွေပဥ္စဝိညာဉ် ၁၀ တို့သည် အသီးအသီး ပဥ္စဝတ္ထုကို မှီကုန်၏။ ကြွင်းသောဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်ဖြစ်သော ဟဒယဝတ္ထုကို မှီကြကုန်၏။ ။ဘုံ အားဖြင့် ကာမ ၁၁ ဘုံ၌ ပဥ္စဒွါရ-ဂျ၅ ဝိထိတို့သည် မဖြစ်နိုင်သော ဝိထိစိတ်မရှိကုန်။ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ စက္ခုဒွါရ သောတဒွါရဝိထိ ၃၀ တို့တွင် အတိမဟန္တာရုံ ၂ ဝိထိကိုချန်လှပ်၍ ၂၈ ဝိထိကိုသာရကုန်၏။ အသညသတ်ဘုံ၌ကား ဝိညာဏ် ၆ ပါးမရှိသောကြောင့် ဝိထိစိတ်မဖြစ်နိုင်။ အရူပ ၄ ဘုံ၌ ပဥ္စဝိညာဏ်မရှိသောကြောင့် ပဥ္စဒွါရဝိထိမဖြစ်။ မနောဒွါရဝိထိသာဖြစ်၏။ ပုဂ္ဂိုလ် အားဖြင့် ဤအလုံးစုံသောဝိထိတို့သည် ပုထုဇဉ် ၄ ယောက်- ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ ယောက်- ဤရှစ်ယောက်သောပုဂ္ဂိုလ်တို့၌ဖြစ်ကုန်၏။

ဘဝင်စိတ်များတွင် ကာမဘုံ ကာမသတ္တဝါ၌ဖြစ်သော ဝိထိကို ကာမဘဝင် ၁၀ ကိုချ။ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်ဖြစ်လျှင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏဘဝင်ကိုချ။ ရူပပုဂ္ဂိုလ်ဖြစ်လျှင် ရူပဘဝင် ၅ ခုကိုချ။

တဒါရုံမှာကား ကာမဘုံ ကာမအာရုံ ကာမသတ္တဝါမှာသာဖြစ်သောကြောင့် ကာမဘုံ၌သာဖြစ်၏။

### မန္ဒာယုက – အမန္ဒာယုက – မဇ္ဈိမာယုကရွေးချယ်ပုံ

<.................. ပစ္စုပ္ပန်ရူပါရုံ ....................>

င် င်င်င်င်င်င်င်င်င်င်င် င် ကိ နှ ဒ ပ စ သံ ဏ ဝု ဇဇဇဇဇဇဇ ရုံ ရုံ

ooo ooo o၀o ooo ooo

မန္ဒာယုက ပသာဒ ၃၇

အမန္ဒာယုက ပသာဒ ၁၁

မဇ္ဈိမာယုက ပသာဒ

မဟန္တာရုံစသည်၌ မန္ဒာယုကတွင် ၃ ခုစိလျော့၍ အမန္ဒာယုကတွင် ၃ ခုစိတိုးလေ။

မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုက ဤသုံးပါးတို့ကို ပဥ္စဒွါရဝိထိ၌ ရွေးချယ်စိစစ်လေသည်။ အကြောင်းကား စိတ္တက္ခဏတိုင်း ကမ္မဇပသာဒရုပ်များ ဥပါဒ်ရာ၌ ပသာဒရုပ်အများတို့တွင် မည်သည့် ပသာဒရုပ်ကို ပဥ္စဝိညာဏ်စိတ်သည် မှီလေသနည်းဟု ရွေးချယ်စိစစ်ခြင်းဖြစ်၏။ အတီတဘဝင်၏ ရှေး၌ ဖြစ်သော ဘဝင် ၁၃ ချက်၊ ခဏငယ် ၃၇ ချက်တို့နှင့် ဥပါဒ်သောပသာဒရုပ် ၃၇ ခုတို့သည် ဒုတိယတဒါရုံ မချုပ်မီချုပ်သည်ဖြစ်၍ ပဥ္စာရုံထက်တိုသော အသက်ရှိသောကြောင့် မန္ဒာယုက မည်၏။ အတီတဘဝင်၏ ၌မှစ၍ ပဥ္စဒွာရာဝဇ္ဇန်း၏ ဘဝင်တိုင်အောင် ခဏငယ် ၁၁ ချက်တို့နှင့် ဥပါဒ်သောပသာဒရုပ် ၁၁ ခုတို့သည် ဒုတိယ တဒါရုံချုပ်ပြီးနောက်မှ ချုပ်သည်ဖြစ်၍ ပဥ္စာရုံထက်ရှည်သော အသက်ရှိသောကြောင့် အမန္ဒာယုက မည်၏။ အတီတဘဝင်၏ ဥပါဒ်နှင့်အတူ ဥပါဒ်သော ပသာဒရုပ်သည် ဒုတိယ တဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်သည်ဖြစ်ရကား ပဥ္စာရုံနှင့်တူမျှသော အသက်ရှိသောကြောင့် မဇ္ဈိမာယုကမည်၏။ မဇ္ဈိမာယုက ပသာဒရုပ်

တို့ကိုသာ ပဋိသန္ဓေဝိညာဏ်စိတ်တို့သည် မှီကုန်၍ ပရေဇာတနိဿယပစ္စည်းတပ်သဖြင့် အာရုံငါးပါးကို မြင်နိုင်ထင်နိုင်ကြကုန်၏။

## အတိပရိတ္တာရုံဝီထိ၌ မနောဒွါရာဝဇ္ဇနစသည် မစိစစ်ရခြင်း

အတိပရိတ္တာရုံဝီထိ၌ အာရုံနှင့်ပသာဒတို့ ထိခိုက်ပါသော်လည်း အလွန်တရာအားနည်းလှသောကြောင့် ပဋ္ဌဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်ကိုမဖြစ်၊ ဘဝင်တို့၏လှုပ်ရှားသော အမူအရာမျှသာဖြစ်၏။ ဤသို့လျှင် ပဋ္ဌဝိညာဏ်ခတ်တို့ မဖြစ်ပေါ်လာ၍ ပဋ္ဌဝိညာဏ်၏မှီရာ ပသာဒရုပ်ကို ရွေးချယ်စိစစ်ဖို့မလိုသောကြောင့် မနောဒွါရာဝဇ္ဇန စသည် မရွေးချယ်မစိစစ်ရပြီ။

◇◇◇◇◇

## ကာမဇောဝါရ မနောဒွါရဝီထိ

### သတ္တရသာယုက ရကောင်းသော ပစ္စုပ္ပန်ရုပ် ဗာဝီသကို အာရုံပြုသော မနောဒွါရဝီထိပုံ

ကံ,ကမ္မ,ဂတိ ... ပစ္စုပ္ပန်ရုပ် ဗာဝီသ

ဝိဘူတာရုံ – ၅ ဝီထိ = [
တီ န ဒ ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ င် င် င် င်
၂ တီ န ဒ ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ င် င် င်
၃ တီ န ဒ ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ င် င်
၄ တီ န ဒ ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ င်
၅ တီ န ဒ ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ
] = တဒါလမ္ဗဏဝါရ

အဝိဘူတာရုံ – ၂ ဝီထိ = [
၆ တီ န ဒ ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ င်
၇ တီ န ဒ ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ
] = ဇဝနဝါရ

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ အာရုံ ၆ ပါးလုံးပင် ဖြစ်နိုင်သောကြောင့် အာရုံတစ်ခုတစ်ခုမှာ ဤ(၇)ဝီထိစီဖြစ်ရကား (၄၂)ဝီထိဖြစ်နိုင်၏။ အာရုံသာကွဲသည် ဝီထိပုံမှာ ဤအတိုင်းပြလေ။

### သတ္တရသာယုက မရကောင်းသောဝီထိ

ကံ,ကမ္မ,ဂတိ... ကာလသုံးပါးအာရုံ

ဝိဘူတာရုံ – ၁ ဝီထိ = န ဒ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ င် = တဒါလမ္ဗဏဝါရ

အဝိဘူတာရုံ – ၁ ဝီထိ = န ဒ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ င် = ဇဝနဝါရ

ဤ ၂ ဝီထိကား သတ္တရသာယုက မရသော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော နာမ်ရုပ်နိဗ္ဗာန်ပညတ်ကို အာရုံပြု၍ဖြစ်သည်။ ။အာရုံ ၆ ပါးကိုတည်၊ ဝီထိ ၂ ခုနှင့် မြှောက် = ၁၂ ဝီထိဖြစ်၏။ ကာလ ၃ ပါးနှင့် မြှောက်= ၃၆ ဝီထိဖြစ်၏။ အစိတ်အစိတ်မြှောက်လျှင် များလှ၏။

ကာမဇောဝါရ မနောဒွါရ၌ ဝိထိစိတ်တို့သည် သာမညအားဖြင့် ၃ ပါးသာတည်း။ ထို ၃ ပါးကား= မ၊ ဇ၊ ရုံ– (မ=မနောဒွါရာဝဇ္ဇန်း။ ဇ=ဇော။ ရုံ= တဒါရုံ)– ဤ ၃ ပါးတည်း။

စိတ္တုပ္ပါဒ်အားဖြင့် ၁၀ ပါးတည်း။ ထို ၁၀ ပါးကား = မ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရုံ၊ ရုံ–တည်း။

အကျယ်အားဖြင့် ၄၁ ပါးတည်း = ထို ၄၁ ပါးကား မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉၊ တဒါရုံ ၁၁ ပေါင်း ၄၁ တည်း။

အဝိဘူတာရုံ၌ တဒါရုံမရှိသဖြင့် ၃၀ သာဖြစ်၏။

## မနောဒွါရိက ဝိထိစိတ်၏ အာရုံ – ဝတ္ထု – ဘုံ – ပုဂ္ဂိုလ်

စိတ်အားဖြင့် ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃ ခုကြဉ်သော ကာမစိတ် ၄၁ ခုတို့သာတည်း။ ။ အာရုံအားဖြင့် ရှေ့နောက်ဘဝင်မှန်သမျှတို့သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အားဖြင့် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။ ကြွင်းသောဝိထိစိတ်တို့သည်ကား သတ္တရသ အသက်ရကောင်းသော ဝိဘူတာရုံ ၅ ဝိထိ၊ အဝိဘူတာရုံ ၂ ဝိထိဖြစ်အံ့–ဝိညတ်ဒွေ လက္ခဏာရုပ် ၄ ခုကြဉ်သော ပစ္စုပ္ပန်ရုပ် ဓာဝိသ တည်းဟူသော အာရုံ ၆ ပါးကို အာရုံပြု၏။ သတ္တရသ အသက် မရကောင်းသော ဝိဘူတာရုံဝိထိဖြစ်အံ့– ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော ကာမစိတ် ၅၄ စေတသိက် ၅၂၊ ဝိညတ်ဒွေ၊ လက္ခဏာရုပ် ၄ ခုဆိုအပ်သော ဓမ္မာရုံကိုလည်းကောင်း၊ အတိတ် အနာဂတ် ဖြစ်သော ရုပ်ဓာဝိသဟုဆိုအပ်သော အာရုံ ၆ ပါးကိုလည်းကောင်း အာရုံပြု၏။ သတ္တရသ အသက်မရကောင်းသော အဝိဘူတာရုံဝိထိဖြစ်အံ့ ကာလသုံးပါးဖြစ်သော စိတ် တစ်ခုယုတ် ၉၀၊ စေတသိက် ၅၂၊ ဝိညတ်ဒွေ၊ လက္ခဏာရုပ် ၄ ခုဟုဆိုအပ်သော ဓမ္မာရုံကိုလည်းကောင်း၊ အတိတ် အနာဂတ်ဖြစ်သော ရုပ်ဓာဝိသဟုဆိုအပ်သောအာရုံ ၆ ပါးကိုလည်းကောင်း၊ ကာလ ၃ ပါးမှလွတ်သော ကာလဝိမုတ် နိဗ္ဗာန် ပညတ်ကိုလည်းကောင်း အာရုံပြုကုန်၏။ ။မှီရာဝတ္ထုအားဖြင့် ဘဝင်အစရှိသော အလုံးစုံသောမနောဒွါရိက ဝိထိစိတ်တို့သည် ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကို မှီကုန်၏။ ။ဘုံအားဖြင့်ကား ဝိဘူတာရုံဝိထိသည် ကာမဘုံ၌သာဖြစ်၏။ အဝိဘူတာရုံဝိထိကား အသညသတ်ကြဉ်သောဘုံ ၃၀ ၌ဖြစ်၏။ ။ ပုဂ္ဂိုလ်အားဖြင့်ကား ပုထုဇဉ် ၄ ယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် ၄ ယောက်အားဖြင့် ရှစ်ယောက်သောပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်နိုင်ကုန်၏။

## တဒနုဝတ္တက မနောဒွါရဝိထိ

ပဉ္စဒွါရဝိထိ နောက်သို့အစဉ်လိုက်၍ ဖြစ်သောဝိထိသည် တဒနုဝတ္တက မနောဒွါရဝိထိမည်၏။ ထိုတဒနုဝတ္တက မနောဒွါရဝိထိသည်လည်း စက္ခုဒွါရဝိထိနောက်သို့ အစဉ်လိုက်သော စက္ခုဒွါရ တဒနုဝတ္တက မနောဒွါရဝိထိ (ပ) ကာယဒွါရဝိထိနောက်သို့ အစဉ်လိုက်သော ကာယဒွါရ တဒနုဝတ္တက မနောဒွါရဝိထိ အားဖြင့် ငါးပါးအပြားရှိ၏။

## စက္ခုဒွါရ တဒနုဝတ္တက မနောဒွါရဝီထိ

တစ်စုံတစ်ခုသောရူပါရုံ အဆင်းခြတ်ကိုမြင်ရာ၌-

၁။ ပစ္စုပ္ပန်ရူပါရုံကိုအာရုံပြု၍ စက္ခုဒွါရဝီထိဖြစ်၏။ ထိုနောက်

၂။ မြင်ပြီးသောအတိတ်ရူပါရုံကိုပင် အာရုံပြုရုံမျှပြု၍ တဒနုဝတ္တက မနောဒွါရ တဝီထိကျ၏။

၃။ မြင်ပြီးသောအတိတ်ရူပါရုံ၏ အဖြူအဝါ အမျိုးအမည် နာမပညတ်ကို ဆင်ခြင်တွေးတောကာ အာရုံပြု၍ သုဒ္ဓမနောဒွါရိက တဝီထိကျပြန်၏။

၄။ ထိုနောက် အနက်ဒြပ် အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရ တဝီထိကျပြန်၏။

ဤသို့လျှင် စက္ခုဝိညာဏ်ပဉ္စဒွါရ ၁ ဝီထိ၊ မနောဒွါရ ၃ ဝီထိ၊ ပေါင်း ၄ ဝီထိစေ့မှ အဖြူအဝါ မည်သူမည်ဝါ စသောအားဖြင့် အာရုံအားလျော်စွာ အထူးထူးအပြားပြား ခွဲခြားမှတ်သား သိရှိနိုင်ကြကုန်၏။

ဝဏ္ဏံ ပဌမ စိတ္တေန၊ တီတံ ဒုတိယ စေတသာ။
နာမံ တတိယ စိတ္တေန၊ အတ္ထံ စတုတ္ထ စေတသာ။

(မဏိမဉ္ဇူသာဋီကာ။)

ဝဏ္ဏံ၊ အဆင်းပစ္စုပ္ပန်ရူပါရုံကို။ ပဌမစိတ္တေန၊ ရှေးဦးစွာသော စက္ခုဝိညာဏ ဝီထိဖြင့်။ ပဿတိ၊ မြင်၏။ အတီတံ၊ ချုပ်လေပြီးသော ရူပါရုံကို။ ဒုတိယစေတသာ၊ နှစ်ဆင့်မြောက်သော တဒနုဝတ္တကမနောဒွါရိကဝီထိဖြင့်။ ဇာနာတိ၊ သိ၏။ နာမံ၊ နာမပညတ်ကို။ တတိယစိတ္တေန၊ သုံးဆင့်မြောက်သော သုဒ္ဓမနောဒွါရိကဝီထိစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ အတ္ထံ၊ အနက်ဒြပ်အတ္ထပညတ်ကို။ စတုတ္ထစေတသာ၊ လေးဆင့်မြောက်သော သုဒ္ဓမနောဒွါရိက ဝီထိစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။

## သောတဒွါရ တဒနုဝတ္တက မနောဒွါရဝီထိ

လူ ခွေး ကြောင် နွား စသော တစ်လုံးသော အသံခြတ် သဒ္ဒါရုံကို ကြားရသောသူသည်-

၁။ နွားဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကိုအာရုံပြု၍ သောတဒွါရဝီထိဖြစ်၏။ ထိုနောက်

၂။ ချုပ်လေပြီးသော ၎င်းအတိတ်သဒ္ဒါရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရ တစ်ဝီထိဖြစ်၏။

၃။ ထိုနောင် နွားဟူသောအမည်ပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရ တစ်ဝီထိဖြစ်၏။

၄။ ထိုနောင် နွားဒြပ်အထည်ကိုယ်ဖြစ်သော အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရ တစ်ဝီထိဖြစ်၏။

အက္ခရာနှစ်လုံးရှိသော ဘုရား တရား စသောအသံကို ကြားသောသူသည် ၆ ဝီထိမြောက်မှ အနက် အဓိပ္ပာယ်ကို သိနိုင်၏။

၁။ ဘု-ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏ် တစ်ဝီထိဖြစ်၏။

၂။ ဘု-ဟူသော အတိတ်အာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရ တစ်ဝီထိဖြစ်၏။

၃။ ရား-ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏ် တစ်ဝီထိဖြစ်၏။

၄။ ရား-ဟူသော အတိတ်အာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရ တစ်ဝီထိဖြစ်၏။

၅။ ဘုရား-ဟူသော အက္ခရာ အစဉ်ဟု ဆိုအပ်သော အပေါင်းသမူဟ နာမပညတ်ကို အာရုံပြု၍ တစ်ဝီထိဖြစ်၏။

၆။ ဘုရားရှင်ဒြဗ်အနက်ကို အာရုံပြု၍ မနောဒွါရတဝီထိဖြစ်၏။

ဤသို့လျှင် ဆဌ မနောဒွါရဝီထိကျမှသာလျှင် ဘုရားကိုယ်တော်မြတ်ဟု အနက်အဓိပ္ပာယ်ကို သိနိုင်လေသတည်း။ ကြွင်း ၃ လုံး ၄ လုံးစသော အက္ခရာရှိသော သဒ္ဒါရုံမှန်သမျှတို့၌လည်း ဤနည်းကိုမှီ၍ သိလေ။

ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိတို့၌လည်း ထိုအတူသိလေ။

ဤ ၄ ဝီထိတို့ကား တစ်ကြိမ်သာမက အကြိမ်များစွာပင် ထပ်၍ထပ်၍ဖြစ်ရာ၏။ လျှပ်တစ်ပြက် ခန့်လျှင် ကုဋေတစ်သိန်းခန့်၊ လျှပ် ၂ ပြက်ခန့်လျှင် ကုဋေနှစ်သိန်းခန့် စိတ္တက္ခဏတွေ ဖြစ်နိုင်သဖြင့် ဝတ္ထု တစ်ခုကိုမြင်၍ အမည်နာမကိုသိသော ဝီထိတိုင်အောင် ဝီထိပေါင်း ကုဋေတစ်သိန်းမကဖြစ်နိုင်၏။ စိတ်တို့၏ သဘောသည် မပြောမဟောနိုင်စဖွယ် ဆန်းကြယ်လျင်မြန်သည်၏ အဖြစ်ကြောင့် ၎င်းစိတ်၏ဖြစ်ပုံကို ကုန်စင် အောင် ပြောဟောခြင်းငှာ သဗ္ဗညုမြတ်စွာဘုရားတို့၏ အရာ(ဗုဒ္ဓဝိသယ)သာဖြစ်၏။ အခြားသူတို့၏ အရာ မဟုတ်။

စက္ခုဒွါရဝီထိစသည် နောက်မှာလိုက်သည်ဆိုသော်လည်း များသောအားဖြင့် အတိမဟန္တာရုံ မဟန္တာရုံ ဝီထိတို့နောင်၌သာ လိုက်ခွင့်ရှိ၍ ပရိတ္တာရုံဝီထိနောက်၌ အပ္ပကအားဖြင့်သာ လိုက်တန်ရာ၏။ အတိပရိတ္တာရုံ ဝီထိနောင်မူကား လိုက်ခွင့်မရှိကုန်။

ပဥ္စဒွါရိကဝီထိစိတ်ဖြင့်မူကား အာရုံ၏အရသာကို ကောင်းစွာမခံစားနိုင်။ ကုသိုလ် အကုသိုလ်တို့ကို ကြီးကျယ်စွာမဖြစ်စေနိုင်။ နောက်လိုက်သော မနောဒွါရိကဝီထိစိတ်တို့ဖြင့်သာ အာရုံအရသာကို ကောင်းစွာ ခံစား၍ ကုသိုလ် အကုသိုလ် အမျိုးမျိုး ကမ္မပထ အမျိုးမျိုးကို ဆောင်ရွက်နိုင်၏။

ကာမဇောဝါရ ပြီး၏။

◇◇◇◇◇

## အပ္ပနာဇောဝါရ

အပ္ပနာဇောဝါရသည် (၁) ဈာနဝီထိ၊ (၂) မဂ္ဂဝီထိ၊ (၃) ဖလသမာပတ္တိဝီထိ၊ (၄) အဘိညာဏ်ဝီထိ၊ (၅) နိရောဓသမာပတ္တိဝီထိဟု ၅ မျိုးပြား၏။

အပ္ပနာဇောဝါရ၌ ဝိဘူတ, အဝိဘူတအပြားမရှိ။ ထိုအတူ တဒါရုံတို့၏ ဖြစ်ခြင်းမရှိ။

မှတ်ချက်။ ။အပ္ပနာဇောဝါရ၌ ကသိုဏ်းပညတ်စသောအာရုံတို့ ထင်ထင်ရှားရှား ဖြစ်ပေါ်သော အခါ၌သာလျှင် အပ္ပနာဇောဖြစ်နိုင်သောကြောင့် ဝိဘူတာရုံတစ်ပါးသာဖြစ်၏။ အဝိဘူတာရုံမရှိဟုမှတ်။

ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ဤအင်္ဂါသုံးပါးစုံမှ တဒါရုံကျနိုင်၍ ဤ၌မဟဂ္ဂုတ်အာရုံ အပ္ပနာဇောဖြစ်သောကြောင့် တဒါရုံမကျဟူလို။

## (၁) ဈာနဝီထိ

ပထမဈာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်း ၂၆ ပါးတို့တွင် မိမိစရိုက်နှင့် သင့်လျော်ရာ တစ်ပါးပါးသော ကမ္မဋ္ဌာန်းအာရုံပြု၍ အဖန်ဖန်စီးဖြန်းပွားများရာ၏။ ထိုသို့ စီးဖြန်းဖန်များ၍ ပထမဈာန်ကိုရလိုလတ်သော် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့တွင် တစ်ပါးပါးကိုအာရုံပြု၍ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ကသိုဏ်း ပဋိဘာဂ နိမိတ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်၊ မန္ဒပုဂ္ဂိုလ်အား ကာမဝစရ ဉာဏသမ္ပယုတ်စိတ် ၈ ပါးတို့တွင် တစ်ပါးပါးသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု လေးကြိမ်၊ တိက္ခ ပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘုဟု သုံးကြိမ် ဥပစာရသမာဓိဇောကိစ္စဖြစ်၏။ ထို့နောင် ဈာန်အင်္ဂါ ငါးပါးနှင့်ပြည့်စုံသော ပထမဈာန်စိတ်သည် အပ္ပနာဇောကိစ္စ တစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက် သရွေ့ဖြစ်၏။

### ပထမဈာန် အာဒိကမ္မိက ဝီထိပုံစံ

ကံ,ကမ္မ,ဂတိ ... ကသိုဏ်းပညတ်ပဋိဘာဂအာရုံ

မန္ဒပုဂ္ဂိုလ် = န ဒ ... မ ပ ဥ နု ဂေါ ဈာန် ... ဘွင်ဖြစ်ထိုက်သရွေ့

တိက္ခပုဂ္ဂိုလ် = န ဒ ... မ ဥ နု ဂေါ ဈာန် ... ဘွင်ဖြစ်ထိုက်သရွေ့

ဒုတိယဈာန်စသော အထက်ဈာန်ဝီထိများလည်း နည်းတူချလေ။

အာဒိကမ္မိကဝီထိ=ကမ္မဋ္ဌာန်းစီးဖြန်း၍ ရှေးဦးစွာဈာန်ရသောဝီထိ။

ပရိကံ=အပ္ပနာဈာန်ဖြစ်ပေါ်ရန် ပြုပြင်စီရင်တတ်သောစိတ်။

ဥပစာ=အပ္ပနာ၏အနီးဖြစ်တတ်သောစိတ်(တစ်နည်း)အပ္ပနာ၏အနီးကပ်၍ ဖြတ်တတ်သောစိတ်။

အနုလုံ=အောက်ပရိကံဇောအားလည်းကောင်း၊ အထက်အပ္ပနာဇောအားလည်းကောင်း လျော်စွာ ဖြစ်တတ်သောစိတ်။

ဂေါတြဘု=ကာမအနွယ်ကို နှိပ်စက်တတ်သောကြောင့်လည်းကောင်း၊ ပုထုဇဉ်အနွယ်ကိုဖြတ်တတ် သောကြောင့်လည်းကောင်း ဂေါတြဘုမည်၏။

ဈာနဝီထိ၌ ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘုစိတ်တို့သည် ကာမာဝစရ ဉာဏသမ္ပယုတ်စိတ် တို့သာ တည်း။ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်များဖြစ်က မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ခုဖြစ်၍၊ ရဟန္တာဖြစ်လျှင် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ခုဖြစ်၏။

### ပစ္စဝေက္ခဏာဝီထိပုံစံ

ကံ,ကမ္မ,ဂတိ... ......ဈာန်အင်္ဂါအာရုံ.........

န ဒ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ......... ဘွင်

ပစ္စဝေက္ခဏာဝီထိဟူသည်ကား ဈာန်ကိုရရှိပြီးသောပုဂ္ဂိုလ်သည် မိမိရရှိသော ဈာန်၌ရှိသော ဝိတက် စသော ဈာန်အင်္ဂါအစိတ်အစိတ်ကို ဆင်ခြင်နှလုံးသွင်းသော ဝီထိစိတ်မျိုးဖြစ်၏။ သို့ဖြစ်၍ ပထမဈာန်

နောက် ပစ္စဝေက္ခဏာ ၅ ဝီထိ၊ ဒုတိယဈာန်နောက် ၄ ဝီထိ၊ တတိယဈာန်နောက် ၃ ဝီထိ၊ စတုတ္ထဈာန် နောက် ၂ ဝီထိ၊ ပဉ္စမဈာန်နောက် ၂ ဝီထိ၊ အရူပဈာန်များနောက် ၂ ဝီထိစီချလေ။

အထွတ်အထိပ် ဝသီဘော်သို့ရောက်၍ ဈာန်ကိုအလွန်ပိုင်နိုင်သော ပုဂ္ဂိုလ်တို့မှာမူ ဈာန်အင်္ဂါကို ဆင်ခြင်ရာ၌ ပစ္စဝေက္ခဏာဇော ၄ ကြိမ် ၅ ကြိမ်ကျနိုင်၏။ အခြားပုဂ္ဂိုလ်များမှာ ဇော ၇ ကြိမ်ကျ၏။

ဇောမှာ ကာမဇောကိုချ။

### သမာပဇ္ဇနဝီထိပုံစံ

ကံ,ကမ္မ,ဂတိ... ကသိုဏ်းပညတ် ပဋိဘာဂနိမိတ်အာရုံ

မန္ဒပုဂ္ဂိုလ် = န ဒ... မ ပ ဥ နု ဂေါ ဈာန် ဈာန် ဈာန်များစွာ...ဘွင်

တိက္ခပုဂ္ဂိုလ် = န ဒ... မ ဥ နု ဂေါ ဈာန် ဈာန် ဈာန်များစွာ...ဘွင်

ဈာန်ကိုရခါစ အာဒိကမ္မိကပုဂ္ဂိုလ်သည် မိမိရပြီးသောဈာန်ကို နိုင်မြဲစေခြင်းငှာလည်းကောင်း၊ ဝသီဘော်ရောက်၍ ကမ်းတစ်ဘက် ပါရဂူဖြစ်စေခြင်းငှာလည်းကောင်း၊ ရပြီးသောဈာန်ကို အဖန်ဖန် အံထပ်ထပ် ဝင်စားရသော ဝီထိကို ဈာနသမာပဇ္ဇနဝီထိ ခေါ်၏။

ဈာနဝီထိအပြား။ ။ရူပဈာန် ၅ ပါး၊ အရူပဈာန် ၄ ပါး၊ ဤ ၉ ပါးသောဝီထိသည် ကုသိုလ် ကြိယာ ၂ မျိုးပြားသဖြင့် ၁၈ ပါးဖြစ်၏။ ၎င်း ၁၈ ပါးသော ဝီထိသည်လည်း အာဒိကမ္မိကဝီထိ၊ သမာပဇ္ဇန ဝီထိ ၂ မျိုးစီပြားသဖြင့် ၂ ပါးနှင့်မြှောက်သော် ၃၆ ပါးဖြစ်၏။ ၎င်း ၃၆ ပါးသောဝီထိကို မန္ဒပုဂ္ဂိုလ် တိက္ခပုဂ္ဂိုလ် ၂ ပါးနှင့်မြှောက်သော် ဈာနဝီထိပေါင်း ၇၂ ပါးဖြစ်သတည်း။ အစိတ်အစိတ်ခွဲဝေသော် ပထမဈာန် ၈ ဝီထိ၊ ဒုတိယဈာန် ၈ ဝီထိ၊ တတိယဈာန် ၈ ဝီထိ၊ စတုတ္ထဈာန် ၈ ဝီထိ၊ ပဉ္စမဈာန် ၄၀ အားဖြင့် ဝီထိပေါင်း ၇၂ ပါး ဖြစ်သတည်း။

ပစ္စဝေက္ခဏာဝီထိအပြား။ ။ဈာန်အင်္ဂါတစ်ပါးတစ်ပါး၌ တဝီထိစီရကောင်းသောကြောင့် ပထမဈာန် ၈ ဝီထိ နောင် ၄၀၊ ဒုတိယဈာန် ၈ ဝီထိ နောင် ၃၂၊ တတိယဈာန် ၈ ဝီထိ နောင် ၂၄၊ စတုတ္ထဈာန် ၈ ဝီထိ နောင် ၁၆၊ ပဉ္စမဈာန် ၄၀ ဝီထိ နောင် ၈၀ အားဖြင့် ပေါင်း ၁၉၂ ဝီထိ ဖြစ်သတည်း။

## ဈာနဝီထိ၏ စိတ် – အာရုံ – ဝတ္ထု – ဘုံ – ပုဂ္ဂိုလ်

စိတ်အားဖြင့် ဘဝင်မှန်သမျှ တဒါရုံဘဝင်၊ မနောဒွါရာဝဇ္ဇန်း၊ ကာမာဝစရဉာဏသမ္ပယုတ် ကုသိုလ် ၄, ကြိယာ ၄, မဟဂ္ဂုတ်ကုသိုလ် ၉, ကြိယာ ၉ တို့တည်း။ ။အာရုံအားဖြင့် ရှေ့နောက် ဘဝင်မှန်သမျှတို့သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၏။ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ ဈာန်စိတ်တို့သည် ကသိုဏ်း ပဋိဘာဂနိမိတ်ကို အာရုံပြုကုန်၏။ ။မှီရာဝတ္ထုအားဖြင့် ပဉ္စဝေါ ကာရဘုံ၌ ဘဝင်အစရှိသော အလုံးစုံသော အပ္ပနာဝီထိစိတ်တို့သည် ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကိုမှီ၏။ အရူပဘုံ၌မှီရာဝတ္ထုမရှိ။ ။ဘုံအားဖြင့် ကာမသုဂတိ ၇ ဘုံ၊ အသညသတ်ကြဉ်သော

ရူပ ၁၅ ဘုံ–အရူပ ၄ ဘုံတို့၌ ဖြစ်နိုင်ကုန်၏။ ။ပုဂ္ဂိုလ်အားဖြင့် တိဟိတ်ပုဂ္ဂိုလ်–ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ ယောက် အားဖြင့် ပုဂ္ဂိုလ် ၅ ယောက်တို့၌ ဖြစ်၏။

◇◇◇◇◇

## (၂) မဂ္ဂဝီထိ

မဂ္ဂဝီထိသည်လည်း သောတာပတ္တိမဂ္ဂဝီထိ၊ သကဒါဂါမိမဂ္ဂဝီထိ၊ အနာဂါမိမဂ္ဂဝီထိ၊ အရဟတ္တမဂ္ဂဝီထိ အားဖြင့် လေးပါးအပြားရှိ၏။ မဂ္ဂဝီထိဖြစ်ပုံမှာ သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု အဖန်ဖန်တလဲလဲ ရှုဖန်များ၍ သောတာပန်ဖြစ်လိုလတ်သော် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်၊ မန္ဒပုဂ္ဂိုလ်အား ကာမာဝစရ ကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါးတို့တွင် တစ်ပါးပါး သည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု ကာမဇော ၄ ကြိမ်၊ တိက္ခ ပုဂ္ဂိုလ်အား ဥပစာ၊ အနုလုံ ဂေါတြဘူဟု ကာမဇော ၃ ကြိမ်၊ ထို့နောင် သောတာပတ္တိမဂ်သည် သစ္စာလေးပါးကို တစ်ပြိုင်နက်သိလျက် မဂ်ကိစ္စတစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် မန္ဒပုဂ္ဂိုလ်အား သောတာပတ္တိဖိုလ် ၂ ကြိမ်၊ တိက္ခပုဂ္ဂိုလ်အား သောတာပတ္တိဖိုလ် ၃ ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုအတူ သကဒါဂါမိ – အနာဂါမိ – အရဟတ္တမဂ္ဂဝီထိတို့၌လည်း ဂေါတြဘူအစား ဝေါဒါန်နှင့် မဂ်အမည်သာ ပြောင်း၍ချလေ။

**သောတာပတ္တိမဂ္ဂဝီထိ ပုံစံ**

ကံ,ကမ္မ,ဂတိ...သင်္ခါရအာရုံ နိဗ္ဗာန်အာရုံ

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မန္ဒပုဂ္ဂိုလ် | = | န | ဒ... | မ | ပ | ဥ | နု | ဂေါ | မဂ် | ဖိုလ် | ဖိုလ် | ... | ဘွင် | ဘွင် |
| တိက္ခပုဂ္ဂိုလ် | = | န | ဒ... | မ | | ဥ | နု | ဂေါ | မဂ် | ဖိုလ် | ဖိုလ် | ဖိုလ်... | ဘွင် | ဘွင် |

**အထက်မဂ် ၃ ပါး ဝီထိ ပုံစံ**

ကံ,ကမ္မ,ဂတိ...သင်္ခါရအာရုံ နိဗ္ဗာန်အာရုံ

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မန္ဒပုဂ္ဂိုလ် | = | န | ဒ... | မ | ပ | ဥ | နု | ဝေါ | မဂ် | ဖိုလ် | ဖိုလ် | ... | ဘွင် | ဘွင် |
| တိက္ခပုဂ္ဂိုလ် | = | န | ဒ... | မ | | ဥ | နု | ဝေါ | မဂ် | ဖိုလ် | ဖိုလ် | ဖိုလ်... | ဘွင် | ဘွင် |

မဂ္ဂဝီထိအပြား။ ။သောတာပတ္တိမဂ်သည် ဈာန်ငါးပါးနှင့်ယှဉ်၍ ဖြစ်နိုင်သောကြောင့် သောတာပတ္တိ မဂ္ဂဝီထိ ၅ ပါးဖြစ်၏။ ၎င်း ၅ ပါးကို မန္ဒပုဂ္ဂိုလ် တိက္ခပုဂ္ဂိုလ် ၂ ပါးနှင့်မြှောက်သော် ၁၀ ပါးဖြစ်၏။ ၎င်း ၁၀ ပါးကို ပါဒကဈာန်၊ သမ္မသိတဈာန်၊ ပုဂ္ဂလဇ္ဈာသယ ၃ ပါးနှင့်မြှောက်သော် ၃၀ ဖြစ်၏။ ဤသို့လျှင် ဂေါတြဘူကျသော ဂေါဝါရ ၃၀၊ အထက်မဂ် ၃ ပါးကိုလည်း နည်းတူမြှောက်၍ ဝေါဒါန်ကျသော ဝေါဝါရ ၉၀၊ ပေါင်းမဂ္ဂဝီထိ ၁၂၀ ဖြစ်၏။

(က) အခြေပြုရန်၊ ဝင်စားရျာန်၊ နည်းမှန်ပါဒက။
(ခ) သုံးသပ်အပ်မှန်၊ ယင်းသည်ရျာန်၊ မှန်ရန်သမ္ပသိတ။
(ဂ) ပုဂ္ဂိုလ်အလို၊ ယင်းရျာန်ကို၊ မှတ်ဆိုပုဂ္ဂလဇ္ဈာသယ။
ဝေါဒါန်=ဖွေးဖြူကြည်လင်သန့်ရှင်းသောစိတ်။

## မဂ္ဂပစ္စဝေက္ခဏာဝိထိ

ကံ,ကမ္မ,ဂတိ ... ရရှိပြီးသောမဂ်၊ ဖိုလ်၊ နိဗ္ဗာန်စသည်
န ဒ ... မ ဇ ဇ ဒ ဇ ဇ ဇ ဇ ... ဘွင် ဘွင်

ရရှိပြီးသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ပယ်အပ်ပြီးသော ကိလေသာ၊ ကြွင်းသော ကိလေသာ၊ ဤ ၅ ပါးကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ၅ ဝိထိသည် မဂ္ဂဝိထိနောင်ကျ၏။ အရဟတ္တမဂ်နောက်၌ကား ကြွင်းသော ကိလေသာ မရှိသဖြင့် ၄ ဝိထိသာဖြစ်၏။ လျင်မြန်ခြင်းကို အလိုမရှိအပ်ရကား ပစ္စဝေက္ခဏာ ကာမဇော ခုနစ်ကြိမ်ကျလေသည်။

မဂ္ဂပစ္စဝေက္ခဏာဝိထိအပြား။ ။အောက်မဂ် ၃ ပါးတွင် တစ်ပါးတစ်ပါး၌ ဆိုအပ်ပြီးသော ပစ္စဝေက္ခဏာ ဝိထိ ၅ ခုစီဖြစ်၍ ၁၅ ဝိထိဖြစ်၏။ အရဟတ္တမဂ်၌ ကြွင်းသောကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိ မရှိသဖြင့် ၄ ဝိထိသာဖြစ်၏။ သို့ဖြစ်၍ အကျဉ်းအားဖြင့် မဂ္ဂပစ္စဝေက္ခဏာဝိထိပေါင်း ၁၉ ပါးဖြစ်၏။ အကျယ် အားဖြင့်ကား သောတာပတ္တိမဂ် ပဌမရျာန်၌ ၅ ပါး၊ ဒုတိယရျာန်၌ ၅ ပါး၊ တတိယရျာန် ၅ ပါး၊ စတုတ္ထ ရျာန်၌ ၅ ပါး၊ ပဉ္စမရျာန်၌ ၅ ပါး ပေါင်း ၂၅ ပါးဖြစ်၏။ ၎င်း ၂၅ ပါးကို မန္ဒပုဂ္ဂိုလ်၊ တိက္ခပုဂ္ဂိုလ် ၂ ပါးနှင့် မြှောက်သော် ၅၀ ဖြစ်၏။ ၎င်း ၅၀ ကို ပါဒက၊ သမ္မသိတ၊ ပုဂ္ဂလဇ္ဈာသယ ၃ ပါးနှင့်မြှောက်သော် ၁၅၀ ဖြစ်၏။ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်တို့၌လည်း ၁၅၀ စီရ၏။ အရဟတ္တမဂ်ကား ဆင်ခြင်ဖို့ရာ ကြွင်းသော ကိလေသာမရှိသဖြင့် ပဌမရျာန်၌ ၄ ပါး၊ ဒုတိယရျာန်၌ ၄ ပါး၊ တတိယရျာန်၌ ၄ ပါး၊ စတုတ္ထရျာန်၌ ၄ ပါး၊ ပဉ္စမရျာန်၌ ၄ ပါး၊ ပေါင်း ၂၀ ဖြစ်၏။ ၎င်း ၂၀ ကို မန္ဒပုဂ္ဂိုလ် တိက္ခပုဂ္ဂိုလ် ၂ ပါးနှင့် မြှောက်သော် ၄၀ ဖြစ်၏။ ၎င်း ၄၀ ကို ပါဒက၊ သမ္မသိတ၊ ပုဂ္ဂလဇ္ဈာသယ ၃ ပါးနှင့်မြှောက်သော် ၁၂၀ ဖြစ်၏။ ပေါင်း မဂ် ၄ ပါး၌ ပစ္စဝေက္ခဏာဝိထိ ၅၇၀ ဖြစ်၏။

## မဂ္ဂဝိထိ၏ စိတ် – အာရုံ – ဝတ္ထု – ဘုံ – ပုဂ္ဂိုလ်

စိတ်အားဖြင့် ဘဝင်မှန်သမျှ တိဟိတ်ဘဝင်၊ မနောဒွါရာဝဇ္ဇန်း၊ ကာမာဝစရ ဉာဏသမ္ပယုတ် ကုသိုလ် ၄၊ မဂ် ၄၊ ဖိုလ် ၄ တို့သာတည်း။ ။အာရုံအားဖြင့် ရှေ့နောက်ဘဝင်တို့သည် ကံ,ကမ္မနိမိတ်, ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။ မနောဒွါရာဝဇ္ဇန်း,ပရိကံ, ဥပစာ, အနုလုံစိတ်တို့သည် တေဘူမက သင်္ခါရတရားကို အာရုံပြု၏။ ဂေါတြဘု, ဝေါဒါန်, မဂ်စိတ်, ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြု၏။ ။မှီရာဝတ္ထုအားဖြင့် ပဉ္စဝေါကာရဘုံ၌ ဘဝင်အစရှိသော အလုံးစုံသောစိတ်တို့သည် ရှေးရှေး

သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုမှီ၏။ အရူပဘုံ၌ မှီရာဝတ္ထုမရှိ။ ။ဘုံအားဖြင့် အပါယ်ကြဉ်သော ပဥ္စဝေါကာရ ၂၂ ဘုံ အရူပ ၄ ဘုံ၌ရအပ်၏။ သောတာပတ္တိမဂ္ဂဝီထိကား အရူပ ၄ ဘုံ၌ မရအပ်။ ။ပုဂ္ဂိုလ်အားဖြင့် တိဟိတ် ပုထုဇဉ်, မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄, ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ တို့၌ ရအပ်၏။

◇◇◇◇◇

## (၃) ဖလသမာပတ္တိဝီထိ

ဖလသမာပတ္တိဝီထိဆိုသည်မှာ ဖိုလ်လေးပါးသို့ ရောက်ပြီးသောပုဂ္ဂိုလ်သည် မိမိရပြီးသောဖိုလ်ကို ထပ်မံ၍ဝင်စားခြင်းကို ဖလသမာပတ္တိဝီထိဟုခေါ်သည်။ နတ်တို့သည် ကိုယ်ပိုင်ကာမဂုဏ်စည်းစိမ်ကို ခံစားသကဲ့သို့လည်းကောင်း၊ ပြည့်ရှင်မင်းသည် ပြည်ကြီးစည်းစိမ်ကို ခံစားသကဲ့သို့လည်းကောင်း၊ ဖိုလ်၌တည်သော အရိယာပုဂ္ဂိုလ်သည် မျက်မှောက်သောကိုယ်၏အဖြစ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ ဖိုလ်ချမ်းသာကို ခံစားလိုလတ်သော် ဥဒယဗ္ဗယဉာဏ်မှစ၍ ၉ ပါးသော ဝိပဿနာဉာဏ်အစဉ်ဖြင့် တေဘူမက သင်္ခါရတရားကို ရှုဆင်ခြင်၍ သင်္ခါရုပေက္ခာဉာဏ်၏အဆုံး၌ ဖလသမာပတ္တိဝီထိ ကျလေသည်။

**ဖလသမာပတ္တိဝီထိ ပုံစံ**

| | ကံ,ကမ္မ,ဂတိ … သင်္ခါရအာရုံ | နိဗ္ဗာန်အာရုံ |
|---|---|---|
| မန္ဒပုဂ္ဂိုလ် = | န ဒ … မ န န န န | ဖိုလ် ဖိုလ် ဖိုလ်များစွာ… ဘင် |
| တိက္ခပုဂ္ဂိုလ် = | န ဒ … မ န န န | ဖိုလ် ဖိုလ် ဖိုလ်များစွာ… ဘင် |

ဖလသမာပတ်ကို ပုထုဇဉ်တို့မဝင်စားနိုင်။ အရိယာပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်၏။ အောက်အောက်ဖြစ်သော အရိယာပုဂ္ဂိုလ်သည် မရရှိသေးသော အထက်အထက် ဖလသမာပတ်ကို မဝင်စားနိုင်။

အနုလုံစိတ်တို့သည် မဟာကုသိုလ်ကြိယာ ဉာဏသမ္ပယုတ်ဇောတို့တည်း။ မနောဒွါရာဝဇ္ဇန်း, အနုလုံတို့သည် တေဘူမက သင်္ခါရကိုအာရုံပြု၏။ ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကိုအာရုံပြု၏။

ဖိုလ် ၄ ပါးကိုတည် ဈာန် ၅ ပါးနှင့်မြှောက် ၂၀။ ၎င်းကို ပါဒက, သမ္မသိတ, ပုဂ္ဂလဇ္ဈာသယ ၃ ပါးနှင့် မြှောက် ၆၀။ ၎င်းကို မန္ဒတိက္ခပုဂ္ဂိုလ် ၂ ပါးနှင့်မြှောက် ဖလသမာပတ္တိဝီထိ ပေါင်း ၁၂၀ ဖြစ်၏။

◇◇◇◇◇

## (၄) အဘိညာဏ်ဝီထိ

အဘိညာဏ်ဟူသည်ကား ကသိုဏ်းဖြင့် ပွားများအားထုတ်အပ်သော ဈာန်တို့၏ နိသန္ဒအကျိုးပေတည်း။ ၎င်းတို့၏အာရုံကို ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟ၌ပြခဲ့ပြီ။ အဘိညာဏ်ကို ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ရခါမျှဖြင့်မရသေး။ သမာပတ် ၉ ပါးကိုရပြီးသော ဈာနလာဘီပုဂ္ဂိုလ်သည် ဩဒါတ ကသိုဏ်းအဆုံးရှိသော ၈ ပါးသော ကသိုဏ်းတို့တွင် ဈာန်တို့ကို ပိုင်နိုင်စွာဖြစ်စေပြီးမှ ကသိုဏ်း ၈ ပါးတို့ကို အနုလုံ ပဋိလုံ ဝင်စားခြင်း စသော ၁၄ ပါးသောနည်းတို့ဖြင့် ဈာန်ကိုကောင်းစွာ လေ့လာကာ

စိတ်ကိုနူးညံ့ပျော့ပျောင်း ကောင်းမွန်ထက်သန်အောင် လေ့လာပွားများအပ်၏။ ဤသို့နိုင်နင်းစွာလေ့လာ၍ ဣဒ္ဓိဝိဓ စသော အဘိညာဏ်တရားကို အားထုတ်ရာ၏။

ရှေးဘဝက အဘိညာဏ်တည်း ဟူသောအကြောင်းနှင့် ပြည့်စုံခဲ့ပေသော အတိတိက္ခပုဂ္ဂိုလ်တို့မှာ သမာပတ် ၉ ပါးလုံးကိုမရသော်လည်း ရူပ ပဉ္စမဈာန်ကို နိုင်နင်းကာမျှဖြင့် အဘိညာဏ်ကို ရနိုင်၏။ အားကြီးသော ဗလဝပုဗ္ဗယောဂရှိကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝကစသော ပုဂ္ဂလိကဝိသေသတို့မှာ အထူးအားထုတ်ဖွယ်မရှိ။ မဂ္ဂသိဒ္ဓိဖြစ်၍ အရဟတ္တမဂ်၏အစွမ်းဖြင့်ပင် ပြည့်စုံနိုင်၏။

## အဘိညာဏ် ၇ ပါး

(၁) ဒိဗ္ဗစက္ခု အဘိညာဏ် = အဝေးအနီး အသေးအငယ်စသော အဆင်းအမျိုးမျိုးကို မြင်စွမ်းနိုင်ခြင်း။

(၂) ဒိဗ္ဗသောတ အဘိညာဏ် = အဝေးအနီး အသေးအငယ်စသော အသံအမျိုးမျိုးကို ကြားစွမ်းနိုင်ခြင်း။

(၃) ဣဒ္ဓိဝိဓ အဘိညာဏ် = တန်ခိုး အထူးထူးအထွေထွေ ဖန်ဆင်းနိုင်ခြင်း။

(၄) စေတောပရိယ(ပရစိတ္တဝိဇာနန)အဘိညာဏ် = သူတစ်ပါးတို့၏ စိတ်အကြံအစည်ကိုသိခြင်း။

(၅) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် = ရှေးရှေးဘဝ အဆက်ဆက် ကမ္ဘာအဆက်ဆက်တွေကို သိခြင်း။

(၆) ယထာကမ္မူပဂ အဘိညာဏ် = ဘယ်နတ် ဘယ်လူ ဘယ်သတ္တဝါသည် အဘယ်ကြောင့် ဘယ်သို့ဖြစ်ရသည်ဟု ကံအားလျော်စွာသိခြင်း။

(၇) အနာဂတံသ အဘိညာဏ် = နောက်နောက်ဖြစ်လတ့်သော ဘဝတွေ ကမ္ဘာတွေကိုသိခြင်း။

ဒိဗ္ဗစက္ခုနှင့်ကင်း၍ ပရိကံ အသီးအခြားမရှိရကား ယထာကမ္မူပဂနှင့် အနာဂတံသကို ဒိဗ္ဗစက္ခု၌ သွင်းလျှင် တစ်နည်း အဘိညာဏ် ၅ ပါးဖြစ်၏။ ဤ ၅ ပါး၌ အာသဝက္ခယဉာဏ်ကိုသွင်းလျှင် အဘိညာဏ် ၆ ပါးဖြစ်၏။

## အဘိညာဏ်ဝီထိဖြစ်ပုံ

"ပါဒကဈာန်၊ အဓိဋ္ဌာန်နှင့်၊ ဟဖန်ပါဒက၊ စတုတ္ထ၊ ကျတုံအဘိညာ" ဆိုသည့်အတိုင်း

(၁) ပါဒကဈာနဝီထိ၊ (၂) အဓိဋ္ဌာနဝီထိ၊ (၃) ပါဒကဈာနဝီထိ၊ (၄) အဘိညာဏ်ဝီထိ- ဤ ၄ ဝီထိတို့သည် အစဉ်အတိုင်းဖြစ်၏။ ယို ၄ ဝီထိတို့တွင် စတုတ္ထဝီထိသည်သာ အဘိညာဏ်ဝီထိဖြစ်၏။

## ပါဒကဈာနဝီထိ

ကံ,ကမ္မ,ဂတိ ... ကသိုဏ်းအာရုံ

မန္ဒပုဂ္ဂိုလ် = န ဒ ... မ ပ ဉ နု ဂေါ ဈာန် ဈာန် ဈာန်များစွာ ... ဘင်

တိက္ခပုဂ္ဂိုလ် = န ဒ ... မ ဉ နု ဂေါ ဈာန် ဈာန် ဈာန်များစွာ ... ဘင်

ဤကား အဘိဋ္ဌာန်၏ အခြေအမြစ်ဖြစ်သော ရူပ ပဉ္စမဈာန် သမာပတ္တိဝီထိတည်း။ ထိုနောင် အလိုရှိရာကို ပြီးစီးစေသတည်းဟု အဓိဋ္ဌာန်သော ကာမဇောဝါရဝီထိကျ၏။

## အဓိဋ္ဌာနဝီထိ

ကံ,ကမ္မ,ဂတိ... အဓိဋ္ဌာတဗ္ဗအာရုံ

န ဒ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ... ဘွင်

ဤဝီထိဖြင့် အလိုရှိသောအတိုင်း ဖြစ်စေလိုသော အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကိုအာရုံပြု၏။ ပုထုဇဉ်သေက္ခဖြစ်လျှင် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောချ။ ရဟန္တာဖြစ်လျှင် မဟာကြိယာဉာဏသမ္ပယုတ် ဇောချ။ ဤဝီထိဖြင့် အလိုရှိသမျှကို ဓိဋ္ဌာန်၏။ ထိုနောင် အဘိညာဏ်ဖြစ်ရန် အခြေပါဒကဖြစ်သော ရူပပဥ္စမဈာန် သမာပတ္တိ ဝီထိတဖန် ဖြစ်ရပြန်၏။

## ပါဒကဈာနဝီထိ

ကံ,ကမ္မ,ဂတိ... ကသိုဏ်းအာရုံ

မန္ဒပုဂ္ဂိုလ် = န ဒ... မ ပ ဉ နု ဂေါ ဈာန် ဈာန် ဈာန်များစွာ... ဘွင်

တိက္ခပုဂ္ဂိုလ် = န ဒ... မ ဉ နု ဂေါ ဈာန် ဈာန် ဈာန်များစွာ... ဘွင်

ဤကား အဘိညာဏ်၏ အခြေပါဒကဝီထိတည်း။ ပါဒကဝီထိတို့၌ ပုထုဇဉ်သေက္ခဖြစ်လျှင် ပဥ္စမ ဈာန် ကုသိုလ်ချ။ ရဟန္တာဖြစ်လျှင် ကြိယာချ။ ထိုနောင် အဓိဋ္ဌာန်သောအတိုင်းကို အာရုံပြု၍ အဓိဋ္ဌာန်သော အတိုင်း ဖြစ်စေနိုင်သော အဘိညာဏ်ဝီထိ ဖြစ်ပေါ်လာ၏။

## အဘိညာဏ်ဝီထိ

ကံ,ကမ္မ,ဂတိ... အဘိညာဏ်အာရုံ

မန္ဒပုဂ္ဂိုလ် = န ဒ... မ ပ ဉ နု ဂေါ အဘိညာဏ်ဈာန်... ဘွင်

တိက္ခပုဂ္ဂိုလ် = န ဒ... မ ဉ နု ဂေါ အဘိညာဏ်ဈာန်... ဘွင်

ဤကား အဘိညာဏ်ဝီထိတည်း။ ပုထုဇဉ်သေက္ခဖြစ်လျှင် ကုသိုလ်အဘိညာဏ်ချ။ ရဟန္တာဖြစ်လျှင် ကြိယာအဘိညာဏ်ချ။ ရှေ့နောက်ဘဝင်တို့ကို ပဥ္စဝေါကာရတိဟိတ်ဘဝင် ၉ ခုချ။ ရှေ့ကာမဇောတို့ကို မဟာကုသိုလ် တတိယဒွေနှင့် မဟာကြိယာ တတိယဒွေတို့တွင် ထိုက်သင့်ရာချလေ။ အဘိညာဏ်ဇော တစ်ကြိမ်သာ ဖြစ်၏။ ဤအဘိညာဏ်ဇောဖြစ်သည်နှင့် တစ်ပြိုင်နက် ဓိဋ္ဌာန်သောအတိုင်း ကောင်းကင် မြေမိုး ပျံလျှိုးခြင်း စသော ကိစ္စကိစ္စကို ပြီးစေ၏။

အဘိညာဏ် ၇ ပါးကို ကုသိုလ် ကြိယာ ၂ ပါးနှင့်မြှောက်သော် ၁၄။ ၎င်း ၁၄ ကို မန္ဒ, တိက္ခ ပုဂ္ဂိုလ် ၂ ပါးနှင့်မြှောက်သော် ၂၈ ပါးဖြစ်၏။ ။အဘိညာဏ်ဝီထိကို ကာမသုဂတိ ၇ ဘုံနှင့် အသညသတ် ကြဉ်သော ရူပ ၁၅ ဘုံတို့၌ ရအပ်၏။ ပုဂ္ဂိုလ်အားဖြင့် တိဟိတ် ပုထုဇဉ်နှင့် ဖလဋ္ဌာန် ၄ ယောက်တို့၌ ရအပ်၏။

## နိရောဓသမာပတ္တိဝိထိ

သင်္ခါရတရားတို့၏ ဖြစ်မှုပျက်မှုကို လွန်စွာငြီးငွေ့၍ မျက်မှောက်သောကိုယ်၏အဖြစ်၌ပင် ဒိဋ္ဌဓမ္မနိဗ္ဗာန် ချမ်းသာကိုခံစားလိုသော သမာပတ္တိလာဘီ ယောဂီဖြစ်သော ကာမ ရူပ အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သည် ပလိဗောဓကိုဖြတ်သိမ်းကာ ဆိတ်ငြိမ်ရာသို့ကပ်၍ ပထမဈာန်ကို ဝင်စားရာ၏။ ထိုပထမဈာန်မှ ထသောအခါ ထိုဈာန်၌တည်သော သင်္ခါရတရားတို့ကို အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ရာ၏။ ထိုနည်းအတူ ဒုတိယဈာန်စသောအားဖြင့် အဆင့်ဆင့် အာကိဉ္စညာယတနဈာန်တိုင်အောင် ဈာန်ကိုဝင်စား၍ ဈာန်မှ ထတိုင်းထတိုင်း ဈာန်၌ရှိသောသင်္ခါရတို့ကို ဝိပဿနာတင်ရာ၏။ ထိုအာကိဉ္စညာယတနဈာန်မှ ထသောအခါ ဝိပဿနာကိုမရှုဘဲ ပုဗ္ဗကိစ္စလေးပါးကိုပြု၏။

ပုဗ္ဗကိစ္စလေးပါး- (၁) မိမိပရိက္ခရာဘို့မပျက်စီးရန် ဓိဋ္ဌာန်ခြင်း။

(၂) နိရောဓသမာပတ်ဝင်စားနေစဉ် သံဃာတော်များကံပြုလျှင် မိမိကိုမပင့်မခေါ်မီ ထအံ့ဟု ဓိဋ္ဌာန်ခြင်း။

(၃) တစ်စုံတစ်ခုသော အကြောင်းကြောင့် မြတ်စွာဘုရားခေါ်တော်မူလိုလျှင် မခေါ်လာမီ ထအံ့ဟု ဓိဋ္ဌာန်ခြင်း။

(၄) ၇ ရက်အတွင်းထအံ့ဟု ကာလပိုင်းခြားခြင်း။ (ရူပဘုံမှာဖြစ်လျှင် ကာလအပိုင်းအခြားမရှိ)

ထိုနောင် နေဝသညာ နာသညာယတနဈာန်ကို ဝင်စားရာ၏။ ၎င်းဈာန် ၂ကြိမ်ကျပြီးလျှင် စိတ်, စေတသိက်, စိတ္တဇရုပ်တို့ချုပ်ငြိမ်း၍ နိရောဓသမာပတ်သို့ရောက်၏။

### နိရောဓသမာပတ္တိဝိထိ ပုံစံ

ကံ,ကမ္မ,ဂတိ ... အာကိဉ္စညာယတနကုသိုလ်ကြိယာအာရုံ

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| မန္ဒပုဂ္ဂိုလ် | = န ဒ ... | မ | ပ | ဥ | န | ဂေါ် | နေဝဈာန် | နေဝဈာန် – နိရောဓ – ဖိုလ် ... ဘွင် |
| တိက္ခပုဂ္ဂိုလ် | = န ဒ ... | မ | | ဥ | န | ဂေါ် | နေဝဈာန် | နေဝဈာန် – နိရောဓ – ဖိုလ် ... ဘွင် |

ရှေ့နောက်ဘဝင်တို့ကို ပဥ္စဝေါကာရ တိဟိတ်ဘဝင် ၉ ခုချ။ ဈာန်ရှေ့ဇောတို့ကို အနာဂါမ်ဖြစ်လျှင် မဟာကုသိုလ် တတိယဒွေ၊ ရဟန္တာဖြစ်လျှင် မဟာကြိယာ တတိယဒွေကိုချ။ အနာဂါမ်မှာ နေဝသညာနာသညာယတနကုသိုလ်ဇော ၂ ကြိမ်၊ ရဟန္တာမှာ နေဝသညာနာသညာယတနကြိယာဇော ၂ ကြိမ်စော၍ စိတ်, စေတသိက်, စိတ္တဇရုပ်တို့သည်ချုပ်၍ နိရောဓသမာပတ်သို့ ရောက်၏။ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ဖြစ်လျှင် အနာဂါမိဖိုလ် တစ်ကြိမ်ကျ၍ ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ် တစ်ကြိမ်ကျ၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။

နိရောဓ သမာပတ်ဝင်စားခိုက် ကာမပုဂ္ဂိုလ်ဖြစ်လျှင် ကမ္မဇ- ဥတုဇ- အာဟာရဇရုပ်စုသာကြွင်း၏။ ရူပပုဂ္ဂိုလ်ဖြစ်လျှင် ကမ္မဇ- ဥတုဇရုပ်သာကြွင်း၏။ ။အရူပဘုံ၌ အစဉ်အတိုင်းဝင်စားရန် ရူပစျာန် မရှိသောကြောင့် အရူပဘုံ၌ နိရောဓသမာပတ်မဖြစ်နိုင်။ ။နိရောဓသမာပတ်သည် အရိယာမဂ်ပညာ၏ အာနိသံသတည်း။

နိရောဓသမာပတ်သည် ကာမဘုံ ရူပဘုံ ၂ ပါးနှင့်မြှောက်လျှင် ၂ ပါးဖြစ်၏။ အနာဂါမ်ရဟန္တာ ၂ ပါးနှင့်မြှောက်လျှင် ၄ ပါး၊ မန္ဒ တိက္ခ ပုဂ္ဂိုလ် ၂ မျိုးနှင့်မြှောက်လျှင် ၈ ပါးဖြစ်၏။

## ကာမဇောနောင် အပ္ပနာဇောကျပုံ

ဒွိတ္တိံ'သ သုခပုညမှာ၊ ဒွါဒသောပေက္ခကာ ပရံ၊
သုခိတ ကြိယတော အဋ္ဌ၊ ဆ သမ္ဘောန္တိ ဥပေက္ခကာ။

| ကာမတိဟိတ်ဇော-၈ | အပ္ပနာဇော-၅၈ | | | | | | | | | | | | ဝေဒနာဘေဒ | ဓာတ်ဘေဒ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ရူပဇော-၁၀ | | | | အရူပဇော-၈ | | လောကုတ္တရာဇော-၄၀ | | | | | | | |
| | ကု | | ကြိ | | ကု | ကြိ | မဂ်ဇော | | အောက်ဖိုလ် | | ရဟတ္တဖိုလ် | | | |
| | သော | ဥ | သော | ဥ | ဥ | ဥ | သော | ဥ | သော | ဥ | သော | ဥ | | |
| မဟာကုသိုလ် ပထမဒွေ | ၄ | | | | | | ၁၆ | | ၁၂ | | | | ၃၂ | ၄၄ |
| ။ တတိယဒွေ | | ၁ | | | ၄ | | | ၄ | | ၃ | | | ၁၂ | |
| မဟာကြိယာ ပထမဒွေ | | | ၄ | | | | | | | | ၄ | | ၈ | ၁၄ |
| ။ တတိယဒွေ | | | | ၁ | | ၄ | | | | | | ၁ | ၆ | |

## ဆိုရိုး

* မဟာကုသိုလ် ဉာဏသမ္ပယုတ်သောမနဿဇော ၂ ခု နောင် ရူပကုသိုလ် သောမနဿ ၄ ခု၊ မဂ်သောမနဿ ၁၆ ခု၊ အောက်ဖိုလ်သောမနဿ ၁၂ ခုအားဖြင့် ၃၂ ပါးသော သောမနဿအပ္ပနာဇောတို့သည် ဖြစ်နိုင်ကုန်၏။ ဤကား (ဒွတ္တိံသသုခပုညမှာ)အရတည်း။
* မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာဇော ၂ ခု နောင် ရူပကုသိုလ် ဥပေက္ခာ ၁၊ အရူပကုသိုလ် ၄ ခု၊ မဂ်ဥပေက္ခာ ၄ ခု၊ အောက်ဖိုလ် ဥပေက္ခာ ၃ ခုအားဖြင့် ၁၂ ပါးသော ဥပေက္ခာ အပ္ပနာဇောတို့သည် ဖြစ်နိုင်ကုန်၏။ ဤကား (ဒွါဒသော ပေက္ခကာပရံ)အရတည်း။

* မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿဇော ၂ခု နောင်ရူပကြိယာ သောမနဿ ၄ခု၊ အရဟတ္တဖိုလ် သောမနဿ ၄ ခုအားဖြင့် ၈ပါးသော သောမနဿ အပ္ပနာဇောတို့သည် ဖြစ်နိုင်ကုန်၏။ ဤကား (သုခိတကြိယဇော အဌ) အရတည်း။

* မဟာကြိယာ ဉာဏသမ္ပယုတ် ဥပေက္ခာဇော ၂ ခု နောင် ရူပကြိယာ ဥပေက္ခာ ၁၊ အရူပကြိယာ ၄ ခု၊ အရဟတ္တဖိုလ် ဥပေက္ခာ ၁ ခုအားဖြင့် ၆ ပါးသော ဥပေက္ခာ အပ္ပနာဇောတို့သည် ဖြစ်နိုင်ကုန်၏။ ဤကား (ဆ သမ္မောဟ္ကိ ဥပေက္ခကာ) အရတည်း။

မှတ်ချက်။ ။ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟုဆိုအပ်သော ဉာဏသမ္ပယုတ်ဇော ၈ ခု တို့တွင် ကာမသောမနဿဇောနောက်၌ သောမနဿအပ္ပနာဇောသာလျှင် ကျနိုင်ဖြစ်နိုင်၏။ ထို့အတူ ကာမဥပေက္ခာဇောနောက်၌ ဥပေက္ခာအပ္ပနာဇောသာလျှင် ကျနိုင်၏။ ဝေဒနာတူမှသာလျှင် အာသေဝန ပစ္စည်းတပ်နိုင်သောကြောင့် သောမနဿဇော နောင် ဥပေက္ခာအပ္ပနာ မဖြစ်နိုင်။ သို့ဖြစ်၍ ကာမဉာဏ သမ္ပယုတ် သောမနဿဇော ၄ ခု နောင် သောမနဿ အပ္ပနာဇော ၄၀ သာ ကျနိုင်၏။ ကာမဉာဏ သမ္ပယုတ် ဥပေက္ခာဇော ၄ ခု နောင် ဥပေက္ခာ အပ္ပနာဇော ၁၈ ပါးသာကျနိုင်၏။ ဤကား ဝေဒနာ ဘေဒတည်း။

ဇာတိဘေဒအားဖြင့် ရှေးကာမဇောဖြစ်သော ပရိကံ၊ ဥပစာ စသည်တို့က ကုသိုလ်ဖြစ်လျှင် နောက် အပ္ပနာဇောတို့ကလည်း ကုသိုလ်သာလျှင် ဖြစ်ရိုးကျရိုးရှိကုန်၏။ ကုသိုလ်ဇော ၄ ခုနောက်၌ ကုသိုလ်အပ္ပနာ ဇော ၂၉ ခုနှင့် အောက်ဖိုလ်အပ္ပနာဇော ၁၅ ခုအားဖြင့် ၄၄ ပါးသာဖြစ်နိုင်၏။ ထို ၄၄ ပါးသည် ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်များရသော အပ္ပနာဇောများတည်း။ ။ကြိယာဇော ၄ ခုနောက်၌ ကြိယာအပ္ပနာဇော ၉ ခုနှင့် အရဟတ္တဖိုလ်ဇော ၅ ခုအားဖြင့် ၁၄ ပါးသာဖြစ်နိုင်၏။ ထို ၁၄ ပါးသည် ရဟန္တာပုဂ္ဂိုလ်သာရသော အပ္ပနာဇောများဖြစ်၏။

## တဒါရုမ္မဏနိယာမ

ပဥ္စဒွါရဝီထိ၊ မနောဒွါရဝီထိဖြစ်ပုံကို သာမညအားဖြင့်ပြပြီး၍ ဝိသေသအားဖြင့် ဝေဖန်သော် သတ္တဝါ တို့အလိုမရှိအပ်သော မစင်၊ ခွေးကောင်းပုပ်အစရှိသော အနိဋ္ဌာရုံကို တွေ့မြင်ကြားသိရသောအခါ၌ အဟိတ် အကုသလဝိပါက်ဖြစ်ကုန်သော ပဥ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ တဒါရုံတို့သည် ဖြစ်ကုန်၏။ ။ သတ္တဝါတို့ အလိုရှိအပ်သော ထမင်း, အဖျော်, အိပ်ရာနေရာ, အဝတ်တန်ဆာ အစရှိသော နှစ်သက်ဖွယ် ဣဋ္ဌာရုံကို တွေ့မြင် ကြားသိရသည်ရှိသော် အဟိတ် ကုသလဝိပါက်ဖြစ်သော ပဥ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ တဒါရုံတို့သည် ဖြစ်ကုန်၏။ သတ္တဝါတို့ အလွန်အလိုရှိအပ်သော ရွှေစိန်ပတ္တမြား ဘုံဗိမာန် ဘုရား ရဟန္တာစသော အတိဣဋ္ဌာရုံကို တွေ့ကြုံသောအခါ အဟိတ် ကုသလဝိပါက် ပဥ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သောမနဿ သန္တီရဏ၊ သောမနဿ တဒါရုံတို့သည် ဖြစ်ကုန်၏။

ဣဋ္ဌ၊ အနိဋ္ဌ စိစစ်ရာ၌ "အလတ်စားတန်း။ ပုဂ္ဂိုလ်မှန်းလျက်၊ ဝိပါက်ဒွါရ၊ ချိန်ကာလနှင့်၊ ရူပက္ခာ၊ နှိုင်းချင့်ကာဖြင့်၊ အနိဋ္ဌာလော ဣဋ္ဌာလော၊ စစ်ကြောတွေ့တိုင်းပင်"

## ဝိပါက်အမှန်၊ ဇောအပြန်

ဝိပါက်စိတ်တို့၌ အာရုံအားလျော်စွာ သောမနဿ ဥပေက္ခာဝေဒနာယှဉ်ပုံမြဲသည်ကို "ဝိပါက်အမှန်" ခေါ်၍၊ ဇောစိတ်တို့၌ အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံမမြဲသည်ကို "ဇောအပြန်"ဟု ပြောစမှတ်ပြုကြသည်။ သဘာဝဣဋ္ဌာရုံ အတိဣဋ္ဌာရုံများကို ရှေးကုသိုလ်ကံကြောင့် တွေ့ကြုံရသောအခါ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏတဒါရုံများ ဖြစ်ကြ၏။ (ပဋ္ဌဝိညာဏ်၊ သမ္ပဋိစ္ဆိုန်းတို့မှာ ဝေဒနာအားဖြင့် အကွဲအပြားမရှိ) ဤသို့ ဝိပါက်စိတ်များ၌ အာရုံအလိုက် ဝေဒနာယှဉ်ပုံမှန်ကြောင်းကို ရည်သန်၍ "ဝိပါက်အမှန်"ဟု ပြောစမှတ် ပြုကြသည်။

ကုသိုလ် အကုသိုလ်ဇောတို့သည် သညာဝိပ္ပလ္လာသစသော ဝိပ္ပလ္လာသတရားမကင်းသေးသော ပုထုဇ္ဇ် သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သောကြောင့် အတိဣဋ္ဌာရုံကိုသော်လည်း ဣဋ္ဌမဇ္ဈတ္တာရုံ၊ အနိဋ္ဌာရုံအခြင်း အရာအားဖြင့် ယူတတ်ထင်တတ်ကုန်၏။ အနိဋ္ဌာရုံကိုစဉ်လျက် ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံအနေအားဖြင့် အာရုံကို ယူတတ် ထင်တတ်ကုန်၏။ ။ဥပမာ–ရတနာသုံးပါးကို မကြည်ညိုကုန်သော တိတ္ထိစသော သူတို့အား ဘုရားအစရှိသော အတိဣဋ္ဌာရုံအစစ်ကို တွေ့မြင်ရပါသော်လည်း အနိဋ္ဌအခြင်းအရာအားဖြင့် ဒေါသဇော စောကုန်၏။ သဒ္ဓါတရား ခေါင်းပါးသောသူတို့အား ဘုရားအစရှိသော အတိဣဋ္ဌာရုံကို ဖူးမြင်ရသော်လည်း လျစ်လျူရှုသောအားဖြင့် ဥပေက္ခာဇောစောကုန်၏။ မစင်, ခွေးကောင်ပုပ်စသော အနိဋ္ဌာရုံ၌ ကျီး, လင်းတ တို့သည် သောမနဿဇောစောကြ၍၊ နက်နဲသောဉာဏ်သဘောရှိသောသူတို့အား လျစ်လျူရှုသော အခြင်းအရာ အားဖြင့် ဥပေက္ခာဇော စောကုန်၏။ ဤသို့လျှင် ကုသိုလ် အကုသိုလ်ဇောတို့၏ အာရုံသဘောကို အခါခပ်သိမ်း မလိုက်ရောဘဲ ဝေဒနာယှဉ်ပုံ ဘလောင်းဘလဲဖြစ်ဟန်ကို ရည်သန်၍ "ဇောအပြန်"ဟု ပြောစမှတ်ပြုကြ လေသည်။

## ဝိပါက်လည်းအမှန်၊ ဇောလည်းအမှန်

ရဟန္တာအရှင်မြတ်တို့ သန္တာန်၌သာ ဖြစ်လေ့ရှိသော ကြိယာဇောများသည် ဝိပါက်များကဲ့သို့ အာရုံ အားလျော်စွာ အတိဣဋ္ဌာရုံနှင့် တွေ့ကြုံလျှင် သောမနဿကြိယာဇောစ၍ သောမနဿတဒါရုံကျ၏။ ဣဋ္ဌ မဇ္ဈတ္တာရုံ အနိဋ္ဌာရုံနှင့် တွေ့ကြုံလျှင် ဥပေက္ခာကြိယာဇောစော၍ ဥပေက္ခာတဒါရုံများကျ၏။ ဤသို့လျှင် ကြိယာဇောများလည်း ဝိပါက်ကဲ့သို့ အာရုံအားလျော်စွာ သောမနဿယှဉ်မှု ဥပေက္ခာယှဉ်မှု မှန်ကန်သော ကြောင့် "ဝိပါက်လည်းအမှန်၊ ဇောလည်းအမှန်"ဟု မိန့်ဆိုကြပြန်လေသည်။

တဒါရုံ ဆိုသည်ကား ဇော၏အာရုံသို့လိုက်သောတရား၊ ဇော၏ နောက်လိုက်တရားဟုမှတ်လေ။ တဒါရုံသည် မဟာဝိပါက်စိတ် ၈ ခုနှင့် သန္တီရဏစိတ် ၃ ခုအားဖြင့် ၁၁ ပါးသောစိတ်တို့တည်း။ ။"ပုဂ္ဂိုလ်ကာမ၊ ဇောကာမနှင့်၊ ကာမအာရုံ၊ သုံးချက်ဆုံ တဒါရုံ၏အခွင့်တည်း"–ဟုဆိုအပ်သည့်အတိုင်း ကာမပုဂ္ဂိုလ်လည်း

မှန်ပါမူ၊ ကာမဇောကျသော ဝိထိလည်းဖြစ်ပါမူ၊ ကာမအာရုံလည်းဖြစ်ပါမူ၊ တဒါရုံကျသည်။ ရူပဖြဟ္မာ အရူပဖြဟ္မာတို့၌ တဒါရုံမကျ။

## ဇောနောင် တဒါရုံကျပုံ

| ဇော | | တဒါရုံ | |
|---|---|---|---|
| ဟသိတုပ္ပါဒ်ကြိယာဇော ၁<br>မဟာကြိယာသောမနဿဇော ၄ | ၅ | သောမနဿသန္တီရဏ ၁<br>မဟာဝိပါက်သောမနဿ ၄ | ၅ |
| မဟာကြိယာဥပေက္ခာဇော ၄ | ၄ | ဥပေက္ခာသန္တီရဏ ၂<br>မဟာဝိပါက်ဥပေက္ခာ ၄ | ၆ |
| လောဘမူဇော ၈၊ မောမူဇော ၂<br>မဟာကုသိုလ်ဇော ၈ | ၁၈ | တဒါရုံ ၁၁ | ၁၁ |
| ဒေါသမူဇော ၂ | ၂ | ဥပေက္ခာသန္တီရဏ ၂<br>မဟာဝိပါက်ဥပေက္ခာ ၄ | ၆ |

### ဆိုရိုး

* ဟသိတုပ္ပါဒ်ကြိယာဇော ၁ ခု၊ မဟာကြိယာ သောမနဿဇော ၄ ခုအားဖြင့် သောမနဿကြိယာဇော ၅ ခုနောက်၌ သောမနဿသန္တီရဏတဒါရုံ ၁ ခု မဟာဝိပါက်သောမနဿ တဒါရုံ ၄ ခုအားဖြင့် သောမနဿတဒါရုံ ၅ ခုတို့သည် ဖြစ်ကုန်၏။
* မဟာကြိယာ ဥပေက္ခာဇော ၄ ခုနောက်၌ ဥပေက္ခာသန္တီရဏ တဒါရုံ ၂ ခု၊ မဟာဝိပါက် ဥပေက္ခာတဒါရုံ ၄ ခုအားဖြင့် ဥပေက္ခာတဒါရုံ ၆ ခုတို့သည်ဖြစ်ကုန်၏။
* လောဘမူဇော ၈ ခု၊ မောဟမူဇော ၂ ခု၊ မဟာကုသိုလ်ဇော ၈ ခုအားဖြင့် ၁၈ ပါးသောစိတ်တို့၏ နောက်၌ တဒါရုံ ၁၁ ခုတို့သည် အမှတ်မရှိဖြစ်နိုင်ကုန်၏။
* ဒေါသမူဇော ၂ ခု၏နောက်၌ ဥပေက္ခာသန္တီရဏတဒါရုံ ၂ ခု၊ မဟာဝိပါက်ဥပေက္ခာတဒါရုံ ၄ ခုအားဖြင့် ဥပေက္ခာတဒါရုံ ၆ ခုတို့သည် ဖြစ်ကုန်၏။

### ပုဂ္ဂိုလ်အားဖြင့်

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်အား အဟိတ်ကုသလဝိပါက် တဒါရုံ ၁ ခုကိုရအပ်၏။

သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်အား အဟိတ်တဒါရုံ ၃ ခု၊ ဒွိဟိတ်တဒါရုံ ၄ ခုအားဖြင့် ၇ ပါးသော တဒါရုံတို့ကို ရအပ်ကုန်၏။

တိဟိတ်ပုဂ္ဂိုလ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ ယောက်တို့အား ၁၁ ပါးသော တဒါရုံတို့ကို ရအပ်ကုန်၏။

## အာဂန္တုကဘဝင်

ဒေါသဇောနောင် သောမနဿတဒါရုံ၊ သောမနဿဘဝင် မဖြစ်နိုင် မကျနိုင်။ ဥပေက္ခာ တဒါရုံ ဥပေက္ခာဘဝင်သာ ဖြစ်နိုင် ကျနိုင်ကုန်၏။ မဟာဝိပါက်သောမနဿ ၄ ပါးတို့တွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်သည် ပဝတ္တိအခါဘဝင်စိတ်ဖြစ်ရာ၌ သောမနဿဘဝင်သာကျ၏။ ထိုပုဂ္ဂိုလ်သည် အတိဣဋ္ဌာရုံကိုလည်းကောင်း၊ မဟဂ္ဂုတ်အာရုံကိုလည်းကောင်း၊ ပညတ်အာရုံကိုလည်းကောင်း၊ အာရုံပြု၍ ဒေါသဇောစောသောအခါ အတိမဟန္တာရုံဝီထိ၊ ဝိဘူတာရုံဝီထိများပင်ဖြစ်သော်လည်း တဒါရုံကျခြင်းမရှိတော့ပြီ။ တဒါရုံ မကျသော် သောမနဿဘဝင်ချပြန်လျှင်လည်း ဒေါသဇောနှင့် ဝေဒနာအစပ်မသင့်၊ ဥပေက္ခာဘဝင်ချပြန်လျှင်လည်း ပဋိသန္ဓေစိတ်နှင့် မသင့်မတော်ချေ။ သို့ဖြစ်၍ ရှေးရှေးသောအခါကာလ၌ မိမိလေ့ကျက်နေကြ နှလုံးသွင်းမြဲဖြစ်သော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာသန္တီရဏ ၂ ခုတွင် တစ်ခုခုသည် အာဝဇ္ဇန်းကိစ္စ သန္တီရဏကိစ္စမတပ်ဘဲ အပိုအာဂန္တုက ဘဝင်ကိစ္စတပ်၍ တစ်ကြိမ်ဖြစ်ရ၏။ ထို့နောက်မှ ပဋိသန္ဓေစိတ်နှင့် တူစွာသော သောမနဿဘဝင်ဆက်၍ ကျလေသည်။ မူလဓာတ်ခံ သောမနဿနှင့် ပဝတ္တိဒေါမနဿ ၂ ပါးတို့၏ အဆင်မတဲ့ကြသဖြင့် ဝီထိစိတ်တစ်ပိုင်းတစ်စဖြစ်ကာ ဘဝင်မကျနိုင်ဘဲရှိနေရာဝယ်၊ ဝီထိစိတ် ပြည့်စုံစေရန် ဂဟေပမာ အပိုဖြစ်လာသောဘဝင်မျိုးသည် "အာဂန္တုက ဘဝင်" မည်၏။

### ဒေါမနဿဝီထိ နောက် အာဂန္တုကဘဝင်ကျပုံ

ကံ,ကမ္မ,ဂတိ ... အတိဣဋ္ဌာရုံ ကာမအာရုံ

ပဉ္စဒွါရဝီထိ = တီ န ဒ ... ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ (ဘွင်) ဘွင် ဘွင်

ကံ,ကမ္မ,ဂတိ ... လျောကျသောဈာန်အာရုံ ကာမအာရုံ

မနောဒွါရဝီထိ= န ဒ ... မ ဇ ဇ ဇ ဇ ဇ ဇ ဇ (ဘွင်) ဘွင် ဘွင်

ဇောနောက်(ဘွင်)ကား အာဂန္တုကဘဝင်တည်း။

◇◇◇◇◇

## ဇဝနဝါရ

**ကာမဇော** တို့သည် ပကတိအခါ ၇ ကြိမ်၊ မုစ္ဆာကာလ၌ ၆ ကြိမ်၊ မရဏာသန္နအခါ ၅ ကြိမ်၊ တန်ခိုးပြာဋိဟာပြသောအခါ ပစ္စဝေက္ခဏာဇော ၄ ကြိမ် ၅ ကြိမ်၊ အပ္ပနာ၏ရှေ့အဖို့၌ ၄ ကြိမ် ၃ ကြိမ် ဖြစ်ကုန်၏။

**အပ္ပနာဇော** တို့သည် အာဒိကမ္မိကဝီထိ၌ ဈာန်ဇော ၁ ကြိမ်၊ အဘိညာဏ်ဝီထိ၌ အဘိညာဏ်ဇော ၁ ကြိမ်၊ မဂ္ဂဝီထိ၌ မဂ်စိတ်တစ်ကြိမ်၊ မဂ္ဂဝီထိ၌ ဖိုလ်ဇော ၂ ကြိမ် ၃ ကြိမ်၊ နိရောဓသမာပတ်မှထသော အခါ အထက်ဖိုလ်ဇော ၂ ခုသည် ၁ ကြိမ်၊ ဈာနသမာပတ္တိဝီထိ၌ ဈာန်ဇောများစွာ၊ ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇောများစွာ ဖြစ်ကုန်၏။

## ၁ ကြိမ်စသည်ဖြစ်သော ဝိထိစိတ်များ

| စိတ် | | ဖြစ်ပုံအကြိမ် |
|---|---|---|
| ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ မဂ် ၄၊ အဘိညာဏ်ဒွေ | ၁၉ | ၁ |
| သောမနဿ သန္တီရဏ | ၁ | ၁ ။ ၂ |
| မနောဒွါရာဝဇ္ဇန်း | ၁ | ၁ ။ ၂ ။ ၃ |
| နေ၀ က ကြိ ကြဉ် ကျန်မဟာဂ္ဂုတ် | ၂၅ | ၁ ။ အများ |
| ဥပေက္ခာသန္တီရဏ ၂၊ မဟာဝိပါက် ၈၊ နေ၀က ကြိရှာန် | ၁၂ | ၁ ။ ၂ ။ အများ |
| အောက်ဖိုလ် ၂ | ၂ | ၂ ။ ၃ ။ အများ |
| အထက်ဖိုလ် ၂ | ၂ | ၁။ ၂ ။ ၃ ။ အများ |
| အကုသိုလ် ၁၂ | ၁၂ | ၅ ။ ၆ ။ ၇ |
| ဟသိတုပ္ပါဒ် | ၁ | ၇ |
| မဟာကုသိုလ် ဝိပ် ၄၊ မဟာကြိယာ ဝိပ် ၄ | ၈ | ၄ ။ ၅ ။ ၆ ။ ၇ |
| မဟာကုသိုလ် သံ ၄၊ မဟာကြိယာ သံ ၄၊ | ၈ | ၃။ ၄ ။ ၅ ။ ၆ ။ ၇ |

### ဆိုရိုး

* ၁ ကြိမ် ၁၉ = ဒွေပဉ္စဝိညာဏ် ၁၀ တို့သည် ဒဿနစသောကိစ္စအားဖြင့် ၁ ကြိမ်စီ၊ မနောဓာတ် ၃ ခုတွင် ပဉ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စ၊ သမ္ပဋိစ္ဆိုန်းဒွေသည် သမ္ပဋိစ္ဆိုန်းကိစ္စ၊ မဂ် ၄ ခုသည် မဂ်ကိစ္စ၊ အဘိညာဏ်ဒွေသည် အဘိညာဏ်ကိစ္စအားဖြင့် ၁ ကြိမ်စီဖြစ်၏။

* ၁ ကြိမ် ၂ ကြိမ် ၁ = သောမနဿ သန္တီရဏသည် သန္တီရဏကိစ္စတပ်နိုက် ၁ ကြိမ်၊ တဒါရုံကိစ္စ တပ်နိုက် ၂ ကြိမ်ဖြစ်၏။

* ၁ ကြိမ် ၂ ကြိမ် ၃ ကြိမ် ၁ = မနောဒွါရာဝဇ္ဇန်းသည် အတိမဟန္တာရုံ၊ မဟန္တာရုံဝိထိ၌ ဝုဋ္ဌောကိစ္စ တပ်နိုက် ၁ ကြိမ်၊ ပရိတ္တာရုံဝိထိ၌ ဝုဋ္ဌောတပ်နိုက် ၂ ကြိမ် ၃ ကြိမ်၊ ဝိဘူတာရုံ အဝိဘူတာရုံဝိထိ၌ အာဝဇ္ဇန်းကိစ္စတပ်နိုက် ၁ ကြိမ်ဖြစ်၏။

* ၁ ကြိမ်အများ ၂၅ = နေဝသညာနာသညာယတနကုသိုလ် ကြိယာကြဉ်သော မဟာဂ္ဂုတ်ကုသိုလ် ကြိယာ ၁၆ ခုသည် အာဒိကမ္မကဓောက်စွတပ်နိုက် ၁ ကြိမ်၊ ဈာနသမာပဇ္ဇန ဓောက်စွတပ်နိုက် အကြိမ်များစွာ မဟဂ္ဂုတ် ဝိပါက် ၉ ခုသည် ပဋိသန္ဓေ စုတိကိစ္စတပ်နိုက် ၁ ကြိမ်၊ ဘဝင်ကိစ္စတပ်နိုက် အကြိမ်များစွာဖြစ်၏။

* ၁ ကြိမ် ၂ ကြိမ် အများ ၁၂ = ဥပေက္ခာသန္တီရဏ ၂ ခုသည် ပဋိသန္ဓေ စုတိ သန္တီရဏကိစ္စတပ်နိုက် ၁ ကြိမ်၊ တဒါရုံကိစ္စတပ်နိုက် ၂ ကြိမ်၊ ဘဝင်ကိစ္စတပ်နိုက် အကြိမ်များစွာဖြစ်၏။ မဟာဝိပါက်စိတ် ၈ ခုသည် ပဋိသန္ဓေ စုတိကိစ္စဘပ်နိုက် ၁ကြိမ်၊ တဒါရုံကိစ္စတပ်နိုက် ၂ ကြိမ်၊ ဘဝင်ကိစ္စတပ်နိုက် အကြိမ်များစွာ ဖြစ်၏။ နေဝသညာနာသညာ ယတနကုသိုလ် ကြိယာ ၂ ခုသည် အာဒိကမ္မိကဓောက်စွတ့ပ်နိုက် ၁ ကြိမ်၊ နိရောဓသမာပန္န ဓောက်စွတပ်နိုက် ၂ ကြိမ်၊ ဈာနသမာပဇ္ဇနဓောက်စွတပ်နိုက် အကြိမ်များစွာဖြစ်၏။

* ၂ ကြိမ် ၃ ကြိမ် အများ ၂ = သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ်သည် မဂ္ဂါနန္တရဖိုလ်ဓောက်စွ တပ်နိုက် ၂ ကြိမ် ၃ ကြိမ်၊ ဖလသမာပတ္တိ ဓောက်စွတပ်နိုက် အကြိမ်များစွာဖြစ်၏။

* ၁ ကြိမ် ၂ ကြိမ် ၃ ကြိမ် အများ ၂ = အနာဂါမိဖိုလ်. အရဟတ္တဖိုလ်သည် နိရောဓသမာပတ်မှ ထသောအခါ ၁ ကြိမ်၊ မဂ္ဂါနန္တရဖိုလ်ဓောက်စွတပ်နိုက် ၂ ကြိမ် ၃ ကြိမ်၊ ဖလသမာပတ္တိဓောက်စွတပ်နိုက် အကြိမ်များစွာဖြစ်၏။

* ၅ ကြိမ် ၆ ကြိမ် ၇ ကြိမ် ၁၂ = အကုသိုလ်စိတ် ၁၂ ခုသည် မရဏာသန္နဓောက်စွတပ်နိုက် ၅ ကြိမ်၊ မုစ္ဆာကာလ ဓောက်စွတပ်နိုက် ၆ ကြိမ်၊ ပကတိကာလ ဓောက်စွတပ်နိုက် ၇ ကြိမ်ဖြစ်၏။

* ၇ ကြိမ် ၁ = ဟသိတုပ္ပါဒ်သည် ပကတိကာလ ဓောက်စွတပ်နိုက် ၇ ကြိမ်ဖြစ်၏။

* ၄၊ ၅၊ ၆၊ ၇ ကြိမ် ၈ = မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄၊ မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄ တို့သည် ပစ္စဝေက္ခဏာဓောက်စွတပ်နိုက် ၄ ကြိမ် ၅ ကြိမ်။ မရဏာသန္နဓောက်စွတပ်နိုက် ၅ ကြိမ်၊ မုစ္ဆာကာလ ဓောက်စွ တပ်နိုက် ၆ ကြိမ်။ ပကတိကာလ ဓောက်စွတပ်နိုက် ၇ ကြိမ်ဖြစ်၏။

* ၃၊ ၄၊ ၅၊ ၆၊ ၇ ကြိမ် ၈ = မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄၊ မဟာကြိယာ ဉာဏသမ္ပယုတ် ၄ တို့သည် ဥပစာရသမာဓိဇော ပုဗ္ဗာနဂါမိနီ ဓောက်စွတပ်နိုက် ၃ ကြိမ် ၄ ကြိမ်။ ပစ္စဝေက္ခဏာဓောက်စွ တပ်နိုက် ၄ ကြိမ် ၅ ကြိမ်။ မရဏာသန္န ဓောက်စွတပ်နိုက် ၅ ကြိမ်။ မုစ္ဆာကာလ ဓောက်စွတပ်နိုက် ၆ ကြိမ်။ ပကတိကာလဓောက်စွတပ်နိုက် ၇ ကြိမ်ဖြစ်၏။

(ဝီထိနှင့်ကိစ္စသင်္ဂဟကို ဟပ်၍ကြည့်လျှင် လွယ်ကူမည်။)

## ကာမဘုံ ပုဂ္ဂိုလ်စိတ်ရ

| စိတ်အမည် | | ဈာန်မရ | | | | | | | ဈာန်ရ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဒုဂ္ဂတိအဟိတ် | သုဂတိအဟိတ် ဒွိဟိတ် | တိဟိတ် | သောတာပတ္တိဖလဋ္ဌာန် | သကဒါဂါမိဖလဋ္ဌာန် | အနာဂါမိဖလဋ္ဌာန် | အရဟတ္တဖလဋ္ဌာန် | တိဟိတ် | သောတာပတ္တိဖလဋ္ဌာန် | သကဒါဂါမိဖလဋ္ဌာန် | အနာဂါမိဖလဋ္ဌာန် | အရဟတ္တဖလဋ္ဌာန် |
| အကုသိုလ် | ၁၂ | ၁၂ | ၁၂ | ၁၂ | ၇ | ၇ | ၅ | | ၁၂ | ၇ | ၇ | ၅ | |
| အဟိတ် | ၁၈ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၈ | ၁၇ | ၁၇ | ၁၇ | ၁၇ | ၁၈ |
| မဟာကုသိုလ် | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | | ၈ | ၈ | ၈ | ၈ | |
| မဟာဝိပါက် | ၈ | | ဝိပ်၄ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ |
| မဟာကြိယာ | ၈ | | | | | | | ၈ | | | | | ၈ |
| မဟဂ္ဂုတ်ကုသိုလ် | ၉ | | | | | | | | ၉ | ၉ | ၉ | ၉ | |
| မဟဂ္ဂုတ်ကြိယာ | ၉ | | | | | | | | | | | | ၉ |
| လောကုတ္တရာ | ၈ | | | | *မဂ် ဖိုလ် | *မဂ် ဖိုလ် | *မဂ် ဖိုလ် | *မဂ် ဖိုလ် | | *မဂ် ဖိုလ် | *မဂ် ဖိုလ် | *မဂ် ဖိုလ် | *မဂ် ဖိုလ် |
| | ၈၀ | ၃၇ | ၄၁ | ၄၅ | ၄၁ | ၄၁ | ၃၉ | ၃၅ | ၅၄ | ၅၀ | ၅၀ | ၄၈ | ၄၄ |

### ဆိုရိုး

* ပုဂ္ဂိုလ်တို့သည် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်ဟု ပုထုဇဉ် ၄ ယောက်။ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ဟု အရိယာပုဂ္ဂိုလ် ရှစ်ယောက်အားဖြင့် ပေါင်း ပုဂ္ဂိုလ် ၁၂ ယောက်ဖြစ်သတည်း။

* ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သည် အကုသိုလ်စိတ် ၁၂ ပါး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါးအားဖြင့် ၃၇ ပါးသောစိတ်တို့ကို ရအပ်ကုန်၏။ ။သုဂတိအဟိတ် ဒွိဟိတ် တိဟိတ်ပုဂ္ဂိုလ်များ၏စိတ်ရကိုလည်း ဖယားကြည့်၍နည်းတူဆိုလေ၊ သောတာပတ္တိဖလဋ္ဌာန် သကဒါဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့တွင် အကုသိုလ်စိတ် ၁၂ ခု၌ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄၊ ဝိစိကိစ္ဆာ ၁၊ ပေါင်း ၅ ခုကိုနုတ်၍ မိမိဖိုလ်စိတ် ၁ ပါးစီထည့်လေ။ အနာဂါမိဖလဋ္ဌာန်အား ဒေါသမူဒွေကိုထပ်နုတ်။

* ဈာန်ရသော ဈာနလာဘီပုဂ္ဂိုလ်တို့၏စိတ်ရကား ဈာန်မရသော တိဟိတ်ပုထုဇဉ်၊ သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏စိတ်ရများတွင် မဟဂ္ဂုတ်ကုသိုလ် ၉ ပါးစီထည့်၍၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၌ မဟဂ္ဂုတ်ကြိယာ ၉ ပါးထည့်လေ။

* မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄ ယောက်ကား မိမိမဂ်စိတ်တစ်ပါးစီသာ အသီးသီးရကုန်၏။

## ရူပဘုံ ပုဂ္ဂိုလ်စိတ်ရ

| စိတ်အမည် | | တိဟိတ် | သောတာပတ္တိ ဖလဋ္ဌာန် | သကဒါဂါမိ ဖလဋ္ဌာန် | အနာဂါမိ ဖလဋ္ဌာန် | အရဟတ္တ ဖလဋ္ဌာန် |
|---|---|---|---|---|---|---|
| အကုသိုလ် | ၁၀ | ၁၀ | ၅ | ၅ | ၅ | |
| အဟိတ် | ၁၂ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၂ |
| မဟာကုသိုလ် | ၈ | ၈ | ၈ | ၈ | ၈ | |
| မဟာကြိယာ | ၈ | | | | | ၈ |
| မဟဂ္ဂုတ်ကုသိုလ် | ၉ | ၉ | ၉ | ၉ | ၉ | |
| ရူပဝိပါက် | ၅ | မိမိပဋိသန္ဓေ ၁ | မိမိပဋိ ၁ | မိမိပဋိ ၁ | မိမိပဋိ ၁ | မိမိပဋိ ၁ |
| မဟဂ္ဂုတ်ကြိယာ | ၉ | | | | | ၉ |
| လောကုတ္တရာ | ၈ | | * မဂ် / ဖိုလ် | * မဂ် / ဖိုလ် | * မဂ် / ဖိုလ် | * မဂ် / ဖိုလ် |
| | ၆၉ | ၃၉ | ၃၅ | ၃၅ | ၃၅ | ၃၁ |

### ဆိုရိုး

* ရူပဘုံသားများကား တိဟိတ်ပုထုဇဉ် ၁ ယောက်၊ အရိယာ ၈ ယောက်အားဖြင့် ၉ ယောက်ရှိ၏။ ၎င်းတို့သည် ဈာန်ရပုဂ္ဂိုလ်တို့ချည်းသာတည်း။ အဟိတ်ဒွိဟိတ်ပုဂ္ဂိုလ်မရှိ။

* ရူပတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဒေါသမူဒွေမှတစ်ပါးသော အကုသိုလ် ၁၀ ပါး၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟသိတုပ္ပါဒ်မှတစ်ပါးသော အဟိတ်စိတ် ၁၁ ပါး၊ မဟာကုသိုလ် ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉ ပါး၊ မိမိ၏ပဋိသန္ဓေစိတ် ၁ ပါးအားဖြင့် ၃၉ ပါးသောစိတ်တို့ကို ရအပ်ကုန်၏။ ။ရူပသောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်ကား ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၊ ဒေါသမူဒွေ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁ ပါး၊ ပေါင်း

ဂ ပါးမှ တစ်ပါးသော အကုသိုလ်စိတ် ၅ ပါး၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟသိတုပ္ပါဒ်မှတစ်ပါးသော အဟိတ်စိတ် ၁၁ ပါး၊ မဟာကုသိုလ် ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉ ပါး၊ မိမိပဋိသန္ဓေစိတ် ၁ ပါး၊ သောတာပတ္တိဖိုလ် ၁ ပါးအားဖြင့် ၃၅ ပါးသောစိတ်တို့ကို ရအပ်ကုန်၏။ ။ထို့အတူ သကဒါဂါမိဖလဋ္ဌာန်, အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်များလည်း မိမိဖိုလ်စိတ်ကိုသွင်း၍ ၃၅ ပါးစီရကုန်၏။ ။အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ကား ဃာန၊ ဇိဝှါ၊ ကာယမှတစ်ပါးသော အဟိတ်စိတ် ၁၂ ပါး၊ မဟာကြိယာ ၈ ပါး၊ မဟဂ္ဂုတ်ကြိယာ ၉ ပါး၊ မိမိပဋိသန္ဓေစိတ် ၁ ပါး၊ အရဟတ္တ ဖိုလ်စိတ် ၁ ပါးအားဖြင့် ၃၁ ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

* ရူပမဂ်ပုဂ္ဂိုလ် ၄ ယောက်ကား ဖြေးကာမ နည်းတူ မိမိ၏မဂ်စိတ် ၁ ပါးစီကိုသာ အသီးသီးရကြကုန်၏။

* ပထမရျာန် ၃ ဘုံသားများသည့် ပထမရျာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေနေ၍။ ဒုတိယရျာန် ၃ ဘုံသား များသည် ဒုတိယရျာန်ဝိပါက် တတိယရျာန်ဝိပါက် ၂ ပါးတို့တွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေ၏။ တတိယရျာန် ၃ ဘုံသားများသည် စတုတ္ထရျာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေ၏။ စတုတ္ထရျာန် ၆ ဘုံသား

အရူပဘုံ ပုဂ္ဂိုလ်စိတ်ရ

| စိတ်အမည် | | တိဟိတ် | | | | သောတာပတ္တိ ဖလဋ္ဌာန် | | | | သကဒါဂါမိ၊ အနာဂါမိ ဖလဋ္ဌာန် | | | | အရဟတ္တ ဖလဋ္ဌာန် | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အာ | ညာ | ကိ | နေ | အာ | ညာ | ကိ | နေ | အာ | ညာ | ကိ | နေ | အာ | ညာ | ကိ | နေ |
| အကုသိုလ် | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | | | | |
| အဟိတ် | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| မဟာကုသိုလ် | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | ၈ | | | | |
| မဟာကြိယာ | ၈ | | | | | | | | | | | | | ၈ | ၈ | ၈ | ၈ |
| အရူပကုသိုလ် | ၄ | ၄ | ၃ | ၂ | ၁ | ၄ | ၃ | ၂ | ၁ | ၄ | ၃ | ၂ | ၁ | | | | |
| အရူပဝိပါက် | ၄ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| အရူပကြိယာ | ၄ | | | | | | | | | | | | | ၄ | ၃ | ၂ | ၁ |
| လောကုတ္တရာ | ၇ | | | | | ၁ | ၁ | ၁ | ၁ | *မဂ်<br>ဖိုလ် | *မဂ်<br>ဖိုလ် | *မဂ်<br>ဖိုလ် | *မဂ်<br>ဖိုလ် | *မဂ်<br>ဖိုလ် | *မဂ်<br>ဖိုလ် | *မဂ်<br>ဖိုလ် | *မဂ်<br>ဖိုလ် |
| | ၄၆ | ၂၄ | ၂၃ | ၂၂ | ၂၁ | ၂၀ | ၁၉ | ၁၈ | ၁၇ | ၂၀ | ၁၉ | ၁၈ | ၁၇ | ၁၅ | ၁၄ | ၁၃ | ၁၂ |

များသည် ပဥ္စမဈာန်ဝိပါက်ဖြင့် ပဋိသန္ဓေနေ၏။ ဤသို့ မည်သည့်ဘုံသားဖြစ်လျှင် မည်သည့်ဝိပါက် ထည့်ရမည်ကို သတိပြုလေ။

* အရူပဘုံ၌ကား တိဟိတ်ပုထုဇဉ် ၁ ယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်မှတစ်ပါးသော အရိယာခုနစ်ယောက်အားဖြင့် ရှစ်ယောက်သောပုဂ္ဂိုလ်များသာ ဖြစ်ထိုက်၏။ သောတာပတ္တိမဂ္ဂဋ္ဌာန်ကား ပရတောဃောသပစ္စည်းဟုဆိုအပ်သော သူတစ်ပါး၏တရားကို မကြားနာရ၍မရနိုင်။

ဖယားကိုရှင်းပြချက်။ ။အကုသိုလ်စိတ် ၁၀ ပါးမှာ ဒေါသမူဒွေမှတစ်ပါးသော အကုသိုလ်စိတ် ၁၀ ခုတည်း။ အကုသိုလ်စိတ် ၅ ပါးမှာ ဒေါသမူဒွေ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁ ခုကြဉ်သော အကုသိုလ်စိတ် ၅ ခုကိုဆိုလိုသည်။ ။အဟိတ်စိတ် ၁ မှာ မနောဒွါရာဝဇ္ဇန်းစိတ်တည်း။ ။အရူပကုသိုလ် ၄။ ၃။ ၂။ ၁- ဟုပြရာ၌ အထက်ဘုံတို့တွင် တစ်ခုစီလျော့ရခြင်းမှာ အထက်အထက် အရူပဘုံတို့၌ အောက် အောက်အရူပဈာန် စိတ်မရခြင်းကြောင့်တည်း။ ။ အရူပကြိယာစိတ်လည်း နည်းတူပင်။ ။အရူပဝိပါက် ၄ ခု၌ မိမိဆိုင်ရာဘုံမှ ဝိပါက်စိတ် အသီးအသီး ရသည်ကိုယူလေ။ ။ဖိုလ်စိတ်များတွင် သက်ဆိုင်ရာ မိမိဖိုလ်စိတ်ကိုယူလေ။ ။ဆိုရိုးကို ဖယား ကြည့်၍ဆိုလေ။

## ဘုံစိတ်ရ

ဘုံစိတ်ရဆိုသည်မှာ စင်စစ်အားဖြင့် ဘုံသည်အသက်မရှိသော အဝိညာဏကဖြစ်၍ ဘုံမှာ စိတ်မရချေ။ ထိုသို့မရသော်လည်း ထိုဘုံ၌ရှိသောပုဂ္ဂိုလ်တို့မှာ ရနိုင်သောစိတ်တို့ကို စုပေါင်းရေတွက်ထားသော စိတ်ကိုပင် ဌာနူပစာအားဖြင့် ဘုံစိတ်ရဟုဆိုလေသည်။

၁။ ကာမဘုံ၌ မဟဂ္ဂုတ်ဝိပါက် ၉ ခုကြဉ်သော စိတ် ၈၀ ကိုရ၏။

၂။ ရူပဘုံ၌ အရူပဝိပါက် ၄ ခု၊ ဒေါသမူဒွေ၊ ဃာနဝိညာဏ်ဒွေ၊ ဇိဝှါဝိညာဏ်ဒွေ၊ ကာယဝိညာဏ်ဒွေ၊ မဟာဝိပါက် ၈ ခုအားဖြင့် ၂၀ သောစိတ်တို့ကြဉ်သော ၆၉ ပါးသောစိတ်တို့ကိုရ၏။

၃။ အရူပဘုံ၌ ဝတ္ထုရုပ်ကိုရုံ၍မှီ၍ ရုံ၍မမှီသော စိတ် ၄၂ ပါးနှင့် အမြဲမမှီသောစိတ် ၄ ပါးအားဖြင့် ၄၆ ပါးသော စိတ်တို့ကိုရ၏။

အသညသတ်ပြဟ္မာများကား နာမ်တရားကို ဘာဝနာ၏အစွမ်းဖြင့် ပယ်ထားမှုကြောင့် စိတ်မဖြစ်။

# စိတ်စိတ်တို့ကို အနန္တရပစ္စည်း ပဋ္ဌာန်းနည်းဖြင့်ပြပုံ

| | ရှေးရှေးစိတ် (ပစ္စည်း) | နောက်နောက်စိတ် (ပစ္စယုပ္ပန်) |
|---|---|---|
| ကာလဓောအရ | ပဋိသန္ဓေနာမက္ခန္ဓာ<br>ပထမအစရှိသော ရှေးရှေးသောဘဝင်နာမက္ခန္ဓာ<br>ပဥ္စမဝေါကာရဘဝင့်ပစ္ဆေ-၁၅ ခု<br>အရူပဘဝင့်ပစ္ဆေ-၄ ခု<br>ပဥ္စဒွါရာဝဇ္ဇန်း<br>ပဥ္စဝိညာဏ်<br>သမ္ပဋိစ္ဆန်း<br>သန္တီရဏ<br>ပထမဇုဝနော<br>ဒုတိယဇုဝနော<br><br>ဇုဝနော,မနောဒွါရာဝဇ္ဇန်း<br>ပ-ဒု-တ-စ-ပဥ္စ-ဆဋ္ဌဇော | ပထမဘဝင်နာမက္ခန္ဓာ<br>ဒုတိယအစရှိသော နောက်နောက်သောဘဝင်နာမက္ခန္ဓာ<br>အာဝဇ္ဇန်းဒွေ<br>မနောဒွါရာဝဇ္ဇန်း<br>ပဥ္စဝိညာဏ်<br>သမ္ပဋိစ္ဆန်း<br>သန္တီရဏ<br>ဇုဝနော<br>ပရိတ္တာရုံဝီထိဖြစ်အံ့-ဒုတိယဇုဝနော<br>ပဥ္စဝေါကာရဘဝင်-၁၅ ခု<br>အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ဝိဘူတာရုံ၊ အဝိဘူတာရုံဖြစ်အံ့၊<br>ကာမဇော တစ်ခုယုတ်သုံးဆယ် ပထမဇော<br>ဒု-တ-စ-ပဥ္စ-ဆဋ္ဌ-သတ္တမဇော |
| ဓောနောင်တော်အရ၊ ဘုံကျယ် | လောဘမူ,မောဟမူ,မဟာကုသိုလ်အဆုံးဇော<br><br>ဒေါသမူအဆုံးဇော<br><br>ဟသိတုပ္ပါဒ်အဆုံးဇော<br><br>မဟာကြိယာသောမနဿအဆုံးဇော<br><br>မဟာကြိယာဥပေက္ခာအဆုံးဇော<br>ပထမတဒါရုံ<br>ဒုတိယတဒါရုံ | လောဘ၊မောဟ၊မဟာကုဇောနောင်-ရုံကျ = ရုံ ၁၁<br>မကျ = ဘဝင် ၁၉<br>ဒေါသမူဇောနောင်-ရုံကျ = ဥ ရုံ ၆<br>မကျ = ကာမ ဥ ဘဝင် ၆<br>ဟသိတုပ္ပါဒ်ဇောနောင်-ရုံကျ = သော ရုံ ၅<br>မကျ = ပဥ္စဝေါကာရတိဟိတ် ဘဝင် ၉<br>မဟာကြိသောဇောနောင်-ရုံကျ = သော ရုံ ၅<br>မကျ = တိဟိတ် ဘဝင် ၁၃<br>မဟာကြိ ဥ ဇောနောင်-ရုံကျ = ဥ ရုံ ၆<br>မကျ = တိဟိတ် ဘဝင် ၁၃<br>ဒုတိယ တဒါရုံ<br>ကာမ ဘဝင် ၁၀ |
| အပွန်းဓောအရ | ဂေါ်,ဝေါ်,အနုလုံကိစ္စတပ်သော မဟာကု ပဒွေ<br>" " တဒွေ<br>ဂေါ်,အနုလုံ " ကြိပဒွေ<br>" " တဒွေ | မဟဂ္ဂုတ်ကု သော ၄၊ မဂ် သော ၁၆၊ အောက်ဖိုလ်သော ၁၂<br>" ကု ဥ ၅၊ မဂ် ဥ ၄၊ အောက်ဖိုလ် ဥ ၃<br>" ကြိ သော ၄၊ အရဟတ္တဖိုလ် သော ၄<br>" ကြိ ဥ ၅၊ အရဟတ္တဖိုလ် ဥ ၁ |

## ဝိထိစိတ်တို့ကို အနန္တရပစ္စည်း ပဋ္ဌာန်းနည်းဖြင့်ပြပုံ

| | ရှေးရှေးစိတ် (ပစ္စည်း) | နောက်နောက်စိတ် (ပစ္စယုပ္ပန်) |
|---|---|---|
| သမာပန္န နိရောဓသမာပတ္တိဝီထိ | ရှေးရှေးသောဇောတူမဟဂ္ဂုတ် ကု,ကြိ<br>ရူပကု, ကြိ အဆုံးဇော<br>အာကာကု, ကြိ အဆုံးဇော<br>ဝိညာကု, ကြိ အဆုံးဇော<br>အာကိကု, ကြိ အဆုံးဇော<br>နေဝကု, ကြိ အဆုံးဇော | သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ် ကု,ကြိ<br>ပဉ္စဝေါ-တိဟိတ်ဘွင် ၉<br>〃 〃 + အာကာဘွင်<br>〃 〃 〃 + ဝိညာဘွင်<br>〃 〃 〃 〃 + အာကိဘွင်<br>တိဟိတ်ဘွင် ၁၃၊ နိရောဓမှထ-အနာဂါမိဖိုလ်<br>အရဟတ္တဖိုလ် |
| မဂ္ဂဝီထိ၊ ဖလဝီထိ | သောတာပတ္တိမဂ်-သကဒါဂါမိမဂ်-အနာဂါမိမဂ်<br>အရဟတ္တမဂ်<br>ရှေးရှေးသော ဇောဟုဖိုလ် ၄ ခု<br>ဖိုလ် ၄ ခု အဆုံးဇော | သောတာပတ္တိဖိုလ်-သကဒါဂါမိဖိုလ်-အနာဂါမိဖိုလ်<br>အရဟတ္တဖိုလ်<br>နောက်နောက်သောဖိုလ် ၄ ခု<br>တိဟိတ်ဘွင် ၁၃ |
| မရဏာသန္နဝီထိ | ဒုတိယတဒါရုံ<br>အကုသိုလ်ပဉ္စမဇော<br>မဟာကုသိုလ်ပဉ္စမဇော<br>မဟာကြိယာပဉ္စမဇော<br>ဘွင် ၁၉ | မရဏာသန္နအခါ-ရုံနောင်စု = ကာမစုတိ ၁၀<br>အကုဇောနောင်စု = ကာမစုတိ ၁၀<br>မဟာကုဇောနောင်စု = စုတိ ၁၉<br>မဟာကြိယာဇောနောင်စု = တိဟိတ်စုတိ ၁၃<br>ဘွင်နောင်စု = စုတိ ၁၉ |
| စုတိနောင်ပဋိသန္ဓေ | ဒွိဟိတ် အဟိတ်စုတိ-၆<br>ကာမတိဟိတ်စုတိ-၄<br>ရူပစုတိ-၅<br>အာကာစုတိ<br>ဝိညာစုတိ<br>အာကိစုတိ<br>နေဝစုတိ | ကာမပဋိသန္ဓေ ၁၀<br>ပဋိသန္ဓေ ၁၉<br>သဟိတ်ပဋိသန္ဓေ ၁၇<br>ကာမတိဟိတ်ပဋိသန္ဓေ ၄ + အရူပပဋိသန္ဓေ ၄<br>〃 + ဝိညာ,အာကိ,နေဝပဋိသန္ဓေ<br>〃 + အာကိ,နေဝပဋိသန္ဓေ<br>〃 + နေဝပဋိသန္ဓေ |

### ဆိုရိုး

သဂြိုဟ်နည်း၊ ။ပဋိသန္ဓေနာမက္ခန္ဓာနောင် ပထမဘဝင်နာမက္ခန္ဓာဖြစ်၏။ ပထမအစရှိသော ရှေးရှေးသောဘဝင်နာမက္ခန္ဓာနောင် ဒုတိယအစရှိသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာဖြစ်၏။ ဤသို့ ဖယားတွင်ကြည့်၍ ရှေးရှေးစိတ်နောင် နောက်နောက်စိတ်ဖြစ်ပုံကိုဆိုလေ။

ပဋ္ဌာန်းနည်း၊ ။ပထမဘဝင် နာမက္ခန္ဓာအားတပ်သော ပဋိသန္ဓေနာမက္ခန္ဓာ။ ဒုတိယအစရှိသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာအားတပ်သော ပထမအစရှိသော ရှေးရှေးသော ဘဝင်နာမက္ခန္ဓာ။ ဤသို့ နောက်နောက်စိတ်တို့ကို ပစ္စယုပ္ပန်ထားကာ "အားတပ်သော"ဆို၍ ရှေးရှေးသောစိတ်တို့ကို ပစ္စည်း အဖြစ်ဆိုလေ။

**ဝိထိပိုင်း ပြီး၏။**

# ဘုံပိုင်း

ဘုံပိုင်းကို ဆိုလတ္တံ့သော လေးပါးသောစတုက္ကတို့ဖြင့် ဝေဖန်ပိုင်းခြား၍ပြ၏။

## စတုက္ကလေးပါး

| ဘူမိစတုက္က | ပဋိသန္ဓိစတုက္က | ကမ္မစတုက္က | မရဏုပ္ပတ္တိစတုက္က |
|---|---|---|---|
| ၁။ အပါယ်ဘုံ | ၁။ အပါယ်ပဋိသန္ဓေ | ၁။ ကိစ္စစတုက္က | ၁။ အာယုက္ခယမရဏ |
| ၂။ ကာမသုဂတိဘုံ | ၂။ ကာမသုဂတိပဋိသန္ဓေ | ၂။ ပါကဒါနပရိယာယစတုက္က | ၂။ ကမ္မက္ခယမရဏ |
| ၃။ ရူပါဝစရဘုံ | ၃။ ရူပါဝစရပဋိသန္ဓေ | ၃။ ပါကကာလစတုက္က | ၃။ ဥဘယက္ခယမရဏ |
| ၄။ အရူပါဝစရဘုံ | ၄။ အရူပါစရပဋိသန္ဓေ | ၄။ ပါကဋ္ဌာနစတုက္က | ၄။ ဥပစ္ဆေဒကမရဏ |

## ဘူမိစတုက္က

ဘုံတို့သည် အပါယ်ဘုံ, ကာမသုဂတိဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံဟူ၍ ၄ ပါးအပြားရှိကုန်၏။ ထို ၄ ပါးတို့တွင် အပါယ်ဘုံသည် (၁) ငရဲဘုံ (၂) တိရစ္ဆာန်ဘုံ (၃) ပြိတ္တာဘုံ (၄) အသုရကာယ်ဘုံ အားဖြင့် ၄ ပါးအပြားရှိ၏။ ။ကာမသုဂတိဘုံသည် (၁) လူ့ဘုံ (၂) စတုမဟာရာဇ်ဘုံ (၃) တာဝတိံသာဘုံ (၄) ယာမာဘုံ (၅) တုသိတာဘုံ (၆) နိမ္မာနရတိဘုံ (၇) ပရနိမ္မိတဝသဝတ္တီဘုံအားဖြင့် ၇ ပါး အပြားရှိ၏။ အပါယ် ၄ ဘုံ, ကာမသုဂတိ ၇ ဘုံသည် ကာမ ၁၁ ဘုံမည်၏။

ပထမဈာန်ဘုံသည် (၁) ဗြဟ္မပါရိသဇ္ဇာဘုံ (၂) ဗြဟ္မပုရောဟိတာဘုံ (၃) မဟာဗြဟ္မာဘုံအားဖြင့် ၃ ပါးအပြားရှိ၏။ ။ဒုတိယဈာန်ဘုံသည် (၁) ပရိတ္တာဘာဘုံ (၂) အပ္ပမာဏာဘာဘုံ (၃) အာဘဿရာ ဘုံအားဖြင့် ၃ ပါးအပြားရှိ၏။ ။တတိယဈာန်ဘုံသည် (၁) ပရိတ္တသုဘာဘုံ (၂) အပ္ပမာဏသုဘာဘုံ (၃) သုဘကိဏှာဘုံအားဖြင့် ၃ ပါးအပြားရှိ၏။ ။စတုတ္ထဈာန်ဘုံသည် ဝေဟပ္ဖိုလ်ဘုံ, အသညသတ်ဘုံ, သုဒ္ဓါဝါသ ၅ ဘုံအားဖြင့် ၇ ပါးအပြားရှိ၏။ သုဒ္ဓါဝါသ ၅ ဘုံကား (၁) အဝိဟာဘုံ (၂) အတပ္ပါဘုံ (၃) သုဒဿာဘုံ (၄) သုဒဿီဘုံ (၅) အကနိဋ္ဌဘုံအားဖြင့် ၅ ပါးဖြစ်သတည်း။ ။ဤသို့လျှင် ရူပါဝစရ ဘုံသည် ပထမဈာန် ၃ ဘုံ, ဒုတိယဈာန် ၃ ဘုံ, တတိယဈာန် ၃ ဘုံ, စတုတ္ထဈာန် ၇ ဘုံအားဖြင့် ၁၆ ဘုံ ဖြစ်သတည်း။

အရူပါဝစရဘုံသည် (၁) အာကာသာနဉ္စာယတနဘုံ (၂) ဝိညာဏဉ္စာယတနဘုံ (၃) အာကိဉ္စညာ ယတနဘုံ (၄) နေဝသညာ နာသညာယတနဘုံအားဖြင့် ၄ ပါးအပြားရှိ၏။

ဤသို့လျှင် ဘုံတို့သည် အပါယ် ၄ ဘုံ, ကာမသုဂတိ ၇ ဘုံ, ရူပါဝစရ ၁၆ ဘုံ, အရူပါဝစရ ၄ ဘုံအားဖြင့် ၃၁ ဘုံဖြစ်ကုန်၏။

## ဘုံ ၃၁ စကြဝဠာ တစ်ခု


အရူပ ၄ ဘုံ
၀ နေဝသညာ နာသညာယတန
၀ အာကိဉ္စညာယတန
၀ ဝိညာဏဉ္စာယတန
၀ အာကာသာနဉ္စာယတန
အကနိဋ္ဌ
သုဒဿီ
သုဒဿာ
အတပ္ပ
အဝိဟာ
သုဒ္ဓါဝါသ ၅ ဘုံ
ဝေဟပ္ဖိုလ်
+ အသညသတ်
ပရိတ္တသုဘာ
အပ္ပမာဏသုဘာ
သုဘကိဏှာ
= တတိယဈာန် ၃ ဘုံ
ပရိတ္တာဘာ
အပ္ပမာဏာဘာ
အာဘဿရာ
= ဒုတိယဈာန် ၃ ဘုံ
ဗြဟ္မပါရိသဇ္ဇာ
ဗြဟ္မပုရောဟိတာ
မဟာဗြဟ္မာ
= ပထမဈာန် ၃ ဘုံ
ရူပဗြဟ္မာ ၁၆ ဘုံ
ဗြဟ္မာဘုံ ၂၀
ပရနိမ္မိတဝသဝတ္တီ
နိမ္မာနရတိ
တုသိတာ
ယာမာ
တာဝတိံသာ
စတုမဟာရာဇ်
နတ်ပြည် ၆ ထပ်
ကာမသုဂတိ ၇ ဘုံ
ကာမ ၁၁ ဘုံ
လူ့ဘုံ
အပါယ် ၄ ဘုံ
ငရဲ
တိရစ္ဆာန်
ပြိတ္တာ
အသုရကာယ်
မြေထုယူဇနာ
ပံသုပထဝီ ၁၂၀၀၀၀
သီလာပထဝီ ၁၂၀၀၀၀
ရေထု ယူဇနာ ၄၈၀၀၀၀
လေထု ယူဇနာ ၉၆၀၀၀၀
အနန္တ ကောင်းကင်
+ = ဧကဝေါကာရဘုံ
၀ = စတုဝေါကာရဘုံ
- = ပဉ္စဝေါကာရဘုံ

ဘုံအကွာအဝေး

ရေကြီးရှစ်ထပ်သည် တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ ၁ သောင်း ၅ ထောင်စီကွာ၏။ သိဉ္ဇိဏ်းရေမှ လူ့ဘုံသို့ ယူဇနာ ၁ သောင်း ၅ ထောင်ပင်ကွာ၏။ လူ့ဘုံမှ ပရနိမ္မိတဝသဝတ္တီ-ဤကာမသုဂတိ ၇ ဘုံတို့သည် တစ်ဘုံနှင့် တစ်ဘုံ ယူဇနာ ၄ သောင်း ၂ ထောင်စီကွာ၏။ ပရနိမ္မိတမှ နေဝသညာ နာသညာယတနဘုံတိုင်အောင် တစ်ဘုံနှင့်တစ်ဘုံ ယူဇနာ ၅ သန်း ၅ သိန်း ၈ ထောင်စီ ကွာဝေး၏။ လူ့ဘုံနှင့် နေဝသညာ နာသညာယတနဘုံ အထိတိုင်းသော် ယူဇနာ ၇ ကုဋေ ၁ သန်း ၈ သိန်း ၅ သောင်း ၆ ထောင်ဝေး၏။ နေဝသညာ နာသညာယတန ဘုံနှင့် အဝီစိကိုတိုင်းသော် ယူဇနာပေါင်း ၇ ကုဋေ ၁ သန်း ၉ သိန်း ၇ သောင်း ၆ ထောင် ကွာဝေး၏။

သတ္တာဝါသ ဘုံကိုးဝ

(၁) နာနတ္တကာယ နာနတ္တသညီ
(၂) နာနတ္တကာယ ဧကတ္တသညီ
(၃) ဧကတ္တကာယ နာနတ္တသညီ
(၄) ဧကတ္တကာယ ဧကတ္တသညီ
(၅) အသညီဘုံ
(၆) အရူပ ၄ ဘုံ

အားဖြင့် သတ္တာဝါသ ဘုံကိုးဝဖြစ်၏။ (အရူပ ၄ ဘုံဖြစ်၍ ဘုံကိုးဝ ဖြစ်သည်။)

သတ္တာဝါသဟူသည် - သတ္တ+အာဝါသပုဒ်ရင်းဖြစ်၍ သတ္တဝါတို့၏ ဖြစ်ရာဋ္ဌာနဟု ဆိုလိုသည်။ ။ ကိုယ်ခန္ဓာအကြီးအငယ် ထူးခြားကွဲပြားသည်ကား နာနတ္တကာယ။ ပဋိသန္ဓေစိတ် ထူးခြားကွဲပြားသည်ကား နာနတ္တသညီ။ ကိုယ်ခန္ဓာအကြီးအငယ် အနိမ့်အမြင့် စသည်တူကြသည်ကား ဧကတ္တကာယ။ ပဋိသန္ဓေ ဝိညာဏ် တူမျှကြသည်ကား ဧကတ္တသညီမည်၏။

(၁) ကာမသုဂတိ ၇ ဘုံသားတို့သည် ကိုယ်ကာယလည်းထူးထွေ-ပဋိသန္ဓေဝိညာဏ်လည်း ပြားကြသောကြောင့် နာနတ္တကာယ နာနတ္တသညီမည်၏။ (၂) အပါယ် ၄ ဘုံသားတို့သည် ကိုယ်ကာယထူးထွေကြသော်လည်း အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် တစ်ခုနှင့်သာ ပဋိသန္ဓေနေသောကြောင့်လည်းကောင်း။ ပထမဈာန် ၃ ဘုံသားတို့သည် ကိုယ်ကာယအနိမ့်အမြင့်စသည် ထူးကွေကြလည်း ပထမဈာန် ဝိပါက်တစ်ခုဖြင့်သာ ပဋိသန္ဓေနေသောကြောင့်လည်းကောင်း။ နာနတ္တကာယ ဧကတ္တသညီမည်၏။ (၃) ဒုတိယဈာန် ၃ ဘုံသားတို့သည် ကိုယ်ကာယ အနိမ့်အမြင့် အဆူအကြုံတူကြလည်း ဒုတိယဈာန်ဝိပါက် တတိယဈာန်ဝိပါက်နှင့် ပဋိသန္ဓေနေကြ၍ ပဋိသန္ဓေဝိညာဏ်ပြားသောကြောင့် ဧကတ္တကာယ နာနတ္တသညီမည်၏။ (၄) တတိယဈာန် ၃ ဘုံသားတို့သည် ကိုယ်ကာယအကြီးအငယ်လည်းတူကြ စတုတ္ထဈာန်ဝိပါက် ပဋိသန္ဓေလည်း တူကြသောကြောင့်လည်းကောင်း၊ ဝေဟပ္ဖိုလ်, သုဒ္ဓါဝါသ- ပေါင်း စတုတ္ထဈာန် ၆ ဘုံသား တို့သည် ကိုယ်ကာယအကြီးအငယ်လည်းတူကြ ပဉ္စမဈာန်ဝိပါက် ပဋိသန္ဓေလည်း တူကြသောကြောင့်လည်း ကောင်း ဧကတ္တကာယ ဧကတ္တသညီမည်၏။ (၅) အသညသတ်ဘုံသားတို့သည် ကိုယ်ကာယ အကြီး အငယ်တူကြ၍ ဧကတ္တကာယခေါ်ကြလည်း ပဋိသန္ဓေဝိညာဏ်နာမ်မရှိ၍ အသညီမည်၏။ (၆,၇,၈,၉) အရူပ ဘုံသားတို့သည် မိမိတို့ဝိပါက်နှင့်သာ ပဋိသန္ဓေနေကြ၍ ဧကတ္တသညီမည်၏။

## သတ္တဝိညာဏဋ္ဌိတိ

သတ္တဝိညာဏဋ္ဌိတိဟု ခေါ်အပ်သော ဝိညာဏ်၏တည်ရာဘုံသည် ခုနစ်ဘုံသာရှိ၏။ ခုနစ်ဘုံမှာ ယခင် ကေတ္တကာယစသော သတ္တဝါသဘုံကိုးဝအနက် အသညသတ်ဘုံနှင့် နေဝသညာ နာသညာယတန ဘုံကိုကြဉ်၍ ကြွင်း ၇ ဘုံတို့သာ ဝိညာဏ်တည်လျက်ရှိသောကြောင့် ဝိညာဏဋ္ဌိတိဘုံဟု ဆိုအပ်၏။ ။ အသညသတ်ဘုံကား ဝိညာဏ်မရှိ။ နေဝသညာ နာသညာယတနဘုံမှာလည်း ထင်ရှားသော ဝိညာဏ်မရှိ သောကြောင့် ဤဝိညာဏဋ္ဌိတိအရာ၌ နုတ်ရသည်။

## ဘဝဂ်သုံးပါး

ဘဝဂ်ဟူသောအမည်သည် ဘဝ+အဂ္ဂပုဒ်ဖြစ်၍ ဘုံအဆုံးဟူသော အဓိပ္ပာယ်ရ၏။ ။ဝေဟပ္ဖိုလ် ဘုံသည် ပုထုဇနဘဝဂ်မည်၏။ အကနိဋ္ဌဘုံသည် အရိယာဘဝဂ်မည်၏။ နေဝသညာ နာသညာယတနဘုံသည် သဗ္ဗဘဝဂ် မည်၏။

သုဘကိဏှာတိုင်အောင် ရူပကိုးဘုံ, နေဝကြဉ်သော အရူပသုံးဘုံတို့၌ဖြစ်သော အရိယာပုဂ္ဂိုလ်တို့ သည် မိမိဖြစ်ရာဘုံ၌ အထပ်ထပ်တစ်ဖန် ဖြစ်ကောင်း၏။ အထက်အထက်ဖြစ်သော ဗြဟ္မာဘုံ၌လည်း ဖြစ် ကောင်း၏။ အောက်အောက်ဘုံ၌ကားမဖြစ်။ ဝေဟပ္ဖိုလ်ဘုံ၊ နေဝသညာ နေသညာယတနဘုံ၌ ဖြစ်ကုန်သော အရိယာဗြဟ္မာတို့သည်ကား အထက်အထက်ဖြစ်သော ဗြဟ္မာဘုံ၌လည်းမဖြစ်ကုန်။ အောက်အောက်သော ဗြဟ္မာဘုံ၌လည်း မဖြစ်ကုန်။ မိမိဘုံ၌သာ အထပ်ထပ်ဖြစ်၍ ပရိနိဗ္ဗာန်ပြုကုန်၏။ အကနိဋ္ဌဗြဟ္မာကား မိမိ ဘုံ၌ပင် ကေန်ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံရ၏။

## ဘုံပုဂ္ဂိုလ်ရ

| ဘုံ | | ပုထုဇဉ် ၄ | | | | အရိယာ ၈ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဒုဂ္ဂတိအဟိတ် | သုဂတိအဟိတ် | ဒွိဟိတ် | တိဟိတ် | သောတာမဂ်ဋ္ဌ | ဖိုလ်ဋ္ဌ = | သကဒါဂါမိမဂ်ဋ္ဌ | ဖိုလ်ဋ္ဌ = | အနာဂါမိမဂ်ဋ္ဌ | ဖိုလ်ဋ္ဌ = | အရဟတ္တမဂ်ဋ္ဌ | ဖိုလ်ဋ္ဌ = | ပုဂ္ဂိုလ် | ပေါင်း |
| အပါယ် | ၄ | ။ | | | | | | | | | | | | ၁ | ၄ |
| လူ၊ စတုမဟာရာဇ် | ၂ | | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၁ | ၂၂ |
| အထက်နတ်ပြည် | ၅ | | | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၀ | ၅၀ |
| ပ၊ ဒု၊ တ ဈာန် ၃ စီ၊ ဝေဟပ္ဖိုလ် | ၁၀ | | | | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၉ | ၉၀ |
| အသညသတ် | ၁ | | ။ | | | | | | | | | | | ၁ | ၁ |
| သုဒ္ဓါဝါသ | ၅ | | | | | | | | | | ။ | ။ | ။ | ၃ | ၁၅ |
| အရူပ | ၄ | | | | ။ | | ။ | ။ | ။ | ။ | ။ | ။ | ။ | ၈ | ၃၂ |
| ပုဂ္ဂိုလ်ဘုံရ | | ၄ | ၃ | ၇ | ၂၁ | ၁၇ | ၂၁ | ၂၁ | ၂၁ | ၂၁ | ၂၆ | ၂၆ | ၂၆ | | ၂၁၄ |

ဘုံပုဂ္ဂိုလ်ရ။ ။အပါယ် ၄ ဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တစ်ယောက်သာရ၏။ လူ့ဘုံ၊ စတုမဟာရာဇ်ဘုံ တို့၌ ဒုဂ္ဂတိအဟိတ်ကြဉ်သော သုဂတိအဟိတ် (ပ) အရဟတ္တ ဖလဋ္ဌာန်အားဖြင့် ၁၁ ယောက်တို့ကို ရအပ်၏။ တာဝတိံသာစသော အထက်နတ်ပြည် ၅ ထပ်၌ ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ်မှတစ်ပါး ဒွိဟိတ်စသော ပုဂ္ဂိုလ် ၁၀ ယောက်ကိုရအပ်၏။ ပထမဈာန် ၃ ဘုံ၊ ဒုတိယဈာန် ၃ ဘုံ၊ တတိယဈာန် ၃ ဘုံ၊ ဝေဟပ္ဖိုလ် အားဖြင့် ရူပ ၁၀ ဘုံ၌ တိဟိတ်ပုဂ္ဂိုလ်နှင့် အရိယာရှစ်ယောက်ရ၏။ သုဒ္ဓါဝါသ ၅ ဘုံ၌ အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်၊ အရဟတ္တဖလဋ္ဌာန်အားဖြင့် ၃ ယောက်ရ၏။ အရူပ ၄ ဘုံ၌ တိဟိတ်ပုထုဇဉ်နှင့် သောတာပတ္တိမဂ္ဂဋ္ဌာန်ကြဉ်သော အရိယာ ၇ ယောက်အားဖြင့် ရှစ်ယောက်သော ပုဂ္ဂိုလ်တို့ကိုရအပ်၏။ (ဇယားကို အလျားလိုက်ကြည့်ဆို)။

ပုဂ္ဂိုလ်ဘုံရ။ ။ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သည် အပါယ် ၄ ဘုံ၌ဖြစ်၏။ သုဂတိအဟိတ်ပုဂ္ဂိုလ်သည် လူ့ဘုံ စတုမဟာရာဇ်ဘုံ အသညသတ်ဘုံ-ပေါင်း ၃ ဘုံ၌ဖြစ်၏။ ဒွိဟိတ်ပုဂ္ဂိုလ်သည် ကာမသုဂတိ ၇ ဘုံ၌ဖြစ်၏။ တိဟိတ်ပုဂ္ဂိုလ် အလယ်မဂ္ဂဋ္ဌာန် ၂ ယောက်၊ အောက်ဖလဋ္ဌာန် ၂ ယောက်- ပေါင်း ၅ ယောက်သည် ကာမသုဂတိ ၇ ဘုံ၊ ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀ ဘုံ၊ အရူပ ၄ ဘုံ၊ ပေါင်း ၂၁ ဘုံ၌ဖြစ်၏။ (ဂဏန်းတွက်ကို ပေါင်းဆိုသည်) သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ကာမသုဂတိ ၇ ဘုံ၊ ဝေဟပ္ဖိုလ်တိုင် ရူပ ၁၀ ဘုံ- ပေါင်း ၁၇ ဘုံ၌ဖြစ်၏။ အရဟတ္တမဂ္ဂဋ္ဌာန် ၁၊ အထက်ဖလဋ္ဌာန် ၂- ပေါင်း ၃ ယောက်သည် အပါယ် အသညသတ်ကြဉ်သော ၂၆ ဘုံ၌ ဖြစ်၏။ (ဇယားကို ဒေါင်လိုက်ကြည့်ဆို)

ပုဂ္ဂိုလ်အပြား ဝါကရား။ ။အပါယ် ၄ ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် ၁ ယောက်စီရ၍ ၄ ယောက်။ လူ့ဘုံနှင့် စတုမဟာရာဇ်ဘုံတို့၌ ၁၁ ယောက်စီရ၍ ၂၂ ယောက်။ အထက်နတ်ပြည် ၅ ထပ်၌ ၁၀ ယောက်စီ ရ၍ ၅၀။ ပထမဈာန်စသော ရူပ ၁၀ ဘုံ၌ ၉ ယောက်စီရ၍ ၉၀။ အသညသတ်ဘုံ၌ သုဂတိ အဟိတ် ၁ ယောက်။ အရူပ ၄ ဘုံ၌ ၈ ယောက်စီရ၍ ၃၂ ယောက်။ ပေါင်း ၂၁၄။

ဝါကရားဟူသည်။ ဝါမှာ ၄၊ ကမှာ ၁၊ ရားမှာ ၂။ ပိဋကတ်သင်္ချာဂဏန်းဖြစ်၏။

**ဘူမိစတုက္က ပြီး၏။**

◇◇◇◇◇

## ပဋိသန္ဓိစတုက္က

၁။ အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် အပါယ်လေးဘုံသားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်၏။

၂။ ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် ကာမသုဂတိဘုံ၌ ပဋိသန္ဓေအခါ စက္ခုစသော ကြွန်အင်္ဂါ ယုတ်လျော့ချို့ယွင်း၍ ဖွစွနွစသည်ခေါ်ရသောလူနှင့် စတုမဟာရာဇ်ဘုံမှ ဘုန်းကံ နည်းသော ဝိနိပါတိက အသုရာဟုခေါ်အပ်သော ဘုမ္မစိုးနတ်မျိုးဖြစ်သော ဘီလူး, သဘက်, တစ္ဆေ, မြေဘုတ်, အစိမ်းသူရဲ အစရှိသော နတ်ဆိုးတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်၏။ (၎င်းပုဂ္ဂိုလ်များကို သုဂတိအဟိတ်ပုဂ္ဂိုလ်ခေါ်၏။)

၃။ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်လေးခုသည် ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် ဖြစ်၏။

၄။ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်လေးခုသည် ကာမတိဟိတ်ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် ဖြစ်၏။ ။ဤကား ကာမပဋိသန္ဓေ တစ်ဆယ်တည်း။

၅။ ပဌမဈာန်ဝိပါက်စိတ်သည် ပဌမဈာန် ၃ ဘုံသားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်၏။

၆။ ဒုတိယဈာန်ဝိပါက်နှင့် တတိယဈာန်ဝိပါက်စိတ်သည် ဒုတိယဈာန် ၃ ဘုံသားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်၏။

၇။ စတုတ္ထဈာန်ဝိပါက်စိတ်သည် တတိယဈာန် ၃ ဘုံသားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်၏။

၈။ ပဉ္စမဈာန်ဝိပါက်စိတ်သည် ဝေဟပ္ဖိုလ်နှင့် သုဒ္ဓါဝါသ ၅ ဘုံသားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်၏။

၉။ အာကာ ဝိပါက်စိတ်သည် အာကာဘုံသားတို့၏၊ ဝိညာဝိပါက်စိတ်သည် ဝိညာဘုံသားတို့၏၊ အာကိ ဝိပါက်စိတ်သည် အာကိ ဘုံသားတို့၏၊ နေဝ ဝိပါက်စိတ်သည် နေဝ ဘုံသားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်၏။

၁၀။ ဗိဝိတနဝက ကလာပ်ရုပ်သည် အသညသတ်ဘုံသားတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဖြစ်၏။

ဘဝတစ်ခုအတွင်း၌ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်များသည် (ဘုမ္မိ)ဘုံအားဖြင့် လည်းကောင်း၊ (ဇာတိ) ဇာတ်အားဖြင့်လည်းကောင်း၊ (သမ္ပယုတ္တဝမ္မ) သမ္ပယုတ် ဝိပ္ပယုတ်အားဖြင့်လည်းကောင်း၊ (သင်္ခါရ) အသင်္ခါရိက သသင်္ခါရိကအားဖြင့်လည်းကောင်း၊ (အာရမ္မဏ)အာရုံအားဖြင့်လည်းကောင်း အမြဲတူ၏။ ဥပမာ ဒွိဟိတ် ပဋိသန္ဓေသည် ကာမဘုံ၊ ကာမဇာတ်၊ ဉာဏဝိပ္ပယုတ်၊ အသင်္ခါရိက၊ ကာမအာရုံဖြစ်အံ့၊ ဘဝင်နှင့် စုတိစိတ်တို့လည်း ကာမဘုံ၊ ကာမဇာတ်၊ ဉာဏဝိပ္ပယုတ်၊ အသင်္ခါရိက၊ ကာမအာရုံကိုပင် အာရုံပြုကြ၏။ ထို့အတူ ကြွင်းပဋိသန္ဓေ ဘဝင် စုတိတို့ကိုလည်း သိလေ။

## ကပ်အပြား

(၁) အာယုကပ် = အသက် အသင်္ချေယျတမ်း၊ တကုဋေတမ်း၊ သိန်းတမ်း၊ သောင်းတမ်း၊ ရာတမ်း စသော အသက်တမ်းကို အာယုကပ်ခေါ်၏။

(၂) အန္တရကပ် = အသက်အသင်္ချေယျတမ်းမှ ၁၀ နှစ်တမ်းအထိ၊ ဆယ်နှစ်တမ်းမှ အသက် အသင်္ချေယျတမ်းအထိ၊ ဤဆုတ်ကပ် တက်ကပ် တစ်စုံကို အန္တရကပ်ခေါ်၏။

(၃) အသင်္ချေယျကပ် = အန္တရကပ် ၆၄ ကပ်ကို အသင်္ချေယျကပ်မည်၏။ (ကေစိအလိုအန္တရကပ် ၂၀)။

(၄) မဟာကပ် = အသင်္ချေယျ ၄ ကပ်ကို မဟာကပ် (တစ်ကမ္ဘာ) ခေါ်၏။

အသင်္ချေယျ ၄ ကပ်မှာ-

(၁) သံဝဋ္ဋ အသင်္ချေယျကပ် = ကမ္ဘာကို မီး ရေ လေ တစ်ပါးပါးဖျက်၍ ပျက်နေဆဲအခါ။

(၂) သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်=ပျက်ပြီးနောက် အပျက်အတိုင်း တည်နေသောအခါ။

(၃) ဝိဝဋ္ဋအသင်္ချေကျကပ်=ကမ္ဘာပြုမိုးရွာနေသည်မှ နေ လ နက္ခတ် ပေါ်သည့်တိုင်အောင်သော ကာလ။

(၄) ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်=ကမ္ဘာကြီးတည်ပြီးသည်မှ ဗြဟ္မာဘုံက ဗြဟ္မာတွေစုတေ၍ လူတွေ နတ်တွေ လာ၍ဖြစ်ကြပြီး သတ္တဝါများတည်နေပြီး နောက်တစ်ကြိမ် ကမ္ဘာပျက်သည်အထိ။

## ကမ္ဘာပျက်ပုံ

မီးကြောင့်ပျက်သော တေဇောသံဝဋ္ဋကပ်၊ ရေကြောင့်ပျက်သော အာပေါသံဝဋ္ဋကပ်၊ လေကြောင့် ပျက်သော ဝါယောသံဝဋ္ဋကပ်ဟု ၃ မျိုးရှိ၏။ အကြွင်အခါ သတ္တဝါတို့သည် ရာဂပြန့်ပြော၏၊ ထိုအခါ မီး ဖျက်၏။ ဒေါသပြန့်ပြောသောအခါ ရေဖျက်၏။ မောဟပြန့်ပြောသောအခါ လေဖျက်၏၊ မီးခုနစ်ကြိမ် ဖျက်ပြီးနောက် ရေတစ်ကြိမ်ဖျက်၏၊ ဤသို့အားဖြင့် မီး ၇ ကြိမ်၊ ရေတစ်ကြိမ်၊ မီး ၇ ကြိမ်၊ ရေတစ်ကြိမ် အထပ်ထပ်ဖြစ်၍ ရေခုနစ်ကြိမ် နောက် ၆၄ ကြိမ်မြောက်၌ ကမ္ဘာကိုလေဖျက်၏။ မီးဖျက်သောအခါ ပဌမဈာန် ၃ ဘုံတိုင်အောင် ပျက်စီး၏။ ရေဖျက်သောအခါ ဒုတိယဈာန် ၃ ဘုံတိုင်အောင် ပျက်စီး၏၊ လေဖျက်သော အခါ တတိယဈာန် ၃ ဘုံတိုင်အောင် ပျက်စီး၏။ ဝေဟပ္ဖိုလ်‚အသညသတ်မှစ၍ အထက်ဘုံတို့ကို မီး ရေ လေ ၃ ပါးတို့ မဖျက်ဆီးနိုင်။

ကမ္ဘာမပျက်မီ အနှစ်တစ်သိန်းလောက်က လောကဗျူဟာ ကာမာဝစရနတ်တို့ လှည့်ပတ်ကြွေးကြော် ကြ၏။ ထိုအခါ သတ္တဝါတို့ သတိသံဝေဂပွား၍ ဗြဟ္မာစိုရ်တရားကို ကြိုးစားကြလေရာ ဈာန်ရ၍ စုတေသော အခါ ကမ္ဘာမီးလွတ်ရာ ဗြဟ္မာဘုံတို့သို့ ရောက်ကြ၏။

စကြဝဠာကုဋေတစ်သိန်းသည် ဖြစ်လျှင်အတူတူ၊ ပျက်လျှင်အတူတူပင်တည်း။

## ကမ္ဘာမျိုးမည်

ဘုရားမပွင့်အံ့သောကမ္ဘာကို သုညကမ္ဘာ၊ ဘုရားပွင့်အံ့သောကမ္ဘာကို အသုညကမ္ဘာမည်၏။ ကမ္ဘာ တည်ဦးတွင် မဟာဗောဓိ အပရာဇိတပလ္လင်မြေသည် ရှေးဦးစွာပေါ်၏။ ထိုမြေဦး၌ ကမ္ဘာလက္ခဏာ ကြာပေါက်၏။ ကြာရုံ၌ အပွင့်ပွင့်လျှင် အသုညကမ္ဘာ၊ အပွင့်မပါလျှင် သုညကမ္ဘာဟု ဗြဟ္မာတို့သိကြ၏။ ကြာတစ်ပွင့်ပါလျှင် ဘုရားတစ်ဆူပွင့်လတ္တံ့သော သာရကမ္ဘာ၊ ကြာ ၂ ပွင့်ပါလျှင် ၂ ဆူပွင့်လတ္တံ့သော မဏ္ဍကမ္ဘာ၊ ၃ ခုပါလျှင် ၃ ဆူပွင့်လတ္တံ့သော ဝရကမ္ဘာ၊ ၄ ခုပါလျှင် ၄ ဆူပွင့်လတ္တံ့သော သာရမဏ္ဍကမ္ဘာ၊ ၅ ခုပါလျှင် ၅ ဆူပွင့်လတ္တံ့သော ဘဒ္ဒကမ္ဘာမည်၏။

## အသက်တမ်း

| | | | | |
|---|---|---|---|---|
| မဟာကမ္ဘာ | | | ၈၄၀၀၀ | အရူပ ၄ ဘုံ |
| ။ | | | ၆၀၀၀၀ | |
| ။ | | | ၄၀၀၀၀ | |
| ။ | | | ၂၀၀၀၀ | |
| ။ | | | ၁၆၀၀၀ | သုဒ္ဓါဝါသ ၅ ဘုံ |
| ။ | | | ၈၀၀၀ | |
| ။ | | | ၄၀၀၀ | |
| ။ | | | ၂၀၀၀ | |
| ။ | | | ၁၀၀၀ | |
| ။ | ၅၀၀ | | ၅၀၀ | ဝေဟပ္ဖိုလ်နှင့်အသညသတ် |
| ။ | ၁၆ | ၃၂ | ၆၄ | တတိယဈာန် ၃ ဘုံ |
| ။ | ၂ | ၄ | ၈ | ဒုတိယဈာန် ၃ ဘုံ |
| အသင်္ချေယျကပ် | ၃ ပုံ ၁ ပုံ | ၂ ပုံ ၁ ပုံ | ၁ | ပထမဈာန် ၃ ဘုံ |

| ငရဲအမည် | ငရဲသက်နှစ် | နတ်သက်နှစ် = ငရဲ ၁-ရက် | | လူတို့နှစ် = နတ်တို့ ၁-ရက် | | လူတို့နှစ် = ငရဲ ၁-ရက် |
|---|---|---|---|---|---|---|
| သိဋ္ဌိုင်း | ၅၀၀ | စတုမဟာရာဇ် | ၅၀၀ | အနှစ် | ၅၀ | ၉-သန်း |
| ကာလသုတ် | ၁၀၀၀ | တာဝတိံသာ | ၁၀၀၀ | ။ | ၁၀၀ | ၃ - ကုဋေ ၆-သန်း |
| သဃာတ | ၂၀၀၀ | ယာမာ | ၂၀၀၀ | ။ | ၂၀၀ | ၁၄ - ကုဋေ ၄-သန်း |
| ရောရုဝ | ၄၀၀၀ | တုသိတာ | ၄၀၀၀ | ။ | ၄၀၀ | ၅၇ - ကုဋေ ၆-သန်း |
| မဟာရောရုဝ | ၈၀၀၀ | နိမ္မာနရတိ | ၈၀၀၀ | ။ | ၈၀၀ | ၂၃၀ - ကုဋေ ၄-သန်း |
| တာပန | ၁၆၀၀၀ | ပရနိမ္မိတ | ၁၆၀၀၀ | ။ | ၁၆၀၀ | ၉၂၁ - ကုဋေ ၆-သန်း |

မဟာတာပန၏သက်တမ်းသည် အန္တရကပ်တစ်ဝက်။ အဝီစိငရဲ၏သက်တမ်းသည် ဝိဝဋ္ဋဌာယီ ၁ ကပ်ဖြစ်၏။ အပါယ် ၄ ဘုံသားတို့၏လည်းကောင်း၊ ဇမ္ဗူဒိပ်ကျွန်းသားလူတို့၏လည်းကောင်း၊ ဝိနိပါတိကအသုရာတို့၏လည်းကောင်း အသက်တမ်းအမြဲမရှိ။ အရှေ့ကျွန်း ၇၀၀၊ အနောက်ကျွန်း ၅၀၀၊ မြောက်ကျွန်း ၁၀၀၀ ဟု ဆို၏။

**ပဋိသန္ဓိစတုက္က ပြီး၏။**

## ကမ္မ စတုက္က

၁) ကိစ္စ = လုပ်ငန်းအားဖြင့် ကွဲပြားသော ကံ ၄ ပါးအပေါင်းသည် ကိစ္စစတုက္ကမည်၏။

၂) ပါက = ပဋိသန္ဓေအကျိုးကို + ဒါန = ပေးခြင်း၏ + ပရိယာယ = အလှည့်အကြိမ်။ ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးရန်အလှည့်အကြိမ် အစဉ်အားဖြင့် ကံ ၄ မျိုးအပေါင်းသည် ပါကဒါန ပရိယာယ စတုက္ကမည်၏။

၃) ပါက=အကျိုးပေးရာဖြစ်သော + ကာလ = အခါ။ အကျိုးပေးရာ ကာလအားဖြင့် ကွဲပြားသော ကံ ၄ မျိုးအပေါင်းသည် ပါကကာလ စတုက္ကမည်၏။

၄) အကျိုးပေးရာ ဘုံဌာနအားဖြင့် ကံ ၄ မျိုးအပေါင်းသည် ပါကဌာနစတုက္ကမည်၏။

### (၁) ကိစ္စ စတုက္က

၁။ ဇနကကံ = ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သောကုသိုလ် အကုသိုလ် စေတနာ။

၂။ ဥပတ္ထမ္ဘကကံ = မိမိမှုကား အကျိုးကိုဖြစ်စေခြင်းငှာ မစွမ်းနိုင်သော်လည်း ဇနကကံကိုလည်းကောင်း၊ ဇနကကံကြောင့်ဖြစ်သော အကျိုးဝိပါက်ကိုလည်းကောင်း ထောက်ပံ့ကူညီတတ်သော ကုသိုလ် အကုသိုလ်စေတနာ။

၃။ ဥပပီဠကကံ = ဇနကကံ၏အကျိုး မဖွံ့ဖြိုးမထက်သန်အောင် ကပ်၍နှိပ်စက်တတ်သော ကုသိုလ် အကုသိုလ် စေတနာ။

၄။ ဥပဃာတကကံ = အားနည်းသော ဇနကကံ၏အကျိုးကို အပြီးသတ် ဖျက်ဆီး၍ မိမိအကျိုးကို ပေးတတ်သော ကုသိုလ် အကုသိုလ်စေတနာ။

### (၂) ပါကဒါန ပရိယာယ စတုက္က

၁။ ဂရုကံ = အားအရှိန် အလွန်အားကြီးသောကြောင့် ကံတစ်ပါးသည် တားမြစ်ခြင်းငှာ မတတ်နိုင်သဖြင့် သေသည်မှ အခြားမဲ့၌ အမြဲကေန်အကျိုးပေးတတ်သောကံ၊ (ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကုသိုလ်ကံနှင့် အကုသိုလ်အရာဝယ် ပဉ္စာနန္တရိယကံ ၅ ပါးတည်း။ နိယတမိစ္ဆာ ဒိဋ္ဌိ ၃ ပါးကိုလည်း ယူကြသေး၏)

၂။ အာသန္နကံ = မရဏာသန္နဇော ဝီထိသို့မရောက်မီ သေခါနီးကာလ၌ ပြုအပ်သောကံ။

၃။ အာစိဏ္ဏကံ = အမြဲမပြတ် အထပ်ထပ်ပြုလုပ်အပ်သော ကံသည်လည်းကောင်း၊ တစ်ကြိမ်ပြုပြီး အဖန်ဖန် အောက်မေ့အပ်သော ကံသည်လည်းကောင်း အာစိဏ္ဏကံ။

၄။ ကဋတ္တာကံ = ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ ၃ ပါးမှလွတ်သောကံ။ ဂရုကံစသော ရှေးကံ ၃ ပါးသည် ယခုဘဝတွင်သာ ပြုအပ်သော သတ္တမဇောအဆုံးဇောဖြစ်သော ဥပပဇ္ဇဝေဒနီယကံတို့ပေတည်း။ ရှေးရှေးဘဝတို့၌ ပြုအပ်ပြီးသော အလယ်ဇောငါးချက်ဟု ဆိုအပ်သော အပရာပရိယကံ အပေါင်းသည်လည်းကောင်း၊ ယခုဘဝပြုအပ်သမျှသော သာမညကံအပေါင်းသည်လည်းကောင်း ကဋတ္တာကံမည်၏။

## (၃) ပါကကာလ စတုက္က

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ = မျက်မှောက်ဖြစ်သော ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသော ပထမဇော စေတနာ။

၂။ ဥပပဇ္ဇဝေဒနီယကံ = ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကိုပေးစွမ်းနိုင်သော သတ္တမဇောစေတနာ။

၃။ အပရာပရိယ ဝေဒနီယကံ = တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အခွင့်ရသည် ရှိသော် အကျိုးပေးနိုင်သော အလယ်ဇော ၅ ချက်စေတနာ။

၄။ အဟောသိကံ = ဆိုခဲ့ပြီးသော ကာလအပိုင်းအခြားအတွင်း အကျိုးမပေးသောကံ။

ကိစ္စ စတုက္က၊ ပါကဒါန ပရိယာယ စတုက္က၊ ပါကကာလ စတုက္က ၃ မျိုးသည် သုတ္တန်ဒေသနာတော်၌ လာသောနည်းတည်း။ ပါကဋ္ဌာန စတုက္ကသည်သာ အဘိဓမ္မာဒေသနာနည်း ဖြစ်သည်။

## (၄) ပါကဋ္ဌာန စတုက္က

(၁) အကုသိုလ်ကံ (၂) ကာမာဝစရ ကုသိုလ်ကံ (၃) ရူပါဝစရ ကုသိုလ်ကံ (၄) အရူပါဝစရ ကုသိုလ်ကံ–ဟူ၍ ပဋိသန္ဓေအကျိုးပေးရာဌာန၏ အစွမ်းအားဖြင့် ၄ ပါးဖြစ်ကုန်၏။

### အကုသိုလ်ကံ + ကာမာဝစရကုသိုလ်ကံ

| ဒုစရိုက် ၁၀ ပါး | | သုစရိုက် ၁၀ ပါး | | ကံ |
|---|---|---|---|---|
| အမည် | တရားကိုယ် | အမည် | တရားကိုယ် | |
| ပါဏာတိပါတ | ဒေါသ | ပါဏာတိပါတာ ဝေရမဏီ | သမ္မာအာဇီဝ သမ္မာကမ္မန္တ | ကာယကံ ၃-ပါး |
| အဒိန္နာဒါန | လော၊ဒေါ | အဒိန္နာဒါနာ ဝေရမဏီ | | |
| ကာမေသုမိစ္ဆာစာရ | လောဘ | ကာမေသုမိစ္ဆာစာရာ ဝေရမဏီ | | |
| မုသာဝါဒ | လော၊ဒေါ | မုသာဝါဒါ ဝေရမဏီ | သမ္မာအာဇီဝ သမ္မာဝါစာ | ဝစီကံ ၄-ပါး |
| ပိသုဏာဝါစာ | လော၊ဒေါ | ပိသုဏာဝါစာ ဝေရမဏီ | | |
| ဖရုသဝါစာ | ဒေါသ | ဖရုသဝါစာ ဝေရမဏီ | | |
| သမ္ဖပ္ပလာပ | လော၊ဒေါ | သမ္ဖပ္ပလာပါ ဝေရမဏီ | | |
| အဘိဇ္ဈာ | လောဘ | အနဘိဇ္ဈာ | အလောဘ | မနောကံ ၃-ပါး |
| ဗျာပါဒ | ဒေါသ | အဗျာပါဒ | အဒေါသ | |
| မိစ္ဆာဒိဋ္ဌိ | လောဘ | သမ္မာဒိဋ္ဌိ | အမောဟ | |

ဒုစရိုက် ၁၀ ပါးကို အကုသလကမ္မပထတရား ၁၀ ပါ။ သုစရိုက် ၁၀ ပါးကို ကုသလကမ္မပထတရား ၁၀ ပါးဟုလည်း ခေါ်၏။ ။အကုသိုလ်တရားသည် စိတ္တုပ္ပါဒ်၏ အစွမ်းအားဖြင့် ၁၂ ပါး။ ကာမာဝစရကုသိုလ်တရားသည် စိတ္တုပ္ပါဒ်၏အစွမ်းအားဖြင့် ၈ ပါးအပြားရှိ၏။ အကုသိုလ်ကံ ၁၂ ပါး- ကုသိုလ်ကံ ၈ ပါးအားဖြင့် ၂၀ သော ကံတို့သည် ကာမဘုံ၌သာ ပဋိသန္ဓေအကျိုးကို ပေးတတ်သောကြောင့် ကာမာဝစရကံမည်၏။

"ကိုယ်တိုင်စေခိုင်း၊ ချီးမွမ်းစိတ်တူ၊ ပွားပြန်မှု၊ မှတ်ယူလေးဆယ်ကံ"ဆိုသည့်အတိုင်း ဒုစရိုက်များ သုစရိုက်များ ၄၀ စီဖြစ်နိုင်၏။ ကုသိုလ်တရားတို့၏ ဖြစ်ရာသည် ပုညကြိယာဝတ္ထုမည်၏။ ထိုပုညကြိယာဝတ္ထု ၁၀ ပါးကား-

| ပုညကြိယာအမည် | သွင်းယူပုံ | တရားကိုယ် | ဆန့်ကျင်ဘက်တရား | ဥပမာတူပုံ |
|---|---|---|---|---|
| ၁။ ဒါန | ၆။ ပတ္တိဒါန<br>၇။ ပတ္တာနုမောဒနာ | အလောဘ | ဣဿာ<br>မစ္ဆရိယ | ခြေနှင့်တူ၏ |
| ၂။ သီလ | ၄။ အပစာယန<br>၅။ ဝေယျာဝစ္စ | အဒေါသ | လောဘ<br>ဒေါသ | ကိုယ်နှင့်တူ၏ |
| ၃။ ဘာဝနာ | ၈။ ဓမ္မသဝန<br>၉။ ဓမ္မဒေသနာ<br>၁၀။ ဒိဋ္ဌုဇုကမ္မ | အမောဟ | မောဟ | ဦးခေါင်းနှင့်တူ၏ |

(တစ်နည်း) ဒိဋ္ဌုဇုကမ္မကိုကျန်သော ပုညကြိယာ ၉ ပါးလုံးမှာသွင်းယူအပ်၏။ အဘယ့်ကြောင့်ဆိုသော် အယူမဖြောင့်သောသူအား အဘယ်ပုညကြိယာတရားမှ မဖြစ်နိုင်။

## မဟဂ္ဂုတ်ကုသိုလ်ကံ ၉ ပါး

မဟဂ္ဂုတ်ကုသိုလ်ကံ ၉-ပါးသည် အပ္ပနာမနောကံ ဘာဝနာကံဟု ခေါ်သည်။ ဈာနင်အားဖြင့် ရူပမှာ ၅ ပါးပြား၏။ အာရုံအားဖြင့် အရူပမှာ ၄ ပါးပြား၏။

ကာမကံ ၂၀ နှင့် မဟဂ္ဂုတ်ကံ ၉ ပါး ပေါင်းသော်-ကံပေါင်း ၂၉ ဖြစ်၏။

## ကာမာဝစရကံနှင့် အကျိုးပေးဝိပါက်

ဥဒ္ဓစ္စစေတနာကြဉ်သော အကုသိုလ်ကံ ၁၁ ပါးသည် အပါယ် ၄ ဘုံ၌ အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေကျိုးကို ပေးစွမ်းနိုင်၏။ ပဝတ္တိအခါ၌ကား အကုသိုလ်ကံ ၁၂ ပါးစလုံးသည် ကာမ ၁၁ ဘုံ၌ အဟိတ်အကုသလဝိပါက် ၇ ပါးလည်းကောင်း၊ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ဃာန ဇိဝှါ ကာယကြဉ်သော အဟိတ်အကုသလဝိပါက် ၄ ပါးကိုလည်းကောင်း ပေးစွမ်းနိုင်၏။

မဟာကုသိုလ်ဖစေတနာ ၈ ခုသည် ကာမသုဂတိ ၇ ဘုံ၌ ကုသလဝိပါက်ဥပေက္ခာသန္တီရဏနှင့် မဟာဝိပါက် ၈ ခု–ပေါင်း ကာမပဋိသန္ဓေ ၉ ခုကို ဖြစ်စေနိုင်၏။ ပဝတ္တိအခါ၌ကား ကာမသုဂတိ ၇ ဘုံ၌ မဟာဝိပါက် ၈ ခုနှင့် အဟိတ်ကုသလဝိပါက် ၈ ခု–ပေါင်း ၁၆ ခုကို ဖြစ်စေနိုင်၏။ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ဃာန ဇိဝှါ ကာယကြဉ်သော အဟိတ်ကုသလဝိပါက် ၅ ခုကိုသာ ဖြစ်စေနိုင်၏။

ဤကား သာမညအားဖြင့် မခွဲမခြမ်းဘဲ ပြီးပြွမ်း၍ဆိုအပ်သောစကား ဖြစ်၏။

| ဒွိဟိတ် တိဟိတ် ဥက္ကဋ္ဌ ဩမက ကုသိုလ်အခွဲနှင့် အကျိုးဝိပါက်ပေးပုံ | | | | | |
|---|---|---|---|---|---|
| ပုဗ္ဗစေတနာ | မုဉ္စစေတနာ | အပရစေတနာ | ကုသိုလ်အမည် | ပဋိသန္ဓေအကျိုး | ပဝတ္တိအကျိုး |
| ကုသိုလ်ခြံရံ | သမ္ပယုတ်ကု | ကုသိုလ်ခြံရံ | တိဟိတ်ဥက္ကဋ္ဌ | သမ္ပယုတ် မဟာဝိပါက် ၄ | မဟာဝိ ၈+အဟိတ် ကုသလဝိပါက် ၈ |
| အကုသိုလ်ခြံရံ | ၎င်း | အကုသိုလ်ခြံရံ | တိဟိတ်ဩမက | ဝိပ္ပယုတ် မဟာဝိပါက် ၄ | မဟာဝိပါက်ဝိပ္ပ ၄ အဟိတ်ကုသလ ဝိပါက် ၈ |
| ကုသိုလ်ခြံရံ | ဝိပ္ပယုတ်ကု | ကုသိုလ်ခြံရံ | ဒွိဟိတ်ဥက္ကဋ္ဌ | | |
| အကုသိုလ်ခြံရံ | ၎င်း | အကုသိုလ်ခြံရံ | ဒွိဟိတ်ဩမက | ကုသလဝိပါက် ဥပေက္ခာသန္တီရဏ | အဟိတ်ကုသလ ဝိပါက် ၈ |

ကေစိဆရာ၏အလိုမှာ အသင်္ခါရိကကုသိုလ်က သသင်္ခါရိကဝိပါက်ကို မဖြစ်စေနိုင်၊ သသင်္ခါရိက ကုသိုလ်က အသင်္ခါရိကဝိပါက်ကို မဖြစ်စေနိုင်။ ထို့ကြောင့် တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကုသိုလ်ကံ ၂ ပါးသည် ပဋိသန္ဓေအခါ အသင်္ခါရိက ပဋိသန္ဓေကိုပေး၍ ပဝတ္တိအခါ၌လည်း မဟာဝိပါက်အသင်္ခါရိက ၄၊ အဟိတ်ကုသလဝိပါက် ၈ ပေါင်း – ၁၂ ပါးသာ ဖြစ်နိုင်၏ဟုဆို၏။ တိဟိတ်ဩမက, ဒွိဟိတ်ဥက္ကဋ္ဌတွင် ၁၀ ပါးဆို၏။

## မဟဂ္ဂုတ်ကံနှင့် မဟဂ္ဂုတ်ဝိပါက်

ရူပကုသိုလ်ဈာန် ၅ ပါးတို့တွင် တစ်ပါးတစ်ပါး၌ ဟီနဈာန်, မဇ္ဈိမဈာန်, ပဏီတဈာန်ဟု ၃ မျိုးစီ ပြား၏။ ဈာန်တရားအားထုတ်သည့်အခါ ယုတ်လျော့သောဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသက္ကဒ္ဓိပါဒ် ၄ ပါးတို့နှင့် ယှဉ်လျှင် ဟီနဈာန်မည်၏။ အလယ်အလတ်ဖြစ်သော ဣဒ္ဓိပါဒ် ၄ ပါးတို့နှင့်ယှဉ်လျှင် မဇ္ဈိမဈာန်မည်၏။ မြင့်မြတ်ထက်သန်သော ဣဒ္ဓိပါဒ် ၄ ပါးတို့နှင့်ယှဉ်လျှင် ပဏီတဈာန်မည်။ ထိုတွင် ဟီနပဌမဈာန်ကုသိုလ်ကံသည် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ပဌမဈာန်ဝိပါက်ပဋိသန္ဓေ, ဘဝင်, စုတိအကျိုးကိုပေး၏။ မဇ္ဈိမပဌမ·ဈာန် ကုသိုလ်ကံသည် ဗြဟ္မပုရောဟိတာဘုံ၌ ပဌမဈာန်ဝိပါက်ပဋိသန္ဓေ, ဘဝင်, စုတိအကျိုးကိုပေး၏။ ပဏီတ ပဌမဈာန်ကုသိုလ်ကံသည် မဟာဗြဟ္မာဘုံ၌ ပဌမဈာန်ဝိပါက်ပဋိသန္ဓေ, ဘဝင်, စုတိအကျိုးကိုပေး၏။ ။ ဟီနဒုတိယဈာန်နှင့် တတိယဈာန် ကုသိုလ်ကံများသည် ပရိတ္တာဘာဘုံ၌၊ မဇ္ဈိမဒုတိယဈာန်နှင့် တတိယဈာန်

ကုသိုလ်ကံများသည် အပ္ပမာဏာဘာဘုံ၌၊ ပဏီတဒုတိယနှင့် တတိယရျာန်ကုသိုလ်ကံများသည် အာဘဿရာဘုံ၌ ဒုတိယရျာန်ဝိပါက် တတိယရျာန်ဝိပါက် ပဋိသန္ဓေ. ဘဝင်. စုတိအကျိုးကိုပေး၏။ ။ဟီနစတုတ္ထရျာန်ကုသိုလ်ကံသည် ပရိတ္တသုဘာဘုံ၌၊ မဇ္ဈိမစတုတ္ထရျာန် ကုသိုလ်ကံသည် အပ္ပမာဏသုဘာဘုံ၌၊ ပဏီတစတုတ္ထရျာန်ကုသိုလ်ကံသည် သုဘကိဏှာဘုံ၌ စတုတ္ထရျာန်ဝိပါက်ပဋိသန္ဓေ. ဘဝင်.စုတိအကျိုးကိုပေး၏။ ။ အဘိညာဏ်ကိစ္စမတပ်သော သာမညဖြစ်သော ပဉ္စမရျာန်ကုသိုလ်ကံသည် ဝေဟပ္ဖိုလ်ဘုံ၌ ပဉ္စမရျာန်ဝိပါက်ပဋိသန္ဓေ. ဘဝင်. စုတိအကျိုးကိုပေး၏။ ။နာမ်တရားကို မုန်း၍လည်းကောင်း၊ ပျောက်ကင်းစေရန် ပတ္ထနာနှင့်ယှဉ်သော ပဉ္စမရျာန်ကုသိုလ်ကံသည် အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေ. ဘဝင်. စုတိအကျိုးပေးနိုင်၏။ အနာဂါမ်ပုဂ္ဂိုလ်မှာ သဒ္ဓိန္ဒြေလွန်ကဲသော ပဉ္စမရျာန်ကုသိုလ်ကံသည် အဝိဟာဘုံ၊ ဝီရိယလွန်ကဲမှု အတပ္ပါဘုံ၊ သတိလွန်ကဲမှု သုဒဿာဘုံ၊ သမာဓိလွန်ကဲမှု သုဒဿီဘုံ၊ ပညာလွန်ကဲမှု အကနိဋ္ဌဘုံ၌ ပဉ္စမရျာန် ဝိပါက်ပဋိသန္ဓေ. ဘဝင်. စုတိအကျိုးကိုပေး၏။ ။အာကာသကုသိုလ်ကံသည် အာကာသဘုံ၌၊ ဝိညာကုသိုလ်ကံသည် ဝိညာဘုံ၌၊ အာကိကုသိုလ်ကံသည် အာကိဘုံ၌၊ နေဝကုသိုလ်ကံသည် နေဝဘုံ၌ အသီးသီး ပဋိသန္ဓေ. ဘဝင်. စုတိအကျိုးကိုပေး၏။

## မရဏုပ္ပတ္တိ စတုက္က

၁။ အာယုက္ခယ = ထိုထိုဘဝ၌ ပိုင်းခြားအပ်သော သက်တမ်းကုန်၍သေခြင်း။

၂။ ကမ္မက္ခယ = ပဋိသန္ဓေကံအစွမ်းကုန်၍ သေခြင်း။

၃။ ဥဘယက္ခယ = အသက်တမ်း ကံစွမ်းနှစ်ပါးစုံကုန်၍ သေခြင်း။

၄။ ဥပစ္ဆေဒက = ကံဆိုးဖြတ်ချ၍ လတ်တလောသေခြင်း။

ထို ၄ ပါးသော သေခြင်းတို့တွင် တစ်ပါးပါးဖြင့်သေကုန်သော သတ္တဝါတို့အား သေခါနီးကာလ၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ မျိုးတို့တွင် တစ်ပါးပါးသည် ထင်မြဲဖြစ်၏။

၁။ ကုသိုလ် အကုသိုလ် ဇနကကံများကို ကံနိမိတ် (ကံအာရုံ)ဟု ခေါ်၏။

၂။ ကုသိုလ် အကုသိုလ်ကံပြောက်ကြောင်းဖြစ်သော ကျောင်းကန်စသော အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ ပန်း ထီး တံခွန် ကုက္ကားစသည်လည်းကောင်း၊ သတ်အပ်သောသတ္တဝါ ခိုးအပ်သောဝတ္ထု လက်နက် လေး မြား လှံ ထား သေနတ် စသည်များလည်းကောင်း ကမ္မနိမိတ်မည်၏။

၃။ လားရာဂတိ၌ ရအပ်ခံစားအပ်သော နတ်သမီးဘုံဗိမာန်ပဒေသာပင် စသည်တို့သည်လည်းကောင်း၊ ငရဲအိုး ငရဲထိန်း ငရဲမီးလျှံ ခွေးနက်ကြီးစသည်များသည်လည်းကောင်း၊ ဂတိနိမိတ်မည်၏။

ကံအာရုံသည် ကာလ ၃ ပါးတို့တွင် အတိတ်ဖြစ်၍ ဒွါရ ၆ ပါးတို့တွင် မနောဒွါရ၌သာထင်၏။

ကမ္မနိမိတ်သည် ကာလအားဖြင့် အတိတ်အာရုံ ၆ ပါးဖြစ်မူ မနောဒွါရ၌သာထင်နိုင်၏။ ပစ္စုပ္ပန်အာရုံ ၆ ပါးဖြစ်ခဲ့မူ ၆ ဒွါရ၌ ထင်နိုင်၏။

ဂတိနိမိတ်သည် ကာလအားဖြင့် ပစ္စုပ္ပန်ဖြစ်၏။ အာရုံ ၆ ပါးလုံးပင်ရ၍ ၆ ဒွါရလုံး၌ထင်နိုင်၏။

**မရဏာသန္နဝီထိတို့ကို အောက်ပါအတိုင်း ခွဲခြားပြဆိုအံ့။**

(၁) ကာမ ၁၁ ဘုံမှစုတိ၍ ကာမ ၁၁ ဘုံ၌ ပဋိသန္ဓေနေလတ္တံ့သောဝီထိ။

(၂) ကာမသုဂတိ ၇ ဘုံမှစုတိ၍ ရူပ ၁၆ ဘုံ၌ တိဟိတ်-သုဂတိအဟိတ် ပဋိသန္ဓေ နေလတ္တံ့သောဝီထိ။

(၃) ကာမသုဂတိ ၇ ဘုံမှစုတိ၍ အရူပ ၄ ဘုံ၌ ပဋိသန္ဓေနေလတ္တံ့သောဝီထိ။

(၄) အသညသတ်အကနိဋ္ဌကြဉ်သော ရူပ ၁၄ ဘုံမှ စုတိ၍ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ပဋိသန္ဓေနေလတ္တံ့သောဝီထိ။

(၅) ဝေဟပ္ဖိုလ်တိုင် ရူပါဝစရ ၁၁ ဘုံမှစုတိ၍ ကာမသုဂတိ ၇ ဘုံ၌ ပဋိသန္ဓေနေလတ္တံ့သောဝီထိ။

(၆) ဝေဟပ္ဖိုလ်တိုင် အသညသတ်ကြဉ်သော ရူပ ၁၀ ဘုံမှစုတိ၍ အရူပ ၄ ဘုံ၌ ပဋိသန္ဓေနေလတ္တံ့သောဝီထိ။

(၇) အရူပ ၄ ဘုံမှစုတိ၍ အရူပ ၄ ဘုံ၌ ပဋိသန္ဓေနေလတ္တံ့သောဝီထိ။

(၈) အရူပ ၄ ဘုံမှစုတိ၍ ကာမသုဂတိ ၇ ဘုံ၌ ပဋိသန္ဓေနေလတ္တံ့သောဝီထိ။

(၉) ရဟန္တာတို့၏ မရဏာသန္နဝီထိ။

## (၁) ကာမ ၁၁ ဘုံမှ စုတိ၍ ကာမ ၁၁ ဘုံ၌ ပဋိသန္ဓေနေသောဝီထိပုံစံ

### ပဉ္စဒွါရ မရဏာသန္နဝီထိ

| ဘဝဟောင်း မရဏာသန္နဝီထိ | ဘဝသစ် ပဋိသန္ဓေဝီထိ |
|---|---|
| တီ န ဒ...ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘွင် စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |
| တီ န ဒ...ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |
| တီ န ဒ...ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ရုံ ဘွင် စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |
| တီ န ဒ...ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |

### မနောဒွါရ မရဏာသန္နဝီထိ

| ဘဝဟောင်း မရဏာသန္နဝီထိ | ဘဝသစ် ပဋိသန္ဓေဝီထိ |
|---|---|
| န ဒ...မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘွင် စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |
| န ဒ...မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |
| န ဒ...မ ဇ ဇ ဇ ဇ ဇ ဘွင် စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |
| န ဒ...မ ဇ ဇ ဇ ဇ ဇ စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |

ကာမ ၁၁ ဘုံမှ စုတိ၍ ကာမ ၁၁ ဘုံ၌ ပဋိသန္ဓေနေလတ္တံ့သော မရဏာသန္နဝီထိသည် ပဥ္စဒွါရ, မနောဒွါရအားဖြင့် ၂ ပါးအပြားရှိ၏။ ထိုတွင် ပဥ္စဒွါရ မရဏာသန္နဝီထိသည်လည်း စက္ခုဒွါရ မရဏာသန္နဝီထိ စသောအားဖြင့် ၅ ပါးအပြားရှိ၏။ စက္ခုဒွါရ မရဏာသန္နဝီထိသည်လည်း တဒါရုံ, ဘဝင်နောင်စုတိ၊ တဒါရုံနောင်စုတိအားဖြင့် အတိမဟန္တာရုံ ၂ ဝီထိ။ ဇော, ဘဝင်နောင်စုတိ၊ ဇောနောင်စုတိအားဖြင့် မဟန္တာရုံ ၂ ဝီထိအားဖြင့် ၄ ဝီထိဖြစ်၏။ သောတဒွါရစသည်၌ ၄ ဝီထိဖြစ်၍ ပဥ္စဒွါရ၌ ဝီထိ ၂၀ ဖြစ်၏။

**စက္ခုဒွါရ မရဏာသန္နဝီထိဖြစ်ပုံ။** ။သေခြင်း ၄ မျိုးတွင် တစ်ပါးပါးဖြင့် သေလတ္တံ့သော ပုဂ္ဂိုလ်အား စက္ခုဒွါရမရဏာသန္နဝီထိဖြင့် တဒါရုံ, ဘဝင်နောင်စုတိကျပုံမှာ-အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မရဏာသန္နဇော ၅ ကြိမ်၊ တဒါရုံ ၂ ကြိမ်၊ ဘဝင်, စုတိကျ၏။ စုတိစိတ်ချုပ်သည်ရှိသော် ထိုစုတိစိတ်၏ အခြားမဲ့၌ ဘဝ ၂ ပါးကို တစပ်တည်းကဲ့သို့ စပ်တတ်သော ပဋိသန္ဓေစိတ်သည်ဖြစ်၏။ ထိုနောင်ဘဝင် ၁၅ ကြိမ် ၁၆ ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိလောဘဇော ၇ ကြိမ်၊ ထိုနောင်ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

တဒါရုံနောင်စုတိ၊ ဇော, ဘဝင်နောင်စုတိ၊ ဇောနောင်စုတိနှင့် မနောဒွါရ မရဏာသန္နဝီထိတို့ကိုလည်း နည်းတူသိလေ။

**စိတ်-အာရုံ-ဝတ္ထု-ပုဂ္ဂိုလ်စသည်။** ။ဘဝဟောင်း မရဏာသန္နဝီထိ၌ ရှေ့နောက်ဘဝင်, စုတိတို့ကို ကာမဘဝင် ၁၀ ချ။ ရှေ့နောက်ဘဝင်, စုတိတို့၏အာရုံမှာ မိမိယူမြဲတိုင်းသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ပဥ္စဒွါရ၌ ဝီထိစိတ်တို့သည် အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကမ္မနိမိတ်၊ ဂတိနိမိတ် ၂ ပါးတွင် တစ်ပါးပါးဖြစ်သင့်သော ပစ္စုပ္ပန်ပဥ္စာရုံကို အာရုံပြု၏။ မနောဒွါရဝီထိ စိတ်တို့သည် ကာလ ၃ ပါးတွင် တစ်ပါးပါးဖြစ်သော အာရုံ ၆ ပါးတွင် တစ်ပါးပါးသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ကို အာရုံပြု၏။ ဇောများမှာ ကာမကုသိုလ်, အကုသိုလ်ဇော ၂၀ တွင် တစ်ခုခုချလေ၊ သုဂတိဘုံသို့ သွားလတ္တံ့သူဖြစ်လျှင် ကုသိုလ်ဇော၊ ဒုဂ္ဂတိဘုံသို့သွားလတ္တံ့သူဖြစ်လျှင် အကုသိုလ်ဇောချ။ မှီရာဝတ္ထုအားဖြင့် ပဥ္စဝိညာဏ်စိတ်တို့သည် စုတိစိတ်မှပြန်၍ရေသော် ၁၇ ချက်မြောက်သော စိတ်နှင့်ဥပါဒ်ပြိုင်သော ပဥ္စဝတ္ထုကို မှီ၏။ ကြွင်းသောစိတ်တို့သည် စုတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက်မြောက်သောစိတ်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။

ဘဝသစ် ပဋိသန္ဓေဝီထိ၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်များကို ကာမပဋိသန္ဓေ ၁၀ ချ။ ဘဝသစ်၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် ရှေးဘဝ မရဏာသန္နဇောသည် အာရုံပြုအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိလောဘဇောတို့သည် ဘဝသစ်ဟုဆိုအပ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့ကို အာရုံပြုကုန်၏။ မှီရာဝတ္ထုအားဖြင့် ပဋိသန္ဓေစိတ်တို့သည် မိမိနှင့်ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုကိုမှီ၏။ ပဋိသန္ဓေနောင်ပထမဘဝင်မှစ၍ နောက် နောက်သော စိတ်တို့သည် ရှေးရှေးသောစိတ်နှင့် ဥပါဒ်ပြိုင်၍ ဦးသို့ရောက်ဆဲဖြစ်သော ဟဒယဝတ္ထုကိုမှီကုန်၏။

ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ် ၄ ယောက်၊ သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိဖလဋ္ဌာန်တို့သာရအပ်၏။

## (၂) ကာမသုဂတိ ၇ ဘုံမှစုတိ၍ ရူပ ၁၆ ဘုံ၌ ပဋိသန္ဓေနေသောဝီထိ

ဘဝဟောင်း မရဏာသန္နဝီထိ | ဘဝသစ် ရူပ ၁၅ ဘုံပဋိသန္ဓေဝီထိ

န ဒ ... မ ဇ ဇ ဇ ဇ ဇ ဘဝင် စု | ပ ဘဝင် ၁၅–၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘဝင် ဘဝင်
န ဒ ... မ ဇ ဇ ဇ ဇ ဇ စု | ပ ဘဝင် ၁၅–၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘဝင် ဘဝင်

အသညသတ် ပဋိသန္ဓေဝီထိ

န ဒ ... မ ဇ ဇ ဇ ဇ ဇ ဘဝင် စု | ပ (ဇီဝိတနဝက ကလာပ်ရုပ် ပဋိသန္ဓေ)
န ဒ ... မ ဇ ဇ ဇ ဇ ဇ စု | ပ (ဇီဝိတနဝက ကလာပ်ရုပ် ပဋိသန္ဓေ)

ပဉ္စဒွါရ ဝီထိမရ။ မနောဒွါရဝီထိသာရ၏။ ဘဝဟောင်း ရှေ့နောက်ဘဝင် စုတိတို့ကို ဈာန်ရကာမတိဟိတ်ဘဝင် ၄ ခုချ။ မရဏာသန္နဇောကို မဟာကုသိုလ်ဇော ၈ ခုချ။ အသညသတ်ကြဉ်သောရူပ ၁၅ ဘုံ ပဋိသန္ဓေကို ရူပ ပဋိသန္ဓေ ၅ ခုချ။ ရှေ့နောက်ဘဝင်စုတိတို့သည် ယူမြဲတိုင်းသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇောတို့သည် ကသိုဏ်းစသော ပညတ်ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ ဘဝသစ် ပဋိသန္ဓေ, ဘဝင်စိတ်များသည် ဘဝဟောင်း မရဏာသန္နဇောသည် ယူအပ်သော ကသိုဏ်းပညတ်ကမ္မနိမိတ်ကို အာရုံပြုကုန်၏။ မှီရာဝတ္ထုမှာ ရေးနည်းတူသိလေ။

နာမ်ရှိ၍ ဒုက္ခများရသည်ဟု နာမ်၌အပြစ်ရှု၍ နာမ်ကိုပျောက်ကင်းစေလိုသော အာသီသဖြင့် ပဉ္စမဈာန်ကိုပွား၍ သေလွန်လျှင် သညာဝိရာဂဘာဝနာအတွက် နာမ်မရှိသော အသညသတ်ဘုံ၌ ရုပ်ဖြင့် ပဋိသန္ဓေနေလေသည်။ အသညတ်သဝ်ပုဂ္ဂိုလ်တို့သည် ဇီဝိတနဝက ကလာပ်ဖြင့် ပဋိသန္ဓေနေကြကုန်၏။

### အမှတ် (၃) (၄) (၆) (၇) (၈)

၎င်းတို့၏ ဝီထိများမှာ မနောဒွါရသာဖြစ်၍ ဇောဘဝင်နောင်စုတိ၊ ဇောနောင်စုတိကိုချလေ။ ရှေ့နောက်ဘဝင်စုတိနှင့် အာရုံသာဖြစ်ထိုက်သရွေ့ ယူရသည်။ ယူပုံမှာ–

အမှတ်(၃)၌ ရှေ့နောက်ဘဝင်စုတိတို့ကို ကာမတိဟိတ်ဘဝင် ၄ ခုချ။ အာရုံမှာ မိမိယူမြဲတိုင်းသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃ ပါးတွင် တစ်ပါးပါးကို အာရုံပြု၏။ အမှတ်(၄) (၆)၌ ရှေ့နောက် ဘဝင်စုတိတို့ကို ရူပဘဝင် ၅ ခုချ။ အာရုံမှာ မိမိ၏ ပဋိသန္ဓေအာရုံအတိုင်း ကသိုဏ်းပညတ်ကမ္မနိမိတ်ကို အာရုံပြု၏။ အမှတ်(၇) (၈)၌ ရှေ့နောက်ဘဝင်စုတိတို့ကို အရူပဘဝင် ၄ ခုချ။ အာရုံမှာ အရူပ ပဋိသန္ဓေ ၄ ခု၏ အာရုံအတိုင်း ဆိုင်ရာအသီးသီးယူလေ။

မရဏာသန္နဇောများမှာ မဟာကုသိုလ် ၈ ခုချ။ အာရုံမှာ အမှတ်(၃)၌ အရူပ ပဋိသန္ဓေစိတ် ၄ ခု၏ အာရုံအတိုင်း အသီးသီးယူလေ။ အမှတ်(၄)အာရုံမှာ ရူပဘုံသို့ရောက်နိုင်သော ကသိုဏ်းပညတ် ကမ္မနိမိတ် အာရုံကိုယူ။ အမှတ်(၆)(၇)အာရုံမှာ နောက်ဖြစ်လတ္တံ့သော အရူပဘုံအားလျော်စွာ အာရုံပြုကိုသိလေ။ အမှတ်(၈)အာရုံမှာ နိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးဖြစ်သော ကာမအာရုံနိမိတ်ကို အာရုံပြုကုန်၏။ မနောဒွါရာဝဇ္ဇန်း၏အာရုံမှာ မရဏာသန္နဇော၏ အာရုံအတိုင်းပင်။

## (၅) ဝေဟပ္ဖိုလ်တိုင် ရူပါဝစရ ၁၁ ဘုံမှ စုတိ၍ ကာမသုဂတိ ၇ ဘုံ၌ ပဋိသန္ဓေနေသောဝီထိ

### ပဥ္စဒွါရ

| ဘဝဟောင်း မရဏာသန္နဝီထိ | ဘဝသစ် ကာမသုဂတိပဋိသန္ဓေဝီထိ |
| --- | --- |
| တိ န ဒ...ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဘွင် စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |
| တိ န ဒ...ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |

### မနောဒွါရ

| | |
| --- | --- |
| န ဒ...မ ဇ ဇ ဇ ဇ ဇ ဘွင် စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |
| န ဒ...မ ဇ ဇ ဇ ဇ ဇ စု | ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |

ဝေဟပ္ဖိုလ်တိုင် ရူပါဝစရ ၁၁ ဘုံမှစုတိ၍ ကာမသုဂတိ ၇ ဘုံ၌ ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေ နေလတ္တံ့သော ပုဂ္ဂိုလ်၏ မရဏာသန္နဝီထိသည် ပဥ္စဒွါရ မနောဒွါရအားဖြင့် ၂ ပါးရှိ၏။ ထိုတွင် ပဥ္စဒွါရ သည် စက္ခုဒွါရ, သောတဒွါရ ၂ ပါးသာဖြစ်၏။ ဝီထိမှာဇော, ဘွင်နောင်စုတိ၊ ဇောနောင်စုတိ ၂ ပါးစီချလော။ ရှေ့နောက် ဘဝင်စုတိတို့ကို ရူပါဝစရဝိပါက် ၅-ခုချ။ ၎င်းတို့သည် မိမိပဋိသန္ဓေနေခဲ့ရင်းအတိုင်း ကသိဏ်း စသော ပညတ်ကမ္မနိမိတ်ကို အာရုံပြု၏။ ဇောကို မဟာကုသိုလ် ၈ ခုချ။ ပဥ္စဒွါရ၌ မရဏာသန္နဇောတို့သည် ရှေးရှုထင်လာသော ကမ္မနိမိတ် ဂတိနိမိတ် ၂ ပါးတို့တွင် တစ်ပါးပါးဖြစ်သော ပစ္စုပ္ပန်ရူပါရုံ, ပစ္စုပ္ပန်သဒ္ဒါရုံ နိမိတ်ကို အာရုံပြုကုန်၏။ မနောဒွါရဖြစ်မူ နိမိတ် ၃ ပါးတွင် တစ်ပါးပါး၊ ကာလ ၃ ပါးတွင်တစ်ပါးပါး၊ အာရုံ ၆ ပါးတွင် တစ်ပါးပါးဖြစ်သော ကာမအာရုံကို အာရုံပြု၏။

### အသညသတ်စုတိ ကာမပဋိသန္ဓေ

| အသညသတ်ရုပ်စုတိ | ကာမသုဂတိပဋိသန္ဓေဝီထိ |
| --- | --- |
| နောက်ဆုံးရုပ် | ရုပ်စုတိ ပ ဘွင် ၁၅-၁၆ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် |

<........ စိတ္တက္ခဏာ ၁၇ ချက် ..............>

အသညသတ်ဘုံမှ စုတိ၍ ကာမသုဂတိ ၇ ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်၏ ဝီထိကိုမူကား နာမ်မရှိ၍ နာမ်ဝီထိမရ။ ရုပ်ဝီထိကိုချလျှင် ရကောင်း၏။ အသညသတ်ရုပ်ဘင်၏ ရှေးစိတ္တက္ခဏာ ၁၇ ချက်ခန့်ကာလ၌ ကမ္မဇရုပ် မဖြစ်တော့ချေ။ အသညတ်သတ်ဘုံမှ စုတေသောသတ္တဝါအား မရဏာသန္နဇောသည် မရှိသဖြင့် မရဏာသန္နဇောသည် ထင်စေအပ်သော တစ်စုံတစ်ခုသောအာရုံမရှိပေ။ သို့သော်လည်း ထိုပုဂ္ဂိုလ်၏ ကာမ ပဋိသန္ဓေစိတ် ၈ ခုသည်ကား အသညသတ်ဘုံ၌ မဖြစ်မီ ရှေးရှေးဘဝက ပြုခဲ့ဖူးသော ဥပစာရ စေတနာဟု ဆိုအပ်သော အပရာပရိယ ကံဟောင်း၏အစွမ်းကြောင့် ကောင်းကင်မှကျလာဘိသကဲ့သို့ အလိုလိုထင်လာသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးတို့ကို အာရုံပြု၏။

## (၉) ရဟန္တာစိတ်

ရဟန္တာတို့၏ စိတ်သည် သုက္ခဝိပဿကရဟန္တာတို့၏စိတ်၊ ဈာနလာဘီရဟန္တာတို့၏ စိတ်အားဖြင့် ၂ ပါးရှိ၏။ သုက္ခဝိပဿကရဟန္တာတို့၏ မရဏာသန္နဝီထိသည် မနောဒွါရဝီထိတည်း။ ထိုမနောဒွါရဝီထိသည် တဒါရုံ, ဘွင် နောင်စုတိ၊ တဒါရုံနောင်စုတိ၊ ဇော, ဘွင် နောင်စုတိ၊ ဇောနောင်စုတိအားဖြင့် ၄ ပါးရှိ၏။

န ဒ...မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘွင် စု–အနုပါဒိသေသနိဗ္ဗာန်
န ဒ...မ ဇ ဇ ဇ ဇ ဇ ရုံ ရုံ စု– ၎င်း
န ဒ...မ ဇ ဇ ဇ ဇ ဇ ဘွင် စု– ၎င်း
န ဒ...မ ဇ ဇ ဇ ဇ ဇ စု– ၎င်း

သုက္ခဝိပဿကကို ကာမဘုံ၌သာရအပ်သောကြောင့် ရှေ့နောက် ဘဝင်စုတိတို့ကို ကာမတိဟိတ် ဘဝင် ၄ ခုချ။ ၎င်းတို့သည် ပဋိသန္ဓေက ပြုမြဲအာရုံအတိုင်း နိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။ ဇောကို မဟာကြိယာဇော ၈ ခုချ။ မရဏာသန္နဇောတို့သည် ပကတိအားဖြင့် ထင်မြင်သော ရုပ်နာမ်တရားတို့ကို အာရုံပြု၏။

ဈာနလာဘီ ရဟန္တာပုဂ္ဂိုလ်တို့၏ မရဏာသန္နဝီထိသည်လည်း–

(က) ဈာန်ဝင်စားသည်၏အဆုံး၌ စုတိသောဈာနသမနန္တရဝီထိ။
(ခ) ဈာန်မှထ၍ ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ၏ အဆုံး၌စုတိသော ပစ္စဝေက္ခဏာသမနန္တရဝီထိ။
(ဂ) အဘိညာဏ်ဝင်စားပြီး အဆုံး၌ စုတိသော အဘိညာသမနန္တရဝီထိ။
(ဃ) အရဟတ္တဖိုလ်ရပြီး၍ မကြာမီမှာပင် စုတိသော ဇီဝိတသမသီသိဝီထိ–အားဖြင့် ၄ ပါးရှိ၏။

### (က) ဈာနသမနန္တရဝီထိ

မန္ဒ = [ န ဒ...မ ပ ဥ နု ဂေါ ဈာန် ဈာန်များစွာ ဘွင် စု–အနုပါဒိသေသနိဗ္ဗာန်
န ဒ...မ ပ ဥ နု ဂေါ ဈာန် ဈာန်များစွာ စု– ၎င်း

တိက္ခ = [ န ဒ...မ ဥ နု ဂေါ ဈာန် ဈာန်များစွာ ဘွင် စု–အနုပါဒိသေသနိဗ္ဗာန်
န ဒ...မ ဥ နု ဂေါ ဈာန် ဈာန်များစွာ စု– ၎င်း

ဤဈာနသမနန္တရဝီထိ၌ ဈာန်. ဘွင် နောင်စုတိ၊ ဈာန်နောင်စုတိအားဖြင့် ၂ ပါးရှိ၏။ ရှေ့နောက် ဘဝင်စုတိတို့ကို တိဟိတ်ဘဝင် ၁၃ ခုချ။ ၎င်းတို့သည် မိမိပဋိသန္ဓေက ယူမြဲသောအတိုင်း နိမိတ် ၃ ပါး တို့တွင် တစ်ပါးပါးကို အာရုံပြု၏။ မရဏာသန္နဇောတို့သည် ကသိုဏ်းစသော ဈာန်၏အာရုံကို အာရုံပြုကုန်၏· ဈာန်ဇောကို မဟဂ္ဂုတ်ကြိယာ ၉ ခုချ။ ဈာန်ရှေ့ကာမဇောပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့ကို မဟာကြိယာ ဉာဏသမ္ပယုတ် ၄ ခုချ။ တိက္ခဖြစ်လျှင် ကာမဇော ၃ ကြိမ်၊ မန္ဒဖြစ်လျှင် ကာမဇော ၄ ကြိမ်။

## ( ခ ) ပစ္စဝေက္ခဏာသမန္တရဝိထိ

န ဒ...မ ဇ ဇ ဇ ဇ ဇ ဘွင် စု–အနုပါဒိသေသနိဗ္ဗာန်
န ဒ...မ ဇ ဇ ဇ ဇ ဇ စု– ၎င်း

ဤ၌ ဇော,ဘွင် နောင်စုတိ၊ ဇောနောင်စုတိ ၂ မျိုးချ။ ရှေ့နောက် ဘဝင်စုတိတို့ကို တိဟိတ်ဘဝင် ၁၂ ခုချ။ ၎င်းတို့၏အာရုံမှာ ပြုမြဲတိုင်းသော နိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။ မရဏာသန္နဇော မှာ မဟာကြိယာ ၈ ခုချ။ ၎င်းဇောသည် ဝိတက်စသော ဈာန်အင်္ဂါ ၅ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။

## ( ဂ ) အဘိညာသမန္တရဝိထိ

မန္ဒ = [ န ဒ...မ ပ ဥ နု ဂေါ ဘိ ဘွင် စု–အနုပါဒိသေသနိဗ္ဗာန်
န ဒ...မ ပ ဥ နု ဂေါ ဘိ စု– ၎င်း

တိက္ခ = [ န ဒ...မ ဥ နု ဂေါ ဘိ ဘွင် စု–အနုပါဒိသေသနိဗ္ဗာန်
န ဒ...မ ဥ နု ဂေါ ဘိ စု– ၎င်း

အဘိညာဏ်ဝိထိ၌ ပြခဲ့ပြီးအတိုင်း အဝိဋ္ဌာန်ပါဒက ဈာန်ဝိထိ၊ အဝိဋ္ဌာန်ကာမဇောဝိထိ၊ အဘိညာဏ် ပါဒကဝိထိတို့ကို ကြိယာဇောတို့နှင့်ချ။ ထိုနောက် ဣဒ္ဓိဝိဓ အဘိညာဏ်စသည်ချလေ။ ။အဘိညာဏ်ကို ပဥ္စဝေါကာရဘုံ၌သာ ရအပ်သောကြောင့် ရှေ့နောက်ဘဝင်စုတိတို့ကို ပဥ္စဝေါကာရတိဟိတ်ဘဝင် ၉ ခုချ။ အာရုံမှာ ပြုမြဲအတိုင်း။ အာဝဇ္ဇန်း, ကာမဇောနှင့် အဘိညာဏ်ဇောတို့သည် မိမိ၏ကရဇကာယကို အာရုံပြု ကုန်၏။ ရှေ့ကာမဇောကို မဟာကြိယာ တတိယဒွေချ။ အဘိညာဏ်ကို ကြိယာအဘိညာဏ်ချ။

## ( ဃ ) ဇီဝိတသမသီသိဝိထိ

န ဒ...မ ဇ ဇ ဇ ဇ ဇ ဘွင် စု–အနုပါဒိသေသနိဗ္ဗာန်
န ဒ...မ ဇ ဇ ဇ ဇ ဇ စု– ၎င်း

ဂေါဓိကမထေရ်၊ ဆန္နမထေရ်စသည်တို့ကဲ့သို့ ကိုယ်တိုင်ဓားဖြင့် လည်ပင်းကို ဖြတ်လှီးစဉ် ဝိပဿနာ တင်လျက် အရဟတ္တဖိုလ်သို့ရောက်ပြီးလျှင် ပရိနိဗ္ဗာန်စံသော ဝိထိသည် ဇီဝိတသမသီသိဝိထိမည်၏။ ဝိထိ ဖြစ်ပုံမှာ ပထမအရဟတ္တမဂ္ဂဝိထိဖြစ်၏၊ ၎င်းဝိထိနောက်ဘဝင် အနည်းငယ်ကျ၏။ ၎င်းနောက် မဂ်ဖိုလ် စသည်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝိထိဖြစ်၏။ ၎င်းပစ္စဝေက္ခဏာဝိထိ၏ အခြားမဲ့၌ စုတိကျ၏။ ၎င်းဝိထိ ကိုလည်း ဇောဘဝင်နောင်စုတိ၊ ဇောနောင်စုတိ ၂ မျိုးချ။ ဤဇီဝိတသမသီသိဝိထိမျိုးသည် ကာမဘုံ၌သာ ဖြစ်လေ့ရှိသောကြောင့် ရှေ့နောက် ဘဝင်စုတိတို့ကို ကာမတိဟိတ်ဘဝင် ၄ ခုချ။ အာရုံမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃ ပါးတွင် တစ်ပါးပါးပင်။ မရဏာသန္နဇောကို မဟာကြိယာဇော ၈ ခုချ။ ၎င်းဇောတို့သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်, ပယ်ပြီးသော ကိလေသာအားဖြင့် ဤ ၄ ပါးသော အာရုံမျိုးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။

## စုတိနောင် ပဋိသန္ဓေနောင်း

(၁) ကာမအဟိတ်စုတိ ၂၊ ဒွိဟိတ် စုတိ ၄–ပေါင်း စုတိ ၆ ခု နောင်ကာမပဋိသန္ဓေ ၁၀ နောင်း၏။ .

(၂) ကာမတိဟိတ် ၄ ခု နောင် ကာမပဋိသန္ဓေ ၁၀, ရူပပဋိသန္ဓေ ၅, အသညသတ်ရုပ်ပဋိသန္ဓေ ၁, အရူပပဋိသန္ဓေ ၄ အားဖြင့် ပဋိသန္ဓေ ၂၀ နောင်း၏။

(၃) ရူပစုတိ ၆ ခု နောင် မဟာဝိပါက်ပဋိသန္ဓေ ၈၊ ရူပပဋိသန္ဓေ ၅၊ အရူပပဋိသန္ဓေ ၄ အားဖြင့် သဟိတ် ပဋိသန္ဓေ ၁၇ နောင်း၏။

(၄) အရူပစုတိ ၄ ခု နောင် အောက်အောက်၌ဖြစ်သော အရူပပဋိသန္ဓေသည် ကြဉ်အပ်ကုန်သော အရူပပဋိသန္ဓေ ၄ ခု၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ခုအားဖြင့် ပဋိသန္ဓေ ၈ ခုနောင်း၏။

ဤကားအကျဉ်းအားဖြင့် စုပေါင်းပြဆိုလိုက်ခြင်းဖြစ်၏။ အစိပ်အစိပ်သိသာရန် ပုဂ္ဂိုလ်, ဘုံစသည် အားလျော်စွာ ဇယားများဖြင့် ပြဦးအံ့။

## ကာမဘုံ စုတိနောင် ပဋိသန္ဓေနောင်း

| ပုဂ္ဂိုလ် | စုတိစိတ် | ရသင့်သော ပဋိသန္ဓေ | ရောက်နိုင်သောဘုံ |
|---|---|---|---|
| ဒုဂ္ဂတိအဟိတ်<br>သုဂတိအဟိတ်<br>ဒွိဟိတ် | ၁<br>၁<br>၄ | ကာမပဋိသန္ဓေ ၁၁ | ကာမ ၁၁ ဘုံ |
| ဈာန်မရ တိဟိတ် | ၄ | ၎င်း | ၎င်း |
| ဈာန်ရ တိဟိတ် | ၄ | မဟဂ္ဂုတ်ပဋိ ၉၊ ရုပ်ပဋိ | သုဒ္ဓါကြဉ် ဗြဟ္မာ ၁၅ ဘုံ |
| ဈာန်မရ သောတာပန်, သကဒါဂါမ် | ၄ | ကာမတိဟိတ် ပဋိသန္ဓေ ၄ | ကာမသုဂတိ ၇ ဘုံ |
| ဈာန်ရ သောတာပန်, သကဒါဂါမ် | ၄ | မဟဂ္ဂုတ်ပဋိသန္ဓေ ၉ | သုဒ္ဓါ,အသညသတ်ကြဉ်ဗြဟ္မာ ၁၄ ဘုံ |
| အနာဂါမ် | ၄ | ၎င်း | အသညသတ်ကြဉ် ဗြဟ္မာ ၁၉ ဘုံ |
| အဂ္ဂဟိတဂ္ဂဟဏအပေါင်း = | ၁၀ | ၂၀ | ၃၁ |

### ဆိုရိုး

* ဒုဂ္ဂတိအဟိတ်စုတိ ၁၊ သုဂတိ အဟိတ်စုတိ ၁၊ ဒွိဟိတ်စုတိ ၄ ခု နောင် ကာမပဋိသန္ဓေ ၁၀ နောင်း၍ ကာမ ၁၁ ဘုံ၌ဖြစ်နိုင်၏။

* ဈာန်မရ တိဟိတ် စုတိ ၄ ခု နောင်လည်း ကာမပဋိသန္ဓေ ၁၀ နောင်း၍ ကာမ ၁၁ ဘုံ၌ ဖြစ်နိုင်၏။ ဈာန်ရ တိဟိတ်စုတိ ၄ ခု နောင် မဟဂ္ဂုတ်ပဋိသန္ဓေ ၉ ခုနှင့် ရုပ်ပဋိသန္ဓေနောင်း၍ သုဒ္ဓါဝါသကြဉ်သော ဗြဟ္မာ ၁၅ ဘုံ၌ဖြစ်နိုင်၏။

* ဈာန်မရသောတာပန်, သကဒါဂါမ်တိဟိတ်စုတိ ၄ခု နောင် ကာမတိဟိတ်ပဋိသန္ဓေ ၄ ခုနောင်း၍ ကာမသုဂတိ ၇ ဘုံ၌ ဖြစ်နိုင်၏။

* ရှာန်ရသောတာပန်, သကဒါဂါမ် တိဟိတ်စုတိ ၄ခုနောင် မဟာဂ္ဂုတ်ပဋိသန္ဓေ ၉ ခုနောင်း၍ သုဒ္ဓါဝါသ, အသညသတ်ကြဉ်သော ဖြဟ္မာ ၁၄ ဘုံ၌ဖြစ်နိုင်၏။

* အနာဂါမ်တိဟိတ်စုတိ ၄ ခု နောင်မဟာဂ္ဂုတ်ပဋိသန္ဓေ ၉ ခုနောင်း၍ အသညသတ် ကြဉ်သော ဖြဟ္မာ ၁၉ ဘုံ၌ဖြစ်နိုင်၏။

မှတ်ရန်။ ။အနာဂါမ်ပုဂ္ဂိုလ်သည် နောက်နောက်က ရှာန်မရခဲ့ပြားသော်လည်း အယုတ်ဆုံး သေခါနီး၌ ရှာန်ရစမြဲဖြစ်၍ အနာဂါမ်ပုဂ္ဂိုလ်၏ တိဟိတ်စုတိ ၄ ခု နောင် အသညသတ်ကြဉ်သော ဖြဟ္မာ ၁၉ ဘုံ၌ မဟာဂ္ဂုတ်ပဋိသန္ဓေ ၉ ခုနောင်း၏။

## ရှုပဘုံ စုတိနောင် ပဋိသန္ဓေနောင်းပုံ

| ပုဂ္ဂိုလ် | စုတိ | ရနိုင်သောပဋိသန္ဓေ | ရောက်နိုင်သောဘုံ |
|---|---|---|---|
| ပထမရှာန် တိဟိတ် | ၁ | သဟိတ်ပဋိ–၁၇ | အပါယ်,အသည,သုဒ္ဓါကြဉ် ၂၁ ဘုံ |
| ။ သော,ဒါ | ၁ | မဟာဂ္ဂုတ်ပဋိ–၉ | အသညသတ်,သုဒ္ဓါကြဉ်ဖြဟ္မာ ၁၄ ဘုံ |
| ။ အနာဂါမ် | ၁ | ၎င်း | အသညသတ်ကြဉ်ဖြဟ္မာ ၁၉ ဘုံ |
| ဒုတိယရှာန် တိဟိတ် | ၂ | ပရှာန်ဝိကြဉ်သဟိတ်ပဋိ–၁၆ | အပါယ်,ပရှာန်,အသည,သုဒ္ဓါကြဉ် ၁၈ ဘုံ |
| ။ သော,ဒါ | ၂ | ပရှာန်ဝိကြဉ်မဟာဂ္ဂုတ်ပဋိ–၈ | ဒု,တ,ဝေဟပ္ဖိုလ်တိုင်ဖြဟ္မာ–၇၊ အရူပ ၄ ဘုံ |
| ။ အနာဂါမ် | ၂ | ၎င်း | ပရှာန် ၃ ဘုံ, အသညသတ်ကြဉ်ဖြဟ္မာ ၁၆ ဘုံ |
| တတိယရှာန် တိဟိတ် | ၁ | ပ,ဒု,ကရှာန်သဟိတ်ပဋိ–၁၄ | ကာမသုဂတိ ၇ ဘုံ၊တရှာန် ၃ ဘုံ၊ဝေဟပ္ဖိုလ်အရူပ ၄ ဘုံ |
| ။ သော,ဒါ | ၁ | ပ,ဒု,တ၊ရှာန်ဝိကြဉ်မဟာဂ်ပဋိ–၆ | တရှာန် ၃ ဘုံ၊ ဝေဟပ္ဖိုလ်၊ အရူပ ၄ ဘုံ |
| ။ အနာဂါမ် | ၁ | ၎င်း | တရှာန် ၃ ဘုံ, ဝေဟပ္ဖိုလ်, သုဒ္ဓါ ၅, အရူပ ၄ ဘုံ |
| ဝေဟပ္ဖိုလ် တိဟိတ် | ၁ | ပ,ဒု,တ,စရှာန်ဝိကြဉ်သဟိတ်ပဋိ–၁၃ | ကာမသုဂတိ ၇ ဘုံ၊ ဝေဟပ္ဖိုလ်၊ အရူပ ၄ ဘုံ |
| ။ သော,ဒါ,နာ | ၁ | ပဥ္စရှာန်ပဋိ–၁ | ဝေဟပ္ဖိုလ်ဘုံ |
| အသညသတ်သုဂတိ | ၅ပ် | မဟာဝိပါက်–၈ | ကာမသုဂတိ ၇ ဘုံ |
| သုဒ္ဓါအောက်၄ဘုံအနာဂါမ် | ၁ | ပဥ္စမရှာန်ပဋိ–၁ | အထက်အထက်သော သုဒ္ဓါဝါသဘုံ |
| အကနိဋ္ဌ အနာဂါမ် | ၁ | × | × |
| အဂ္ဂဟိတဂ္ဂဟဏအပေါင်း= | ၆ | ၁၇ | ၂၆ |

## ဆိုရိုး

* ပထမရှာန် တိဟိတ် စုတိ ၁ ခုနောင် သဟိတ် ပဋိသန္ဓေ ၁၇ ခုနောင်း၍ အပါယ်, အသညသတ်, သုဒ္ဓါဝါသကြဉ်သော ၂၁ ဘုံ၌ ဖြစ်နိုင်၏။

* ပထမဈာန် သောတာပန်, သကဒါဂါမ် စုတိ ၁ ခုနောင် မဟာဂ္ဂုတ် ပဋိသန္ဓေ ၉ ခုနောင်း၌ အသညသတ်, သုဒ္ဓါဝါသကြဉ်သော ပြဟ္မာ ၁၄ ဘုံ၌ ဖြစ်နိုင်၏။
* ပထမဈာန် အနာဂါမ် စုတိ ၁ ခုနောင် မဟဂ္ဂုတ်ပဋိသန္ဓေ ၉ ခုနောင်း၌ အသညသတ်ကြဉ်သော ပြဟ္မာ ၁၉ ဘုံ၌ ဖြစ်နိုင်၏။ ကြွင်းဖယား ကြည့်၍ဆိုလေ။

သုဒ္ဓါဝါသဘုံ အနာဂါမ်ပုဂ္ဂိုလ်သည် မိမိဖြစ်ခိုက် ဘုံမှာ နောက်တစ်ဖန်ထပ်၍ ပဋိသန္ဓေ မနေ။ အထက်အထက်ဘုံသို့သာ ဖြစ်ရ၏။ အကနိဋ္ဌဘုံရောက်က ကေန်ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံရ၏။ ထို့ကြောင့် အကနိဋ္ဌ အနာဂါမ်စုတိနောင် ပဋိသန္ဓေနောင်းမရပြီ။

## အရူပဘုံ စုတိနောင် ပဋိသန္ဓေနောင်း

| ပုဂ္ဂိုလ် | စုတိ | ရနိုင်သောပဋိသန္ဓေ | ရောက်နိုင်သောဘုံ |
|---|---|---|---|
| အာကာ တိဟိတ် | ၁ | ကာမတိဟိတ်ပဋိ ၄၊ အရူပပဋိ ၄ | ကာမသုဂတိ ၇ ဘုံ၊ အရူပ ၄ ဘုံ |
| ॥ သော,ဒါ,နာ | ၁ | အရူပ ပဋိသန္ဓေ ၄ | အရူပ ၄ ဘုံ |
| ဝိညာ တိဟိတ် | ၁ | ကာမတိဟိတ်ပဋိ ၄၊ အထက်အရူပဋိ ၃ | ကာမသုဂတိ ၇ ဘုံ၊ အထက်အရူပ ၃ ဘုံ |
| ॥ သော,ဒါ,နာ | ၁ | အထက်အရူပ ပဋိ ၃ | အထက်အရူပ ၃ ဘုံ |
| အာကိ တိဟိတ် | ၁ | ကာမတိဟိတ်ပဋိ ၄၊ အထက်အရူပဋိ ၂ | ကာမသုဂတိ ၇ ဘုံ၊ အထက်အရူပ ၂ ဘုံ |
| ॥ သော,ဒါ,နာ | ၁ | အထက်အရူပ ပဋိ ၂ | အထက်အရူပ ၂ ဘုံ |
| နေဝ တိဟိတ် | ၁ | ကာမတိဟိတ် ပဋိ ၄၊ နေဝပဋိ | ကာမသုဂတိ ၇ ဘုံ၊ နေဝ ဘုံ |
| ॥ သော,ဒါ,နာ | ၁ | နေဝပဋိ | နေဝ ဘုံ |
| အဂ္ဂဟိတဂ္ဂဟဏအပေါင်း= | ၄ | ၈ | ၁၁ |

## ဆိုရိုး

* အာကာသာနဉ္စာယတန တိဟိတ်စုတိ ၁ ခု နောင် ကာမတိဟိတ်ပဋိသန္ဓေ ၄ ခု၊ အရူပပဋိသန္ဓေ ၄ ခုအားဖြင့် ပဋိသန္ဓေ ၈ ခုနောင်း၌ ကာမသုဂတိ ၇ ဘုံ၊ အရူပ ၄ ဘုံတို့၌ဖြစ်နိုင်၏။
* အာကာသာနဉ္စာယတန သောတာပန်, သကဒါဂါမ်, အနာဂါမ်စုတိ ၁ ခု နောင် အရူပပဋိသန္ဓေ ၄ ခုနောင်း၌ အရူပ ၄ ဘုံ၌ဖြစ်နိုင်၏။ ကြွင်းဖယားကြည့်၍ ဆိုနိုင်ပြီ။

အထက်အထက်ဘုံ၌တည်နေသော အရူပဗြဟ္မာတို့သည် အောက်အောက်သော အရူပဘုံတို့၌ ပဋိသန္ဓေနေရိုးမရှိ။ ရူပဗြဟ္မာဘုံ၌လည်း ဖြစ်ရိုးမရှိ။ အရူပဘုံမှစုတိသော တိဟိတ်ဗြဟ္မာသည် ကာမသုဂတိ ၇ ဘုံ၌ တိဟိတ်ပဋိသန္ဓေသာနေ၏။ ရူပဗြဟ္မာစုတိနောက်၌မူကား ဒွိဟိတ်ပဋိသန္ဓေကို ဖြစ်နိုင်သေး၏။ ဗြဟ္မာဘုံမှ စုတိသောပုဂ္ဂိုလ်တို့အား အဟိတ်ပဋိသန္ဓေဖြင့် ဒုဂ္ဂတိဘုံသို့ တိုက်ရိုက်မရောက်။ လူ့ဘုံနတ်ဘုံ၌ ဖြစ်ပြီးမှ သံသရာစက်မပြတ်သေး၍ အပါယ်ဘုံသို့ ရောက်ရပြန်၏။




"ရထစက္ကမိဝ"ဟူသော သဂြိုဟ်ပါဠိအရ စုတိချုပ်သည်မှ နောက်၌လည်း ပဋိသန္ဓေအစရှိကုန်သော စိတ်တို့သည် အစဉ်အတိုင်း ရထားလှည်းဘီးစက်ပမာ ဆက်ကာဆက်ကာ ဖြစ်ပုံအခြင်းအရာကို သိစိမ့်သောငှာ အထက်ပုံစံဖြင့် ပြလိုက်ပါသည်။

ပုံစံ၌ တဒါရုံ, ဘဝင် နောင်စုတိ၊ တဒါရုံနောင်စုတိအားဖြင့် အတိမဟန္တာရုံ ၂ ဝီထိ။ ဇော, ဘဝင် နောင်စုတိ၊ ဇောနောင်စုတိအားဖြင့် မဟန္တာရုံ ၂ ဝီထိအားဖြင့် ၄ ဝီထိစီ ပဉ္စဒွါရ မရဏာသန္နဝီထိနှင့် မနောဒွါရ မရဏာသန္နဝီထိတို့ကို ပြလိုက်သည်။

ဘုံပိုင်း ပြီး၏။

## ရုပ်ပိုင်း

ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။ ကေနရုပ္ပတိ၊ သီတေနာပိ ရုပ္ပတိ၊ ဥဏှေနာပိ ရုပ္ပတိ၊ ဇိဃစ္ဆာယာပိ ရုပ္ပတိ၊ ပိပါသာယာပိ ရုပ္ပတိ၊ ဍံသ, မကသ, ဝါတာ, တပ, သရီသပ သမ္ဖဿေဟိပိရုပ္ပတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရုပ္ပတိ၊ ဖောက်ပြန်ထွေပြားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကေန၊ အဘယ်အကြောင်းကြောင့်။ ရုပ္ပတိ၊ ဖောက်ပြန်ထွေပြားတတ်သနည်း။ သီတေနာပိ၊ သီတတေဇောကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်ထွေပြားတတ်၏။ ဥဏှေနာပိ၊ ဥဏှတေဇောကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်ထွေပြားတတ်၏။ ဇိဃစ္ဆာယာပိ၊ ဆာလောင်ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်ထွေပြားတတ်၏။ ဍံသ, မကသ, ဝါတာ, တပ, သရီသပ သမ္ဖဿေဟိပိ၊ ခြင်, မှက်, လေ, နေပူ, မြွေကင်း, သန်းတို့၏အတွေ့ကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်ထွေပြားတတ်၏။

ရုပ်တရားတို့သည် ဆန့်ကျင်ဘက်ဝိရောဓအကြောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲမိကြသောအခါ ရှေ့ရုပ်အစဉ်မှတစ်မျိုးပြောင်း၍ နောက်ရုပ်အစဉ်သို့ တစ်မျိုးဖြစ်ပေါ်ပြောင်းလဲမှုကို ရုပ္ပနသဘောခေါ်သည်။

### ရူပသင်္ဂဟ ၅ ပါး

(၁) ရူပသမုဒ္ဒေသ = ရုပ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြခြင်း။

(၂) ရူပဝိဘာဂ = ကောဋ္ဌ စသည်တို့၏အစွမ်းဖြင့် ရုပ်အပြားကို ခွဲခြမ်းဝေဖန်ခြင်း။

(၃) ရူပသမုဋ္ဌာန = စိတ်ကြောင့်ဖြစ်သောရုပ်၊ ကံကြောင့်ဖြစ်သောရုပ်၊ ဥတုကြောင့်ဖြစ်သောရုပ်၊ အာဟာရကြောင့် ဖြစ်သောရုပ်ဟု အကြောင်းအားဖြင့် ရုပ်တို့၏ ဖြစ်ပုံကို ဝေဖန်ပြခြင်း။

(၄) ရူပကလာပ = ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းကြောင့် ဖြစ်လာသော်လည်း ပရမ်းပတာ ဖရိုဖရဲတကွဲတပြား တခြားဖြစ်သည်မဟုတ်၊ ၈ ခုတစ်တွဲ ၉ ခုတစ်တွဲ ၁၀ ခုတစ်တွဲ အစရှိသည်အားဖြင့် အပေါင်းအစည်းအားဖြင့် ဖြစ်ပုံကို ဝေဖန်ပေါင်းစည်း၍ပြခြင်း။

(၅) ရူပပဝတ္တိက္ကမ = ရုပ်တို့၏ဖြစ်စဉ်ကို ဝေဖန်၍ပြခြင်း။

ရုပ်သည် ရုပ္ပနလက္ခဏာအားဖြင့် တစ်ပါးသာတည်း။ ဘူတရုပ်, ဥပါဒါရုပ်အားဖြင့်လည်းကောင်း၊ နိပ္ဖန္နရုပ်၊ အနိပ္ဖန္နရုပ်အားဖြင့်လည်းကောင်း နှစ်ပါးပြား၏။ ဇာတ်တူအားဖြင့် ဘူတရုပ်, ပသာဒရုပ်, ဂေါစရရုပ်, ဘာဝရုပ်, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ်, ဝိကာရရုပ်, လက္ခဏာရုပ်ဟူ၍ တဆယ့်တစ်ပါးအပြားရှိ၏။ သရုပ်အားဖြင့် ပထဝီ, အာပေါ, တေဇော, ဝါယော, စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ (*ဖောဋ္ဌဗ္ဗ), ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယ, ဇီဝိတ, အာဟာရ, ပရိစ္ဆေဒ, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿလဟုတာ, ရူပဿမုဒုတာ, ရူပဿကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ ဟူ၍ နှစ်ဆယ့်ရှစ်ပါး အပြားရှိ၏။ (*ဖောဋ္ဌဗ္ဗအတွက် သရုပ်အရေအတွက် မယူရ။)

ရူပသမုဒ္ဒေသသဠ် ရုပ်တို့၏ရေတွက်ပုံကို ဇယားဖြင့်ပြလိုက်သည်။ သေချာစွာ လေ့လာပါ။

## ရူပသမုဒ္ဒေသဇယား

| | | | | |
|---|---|---|---|---|
| နိပ္ဖန္နရုပ်။ သဘာဝရုပ်။ သလက္ခဏရုပ်။ ရူပရုပ်။ သမ္မသနရုပ် | ဘူတရုပ် ၄ | ၁ | ပထဝီ | မဟာဘုတ်-၄ |
| | | ၂ | အာပေါ | |
| | | ၃ | တေဇော | |
| | | ၄ | ဝါယော | |
| | ပသာဒရုပ် ၅ | ၅ | စက္ခုပသာဒ | ဥပါဒါရုပ်-၂၄ |
| | | ၆ | သောတပသာဒ | |
| | | ၇ | ဃာနပသာဒ | |
| | | ၈ | ဇိဝှါပသာဒ | |
| | | ၉ | ကာယပသာဒ | |
| | ဂေါစရ သို့မဟုတ် ဝိသယရုပ် ၇ | ၁၀ | ရူပါရုံ | |
| | | ၁၁ | သဒ္ဒါရုံ | |
| | | ၁၂ | ဂန္ဓာရုံ | |
| | | ၁၃ | ရသာရုံ | |
| | | * | ဖောဋ္ဌဗ္ဗာရုံ — ပထဝီ, တေဇော, ဝါယော | |
| | ဘာဝရုပ် ၂ | ၁၄ | ဣတ္ထိဘာဝ | |
| | | ၁၅ | ပုမ္ဘာဝ | |
| | ဟဒယရုပ် | ၁၆ | ဟဒယဝတ္ထု | |
| | ဇီဝိတရုပ် | ၁၇ | ဇီဝိတိန္ဒြေ | |
| | အာဟာရရုပ် | ၁၈ | ကဗဠီကာရအာဟာရ | |
| အနိပ္ဖန္နရုပ်။ အသဘာဝရုပ်။ အလက္ခဏရုပ်။ အရူပရုပ်။ အသမ္မသနရုပ် | ပရိစ္ဆေဒရုပ် | ၁၉ | အာကာသဓာတ် | |
| | ဝိညတ်ရုပ် ၂ | ၂၀ | ကာယဝိညတ် | |
| | | ၂၁ | ဝစီဝိညတ် | |
| | ဝိကာရရုပ် ၅ | ၂၂ | ရူပဿလဟုတာ | |
| | | ၂၃ | ရူပဿမုဒုတာ | |
| | | ၂၄ | ရူပဿကမ္မညတာ | |
| | | * | ကာယဝိညတ် | |
| | | * | ဝစီဝိညတ် | |
| | လက္ခဏရုပ် ၄ | ၂၅ | ဥပစယ | |
| | | ၂၆ | သန္တတိ | |
| | | ၂၇ | ဇရတာ | |
| | | ၂၈ | အနိစ္စတာ | |

## အဓိပ္ပာယ်များ

မဟာဘုတ် = ဥပါဒါရုပ်တို့ထက် ကဏ္ဍစသော လက္ခဏာအားဖြင့်လည်းကောင်း၊ အထည်ကိုယ်သဏ္ဌာန်၏ အစွမ်းအားဖြင့်လည်းကောင်း ကြီးကျယ်ထင်ရှားကုန်သောကြောင့် မဟာဘုတ်မည်၏။

ဥပါဒါရုပ် = မဟာဘုတ်တို့ကို အမှီသဟဲပြု၍သာ ဖြစ်နိုင်သောကြောင့် ဥပါဒါရုပ်မည်၏။

ပထဝီ = သဟဇာတ်ဖြစ်ကုန်သောရုပ်တို့၏ တည်ရာဖြစ်သောအကြောင်းကြောင့် ပထဝီမည်၏။

အာပေါ = သဟဇာတ်ရုပ်တရားတို့ကို ဖရိုဖရဲတကွဲတပြားစီဖြစ်၍မသွားစေမူ၍ ရုပ်ကလာပ်တို့ကို ပျံ့နှံ့ တက်ပွားစေတတ်သောကြောင့် အာပေါမည်၏။

တေဇော = သဟဇာတ်ရုပ်ကလာပ်တို့ကို ရင့်ကျက်စေတတ်သောကြောင့် တေဇောမည်၏။

ဝါယော = ရုပ်အစု ဘုတ်အစုကို တည်မြဲတိုင်းသောအရပ်မှ အခြားတစ်ပါးသောအရပ်သို့ ရောက်အောင် တိုက်လွှင့်တတ်ခြင်း၊ သဟဇာတ်ရုပ်တို့ကိုအားနည်း၍ လျော့ကြသည်တို့ကို မဖြစ်စေရအောင် အမြဲထမ်းဆောင်သည့်ပိုးတတ်သောကြောင့် ဝါယောမည်၏။

ပသာဒရုပ် = မဟာဘုတ်လေးပါးတို့ကို ကြည်လင်စေတတ်သောကြောင့် ပသာဒမည်၏။

ဂေါစရရုပ် = နွားစားကျက်ကွင်းပြင်သည် နွားတို့၏ လှူးလာပျော်ပါး ကျက်စားရာဖြစ်သကဲ့သို့ ရူပါရုံ စသော ရုပ်ရပါးတို့သည်လည်း ၆ပါးသော ဒွါရ၌ဖြစ်သော စိတ်တို့၏ကျက်စားရာ ပျော်ပါး ကွန့်မြူးရာဖြစ်သောကြောင့် ဂေါစရရုပ်မည်၏။

ဘာဝရုပ် = မိန်းမ၏ဖြစ်ကြောင်းဖြစ်သောရုပ်၊ ယောက်ျားဖြစ်ကြောင်းဖြစ်သောရုပ်၊ ဤ၂ပါးသည် ဘာဝရုပ် မည်၏။

ဣတ္ထိဘာဝ = မိန်းမ၏အဖြစ်ကို သိကြောင်းရုပ်။

ပုမ္ဘာဝ = ယောက်ျား၏အဖြစ်ကို သိကြောင်းရုပ်။

ထိုတွင် မိန်းမအဖြစ်ဟူသောစကား၌ ဣတ္ထိလိင်၊ ဣတ္ထိနိမိတ္တ၊ ဣတ္ထိကုတ္တ၊ ဣတ္ထိအာကပ္ပကို မိန်းမအဖြစ်ဟု ဆိုသည်။ ပုရိသလိင်၊ ပုရိသနိမိတ္တ၊ ပုရိသကုတ္တ၊ ပုရိသအာကပ္ပကို ယောက်ျားအဖြစ်ဟုဆိုသည်။

မိန်းမတို့၏သေးငယ်သော လက်ခြေစသောသဏ္ဌာန်သည် ဣတ္ထိလိင်မည်၏(ဋ)။

မိန်းမတို့၏အင်္ဂါဇာတ်သည် ဣတ္ထိလိင်မည်၏(ဋီ)။

မသန့်မရှင်းသောအခြင်းအရာ၊ မုတ်ဆိတ်ကြင်စွယ်စသည်မှကင်း၍ ဆံထုံးစသော အခြင်းအရာသည် ဣတ္ထိနိမိတ္တမည်၏(ဋ)။

မိန်းမတို့၏အသံ အလိုဆန္ဒသည် မိန်းမဟုသိကြောင်းဖြစ်သောကြောင့် ဣတ္ထိနိမိတ္တမည်၏(ဋီ)။

မိန်းမတို့၏ ဗန်းငယ်စကောငယ်စသည်ဖြင့် ကစားခြင်းစသောအမူအရာသည် ဣတ္ထိကုတ္တမည်၏(ဋ)။

မိန်းမတို့၏မသန့်မရှင်း သွားလာနေထိုင်ခြင်းအမူအရာသည် ဣတ္ထိကုတ္တမည်၏(ဋီ)။

မိန်းမတို့၏ ကြုံကြုံ့ထိုင်ခြင်း ဖြည်းဖြည်းသာသာသွားခြင်း မသန့်ရှင်းသော သွားပုံလာပုံ ကြည့်ပုံ ရှုပုံ စသောအကြောင်းအရာသည် ဣတ္ထိအာကပ္ပမည်၏(၄)။

မိန်းမတို့၏ သေးငယ်သောလက်ခြေသဏ္ဌာန်သည် ဣတ္ထိအာကပ္ပမည်၏(၄)။

ပုရိသလိင် စသည်တို့ကိုလည်း ၎င်းမှထောက်ဆ၍သိလေ။

ဟဒယဝတ္ထု = မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏မှီရာရုပ်။ ။နှလုံးအိမ်အတွင်း၌ တလက်ဆွမ်းမျှလောက်သောသွေးကိုမှီ၍ တည်နေသည်။

ဇီဝိတရုပ် = သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို စောင့်ရှောက်တတ် အစိုးရတတ်သောရုပ်။

အာဟာရရုပ် = သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို ထောက်ပံ့တတ် ဆောင်တတ်သောရုပ်။

ကဗဠီကာရအာဟာရ = အလုပ်အလွေးပြု၍ မျိုအပ်သောကြောင့် ကဗဠီကာရအာဟာရမည်၏။

ပရိစ္ဆေဒရုပ် = ထက်ဝန်းကျင် ပိုင်းခြားတတ်သောရုပ်။ ။အာကာသဓာတ်သည် ပရိစ္ဆေဒရုပ်မည်၏။

ဝိညတ် = သူတစ်ပါးကိုလည်းသိတတ်၊ မိမိကိုလည်း သိစေတတ်သောကြောင့် ဝိညတ်မည်၏။

ကာယဝိညတ် = အတွင်းသဘောအလိုဆန္ဒကို လှုပ်ရှားသောကိုယ်ကာယဖြင့် သိစေတတ်သော အမူအရာအထူး။

ဝစီဝိညတ် = အတွင်းသဘောအလိုဆန္ဒကို ပြောဆိုအပ်သောစကားသံဖြင့် သိစေတတ်သော အမူအရာအထူး။

ရူပဿလဟုတာ = စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရရုပ်တည်းဟူသော တိဇနိပ္ဖန္နရုပ်တို့၏ ပေါ့သောအဖြစ်။

ရူပဿမုဒုတာ = ၎င်းတိဇနိပ္ဖန္နရုပ်တို့၏ နူးနူးညံ့ညံ့ရှိခြင်းအမူအရာ။

ရူပဿကမ္မညတာ = ၎င်းတိဇနိပ္ဖန္နရုပ်တို့၏ ကောင်းမွန်ခန့်ငြားခြင်းအမူအရာ။

ဥပစယ = ရုပ်တို့၏ အစဆုံးဖြစ်ပေါ်မှု။

သန္တတိ = ဖြစ်ပေါ်ပြီးသော နိပ္ဖန္နရုပ်တို့၏ အစွန့်ရှည်စွာဆက်လက်၍ အဖန်ဖန်အစဉ်မပြတ်ဖြစ်ပေါ်မှု။

ဇရတာ = နိပ္ဖန္နရုပ်တို့၏ အိုခြင်း၊ ရင့်ခြင်း၊ ဟောင်းခြင်း၊ ရော်ခြင်း၊ ကျက်ခြင်း အခိုက်အတန့်။

အနိစ္စတာ = ဖြစ်ပြီးနိပ္ဖန္နရုပ်တို့၏ ချုပ်ကွယ်ပျောက်ဆုံး ပျက်ဆဲအခိုက်အတန့်။

ဝိကာရ = (ဝိ=ထူးခြားသော+ကာရ=အမူအရာ) နိပ္ဖန္နရုပ်တို့၏ ပကတိအနေထက် ထူးခြားသော အမူအရာ။

လက္ခဏာရုပ် = နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းဟုဆိုအပ်သော အခိုက်အတန့်၏အစွမ်းအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာရုပ်မည်၏။

နိပ္ဖန္နရုပ် = ကံစသောအကြောင်းတရားတို့သည် ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ်မည်၏။

| | |
|---|---|
| သဘာဝရုပ် | = ပထဝီအစ အာဟာရအဆုံးရှိသော (၁၈)ပါးသောရုပ်တို့ကို ကက္ခဋ, အာဗန္ဓနစသော မိမိတို့၏သဘောလက္ခဏာ(၁၈)ခု အသီးသီးရအပ်သောကြောင့် သဘာဝရုပ်မည်၏။ |
| သလက္ခဏရုပ် | = အနိစ္စ ဒုက္ခ အနတ္တဟူသော သလက္ခဏာတို့နှင့်တကွဖြစ်သောကြောင့် သလက္ခဏ ရုပ်မည်၏။ |
| ရူပရုပ် | = ဖောက်ပြန်တတ်သော သဘောရှိသောကြောင့် ရူပရုပ်မည်၏။ |
| သမ္မသနရုပ် | = အနိစ္စ ဒုက္ခ အနတ္တဟူသော လက္ခဏာအားဖြင့်တင်၍ သုံးသပ်အပ်သောကြောင့် သမ္မသနရုပ်မည်၏။ |

ထိုရုပ် (၁၈)ပါးမှ ကြွင်းသောရုပ် (၁၀)ပါးတို့သည်ကား ဆိုအပ်ခဲ့ပြီးသော သဘောလက္ခဏာမရှိသောကြောင့် အနိပ္ဖန္နရုပ်၊ အသဘာဝရုပ်၊ အလက္ခဏရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ် မည်၏။

ရှေးရုပ် (၁၈)ပါးတို့သည်သာ ပရမတ္ထသဘောလက္ခဏာအားဖြင့် တရားကိုယ်ထင်ရှားရှိ၏။ အာကာသဓာတ် ဝိညတ်စသော ရုပ်(၁၀)ပါးကား တရားကိုယ်သီးခြားမရှိကြ။ နိပ္ဖန္နရုပ်တို့၏ နူးညံ့မှု၊ သိစေမှု၊ ဖြစ်စေမှု၊ ဆွေးဟောင်းမှု၊ အကြားဖြစ်မှု သဘောများသာဖြစ်၏။

ရူပသမုဒ္ဒေသ ပြီး၏။

◇◇◇◇◇

## ရူပဝိဘာဂ

| | |
|---|---|
| အဟေတုက | = အလုံးစုံသော ရုပ်တရားသည် သမ္ပယုတ်ဖြစ်သော အလောဘစသော ဟိတ်မရှိသောကြောင့် အဟေတုကမည်၏။ |
| သပ္ပစ္စယ | = ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄ ပါးတို့နှင့်တကွဖြစ်သောကြောင့် သပ္ပစ္စယမည်၏။ |
| သာသဝ | = အာသဝေါတရားလေးပါးတို့၏ အာရုံဖြစ်ခြင်းကြောင့် သာသဝမည်၏။ |
| သင်္ခတ | = ကံ,စိတ်,ဥတု,အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်အပ်သောကြောင့် သင်္ခတမည်၏။ |
| လောကိယ | = ဥပါဒါန်၏အာရုံဖြစ်သော သင်္ခါရလောက၌ အကျုံးဝင်သည်၏အဖြစ်ကြောင့် လောကိယမည်၏။ |
| ကာမာဝစရ | = ကာမတဏှာ၏ ကျက်စားရာဖြစ်သောကြောင့် ကာမာဝစရမည်၏။ |
| အနာရမ္မဏ | = နာမ်တရားတို့ကဲ့သို့ ဝါစ်စုံတစ်ခုသောအာရုံကို မယူတတ်သောကြောင့် အနာရမ္မဏမည်၏။ |
| အပ္ပဟာတဗ္ဗ | = တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်တို့၏အစွမ်းဖြင့် မပယ်အပ်သည်၏ အဖြစ်ကြောင့် အပ္ပဟာတဗ္ဗမည်၏။ |

ဤကား ကေဝလနည်းဖြင့် ဝေဖန်ပုံတည်း။ ဒုဝိဓနည်းစသောအားဖြင့် ဝေဖန်သော် အဇ္ဈတ္တိကရုပ် ဗာဟိရရုပ် စသောအားဖြင့် များသောအပြားရှိ၏။

# ဒုကနည်း

| | | | | |
|---|---|---|---|---|
| ပသာဒရုပ် | ၅ | အဇ္ဈတ္တိက | ကြွင်း ၂၃ | ဗာဟိရ |
| ။ + ဟဒယ | ၆ | ဝတ္ထု | ။ ၂၂ | အဝတ္ထု |
| ။ + ဝိညတ်ဒွေ | ၇ | ဒွါရ | ။ ၂၁ | အဒွါရ |
| ။ + ဘာဝရုပ် ၂ + ဇီဝိတ | ၈ | ဣန္ဒြိယ | ။ ၂၀ | အနိန္ဒြိယ |
| ။ + ဝိသယရုပ် ၇ | ၁၂ | ဩဠာရိက<br>သန္တိကေ<br>သပ္ပဋိဃ | ။ ၁၆ | သုခုမ<br>ဒူရေ<br>အပ္ပဋိဃ |
| ။ + ဘာဝရုပ် + ဟဒယ + ဇီဝိတ + အဝိနိဗ္ဘောဂ + အာကာသဟုဆိုအပ်သော ကမ္မဇရုပ် | ၁၈ | ဥပါဒိန္န | ။ ၁၀ | အနုပါဒိန္န |
| ရူပါရုံ | ၁ | သနိဒဿန | ။ ၂၇ | အနိဒဿန |
| ပသာဒရုပ် | ၅ | ဂေါစရဂ္ဂါဟိက | ။ ၂၃ | အဂေါစရဂ္ဂါဟိက |
| မဟာဘုတ်+ဝဏ္ဏ+ဂန္ဓ+ရသ+ဩဇာ | ၈ | အဝိနိဗ္ဘောဂ | ။ ၂၀ | ဝိနိဗ္ဘောဂ |

ဒုကနည်းဆိုရိုး ။ ။ပသာဒရုပ် ၅ ပါးသည် အဇ္ဈတ္တိကရုပ်မည်။ ကြွင်းသောရုပ် ၂၃ ပါးသည် ဗာဟိရရုပ်မည်၏။ ။ပသာဒရုပ် ၅ ပါး၊ ဟဒယရုပ် ၁ ပါးအားဖြင့် ၆ ပါးသောရုပ်သည် ဝတ္ထုရုပ်မည်၏။ ကြွင်းသောရုပ် ၂၂ ပါးသည် အဝတ္ထုရုပ်မည်။ ။ပသာဒရုပ် ၅ ပါး၊ ဝိညတ်ရုပ် ၂ ပါးအားဖြင့် ၇ ပါးသောရုပ်သည် ဒွါရရုပ်မည်၏။ ကြွင်းသော ၂၁ ပါးသည် အဒွါရရုပ်မည်၏။ ။ပသာဒရုပ် ၅ ခု၊ ဘာဝရုပ် ၂ ခု၊ ဇီဝိတရုပ် တစ်ခုအားဖြင့် ရှစ်ခုသောရုပ်သည် ဣန္ဒြိယရုပ်မည်၏။ ကြွင်းသောရုပ် ၂၀ သည် အနိန္ဒြိယရုပ်မည်၏။ ။ပသာဒရုပ် ၅ ခု၊ ဝိသယရုပ် ၇ ခု ဤရုပ် ၁၂ ခုသည် ဩဠာရိကရုပ်မည်၏။ သန္တိကေရုပ်လည်းမည်၏။ သပ္ပဋိဃရုပ်လည်းမည်၏။ ကြွင်းသောရုပ် ၁၆ ခုကား သုခုမရုပ်မည်၏။ ဒူရေရုပ်လည်းမည်၏။ အပ္ပဋိဃရုပ်လည်းမည်၏။ ။ကံကြောင့်ဖြစ်သောရုပ် ၁၈ ခုသည် ဥပါဒိန္နရုပ်မည်၏။ ကြွင်းသောရုပ် ၁၀ ခုသည် အနုပါဒိန္နရုပ်မည်၏။ ။ရူပါရုံသည် သနိဒဿနရုပ်မည်၏။ ကြွင်းသောရုပ် ၂၇ ခုသည် အနိဒဿနရုပ်မည်၏။ ။ပသာဒရုပ် ၅ ခုသည် အာရုံကိုယူတတ်သောကြောင့် ဂေါစရဂ္ဂါဟိကရုပ်မည်၏။ ကြွင်းသောရုပ် ၂၃ ခုသည် အာရုံကို မယူတတ်သောကြောင့် အဂေါစရဂ္ဂါဟိကရုပ်မည်၏။ ။ဘူတရုပ် ၄ ခု၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဤရှစ်ပါးသောရုပ်သည် အဝိနိဗ္ဘောဂရုပ်မည်၏။ ကြွင်းသောရုပ် ၂၀ သည် ဝိနိဗ္ဘောဂရုပ်မည်၏။

## အဓိပ္ပာယ်များ

အဇ္ဈတ္တိကရုပ် = သတ္တဝါတို့၏ကိုယ်ဟူသော အတ္တဘောကိုစွဲ၍ဖြစ်သောကြောင့် ပသာဒရုပ် ၅ ခုသည် အဇ္ဈတ္တိကရုပ်မည်၏။ တစ်နည်း ခန္ဓာအတ္တဘော၌ ကျေးဇူးအထူးကြီးမားသောကြောင့် ပသာဒရုပ် ၅ ခုသည် အဇ္ဈတ္တိကရုပ်မည်၏။

ဗာဟိရရုပ် = ထိုမှ ကြွင်းသောရုပ် ၂၃ ပါးသည်အပ၌ဖြစ်သောကြောင့် ဗာဟိရရုပ်မည်၏။

ဝတ္ထုရုပ် = စိတ်, စေတသိက်တို့၏ တည်ရာမှီရာဖြစ်သောကြောင့် ဝတ္ထုရုပ်မည်၏။

ဒွါရရုပ် = ဝီထိစိတ်တို့၏ ဖြစ်ရာဖြစ်သောကြောင့် ဒွါရရုပ်မည်။ ။ဝိညတ် ၂ ပါးကား ပါဏာတိပါတ စသောကံတို့၏ ဖြစ်ရာဖြစ်သောကြောင့် ဒွါရရုပ်မည်၏။

ဣန္ဒြိယရုပ် = မိမိနှင့်အတူဖြစ်သော သဟဇာတ်ရုပ်တို့ကိုအစိုးရ အကြီးမှူးဖြစ်သောကြောင့် ဣန္ဒြိယ ရုပ်မည်၏။

ဩဠာရိကရုပ် = ရုန့်ရင်းကြမ်းတမ်းသည်၏အဖြစ်ကြောင့် ဩဠာရိကရုပ်မည်၏။ (ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆင်ခြင်သည့်အခါ ထင်လွယ်မြင်လွယ် ပေါ်လွင်ထင်ရှားလွယ်သည်ကို ကြမ်းသည်၊ ထူထဲသည်ဆို၏။)

သန္တိကေရုပ် = ရုန့်ရင်းကြမ်းတမ်းသည်ဖြစ်၍ ဉာဏ်ဖြင့်သိမ်းဆည်း၍ ရလွယ်သောကြောင့် သန္တိကေ ရုပ်မည်၏။ (အနီးရုပ်)

သပ္ပဋိဃရုပ် = အာရုံဒွါရ၏အစွမ်းဖြင့် ထိခိုက်တတ်သောကြောင့် သပ္ပဋိဃရုပ်မည်၏။

ဥပါဒိန္နရုပ် = တဏှာဒိဋ္ဌိတို့ကပ်ရောက်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သောရုပ်။ (တဏှာတို့သည် လောကီကုသိုလ်ကံ အကုသိုလ်ကံကို အာရုံပြု၏။ ဤသို့အာရုံပြုသည်ကိုပင် "ကပ်ရောက်" ဟုဆိုသည်။ ထိုတဏှာ, ဒိဋ္ဌိတို့ကပ်ရောက်အပ်သော ကံတရားက ကမ္မဇရုပ်များကို ငါတို့ရဲ့အကျိုးတရားတွေဟု စွဲယူထား၏။ ထို့ကြောင့် ကမ္မဇရုပ် များကို ဥပါဒိန္နရုပ်ခေါ်၏။)

သနိဒဿနရုပ် = စက္ခုဝိညာဏ်ဖြင့် မြင်အပ်သောကြောင့် သနိဒဿနရုပ်မည်၏။

ဂေါစရဂ္ဂါဟိကရုပ် = ပသာဒရုပ် ၅ ခုသည် အာရုံကိုယူတတ်သောကြောင့် ဂေါစရဂ္ဂါဟိကရုပ်မည်၏။

စက္ခု၊ သောတ–ဤ ၂ ပါးသည် မိမိသို့မရောက်မထိ မငြိမကပ်သောအစွမ်းဖြင့် အာရုံကိုယူတတ်သော ကြောင့် အသမ္ပတ္တဂေါစရဂ္ဂါဟိကဟုဆို၏။ ဃာန၊ ဇိဝှါ၊ ကာယ ၃ ပါးကား မိမိသို့ ရောက်ထိ ကပ်ငြိသည့် အစွမ်းဖြင့် အာရုံကိုယူတတ်သောကြောင့် သမ္ပတ္တဂေါစရဂ္ဂါဟိကဟုဆို၏။

အဝိနိဗ္ဘောဂရုပ် = ခွဲခြမ်း၍မရကောင်းသောကြောင့် အဝိနိဗ္ဘောဂရုပ်မည်၏။

မှတ်ချက်။ ။အဝတ္ထုစသောရုပ်တို့၏ အဓိပ္ပာယ်တို့ကို ဆိုခဲ့ပြီးသောရုပ်တို့၏ အဓိပ္ပာယ်မှ အပြန် အားဖြင့် သိလေ။

**ရူပဝိဘာဂ ပြီး၏။**

◇◇◇◇◇

## ရူပသမုဋ္ဌာန

ကံ,စိတ်,ဥတု,အာဟာရဟူသော ဤလေးပါးတို့သည် ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရားတို့တည်း။

## ကမ္မဇရုပ်

ကံဟူသည် ကာမာဝစရကုသိုလ် အကုသိုလ်စေတနာ ၂၀ နှင့် ရူပကုသိုလ်စေတနာ ၅ ပေါင်း ၂၅ ပါးတည်း။ ဤ ၂၅ ပါးသော ကုသိုလ် အကုသိုလ်ကံသည် အဇ္ဈတ္တိကသန္တာန်၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဖြစ်တိုင်းဖြစ်တိုင်းသောစိတ်တို့၏ ဥပါဒ်တိုင်း ဌီတိုင်း ဘင်တိုင်း ကမ္မဇရုပ်တို့ကို ဖြစ်စေ၏။

(ကမ္မဇရုပ်တို့သည် စုတိစိတ်မှပြန်၍ရေသော် ၁၇ ချက်မြောက်သော စိတ်၏ဥပါဒ်အခိုက်၌ နောက်ဆုံးဖြစ်၏။ ၎င်းစိတ်၏ဌီမှစ၍ ကမ္မဇရုပ်တို့မဖြစ်တော့ပြီ။)

## စိတ္တဇရုပ်

အရူပဝိပါက်စိတ် ၄ ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ အလုံးစုံသောပဋိသန္ဓေစိတ်၊ ရဟန္တာတို့၏စုတိစိတ် (တစ်နည်း အလုံးစုံသောစုတိစိတ်)သည် ကြဉ်အပ်သော ကြွင်း ၇၅ ပါးသောစိတ်တို့သည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ စိတ်တို့၏ဥပါဒ်တိုင်း ဥပါဒ်တိုင်း အဇ္ဈတ္တိကသန္တာန်၌ စိတ္တဇရုပ်တို့ကို ဖြစ်စေ၏။

(စိတ္တဇရုပ်သည် စုတိစိက်၏ ဥပါဒ်ကျအောင်ဖြစ်၍ စုတိနောက်စိတ္တလက္ခဏာ ၁၆ ချက်ခန့်ကြာမှ ချုပ်၏။)

### ၇၅ ပါးသောစိတ်တို့၏ ရုပ်ကိုဖြစ်စေနိုင်သော အာကာရအထူးများ

၁။ အပ္ပနာဇော ၂၆ ခုသည် ရုပ်ကိုဖြစ်စေသည်သာမက သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဟု ဆိုအပ်သော ဣရိယာပုထ်ကို ထောက်ပံ့နိုင်စေနိုင်၏။

၂။ ဝုဋ္ဌော၊ ကာမဇော ၂၉၊ အဘိညာဏ်ဒွေတို့သည် ဝိညတ်ကို ဖြစ်စေနိုင်ကုန်၏။ ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်၏။

၃။ ကာမဇော ၂၉ ခုတွင် လောဘမူသောမနဿ ၄၊ မဟာကုသိုလ်သောမနဿ ၄၊ မဟာကြိယာသောမနဿ ၄၊ ဟသိတုပ္ပါဒ် ၁-ပေါင်း ၁၃ ပါးသောစိတ်တို့သည် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်၏။

### ပုဂ္ဂိုလ်အရ ဟသနဖြစ်ပုံ

(က) ပုထုဇဉ်တို့သည် လောဘမူသောမနဿ ၄၊ မဟာကုသိုလ် သောမနဿ ၄၊ ဤ ၈ ပါးဖြင့် ရယ်ရွှင်ကုန်၏။

(ခ) သောကသ္ပုဂ္ဂိုလ်တို့သည် လောဘမူ သောမနဿဒိဋ္ဌိဂတဝိပ္ပယုတ် ၂၊ မဟာကုသိုလ်သောမနဿ ၄ ဤ ၆ ပါးဖြင့် ရယ်ရွှင်ကုန်၏။

(ဂ) ဘုရားရဟန္တာတို့သည် ဟသိတုပ္ပါဒ်၊ မဟာကြိယာသောမနဿ ၄- ဤ ၅ ပါးဖြင့် ရယ်ရွှင်ကုန်၏။

"ရှစ်ပုထုဇန်၊ ခြောက်သေက္ခန်၊ ငါးတန်ရဟန္တာ"

**ပဉ္စဝေါကာရဘုံ၌ စိတ်တို့၏ဆောင်ရွက်သောကိစ္စ–ဇနကသင်္ဂဟ**

| စိတ် | | စိတ္တဇရုပ် | ဣရိယာပထ | ဝိညတ် | ပြုံးရယ်ခြင်း | ငိုခြင်း ငြီးတွားခြင်း | ကိစ္စပေါင်း |
|---|---|---|---|---|---|---|---|
| မနောဓာတ် ၃၊ တဒါရုံ ၁၁၊ ရူပဝိပါက် ၅ | ၁၉ | ။ | | | | | ၁ |
| အဘိညာဏ် ကြဉ် အပ္ပနာဇော ၂၆ | ၂၆ | ။ | ။ | | | | ၂ |
| မနောဒွါ၊ ကာမဇော ၂၉၊ အဘိညာဏ်ဒွေ | ၃၂ | ။ | ။ | ။ | | | ၃ |
| လောဘမူ သောမနဿ ၄၊ မဟာကုသိုလ် သောမနဿ ၄ | ၈ | ။ | ။ | ။ | ပုထုဇဉ် | | ၄ |
| လောဘမူ သောမနဿ ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၂ မဟာကုသိုလ် သောမနဿ ၄ | ၆ | ။ | ။ | ။ | သေက္ခ | | ၄ |
| ဟသိတုပ္ပါဒ်၊ မဟာကြိယာ သောမနဿ ၄ | ၅ | ။ | ။ | ။ | ဘုရား ရဟန္တာ | | ၄ |
| ဒေါသမူဒွေ | ၂ | ။ | ။ | ။ | | ။ | ၄ |
| ဒွေပဉ္စ ၁၀၊ အရူပဝိ ၄၊ ရဟန္တာစုတိ၊ ပဋိသန္ဓေ လုံးစုံပဋိ | ၁၆ | | | | | | × |
| အဂ္ဂဟိ တဂ္ဂဟာဏ အပေါင်း | | ၇၇ | ၅၈ | ၃၂ | ၁၃ | ၂ | |

## ဆိုရိုး

မနောဓာတ် ၃, တဒါရုံ ၁၁, ရူပဝိပါက် ၅– ပေါင်း ၁၉ ပါးသောစိတ်သည် စိတ္တဇရုပ်ကိုသာဖြစ်စေ၏။ ၁ ကိစ္စတပ်၏။ အဘိညာဏ်ကြဉ်သော အပ္ပနာဇော ၂၆ သည် စိတ္တဇရုပ်နှင့် ဣရိယာပုထ်ကို ထောက်ပံ့နိုင်ခဲ့စေ၏။ ၂ ကိစ္စတပ်၏။ မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉, အဘိညာဏ်ဒွေ– ပေါင်း ၃၂ ပါးသောစိတ်သည် စိတ္တဇရုပ်, ဣရိယာပုထ်နှင့် ကာယဝိညတ် ဝစီဝိညတ်ကိုလည်း ဖြစ်စေ၏။ ၃ ကိစ္စတပ်၏။

လောဘမူသောမနဿ ၄, မဟာကုသိုလ် သောမနဿ ၄- ပေါင်း ၈ ပါးသောစိတ်သည် စိတ္တဇရုပ်, ဣရိယာပုထ်, ဝိညတ်ကို ဖြစ်စေ၍ ထိုစိတ်ဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့ ပြုံးရယ်ကြ၏။ ၄ ကိစ္စတပ်၏။ လောဘမူ သောမနဿဒိဋ္ဌိဂတဝိပ္ပယုတ် ၂, မဟာကုသိုလ် သောမနဿ ၄- ပေါင်း ၆ ပါးသောစိတ်သည် စိတ္တဇရုပ်, ဣရိယာပုထ်, ဝိညတ်ကို ဖြစ်စေ၍ ထိုစိတ်ဖြင့် သေက္ခပုဂ္ဂိုလ်တို့ ပြုံးရယ်ကြ၏။ ၄ ကိစ္စတပ်၏။ ဟသိတုပ္ပါဒ်၊ မဟာကြိယာသောမနဿ ၄- ပေါင်း ၅ ပါးသောစိတ်သည် စိတ္တဇရုပ်, ဣရိယာပုထ်, ဝိညတ်ကို ဖြစ်စေ၍ ထိုစိတ်ဖြင့် ဘုရားရဟန္တာတို့ ပြုံးရယ်တော်မူကြ၏။ ၄ ကိစ္စတပ်၏။ ဒေါသမူဒွေသည် စိတ္တဇရုပ်, ဣရိယာပုထ်, ဝိညတ်ကို ဖြစ်စေ၍ ထိုစိတ်ဖြင့် ငိုကြွေး ညည်းတွားကြ၏။ ၄ ကိစ္စတပ်၏။ ဒွေပဉ္စဝိညာဏ် ၁၀, အရူပဝိပါက် ၄, ရဟန္တာတို့စုတိစိတ်၊ အလုံးစုံသော ပဋိသန္ဓေစိတ်- ပေါင်း ၁၆ ပါးသောစိတ်သည် ဘာကိုမျှမဖြစ်။ မည်သည့်ကိစ္စမျှမတပ်။

## ရုပ်စသည်ကိုဖြစ်စေနိုင်သောစိတ်ပေါင်း

ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်ကာမစိတ် ၄၄၊ အဘိညာဏ်ဒွေ၊ ရူပဝိပါက် ၅၊ အပ္ပနာဇော ၂၆- ပေါင်း ၇၇ ပါးသောစိတ်သည် ရုပ်သက်သက်ဖြစ်စေ၏။ (ဖယားဒေါင်လိုက်ယူ) မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉၊ အပ္ပနာဇော ၂၆၊ အဘိညာဏ်ဒွေ- ပေါင်း ၅၈ ပါးသောစိတ်သည် ဣရိယာပုထ် ၄ ပါးကို ထောက်ပံ့နိုင်ခဲ့စေ၏။ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉၊ အဘိညာဏ်ဒွေ- ပေါင်း ၃၂ ပါးသောစိတ်သည် ဝိညတ်ကို ဖြစ်စေ၏။ လောဘမူသောမနဿ ၄၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်သောမနဿ ၄၊ မဟာကြိယာသောမနဿ ၄- ပေါင်း ၁၃ ပါးသောစိတ်သည် ပြုံးရယ်မှုကိုဖြစ်စေ၏။ ဒေါသမူဒွေသည် ငိုခြင်းညည်းတွားခြင်းအမှုကို ဖြစ်စေ၏။

## ဥတုဇရုပ်

ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ ကလာပ်စည်းများတွင်ပါဝင်သော အအေးအပူဟူသော တေဇောဓာတ်ကို ဥတုဟုခေါ်၏။ ၎င်းဥတုသည် အဇ္ဈတ္တိက ဗဟိဒ္ဓသန္တာန်တို့၌ ရုပ်၏ဌီသို့ ရောက်တိုင်းရောက်တိုင်း ခဏမစဲ ဥတုဇရုပ်ကလာပ်ကို ဖြစ်စေသည်။ ထင်ရှားစေအံ့။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်ကလာပ်ထဲ၌ ဥတုခေါ်သော တေဇောဓာတ်ပါ၏။ ၎င်းတေဇောဓာတ်သည် ပဋိသန္ဓေစိတ်၏ ဌီခဏသို့ ရောက်သောအခါ ပထမဘွင်၏ ပစ္စာဇာတပစ္စည်းအထောက်အပံ့ကိုရ၍ ဥတုဇရုပ်ကိုဖြစ်စေ၏။ ထိုနည်းအတူ ခဏတိုင်းခဏတိုင်းဖြစ်သော ကမ္မရုပ်တို့၌ပါသောဥတုသည် ရုပ်၏ဌီသို့ရောက်တိုင်းရောက်တိုင်း ဥတုဇကလာပ် တစ်ခုတစ်ခုကို ဖြစ်စေသည်ဟုမှတ်ပါ။ ကမ္မဇရုပ်ထဲမှာပါသောဥတုသည် ဥတုဇရုပ်ကလာပ်ကို ဖြစ်စေနိုင်သလို စိတ္တဇ ဥတုဇ အာဟာရဇရုပ်တွေ၌ပါသော တေဇောဓာတ်ဟု ဆိုအပ်သော ဥတုသည်လည်း ရုပ်၏ဌီသို့ ရောက်တိုင်း ရောက်တိုင်း ဥတုဇရုပ်ကလာပ်များကို ဖြစ်စေနိုင်ပုံကိုသိပါလေ။

(ရုပ်၏ဌီ၌ ရုပ်အသစ်ဖြစ်သည်ဆိုသော်လည်း ရုပ်၏ဌီခဏငယ် ၄၉ ချက်တို့တွင် ၄၉ ခါရုပ်ကို ဖြစ်စေသည်မဟုတ်။ ရုပ်၏ဌီသို့ရောက်စ ပထမခဏငယ်ဌီသို့ ရောက်စ တစ်ကြိမ်သာ ရုပ်ကိုဖြစ်စေ၏။)

အဇ္ဈတ္တိကသန္တာန်၌ကား ဥတုဇကလာပ် ၄ စည်းတို့ကိုဖြစ်စေနိုင်၍ ဗဟိဒ္ဓသန္တာန်၌ကား သုဒ္ဓဋ္ဌက ကလာပ်နှင့် သဒ္ဒနဝက ကလာပ် ဤ ၂ စည်းသာ ဖြစ်စေ၏။

(ဥတုဇရုပ်သည် သူသေကောင်ဖြစ်သည့်တိုင်အောင် အရိုးမဆွေးမခြင်း အဋ္ဌကလာပ်ရုပ် ရှိသရွေ့ အဆက်ဆက်ဖြစ်လေ၏။)

## အာဟာရဇရုပ်

အဇ္ဈတ္တသန္တာန်၌ရှိသော ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော ၄ ပါးသောအကြောင်းကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ရှစ်ခု၌ပါသော အဇ္ဈတ္တဩဇာ၊ စားအပ် သောက်အပ် လျက်အပ်သော ဘောဇဉ် စသည်တို့၌ ပါရှိသော အဆီအစေးဟုဆိုအပ်သော ဗဟိဒ္ဓဩဇာသည် အာဟာရမည်၏။ ။ထိုဗဟိဒ္ဓဩဇာသည် စတုသမုဋ္ဌာနိကရုပ်တို့၌ပါသော အဇ္ဈတ္တဩဇာနှင့် ပေါင်းဆုံမိ၍ ရုပ်၏ဌီသို့ရောက်သောအခါ ခဏတိုင်း ခဏတိုင်း အာဟာရဇ ရုပ်ကလာပ်ကိုဖြစ်စေ၏။

(အာဟာရဇရုပ်ကား ဝိညာဏ်ဘည်းဟူသော အထောက်အပံ့ကိုရသဖြင့် စုတိစိတ်၏ဘင်ခဏတိုင်အောင်ဖြစ်သေး၍ စုတိစိတ်နောက် ခဏငယ်ငါးဆယ်ခန့်လောက် ကြွင်းကျန်ရစ်သေး၏။)

## ရူပသမုဋ္ဌာန်ဇယား

| သမုဋ္ဌာန် | ရုပ်များ | ကမ္မဇ | စိတ္တဇ | ဥတုဇ | အာဟာရဇ |
|---|---|---|---|---|---|
| ကေဇ | ပသာဒရုပ်၅၊ ဘာဝရုပ်၂၊ ဟဒယ၊ ဇီဝိတ | ၉ | | | |
| | ဝိညတ်ဒွေ | | ၂ | | |
| ဒွိဇ | သဒ္ဒ | | ၁ | ၁ | |
| တိဇ | ရူပဿလဟုတာ၊ ရူပဿမုဒုတာ ရူပဿကမ္မညတာ | | ၃ | ၃ | ၃ |
| စတုဇ | အဝိနိဗ္ဘောဂရုပ်-၈၊ အာကာသ | ၉ | ၉ | ၉ | ၉ |
| နကုတောစိ သမုဋ္ဌာန် | လက္ခဏာရုပ် ၄ ခု | | | | |
| | ကေန် | ၉ | ၂ | | |
| | အနေကန် | ၉ | ၁၃ | ၁၃ | ၁၂ |
| | ပေါင်း | ၁၈ | ၁၅ | ၁၃ | ၁၂ |

## ဆိုရိုး

ပသာဒရုပ် ၅ ခု၊ ဘာဝရုပ် ၂ ခု၊ ဟဒယရုပ် ၁ ခု၊ ဇီဝိတရုပ် ၁ ခု- ပေါင်း ၉ ခုသည် ကမ္မဇ ကေန်မည်၏။ အဝိနိဗ္ဘောဂရုပ် ၈ ခု၊ အာကာသဓာတ် ၁- ပေါင်း ၉ ခုသည် ကမ္မဇအနေကန်မည်၏။ ကမ္မဇ ကေန် ၉၊ အနေကန် ၉-ပေါင်း ကမ္မဇရုပ် ၁၈။ ။ဝိညတ်ဒွေသည် စိတ္တဇကေန်မည်၏။ သဒ္ဒရုပ် ၁၊ လဟုတာဒိ ၃၊ အဝိနိဗ္ဘောဂရုပ် ၈ ခု၊ အာကာသဓာတ် ၁- ပေါင်း ၁၃ ခုသည် စိတ္တဇအနေကန်မည်၏။ စိတ္တဇကေန် ၂၊ အနေကန် ၁၃- ပေါင်း စိတ္တဇရုပ် ၁၅။ ။သဒ္ဒရုပ် ၁၊ လဟုတာဒိ ၃၊ အဝိနိဗ္ဘောဂရုပ် ၈ ခု၊ အာကာသဓာတ် ၁- ပေါင်း ၁၃ ခုသည် ဥတုဇရုပ်မည်၏။ ။လဟုတာဒိ ၃၊ အဝိနိဗ္ဘောဂရုပ် ၈ ခု၊ အာကာသဓာတ် ၁- ပေါင်း ၁၂ ခုသည် အာဟာရဇရုပ်မည်၏။ (ဥတုဇ၊ အာဟာရဇမှာ ကေန်မရှိ။)

ကမ္မဇကေန် ၉၊ စိတ္တဇကေန် ၂- ပေါင်း ၁၁ ပါးသည် အကြောင်းတစ်ပါးစီကြောင့်ဖြစ်၍ ဧကဇရုပ် မည်၏။ သဒ္ဒရုပ်သည် စိတ်, ဥတုတည်းဟူသော အကြောင်း ၂ ပါးကြောင့်ဖြစ်၍ ဒွိဇရုပ်မည်၏။ လဟုတာဒိ ရုပ် ၃ ခုသည် စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်း ၃ ပါးကြောင့်ဖြစ်၍ တိဇရုပ်မည်၏။ အဝိနိဗ္ဘောဂ ရုပ် ၈ ခု၊ အာကာသဓာတ် ၁- ပေါင်း ၉ ပါးသည် ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်း ၄ ပါး ကြောင့်ဖြစ်၍ ဥတုဇရုပ်မည်၏။ လက္ခဏာရုပ် ၄ ခုသည် ကံ,စိတ်,ဥတု,အာဟာရတည်းဟူသောအကြောင်း ကြောင့်ဖြစ်သော ရုပ်တရားများမဟုတ်သောကြောင့် "နကုတောစိသမုဋ္ဌာန်ရုပ်"များ ဖြစ်ကုန်၏။

လက္ခဏာရုပ် ၄ ခုတို့သည် နိပ္ဖန္နရုပ် ၁၈ ခုတို့၏ ဖြစ်ပေါ်မှုကို ဥပစယ၊ သန္တတိခေါ်၍ ၎င်းတို့၏ ရင့်ဆဲကိုဇရတာ၊ ပျက်ဆဲကို အနိစ္စတာဟု အခိုက်အတန့်မျှကိုသာ စွဲ၍ခေါ်သဖြင့် အကြောင်းတရား ၄ ပါးမှ လွတ်၍ နကုတောစိသမုဋ္ဌာန်ခေါ်သည်။ ။သို့သော် ၎င်းရုပ် ၄ ခုတွင် ဇရတာနှင့် အနိစ္စတာရုပ် ၂ ခုသည် အကြောင်းကင်းသော်လည်း ဥပစယနှင့် သန္တတိရုပ် ၂ ခုမှာ စင်စစ်လျှင် ၄ ပါးသောအကြောင်းကြောင့် ဖြစ်သော ရုပ်တို့၏ဖြစ်မှုကိုသာ ယူရသောကြောင့် ၄ ပါးသော အကြောင်းမကင်းဟုဆို၏။ ထို့ကြောင့် ၎င်း ၂ ပါးတို့ကိုထည့်ယူက ကမ္မဇရုပ် ၂၀၊ စိတ္တဇရုပ် ၁၇၊ ဥတုဇရုပ် ၁၅၊ အာဟာရဇရုပ် ၁၄ ဟု အသီးသီး ရနိုင်၏။ မာတိကာ၌ ၎င်းအတိုင်းကောက်၏။

ရူပသမုဋ္ဌာန ပြီး၏။

◇◇◇◇◇

## ရူပကလာပ

အပေါင်းအစုကို ကလာပဟူ၍ ခေါ်ဆိုအပ်၏။ ရုပ်တို့၏အပေါင်းအစုသည် ရူပကလာပမည်၏။

ရုပ်တို့၏ လက္ခဏာ ၄ ပါးမှာ-

၁။ ဧကုပ္ပါဒ = ရုပ်ကလာပ်တစည်း၌ ရုပ်တရားအပေါင်းတို့သည် မရှေးမနှောင်းတစ်ပြိုင်နက် ဖြစ်ရခြင်း။

၂။ ဧကနိရောဓ = ရုပ်ကလာပ်တစည်း၌ ရုပ်တရားအပေါင်းတို့သည် မရှေးမနှောင်းတစ်ပြိုင်နက် ချုပ်ရခြင်း။

၃။ ဧကနိဿယ = ရုပ်ကလာပ်တစည်း၌ ရုပ်တရားအပေါင်းတို့သည် မဟာဘုတ်ဟူသော မှီရာတူရခြင်း။

၄။ သဟဝုတ္တိ = အသီးသီးသော ကလာပ်တူရုပ်စုများ အတူတကွ တပေါင်းတည်းဖြစ်ရခြင်း။

ရုပ်ကလာပ်တို့သည် ၂၁ ပါးအပြားရှိကုန်၏။ ၎င်းတို့မှာ– (၁) ကမ္မဇကလာပ် ၉ စည်း (၂) စိတ္တဇ ကလာပ် ၆ စည်း (၃) ဥတုဇကလာပ် ၄ စည်း (၄) အာဟာရဇကလာပ် ၂ စည်းတို့တည်း။

## ကမ္မဇကလာပ်စည်း ၉ စည်း

| | | | | | |
|---|---|---|---|---|---|
| ၁။ | ပ၊ အာ၊ တေ၊ ဝါ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဇီ | + | စက္ခုပသာဒ | = | စက္ခုဒသက ကလာပ် |
| ၂။ | ၎င်း | + | သောတပသာဒ | = | သောတဒသက ကလာပ် |
| ၃။ | ၎င်း | + | ဃာနပသာဒ | = | ဃာနဒသက ကလာပ် |
| ၄။ | ၎င်း | + | ဇိဝှါပသာဒ | = | ဇိဝှါဒသက ကလာပ် |
| ၅။ | ၎င်း | + | ကာယပသာဒ | = | ကာယဒသက ကလာပ် |
| ၆။ | ၎င်း | + | ဣတ္ထိဘာဝ | = | ဣတ္ထိဘာဝဒသက ကလာပ် |
| ၇။ | ၎င်း | + | ပုမ္ဘာဝ | = | ပုမ္ဘာဝဒသက ကလာပ် |
| ၈။ | ၎င်း | + | ဟဒယဝတ္ထု | = | ဝတ္ထုဒသက ကလာပ် |
| ၉။ | ၎င်း | | | = | ဇီဝိတနဝက ကလာပ် |

## စိတ္တဇကလာပ် ၆ စည်း

| | | | | | |
|---|---|---|---|---|---|
| ၁။ | အဝိနိဗ္ဘောဂရုပ်ရှစ်ခု | | | = | သုဒ္ဓဋ္ဌက ကလာပ် |
| ၂။ | ၎င်း | + | ကာယဝိညတ် | = | ကာယဝိညတ္တိ နဝက ကလာပ် |
| ၃။ | ၎င်း | + | ဝစီဝိညတ်၊ သဒ္ဒရုပ် | = | ဝစီဝိညတ္တိသဒ္ဒ ဒသက ကလာပ် |
| ၄။ | ၎င်း | + | လဟုတာ၊ မုဒုတာ၊ ကမ္မညတာ | = | လဟုတာဒိ ဧကာဒသက ကလာပ် |
| ၅။ | ၎င်း | + | ကာယဝိညတ်၊ လဟုတာ၊ မုဒုတာ ကမ္မညတာ | = | ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ် |
| ၆။ | ၎င်း | + | ဝစီဝိညတ်၊ သဒ္ဒ၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ | = | ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ် |

## ဥတုဇကလာပ် ၄ စည်း

| | | | | | |
|---|---|---|---|---|---|
| ၁။ | အဝိနိဗ္ဘောဂရုပ်ရှစ်ခု | | | = | သုဒ္ဓဋ္ဌက ကလာပ် |
| ၂။ | ၎င်း | + | သဒ္ဒရုပ် | = | သဒ္ဒနဝက ကလာပ် |
| ၃။ | ၎င်း | + | လဟုတာ၊ မုဒုတာ၊ ကမ္မညတာ | = | လဟုတာဒိဧကာဒသက ကလာပ် |
| ၄။ | ၎င်း | + | သဒ္ဒ၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ | = | သဒ္ဒလဟုတာဒိဒွါဒသ ကလာပ် |

အာဟာရဇကလာပ် ၂ စည်း

၁။ အဝိနိဗ္ဘောဂရုပ်ရှစ်ခု = သုဒ္ဓဋ္ဌကလာပ်

၂။ ၎င်း + လဟုတာ၊ မုဒုတာ၊ ကမ္မညတာ = လဟုတာဒိကေဒသကလာပ်

ဥတုဇကောလပ် ၄ စည်းရှိသည့်အနက် သုဒ္ဓဋ္ဌကလာပ်နှင့် သဒ္ဒနဝကကလာပ် ၂ စည်းတို့ကို ဗဟိဒ္ဓ၌လည်း ရအပ်ကုန်၏။ ကြွင်းသောကလာပ်စည်းတို့ကား အဇ္ဈတ္တ၌သာဖြစ်ကုန်၏။

ပရိစ္ဆေဒရုပ်သည် ကလာပ်တစ်ခုနှင့်တစ်ခု ပိုင်းခြားကြောင်းမျှဖြစ်၍ ကလာပ်မဖွဲ့ရ။ လက္ခဏရုပ် ၄ ခုသည်လည်း ရုပ်ကလာပ်တို့၏ ဖြစ်ဆဲ. ရင့်ဆဲ. ချုပ်ဆဲဟုမှတ်ကြောင်းမျှသာဖြစ်၍ ကလာပ်မဖွဲ့ရ။

ရူပကလာပ ပြီး၏၊

◇◇◇◇◇

## ရူပပဝတ္တိက္ကမ

ဤရူပပဝတ္တိက္ကမ၌ ပဋိသန္ဓေ ၄ မျိုး သိအပ်၏။ ထို ၄ မျိုးမှာ-

၁။ သံသေဒဇ = ပဒုမ္မာကြာ. ဝါးပင်. မန်ကျည်းပင်. ရွံ့. ညွန်. အညှီ. အညစ်အကြေး စသည်တို့၌ စွဲ၍ဖြစ်သော သတ္တဝါ။

၂။ ဥပပါတ် = ကမ္ဘာဦး လူ. ၎ုတ်.ပြိတ္တာစသည်တို့ကဲ့သို့ ကိုယ်ထင်ရှားဖြစ်ပေါ်လာသော သတ္တဝါ။

၃။ ဇလာဗုဇ = သားအိမ်၌ ပဋိသန္ဓေတည်နေ၍ ဖြစ်ပွားကုန်သော သတ္တဝါ။

၄။ အဏ္ဍဇ = အဥ၌ ပဋိသန္ဓေတည်နေ၍ ဖြစ်ပွားကုန်သော သတ္တဝါ။

(အမိဝမ်းတိုက်၌ ပဋိသန္ဓေတည်နေသော သတ္တဝါသည် ဂဗ္ဘသေယျက သတ္တဝါမည်၏။ ထိုဂဗ္ဘသေယျက ပဋိသန္ဓေ၌ အမိဝမ်းတွင်း၌ဖြစ်သော ဇလာဗုဇပဋိသန္ဓေ၊ အဥ၌ဖြစ်သော အဏ္ဍဇပဋိသန္ဓေ ၂ မျိုးတို့ကို ယူအပ်ကုန်၏။)

သတ္တဝါတို့သည် ပဋိသန္ဓေ ၄ မျိုးတွင် တစ်မျိုးမျိုးဖြင့် ပဋိသန္ဓေနေကြရ၏။

ကာမဘုံ၌ ကာမသတ္တဝါတို့အား ရုပ်အရေအတွက်အားဖြင့် ၂၈ ပါး၊ ကလာပ်အားဖြင့် ၂၁ စည်းတို့ကို ထိုက်သည့်အားလျော်စွာ ရအပ်ကုန်၏။ အသညသတ်ကြဉ်သော ရူပဘုံ၌ ရူပဗြဟ္မာတို့အား ဃာနဇိဝှါကာယဘာဝကြဉ်သော ရုပ် ၂၃ ပါး၊ ကလာပ်အားဖြင့် ၁၄ စည်းတို့ကို ရအပ်ကုန်၏။ အသညသတ်ဗြဟ္မာတို့အား ရုပ် ၁၇ ပါး၊ ကလာပ်အားဖြင့် ၃ စည်းတို့ကို ရအပ်ကုန်၏။ ဤကား သာမညစုပေါင်းပြဆိုလိုက်ခြင်းဖြစ်၏။

ကာလအားဖြင့် ပဋိသန္ဓေအခါ. ပဝတ္တိအခါ ပုဂ္ဂိုလ် ဘုံ အားလျော်စွာ ရထိုက်သောရုပ်တို့ကို တစ်ဖက်ပါဇယားဖြင့်သိလေ။

| ဘုံ | သတ္တဝါ | ပဋိသန္ဓေအခါ ကမ္မဇ | | | | | | | | ပဝတ္တိအခါ ကမ္မဇ | | | | စိတ် | ဥ | ဟာ | ကလာပ် ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကာမ | သံသေဒဇ ဥပပါတ် | စက္ခု | သော | ဃာ | ဇိ | ကာ | ဘာဝ | ဝတ္ထု | | | | | | ၆ | ၄ | ၂ | ၂၀ |
| | အပါယ် သံသေဒဇ | *စက္ခု | *သော | *ဃာ | ဇိ | ကာ | *ဘာဝ | ဝတ္ထု | | | | | | ၆ | ၄ | ၂ | ၁၉ စသည် |
| | အပါယ် ဥပပါတ် | *စက္ခု | *သော | ဃာ | ဇိ | ကာ | *ဘာဝ | ဝတ္ထု | | | | | | ၆ | ၄ | ၂ | ၁၉ စသည် |
| | ဂဗ္ဘသေယျက | | | | | ကာ | *ဘာဝ | ဝတ္ထု | | *စက္ခု | *သော | *ဃာ | ဇိ | ၆ | ၄ | ၂ | *၂၀ |
| | အသညသတ် ကြဉ်ပြဟ္မာ | စက္ခု | သော | | | | | ဝတ္ထု | ဇိ | | | | | ၆ | ၄ | | ၁၄ |
| ရူ | အသညသတ် ပြဟ္မာ | | | | | | | | ဇိ | | | | | | ၂ | | ၃ |

* ခရေပွင့်ပြကလာပ်များမှာ ရံခါချို့ကောင်းသည်။ အရူပဘုံ၌ ရုပ်မရှိ။

## ဆိုရိုး

ကာမဘုံ၌ သံသေဒဇ, ဥပပါတ်ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ယောကျ်ားဖြစ်အံ့ ပုမ္ဘာဝ, မိန်းမဖြစ်အံ့ ဣတ္ထိဘာဝ, ဝတ္ထုဒသက အားဖြင့် ကမ္မဇကလာပ် ၇ စည်းတို့သည် ဥက္ကဋ္ဌနည်းအစွမ်းအားဖြင့် ရအပ်ကုန်၏။ ပဝတ္တိအခါ စိတ္တဇကလာပ် ၆ စည်း, ဥတုဇကလာပ် ၄ စည်း, အာဟာရဇကလာပ် ၂ စည်းတို့ကိုလည်း ရအပ်ကုန်၏။ (စိတ္တဇ, ဥတုဇ, အာဟာရဇတို့ကို သိသာ၍ နောက်တွင်ပရေးတော့ပြီ။ ထည့်ဆိုလေ။) အပါယ်သံသေဒဇပုဂ္ဂိုလ်အား ပဋိသန္ဓေအခါ စက္ခု, သောတ, ဃာန, ဘာဝရုပ်ကလာပ်တို့ကို ရံခါမရအပ်ကုန်။ အပါယ်ဥပပါတ်ပုဂ္ဂိုလ်အား ပဋိသန္ဓေအခါ စက္ခု, သောတ, ဘာဝရုပ်ကလာပ်တို့ကို ရံခါမရအပ်ကုန်။ ဂဗ္ဘသေယျကပုဂ္ဂိုလ်အား ပဋိသန္ဓေအခါ ကာယဒသက, ယောကျ်ားဖြစ်အံ့ ပုမ္ဘာဝဒသက, မိန်းမဖြစ်အံ့ ဣတ္ထိဘာဝဒသက, ဝတ္ထုဒသကအားဖြင့် ကမ္မဇကာလပ် ၃ စည်းတို့ကို ရအပ်၏။ နပုံသကျောက်ဖြစ်အံ့ ဘာဝဒသက မရအပ်။ ပဝတ္တိအခါ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသကတို့သည် ဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်တို့အား စက္ခု, သောတ, ဃာန ဒသက ကလာပ်တို့ ချို့ကောင်းသေး၏။

ရူပဘုံ၌ အသညသတ်ကြဉ်သော ပြဟ္မာတို့အား ပဋိသန္ဓေအခါ စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝကကလာပ်အားဖြင့် ကမ္မဇကလာပ် ၄ စည်းတို့ကို ရအပ်ကုန်၏။ ပဝတ္တိအခါ စိတ္တဇကလာပ် ၆ စည်း၊ ဥတုဇကလာပ် ၄ စည်းတို့ကိုလည်း ရအပ်ကုန်၏။ အာဟာရဇကလာပ်မရ။ အညသတ်ပြဟ္မာတို့အား ပဋိသန္ဓေအခါ ဇီဝိတနဝက ကလာပ်တစည်းကိုသာရအပ်၏။ ပဝတ္တိအခါ သဒ္ဒကြဉ်သော ဥတုဇသုဒ္ဓဋ္ဌက ကလာပ်, လဟုတာဒိ ေကာဒသကကလာပ် ၂ စည်းတို့ကိုလည်း ရအပ်ကုန်၏။

## ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့၏ ရုပ်ဖြစ်စဉ်

အဏ္ဍဇမျိုး, ဇလာဗုဇမျိုးဖြစ်သော ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေခဏ၌ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ကလာပ် ၃ စည်းရကောင်း၏။ ပဋိသန္ဓေမှနောက် ပဝတ္တိအခါ၌ ယင်ငယ် သောက်လောက်ရုံ ပမာဏရှိသော ကလလရေကြည်သည် ပဋိသန္ဓေတည်နေသည်မှ ၇ ရက်အတွင်း တည်နေ၏။ ဒုတိယ ၇ ရက်၌ အဗ္ဗုဒမည်သော အမဲသားဆေးရေနှင့်တူသော အမြှုပ်သည်ဖြစ်၏။ တတိယသတ္တာဟ၌ ပေသိမည်သော အသားခဲသည်ဖြစ်၏။ စတုတ္ထသတ္တာဟ၌ ဃနမည်သော မာမာခက်ခက် ထက်ဝန်းကျင်လုံးသော သားတစ်ဖြစ်၏။ ပဉ္စမသတ္တာဟ၌ ခြေ ၂ ဘက်၊ လက် ၂ ဘက်၊ ဦးခေါင်းဖြစ်သော အဖု ၅ ခု (ခက်မငါးဖြာ)ဖြစ်၏။ ထိုအခါ ရက်ပေါင်း ၃၅ ရက်မျှသာရှိသေး၍ ရုပ်တရားတို့မှာ အလွန်နုနယ်ရကား ရုပ်သစ် ကလာပ်သစ်မပေါ်သေးဘဲ ၎င်းခက်မငါးဖြာတို့ရင့်မာအောင် ၃၅ ရက်စောင့်ရ၏။ ထို့နောက် ၇၇ ရက်မြောက်သောနေ့၌ ကံအားလျော်စွာ စက္ခု,သောတ,ဃာန,ဇိဝှါဒသက ကလာပ်များဖြစ်ပေါ်ကြ၏။ ထို့နောင် ၄၂ သတ္တာဟအတွင်းဝယ် ဆံပင်အမွေး, လက်သည်း, ခြေသည်းတို့သည် ဖြစ်ကုန်၏။

## ဇတုဇရုပ်တို့၏ဖြစ်စဉ်

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း .ပဋိသန္ဓေ၏ဥပါဒ်ခဏ၌ ကမ္မဇရုပ်ဖြစ်၏။ ပထမဘွင်၏ဥပါဒ်ခဏ၌ စိတ္တဇရုပ်ဖြစ်၏။ ပဋိသန္ဓေစိတ်၏ဌီခဏ၌ ဥတုဇရုပ်ဖြစ်၏။ ဂဗ္ဘသေယျသတ္တဝါတို့အား ကလလသတ္တာဟမှ နောက် အမြှုပ်သတ္တာဟ သားတစ်သတ္တာဟရောက်သောအခါ အမိမျိုသော အာဟာရဩဇာ ပျံ့နှံ့သောအခါမှစ၍ အာဟာရဇရုပ်ဖြစ်၏။ သံသေဒဇ, ဥပပါတ်တို့အား မိမိတံထွေးမျိုသောအခါမှစ၍ အာဟာရဇရုပ်ဖြစ်၏။ ဤသို့လျှင် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့လည်းကောင်း၊ မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း၊ အသက်ရှည်သမျှကာလပတ်လုံး ရုပ်အဆက်ဆက် အခါင့်ဆင့် မပြတ်စပ်ကာစပ်ကာ ဖြစ်လေသည်။

(စတုဇရုပ်တို့၏ချုပ်စဉ်ကို ရူပသမုဋ္ဌာန်၌ ရေးခဲ့ပြီးဖြစ်သည်။)

## ရုပ်ဖြစ်ပုံချုပ်ပုံ




## ပဋိသန္ဓေအခါ မရကောင်းသောရုပ်များ

သဒ္ဒရုပ်၊ ဝိကာရရုပ် ၅ ခု၊ ဇရတာရုပ်၊ အနိစ္စတာရုပ်–ဤရုပ် ၈ ပါးတို့သည် ပဋိသန္ဓေအခါ၌ မရအပ်ကုန်။ ပဝတ္တိအခါ၌ကား ရုပ် ၂၈ ပါးကိုပင်ရအပ်၏။ စုတိအခါ၌ကား သဒ္ဒရုပ်၊ ဝိကာရရုပ် ၅ ခု၊ ဥပစယကို မရအပ်။

ရူပပဝတ္တိက္ကမ ပြီး၏။

◇◇◇◇◇

## ရုပ်ပိုင်း သရုပ်ခွဲ လေ့ကျင့်ခန်း

| | အမည် | ပထဝီ ဓာတ် | အာပေါ = | တေဇော =<br>ဝါယော = | စက္ခု ပသာဒ<br>သောတ =<br>ဃာန =<br>ဇိဝှါ =<br>ကာယ = | ရူပါရုံ | သဒ္ဒါရုံ | ဂန္ဓာရုံ<br>ရသာရုံ | ဣတ္ထိဘာဝ<br>ပုမ္ဘာဝ | ဟဒယရုပ် | ဇီဝိတရုပ် | အာဟာရရုပ် | ပရိစ္ဆေဒရုပ် | ကာယဝိညတ်<br>ဝစီဝိညတ် | ရူပဿလဟုတာ<br>= မုဒုတာ<br>= ကမ္မညတာ | ဥပစယ-သန္တတိ<br>ဇရတာ-အနိစ္စတာ | ရုပ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရုပ်ဝိဘာဂ | နိပ္ဖန္နရုပ် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | | | | | ၁၈ |
| | အဇ္ဈတ္တိကရုပ် | | | | ။ | | | | | | | | | | | | ၅ |
| | ဝတ္ထုရုပ် | | | | ။ | | | | | ။ | | | | | | | ၆ |
| | ဒွါရရုပ် | | | | ။ | | | | | | | | | ။ | | | ၇ |
| | ဣန္ဒြိယရုပ် | | | | ။ | | | | ။ | | ။ | | | | | | ၈ |
| | ဩဠာရိကရုပ်-သန္တိကေရုပ်<br>သပ္ပဋိဃရုပ် | ။ | | ။ | ။ | ။ | ။ | ။ | | | | | | | | | ၁၂ |
| | ဥပါဒိန္နရုပ် | ။ | ။ | ။ | ။ | ။ | | ။ | ။ | ။ | ။ | ။ | ။ | | | | ၁၈ |
| | သနိဒဿနရုပ် | | | | | ။ | | | | | | | | | | | ၁ |
| | ဂေါစရဂ္ဂါဟိကရုပ် | | | | ။ | | | | | | | | | | | | ၅ |
| | အဝိနိဗ္ဘောဂရုပ် | ။ | ။ | ။ | | ။ | | ။ | | | | ။ | | | | | ၈ |
| ရုပ်သမုဋ္ဌာန် | ကမ္မဇရုပ် | ။ | ။ | ။ | ။ | ။ | | ။ | ။ | ။ | ။ | ။ | ။ | | | | ၁၈ |
| | စိတ္တဇရုပ် | ။ | ။ | ။ | | ။ | ။ | ။ | | | | ။ | ။ | ။ | ။ | | ၁၅ |
| | ဥတုဇရုပ် | ။ | ။ | ။ | | ။ | ။ | ။ | | | | ။ | ။ | | ။ | | ၁၃ |
| | အာဟာရဇရုပ် | ။ | ။ | ။ | | ။ | | ။ | | | | ။ | ။ | | ။ | | ၁၂ |
| | ဧကဇရုပ် | | | | ။ | | ။ | | ။ | ။ | ။ | | | ။ | | | ၁၁ |
| | ဒွိဇရုပ် | | | | | | ။ | | | | | | | | | | ၁ |
| | တိဇရုပ် | | | | | | | | | | | | | | ။ | | ၃ |
| | စတုဇရုပ် | ။ | ။ | ။ | | ။ | | ။ | | | | ။ | ။ | | | | ၉ |
| | နကုတောစိရုပ် | | | | | | | | | | | | | | | ။ | ၄ |

# ရုပ်ပိုင်း သရုပ်ခွဲ လေ့ကျင့်ခန်း

| | အမည် | ပထဝီ ဓာတ် / အာပေါ 〃 / တေဇော 〃 / ဝါယော 〃 | စက္ခု ပသာဒ | သောတ 〃 | ဃာန 〃 | ဇိဝှာ 〃 | ကာယ 〃 | ရူပါရုံ | သဒ္ဒါရုံ | ဂန္ဓာရုံ ရသာရုံ | ဣတ္ထိဘာဝ | ပုမ္ဘာဝ | ဟဒယရုပ် | ဇီဝိတရုပ် | အာဟာရရုပ် | ပရိစ္ဆေဒရုပ် | ကာယဝိညတ် | ဝစီဝိညတ် | ရူပဿလဟုတာ / မုဒုတာ 〃 / ကမ္မညတာ 〃 | ဥပစယ-သန္တတိ / ဇရတာ-အနိစ္စတာ | ရုပ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ကမ္မဇကလာပ်-၉ စည်း | စက္ခု ဒသက | ■ | ■ | | | | | ■ | | ■ | | | | ■ | ■ | | | | | | ၁၀ |
| | သောတ 〃 | ■ | | ■ | | | | ■ | | ■ | | | | ■ | ■ | | | | | | ၁၀ |
| | ဃာန 〃 | ■ | | | ■ | | | ■ | | ■ | | | | ■ | ■ | | | | | | ၁၀ |
| | ဇိဝှါ 〃 | ■ | | | | ■ | | ■ | | ■ | | | | ■ | ■ | | | | | | ၁၀ |
| | ကာယ 〃 | ■ | | | | | ■ | ■ | | ■ | | | | ■ | ■ | | | | | | ၁၀ |
| | ဣတ္ထိဘာဝ 〃 | ■ | | | | | | ■ | | ■ | ■ | | | ■ | ■ | | | | | | ၁၀ |
| | ပုမ္ဘာဝ 〃 | ■ | | | | | | ■ | | ■ | | ■ | | ■ | ■ | | | | | | ၁၀ |
| | ဝတ္ထု 〃 | ■ | | | | | | ■ | | ■ | | | ■ | ■ | ■ | | | | | | ၁၀ |
| | ဇီဝိတနဝက | ■ | | | | | | ■ | | ■ | | | | ■ | ■ | | | | | | ၉ |
| စိတ္တဇကလာပ်-၆ စည်း | သုဒ္ဓဋ္ဌက | ■ | | | | | | ■ | | ■ | | | | | ■ | | | | | | ၈ |
| | ကာယဝိညတ္တိနဝက | ■ | | | | | | ■ | | ■ | | | | | ■ | | ■ | | | | ၉ |
| | ဝစီဝိညတ္တိသဒ္ဒဒသက | ■ | | | | | | ■ | ■ | ■ | | | | | ■ | | | ■ | | | ၁၀ |
| | လဟုတာဒိကေကာဒသက | ■ | | | | | | ■ | | ■ | | | | | ■ | | | | ■ | | ၁၁ |
| | ကာယဝိညတ္တိ လဟုတာဒိဒွါဒသက | ■ | | | | | | ■ | | ■ | | | | | ■ | | ■ | | ■ | | ၁၂ |
| | ဝစီဝိညတ္တိသဒ္ဒလဟု တာဒိတေရသက | ■ | | | | | | ■ | ■ | ■ | | | | | ■ | | | ■ | ■ | | ၁၃ |

သရုပ်ကျေပွန်ရန် ပုံတူဇယားများရေး၍ လေ့ကျင့်ပါ။ အဖြေမှန်မမှန် နောက်မှတိုက်ကြည့်ပါ။

## ရုပ်ပိုင်း သရုပ်ခွဲ လေ့ကျင့်ခန်း

| | အမည် | ပထဝီ ဓာတ်<br>အာပေါ =<br>တေဇော =<br>ဝါယော = | စက္ခု ပသာဒ | သောတ = | ဃာန = | ဇိဝှါ = | ကာယ = | ရူပါရုံ | သဒ္ဒါရုံ | ဂန္ဓာရုံ<br>ရသာရုံ | ဣတ္ထိဘာဝ<br>ပုမ္ဘာဝ | ဟဒယရုပ် | ဇီဝိတရုပ် | အာဟာရရုပ် | ပရိစ္ဆေဒရုပ် | ကာယဝိညတ်<br>ဝစီဝိညတ် | ရူပဿလဟုတာ<br>= မုဒုတာ<br>= ကမ္မညတာ | ဥပစယ၊ သန္တတိ | ဇရတာ၊ အနိစ္စတာ | ရုပ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဥတုဇ-၄ စည်း | သုဒ္ဓဋ္ဌက | = | | | | | | = | | = | | | | = | | | | | | ၈ |
| | သဒ္ဒနဝက | = | | | | | | = | = | = | | | | = | | | | | | ၉ |
| | လဟုတာဒိကေဒသက | = | | | | | | = | | = | | | | = | | | = | | | ၁၁ |
| | သဒ္ဒလဟုတာဒိဒွါဒသက | = | | | | | | = | = | = | | | | = | | | = | | | ၁၂ |
| ဟာ-၂ | သုဒ္ဓဋ္ဌက | = | | | | | | = | | = | | | | = | | | | | | ၈ |
| | လဟုတာဒိကေဒသက | = | | | | | | = | | = | | | | = | | | = | | | ၁၁ |
| ရုပ ပဝတ္တိက္ကမ | ကာမဥပပါတ်,သံသေဒဇ-ပဋိသန္ဓေအခါ | = | = | = | = | = | = | = | | = | = | = | = | = | | | | | | ၁၇ |
| | ၎င်း ပဝတ္တိအခါ | = | = | = | = | = | = | = | = | = | = | = | = | = | = | = | = | = | = | ၂၈ |
| | ဂဗ္ဘသေယျက-ပဋိသန္ဓေအခါ | = | | | | | = | = | | = | = | = | = | = | | | | | | ၁၃ |
| | ၎င်း ပဝတ္တိအခါ | = | = | = | = | = | = | = | = | = | = | = | = | = | = | = | = | = | = | ၂၈ |
| | ရူပ ၁၅ ဘုံ-ပဋိသန္ဓေအခါ | = | = | = | | | | = | | = | | = | = | = | | | | | | ၁၂ |
| | ၎င်း ပဝတ္တိအခါ | = | = | = | | | | = | = | = | | = | = | = | = | = | = | = | = | ၂၃ |
| | အသညသတ်-ပဋိသန္ဓေအခါ | = | | | | | | = | | = | | | = | = | | | | | | ၉ |
| | ၎င်း ပဝတ္တိအခါ | = | | | | | | = | | = | | | = | = | = | | = | = | = | ၁၇ |
| | ပဋိသန္ဓေအခါ၊ မရ | | | | | | | | = | | | | | | | = | = | | = | ၈ |
| | စုတိအခါ၊ မရ | | | | | | | | = | | | | | | | = | = | ဥပ ဝယ | | ၇. |

# နိဗ္ဗာန်အကြောင်း

ပရမတ္ထတရားလေးပါးတို့တွင် စိတ်, စေတသိက်, ရုပ်တည်းဟူသော သုံးပါးသော ပရမတ္ထတရားတို့ကို ပြဆိုခဲ့ပြီးနောက် အကျဉ်းအားဖြင့် မှတ်သားရန် နိဗ္ဗာန်ကို ပြဆို၏။

"နိဗ္ဗာန်"ဟူသောအမည်သည် မြန်မာစကားဖြစ်၏။ ပါဠိမှာ (နိဗ္ဗာန)ဖြစ်သည်။ ပုဒ်ရင်းကား "နိဝါန" ဖြစ်၏။ ထို၌ "ဝါန"၏အဓိပ္ပာယ်မှာ-

ဘဝါဘဝံ ဝိနတိ သံသိဗ္ဗတီတိ ဝါနံ။ ။ဘဝါဘဝံ၊ ဘဝကြီးငယ်ကို။ ဝိနတိသံသိဗ္ဗတိ၊ ချုပ်တတ် စပ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝါနံ၊ ဝါန-မည်၏ဟူသော ဝိဂြိုဟ်အရ ဘဝကြီးဘဝငယ်ကို ချုပ်တတ် စပ်တတ်သောကြောင့် "ဝါန"ဟုခေါ်၏။ တရားကိုယ်မှာ တဏှာရ၏။

၎င်း "ဝါန"ကို (နိ)နှင့် တွဲသောအခါ-

ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ။ ။ဝါနတော၊ တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

ပါဠိဆိုလိုရင်းမှာ (ဝါန+နိ)ဟု ဆိုလိုသည်။ ၎င်း ၂ ပုဒ်ကို ရှေ့နောက်ပြန်သောနည်းဖြင့် ရှေ့နောက် ပြန်၍ (နိဝါန)ဖြစ်သည်။ ၎င်းကိုပင် သဒ္ဒါနည်းအရ (ဝ)ကိုဒွေးဘော်ပြု၍လည်းကောင်း (ဗွ)နှစ်လုံးကို (ဗ္ဗ) နလုံးပြုသော် (နိဗ္ဗာန)ဖြစ်၏။ မြန်မာပညတ်သို့ရောက်သော် (န)အက္ခရာကို တခွန်လွှားအသတ်ပြုသဖြင့် "နိဗ္ဗာန်"ဟု ဖြစ်လာသည်။ မြန်မာလိုအဓိပ္ပာယ်မှာ-

ဗာန်=တဏှာလောဘမှ+နိဗ်=ထွက်မြောက်တတ်သောသဘော။

ထိုနိဗ္ဗာန်သည် သတ္တလောက, သင်္ခါရလောက, ဩကာသလောကတည်းဟူသော လောကသုံးပါးမှ အသီးအခြား ပရမတ္ထသဘာဝအားဖြင့် ထင်ရှားရှိသောတရား။ လောကသုံးပါးနှင့် ဘယ်တော့မှ မယှဉ်သော တရားကို နိဗ္ဗာန်ဟုသိစေလို၍ လောကုတ္တရသင်္ခါတ ဟု သင်္ဂြိုဟ်ဆရာမိန့်၏။ ထို့ကြောင့် နိဗ္ဗာန်သည် လောကုတ္တရာတရားသာ ဖြစ်၏။ ပညတ်တရားမဟုတ်ဟူသော အဓိပ္ပာယ်ကိုပြ၏။

**စတုမဂ္ဂ ဉာဏေန သစ္ဆိကာတဗ္ဗံ** ဟူသော ပါဌ်ဖြင့် နိဗ္ဗာန်ဟူသည် နေဝန်းလဝန်းကြီးကို ပကတိ မျက်စိဖြင့်မြင်ဘိသကဲ့သို့ အရိယာပုဂ္ဂိုလ်တို့သည် မိမိရအပ်သောမဂ်ဉာဏ်ဖြင့် မျက်မှောက်ထင်ထင် ပစ္စက္ခသိဒ္ဓိအားဖြင့် သိအပ်သောအဖြစ်ကိုပြ၏။

**မဂ္ဂဖလာနမာရမ္မဏာဘူတံ** ဟူသောပါဌ်ဖြင့် နိဗ္ဗာန်ကို ကလျာဏပုထုဇဉ်တို့သည် သုတမယအနုမာန သိဒ္ဓိ, စိန္တာမယအနုမာနသိဒ္ဓိ, ဘာဝနာမယအနုမာနသိဒ္ဓိအားဖြင့် မှန်းဆ၍ သိအပ်သည်၏ အဖြစ်ကိုပြ၏။ ထိုသို့ပြသဖြင့် ရာဂ အစရှိသည်တို့၏ မရှိခြင်း "အဘာဝပညတ်"မျှသည် နိဗ္ဗာန်မည်၏ဟူသော မိစ္ဆာအယူကို တားမြစ်တော်မူ၏။

## နိဗ္ဗာန်အပြား

ထိုနိဗ္ဗာန်သည် သန္တိသဘောအားဖြင့် တစ်ပါးတည်းပင် ဖြစ်သော်လည်း ကာရဏ ပရိယာယေန အကြောင်းဟူသော အမြွက်အားဖြင့် (၁) သဉပါဒိသေသနိဗ္ဗာန် (၂) အနုပါဒိသေသနိဗ္ဗာန်ဟု ၂ မျိုးပြား၏။

(၁) သဉပါဒိသေသနိဗ္ဗာန် = ကိလေသာအာသဝေါတို့မှ ကင်းစင်၍ ဘဝခန္ဓာအကြွင်းအကျန် ရှိနေစဉ် ပေါက်ရောက်ခံစံရသော နိဗ္ဗာန်။

(၂) အနုပါဒိသေသနိဗ္ဗာန် = ခန္ဓာကြွင်း ဘဝကြွင်းမရှိစေဘဲ အဆုံးစွန်သော ပရိနိဗ္ဗာန်ဝင်စံမှု။

သဉပါဒိသေသနိဗ္ဗာန်သည် ကိလေသာတို့၏ ချုပ်ငြိမ်းမှုဖြစ်၍ ကိလေသနိဗ္ဗာန်၊ ဒိဋ္ဌဓမ္မ ရအပ်သောကြောင့် ဒိဋ္ဌဓမ္မိကနိဗ္ဗာန်မည်၏။ အနုပါဒိသေသနိဗ္ဗာန်သည် ခန္ဓာတို့၏ ချုပ်ငြိမ်းမှုဖြစ်သောကြောင့် ခန္ဓနိဗ္ဗာန်၊ စုတိသည်မှနောက်၌ ရအပ်သောကြောင့် သမ္ပရာယိကနိဗ္ဗာန်မည်၏။

## တစ်နည်း နိဗ္ဗာန်အပြား

ထိုမှတစ်ပါး အာကာရအခြင်းအရာအားဖြင့်- (၁) သုညတနိဗ္ဗာန်၊ (၂) အနိမိတ္တနိဗ္ဗာန်၊ (၃) အပ္ပဏိဟိတနိဗ္ဗာန်ဟု ၃ မျိုးပြား၏။

(၁) သုညတနိဗ္ဗာန် = ရာဂ ဒေါသ မောဟတို့မှ ဆိတ်ရာသုဉ်းရာဖြစ်သောကြောင့် သုညတ။

ရာဂ ဒေါသ မောဟစသော ကိလေသာတို့ကို အာရုံမပြုသောကြောင့် အာရုံအားဖြင့်ဆိတ်၏။ ရာဂစသော ကိလေသာတို့ကို အကြွင်းမဲ့ပယ်အပ်သည်ဖြစ်၍ သမ္ပယောဂအားဖြင့်လည်း ဆိတ်၏။ ဤသို့ အာရုံအားဖြင့်လည်းကောင်း, သမ္ပယုတ်အားဖြင့်လည်းကောင်း, ကိလေသာအနှောင့်အယှက်မရှိ, ကိလေသာတို့၏ ဆိတ်ရာသုဉ်းရာဖြစ်သောကြောင့် သုညတနိဗ္ဗာန်မည်၏။

(၂) အနိမိတ္တနိဗ္ဗာန် = ရာဂစသော အကြောင်းနိမိတ်မရှိရာ, ကင်းရာဖြစ်သောကြောင့် အနိမိတ္တ။

အာရုံအားဖြင့်လည်းကောင်း, သမ္ပယုတ်အားဖြင့်လည်းကောင်း, ဒုက္ခအမျိုးမျိုး၏အကြောင်း, သံသရာဝဋ်၏အကြောင်း ဖြစ်ကုန်သော ရာဂစသော ကိလေသာအကြောင်းတရားတို့၏ ကင်းရာဖြစ်သောကြောင့် အနိမိတ္တနိဗ္ဗာန်မည်၏။

(၃) အပ္ပဏိဟိတနိဗ္ဗာန် = ရာဂစသော တောင့်တမှုကင်းရာ မရှိရာဖြစ်သောကြောင့် အပ္ပဏိဟိတ။

အာရုံအားဖြင့်လည်းကောင်း, သမ္ပယုတ်အားဖြင့်လည်းကောင်း, ရာဂစသော တောင့်တမှုကင်းရာ မရှိရာဖြစ်သောကြောင့် အပ္ပဏိဟိတနိဗ္ဗာန်မည်၏။ သင်္ခတတရားတို့သည် ရအပ်သော်လည်း ပျက်စီးတတ်သော အနိစ္စဓမ္မဖြစ်၍ အဖန်ဖန်ရခြင်းငှာ တောင့်တမှုအာသာတည်းဟူသော ဆင်းရဲဒုက္ခကို အဆင့်ဆင့်ပွားစေကုန်၏။ နိဗ္ဗာန်တရားသည်ကား တောင့်တမှုအာသာဟု ဆိုအပ်သော တဏှာတရား, ပဏိဟိတတရားတို့ကို အကြွင်းမဲ့ဖျက်ဆီးလျက် အချင်းခပ်သိမ်း တောင့်တမှုမှကင်းငြိမ်း၏။ ထို့ကြောင့် အပ္ပဏိဟိတမည်၏။

## နိဗ္ဗာန်၏သဘာဝ

နိဗ္ဗာန်သည်- အစ္စုတံ = စုတေခြင်းမရှိသောတရား။
အစ္စန္တံ = စုတိဟု ဆိုအပ်သော အဆုံးကို လွန်သောတရား။
အသင်္ခတံ = ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် မပြုပြင်အပ်သောတရား။
အနုတ္တရံ = မိမိထက်လွန်သောတရား မရှိသောတရား။
ပဒံ = အရိယာတို့သည် ရောက်အပ်သောတရား။

သတ္တဝါအစ သံသရာအစ မရှိသကဲ့သို့ နိဗ္ဗာန်သည် အစမရှိ။ နိဗ္ဗာန်သည် မည်သည့်တရားကိုမျှ အာရုံမပြု။ နိဗ္ဗာန်ကို ဂေါတြဘု, ဝေါဒါန်, မဂ်, ဖိုလ်, အာဝဇ္ဇန်းတို့ကသာ အာရုံပြုသည်။ သင်္ခတတရားတို့သည် ဥပါဒ်, ဋ္ဌီ, ဘင် ဟူသော လက္ခဏာ ၃ ပါးနှင့် မည်သည့်အခါမျှ တန့်နားခြင်းမရှိဘဲ အမြဲအလျှား သွားနေကြသည်။ အသင်္ခတတရားမှာ ဥပါဒ်မရှိ၊ ဋ္ဌီမရှိ၊ ဘင်မရှိ၊ အဇ္ဈတ္တ, ဗဟိဒ္ဓ ၂ ပါးတွင် ဗဟိဒ္ဓါဝမ္မှာ ဟူသော မာတိကာပုဒ်အရ ဗဟိဒ္ဓတရားဖြစ်၏။ နိဗ္ဗာန်သည် ဝေဒယိတသုခမရှိ၊ ဝေဒယိတသုခထက် သာလွန်သော သန္တိသုခသဘောကား ကေန်ရှိ၏။

ရှပ်ပိုင်း ပြီး၏။

◇◇◇◇◇

## သမုစ္စည်းပိုင်း

စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ နိဗ္ဗာန်– ပေါင်း ၇၂ ပါးအပြားရှိကုန်သော သဘောတရားများကိုပေါင်းစု၍ ရသင့်သည့်အားလျော်စွာ ပြဆိုခြင်းသည် သမုစ္စယ = သမုစ္စည်းမည်၏။

(အာကာသစသော အနိပ္ဖန္နရုပ်တို့သည် အထည်ကိုယ်ဝတ္ထုရကောင်းသော ဝတ္ထုဓမ္မအစစ် ပရမတ္ထအစစ် မဟုတ်ကြသောကြောင့် ဒွါသတ္တတိအရ၌ မပါဝင်နိုင်ချေ။)

သမုစ္စည်းပိုင်း၌–

(၁) အကုသလသင်္ဂဟ = အကုသိုလ်ဇာတ်အားဖြင့် တူသော သဘောရှိကုန်သော အာသဝေါ စသော တရားတို့ကို တပေါင်းတည်းပြု၍ ပြဆိုရာဖြစ်သောသင်္ဂဟ။

(၂) မိဿကသင်္ဂဟ = ကုသိုလ် အကုသိုလ် အဗျာကတဖြစ်သောတရားတို့ကို ရောနှောသိမ်းယူ ပြဆိုရာဖြစ်သောသင်္ဂဟ။

(၃) ဗောဓိပက္ခိယသင်္ဂဟ = ဗောဓိဉာဏ်ကိုရခြင်း၏ အကြောင်းဖြစ်ကုန်သော သတိပဋ္ဌာန်, သမ္မပ္ပဓာန် စသော တရားတို့ကို တပေါင်းတည်း သိမ်းယူရာဖြစ်သောသင်္ဂဟ။

(၄) သဗ္ဗသင်္ဂဟ = အလုံးစုံသော ပရမတ္ထတရားမှန်သမျှတို့ကို တပေါင်းတည်း သိမ်းယူပြဆိုရာ ဖြစ်သော သင်္ဂဟဟူ၍ ၄ ပါးရှိ၏။ ထိုတွင်

အကုသလသင်္ဂဟ၌– (၁) အာသဝ ၄ ပါး။
(၂) ဩဃ ၄ ပါး။
(၃) ယောဂ ၄ ပါး။
(၄) ဂန္ထ ၄ ပါး။
(၅) ဥပါဒါန် ၄ ပါး။
(၆) နီဝရဏ ၆ ပါး။
(၇) အနုသယ ၇ ပါး။
(၈) သုတ္တန်၌လာသော သံယောဇဉ် ၁၀ ပါး။
အဘိဓမ္မာ၌လာသော သံယောဇဉ် ၁၀ ပါး။
(၉) ကိလေသာ ၁၀ ပါးအားဖြင့် ဝေဖန်ပြဆို၏။

### အာသဝ

အမာဝမှယိုသော သန်ရည်ကဲ့သို့ စက္ခုဒွါရစသည်တို့မှ ရူပါရုံစသည်တို့၌ ယိုတတ်သောကြောင့် အာသဝ။ ။ကြာမြင့်စွာ ထုံအပ်စိမ်ထားအပ်သော စိမ်ရည်အရက်သည် သုံးသောက်စားသူ သတ္တဝါတို့ကို

မှုးယစ်စေသကဲ့သို့ လောဘစသော တရားတို့သည်လည်း သတ္တဝါတို့ကို အမြဲမှုးယစ်စေကုန်သောကြောင့် အာသဝ။

## ဩဃ

မဟာသမုဒ္ဒရာအတွင်း၌ရှိသော ဝဲဩဃကြီးများသည် မိမိဝဲဩဃအတွင်းသို့ ကျရောက်သမျှသော သတ္တဝါတို့ကို အတင်းနစ်၍သတ်တတ်သကဲ့သို့ ကာမောဃစသော ဩဃကြီး ၄ ပါးတို့သည် မိမိတို့နှင့်ဆက်ဆံသမျှသော သတ္တဝါတို့ကို သံသရာထဲ၌အတင်းနစ်၍ သတ်တတ်ကုန်၏။ ကူးမြောက်ခြင်းငှာ ခဲယဉ်းကုန်၏။ ထို့ကြောင့် ကာမောဃစသောတရားတို့သည် ဩဃမည်၏။

## ယောဂ

ထမ်းပိုးခွင်၌ မြင်းတို့ကိုလည်းကောင်း၊ နွားတို့ကိုလည်းကောင်း၊ တပ်၍ကျ၍ ထားကုန်ဘိသကဲ့သို့ ယောဂ ၄ ပါးတို့သည် သတ္တဝါတို့ကို ဝဋ္ဋဒုက္ခ ဘဝစက်ယန္တရားကြီး၌ တပ်၍ ကျ၍ ထားတတ်ကုန်သောကြောင့် ယောဂမည်၏။ ။ယောဂသဒ္ဒါသည် အစေးဖြင့်ကပ်၍ စပ်ထားသကဲ့သို့ ယှဉ်စပ်ခြင်းအနက်ကိုဟော၏။ သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌ ယှဉ်စပ်ကပ်ထားတတ်သော တရားဆိုလို၏။

## (၁) အာသဝ ၄ ပါး

(၁) ကာမာသဝ = ကာမဘုံ၌ တပ်တတ်ကုန်သော ကာမဂုဏ် ၅ ပါးနှင့်စပ်သော ရာဂဟုဆိုအပ်သော လောဘ စေတသိက်သည် ကာမာသဝ။

(၂) ဘဝါသဝ = ရူပ၊အရူပဘုံ၌ ကပ်တတ်သော လောဘစေတသိက်သည် ဘဝါသဝ။

(၃) ဒိဋ္ဌာသဝ = ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိသည် ဒိဋ္ဌာသဝ။

(၄) အဝိဇ္ဇာသဝ = သစ္စာ ၄ ပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်- ဤရှစ်ရပ်သောတရားတို့ကို ဖုံးလွှမ်းတတ်သော မောဟသည် အဝိဇ္ဇာသဝ။

(၁) ကာမောဃ (၂) ဘဝေါဃ (၃) ဒိဋ္ဌောဃ (၄) အဝိဇ္ဇောဃဟုဆိုအပ်သော ဩဃလေးပါးနှင့် (၁) ကာမယောဂ (၂) ဘဝယောဂ (၃) ဒိဋ္ဌိယောဂ (၄) အဝိဇ္ဇာယောဂဆိုအပ်သော ယောဂလေးပါးတို့ကိုလည်း အာသဝလေးပါးနှင့် တရားကိုယ်အားဖြင့်လည်းကောင်း၊ သရုပ်အားဖြင့်လည်းကောင်း နည်းတူမှတ်။

## ဂန္ထ

ရစ်ပတ်ချည်နှောင်တတ်သောကြောင့် ဂန္ထခေါ်သည်။ လက်ထိပ်စသော အနှောင်အဖွဲ့ကို နာမကာယနှင့် ရူပကာယကို မကွဲမပြားရအောင် ဖွဲ့တတ်ခြင်း၊ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို ဘဝအဆက်မပြတ်ရအောင် ဖွဲ့တတ်ခြင်း၊ ဘဝတစ်ပါး၏ စုတိနှင့် ဘဝတစ်ပါး၏ ပဋိသန္ဓေကို ဘဝအဆက်မပြတ်ရစေခြင်းငှာ ဖွဲ့တတ်စပ်တတ်သောကြောင့် လောဘစသော တရားတို့သည် ကာယဂန္ထမည်၏။

## (၄) ဂန္ထ လေးပါး

(၁) အဘိဇ္ဈာ ကာယဂန္ထ = အလုံးစုံသော တဏှာ။

(၂) ဗျာပါဒ ကာယဂန္ထ = အလုံးစုံသော ဒေါသ။

(၃) သီလဗ္ဗတပရာမာသ ကာယဂန္ထ = အကြောင်းမဟုတ်သော နွားအလေ့အကျင့် ခွေးအလေ့အကျင့် စသည်များသည် ဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြောင်း မဂ်ပင်တည်းဟု မှားယွင်းသော အလေ့ဆိုးအကျင့်ဆိုးကိုပင် အမှန်ဟုထင်မှတ် သုံးသပ်တတ်သော ဒိဋ္ဌိစေတသိက်။

(၄) ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ = မိမိယူထားပြီးသော မိစ္ဆာအယူကို ငါ၏အယူသာ မှန်၏။ အခြားတစ်ပါးသောအယူများသည် အမှားတို့သာတည်းဟူ၍ ပြင်းပြင်းထန်ထန် အယူသန်မှု။

### ဥပါဒါန်

ဖားကို မြွေဖမ်းသောအခါ မလွှတ်ဘဲ စွဲစွဲမြဲမြဲ ဖမ်းယူထားသကဲ့သို့ မိမိဆိုင်ရာအာရုံ၌ စွဲစွဲမြဲမြဲ ယူတတ်သော (စွဲလမ်းတတ်သော) တရားကို ဥပါဒါန်မည်၏။

## (၅) ဥပါဒါန် လေးပါး

(၁) ကာမုပါဒါန် = ဝတ္ထုကာမတို့၌ ပြင်းပြစွာစွဲလမ်း၍ တပ်မက်သော တဏှာ။

(၂) ဒိဋ္ဌုပါဒါန် = အလုံးစုံသော ဒိဋ္ဌိ။

(၃) သီလဗ္ဗတုပါဒါန် = နွားတို့၏သီလ နွားတို့၏အကျင့်များသည် သံသရာမှ စင်ကြယ်ကြောင်းပင်တည်းဟု စွဲမြဲ၍ယူသော ဒိဋ္ဌိ။

(၄) အတ္တဝါဒုပါဒါန် = ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောက်ျားမိန်းမ စသောအားဖြင့် မှောက်မှောက်မှားမှား အထင်မှားတတ်သော သက္ကာယ ဒိဋ္ဌိ။

### နီဝရဏ

ဈာန်, ဝိပဿနာ, မဂ် စသည်တို့၏ အစွမ်းဖြင့်ဖြစ်သော ကုသိုလ်စိတ်ကို တားမြစ်တတ်သောကြောင့် လောဘစသောတရားတို့သည် နီဝရဏမည်၏။

## (၆) နီဝရဏ ၆ ပါး

(၁) ကာမစ္ဆန္ဒ နီဝရဏ = ကာမဂုဏ်ငါးပါး၌ လွန်လွန်ကဲကဲ သာယာတပ်မက်သော ရာဂ။

(၂) ဗျာပါဒ နီဝရဏ = အလုံးစုံသော ဒေါသ။

(၃) ထိနမိဒ္ဓ နီဝရဏ = ထိနမိဒ္ဓ နှစ်ပါးစုံ။
(၄) ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ = ဥဒ္ဓစ္စကုက္ကုစ္စ နှစ်ပါးစုံ။
(၅) ဝိစိကိစ္ဆာ နီဝရဏ = ဝိစိကိစ္ဆာစေတသိက်။
(၆) အဝိဇ္ဇာ နီဝရဏ = မောဟစေတသိက်။

### အနုသယ

လျောက်ပတ်သောအကြောင်းကို မရလျှင် မဖြစ်ပေါ်ကြကုန်ဘဲ၊ လျောက်ပတ်သော အကြောင်းကို ရလျှင် ဖြစ်လတ္တံ့သော သဘောတရားရှိကုန်သော တရားတို့သည် အနုသယမည်၏။ သတ္တဝါတို့သန္တာန်၌ အစဉ်ကိန်းဝပ်၍နေသော ဥပ်ဓာတ်, ဝင်ဓာတ်, မျိုးစေ့ဓာတ်တို့ပေတည်း။

### (၇) အနုသယ ၇ ပါး

(၁) ကာမရာဂါနုသယ = ကာမတရားတို့၌ သာယာနှစ်သက်တတ်သော လောဘစေတသိက်။
(၂) ဘဝရာဂါနုသယ = မဟဂ္ဂုတ်ကုသိုလ်ဝိပါက်တို့၌ တပ်နှစ်သက်သော လောဘစေတသိက်။
(၃) ပဋိဃာနုသယ = ဒေါသစေတသိက်။
(၄) မာနာနုသယ = မာနစေတသိက်။
(၅) ဒိဋ္ဌာနုသယ = ဒိဋ္ဌိစေတသိက်။
(၆) ဝိစိကိစ္ဆာနုသယ = ဝိစိကိစ္ဆာစေတသိက်။
(၇) အဝိဇ္ဇာနုသယ = မောဟစေတသိက်။

### သံယောဇဉ်

ဝဋ်ဆင်းရဲ၌ ဖွဲ့တတ်သော သဘောတရားတို့သည် "သံယောဇဉ်"မည်၏၊ လောက၌ရှိသော နှောင်အိမ် အမျိုးမျိုး နှောင်ကြိုးအမျိုးမျိုးနှင့် တူသောတရားတို့တည်း။

### ယောဂ။ ဂန္ထ။ သံယောဇဉ်

ဤ ၃ မျိုးသည် သတ္တဝါများကို ဝဋ်ဆင်းရဲမှ မလွတ်အောင် တစ်မျိုးစီယှဉ်စပ်ဖွဲ့နှောင် တတ်ကြသဖြင့် သဘောတူသကဲ့သို့ရှိသော်လည်း၊ အဝေးဘုံဘဝသို့ ရောက်စေကာမူ မိမိဘုံသို့ ပြန်ရောက်လာအောင် ကြိုးဖြင့်ဆွဲထားဘိသကဲ့သို့ ဆွဲချိဖွဲ့နှောင်တတ်သော သဘောသည် သံယောဇဉ်။ သံကွင်းချင်းဖွဲ့ဆက်သကဲ့သို့ စုတိ ပဋိသန္ဓေ၊ ပဋိသန္ဓေ စုတိအားဖြင့် ရုပ်နာမ်အပေါင်းကို ဖွဲ့ဆက်တတ်သော သဘောသည် ဂန္ထ။ သစ်စေးဖြင့်ကပ်သကဲ့သို့ ဝဋ်ဒုက္ခ၌ မိမိကိန်းရာသတ္တဝါကို ယှဉ်စပ်ကပ်ထားတတ်သော သဘောသည် ယောဂ။

## (၈) သံယောဇဉ် ၁၀ ပါး

| သုတ္တန်နည်း | အဘိဓမ္မာနည်း |
|---|---|
| (၁) ကာမရာဂသံယောဇဉ် | (၁) ကာမရာဂသံယောဇဉ် |
| (၂) ရူပရာဂသံယောဇဉ် | (၂) ဘဝရာဂသံယောဇဉ် |
| (၃) အရူပရာဂသံယောဇဉ် | (၃) ပဋိဃသံယောဇဉ် |
| (၄) ပဋိဃသံယောဇဉ် | (၄) မာနသံယောဇဉ် |
| (၅) မာနသံယောဇဉ် | (၅) ဒိဋ္ဌိသံယောဇဉ် |
| (၆) ဒိဋ္ဌိသံယောဇဉ် | (၆) သီလဗ္ဗတပရာမာသသံယောဇဉ် |
| (၇) သီလဗ္ဗတပရာမာသသံယောဇဉ် | (၇) ဝိစိကိစ္ဆာသံယောဇဉ် |
| (၈) ဝိစိကိစ္ဆာသံယောဇဉ် | (၈) ဣဿာသံယောဇဉ် |
| (၉) ဥဒ္ဒစ္စသံယောဇဉ် | (၉) မစ္ဆရိယသံယောဇဉ် |
| (၁၀) အဝိဇ္ဇာသံယောဇဉ် | (၁၀) အဝိဇ္ဇာသံယောဇဉ် |

### ကိလေသာ

စိတ်၏ပူပန်ကြောင်း, ညစ်ညူးကြောင်း, ကြင်နာကြောင်းဖြစ်သောကြောင့် "ကိလေသာ"မည်၏။

## (၉) ကိလေသာ ၁၀ ပါး

(၁) လောဘ (၂) ဒေါသ (၃) မောဟ (၄) မာန (၅) ဒိဋ္ဌိ (၆) ဝိစိကိစ္ဆာ (၇) ထိန (၈) ဥဒ္ဒစ္စ (၉) အဟိရိက (၁၀) အနောတ္တပ္ပ။

သုတ္တန္တေ့အဘိဓမ္မေဟု သံယောဇဉ်ကို သုတ္တန်အလို အဘိဓမ္မာအလိုဟု နှစ်မျိုးညွှန်ပြရာ "သုတ္တန္တေ" ဟုဆိုသည်မှာ ဒီဃနိကာယ်အပါအဝင် သုတ်ပါထေယျပါဠိတော် (၁၀)ခုမြောက် သင်္ဂီတိသုတ်၌ လာသည်ကို ဆိုသည်။ "အဘိဓမ္မေ"ဟုဆိုသည်မှာ ဓမ္မသင်္ဂဏီပါဠိတော် "သညောဇနဂေါစ္ဆက"၌လာသည်ကိုဆိုသည်။

### တရားကိုယ်ကောက်နည်း

အကုသလ သင်္ဂဟတစ်ခုလုံးအတွက် တရားကိုယ်ကောက်ပုံ အတိုချုပ်မှာ ကာမသဒ္ဒါ၊ ဘဝသဒ္ဒါ၊ အဘိဇ္ဈာသဒ္ဒါတို့ကို တွေ့လျှင် တရားကိုယ် လောဘကို ကောက်ပါ။ ။သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသ၊ အတ္တဝါဒ သဒ္ဒါတို့ကို တွေ့လျှင် တရားကိုယ် ဒိဋ္ဌိကို ကောက်ပါ။ ။ဗျာပါဒ သဒ္ဒါကို တွေ့လျှင် တရားကိုယ် ဒေါသကို ကောက်ပါ။ ။ကျန်တရားကိုယ်များမှာ အမည်အတိုင်းပင် ဖြစ်ကြ၏။

## တစ်ထောင့်ငါးရာ ကိလေသာသရုပ်

(က) နံတေပညာ၊ နိပ္ပန္နာ၊ တည်ပါလက္ခဏာ။

(ခ) သန္တာနစ်ဖြာ၊ မြှောက်ပွားကာ၊ တစ်ရာငါးဆယ်ရ။

(ဂ) ယင်းကိုတစ်ခါ၊ ကိလေသာ၊ ဆယ်ဖြာမြှောက်ပြန်ချ။

(ဃ) တစ်ထောင့်ငါးရာ၊ ကိလေသာ၊ ထိုခါဖြစ်သည်ပ။

**အဓိပ္ပာယ်ကား။** ။စေတသိက် ၅၂ ပါး၊ စိတ်ကား အာရမ္မဏ ဝိဇာနန လက္ခဏာအားဖြင့် ၁ ပါး ဟုဆိုအပ်သော နာမ်တေပညာသနှင့် နိပ္ဖန္နရုပ် ၁၈ ပါး၊ လက္ခဏာရုပ် ၄ ပါးအားဖြင့် ပေါင်း ရုပ်နာမ်ပေါင်း ၇၅ ပါးကိုတည်၊ အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် ၂ ပါးနှင့်မြှောက်သော် ၁၅၀ ဖြစ်၏။ ၎င်း ၁၅၀ ကို ကိလေသာ ၁၀ ပါးနှင့်မြှောက်သော် ၁၅၀၀ ကိလေသာဖြစ်သတည်း။

## တဏှာအစစ် တစ်ရာ့ရှစ်

တဏှာသုံးတန်၊ တည်ထား၊ အာကာသံနှင့်မြှောက်။

တဏှာအစစ်၊ တစ်ရာ့ရှစ်၊ ဖြစ်၏မှတ်လေဘိ။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ သုံးပါးကိုတည်၍ အာရုံခြောက်ပါးနှင့်မြှောက် ၁၈ ပါး ဖြစ်၏။ ၎င်း ၁၈ ပါးကို ပစ္စုပ္ပန်ကာလ, အတိတ်ကာလ, အနာဂတ်ကာလသုံးပါးနှင့်မြှောက် ၅၄ ပါးဖြစ်၏။ ၎င်း ၅၄ ပါးကို အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် ၂ ပါးနှင့်မြှောက်သော် ၁၀၈ ပါးဖြစ်၏။

**ဘာဂုသလသင်္ဂဟ ပြီး၏။**

◇◇◇◇◇

## သမုစ္စည်းပိုင်း – အကုသလသင်္ဂဟ တရားကိုယ်နှင့်ဌာနယှဉ်ပုံဇယား

| အမည် | | တရားကိုယ် အကုသိုလ်စေတသိက် ၁၄ ခု: လောဘ | ဒေါသ | မာန | ဒိဋ္ဌိ | ထိန၊မိဒ္ဓ | ဝိစိကိစ္ဆာ | ဥဒ္ဓစ္စ၊ကုက္ကုစ္စ | ဣဿာ | မစ္ဆရိယ | မောဟ | အဟိရိက | အနောတ္တပ္ပ | တရားကိုယ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အာသဝ | ၄ | ကာမာသဝ ဘဝါသဝ | | | ဒိဋ္ဌာသဝ | | | | | | အဝိဇ္ဇာသဝ | | | ၃ |
| ဩဃ | ၄ | ကာမောဃ ဘဝေါဃ | | | ဒိဋ္ဌောဃ | | | | | | အဝိဇ္ဇောဃ | | | ၃ |
| ယောဂ | ၄ | ကာမယောဂ ဘဝယောဂ | | | ဒိဋ္ဌိယောဂ | | | | | | အဝိဇ္ဇာယောဂ | | | ၃ |
| ဂန္ထ | ၄ | အဘိဇ္ဈာကာယဂန္ထ | ဗျာပါဒကာယဂန္ထ | | သီလဗ္ဗတပရာမာသ – ကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသ… | | | | | | | | | ၃ |
| ဥပါဒါန် | ၄ | ကာမုပါဒါန် | | | ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် | | | | | | | | | ၂ |
| နီဝရဏ | ၆ | [၁]ကာမစ္ဆန္ဒနီဝရဏ | [၂]ဗျာပါဒ | | | [၃]ထိန၊မိဒ္ဓ | [၅]ဝိစိကိစ္ဆာ | [၄]ဥဒ္ဓစ္စ၊ကုက္ကုစ္စ | | | [၆]အဝိဇ္ဇာ | | | ၈ |
| အနုသယ | ၇ | ကာမရာဂါနုသယ ဘဝရာဂါနုသယ | ပဋိဃာနုသယ | မာနာနုသယ | ဒိဋ္ဌာနုသယ | | ဝိစိကိစ္ဆာနုသယ | | | | အဝိဇ္ဇာနုသယ | | | ၆ |
| သံယောဇဉ် – သုတ္တန် | ၁၀ | ကာမရာဂ… ရူပရာဂ… အရူပရာဂ… | ပဋိဃ… | မာန | ဒိဋ္ဌိ…… သီလဗ္ဗတပရာမာသ | | ဝိစိကိစ္ဆာ | ဥဒ္ဓစ္စ | | | အဝိဇ္ဇာ | | | ၇ ┐ ၉ |
| သံယောဇဉ် – အဘိဓမ္မာ | ၁၀ | ကာမရာဂ… ဘဝရာဂ… | ပဋိဃ… | မာန | သီလဗ္ဗတပရာမာသ ဒိဋ္ဌိ…… | | ဝိစိကိစ္ဆာ | | ဣဿာ | မစ္ဆရိယ | အဝိဇ္ဇာ | | | ၈ ┘ |
| ကိလေသာ | ၁၀ | [၁]လောဘ | [၂]ဒေါသ | [၄]မာန | [၅]ဒိဋ္ဌိ | [၇]ထိန | [၆]ဝိစိကိစ္ဆာ | [၈]ဥဒ္ဓစ္စ | | | [၃]မောဟ | [၉]အဟိရိက | [၁၀]အနောတ္တပ္ပ | ၁၀ |
| ဌာနယှဉ်ပုံ= | | ၉ | ၅ | ၃ | ၈ | ၂။၁ | ၄ | ၃း၁ | ၁ | ၁ | ၈ | ၁ | ၁ | |

လောဘစေတသိက်သည် အာသဝဌာန,ဩဃ,ယောဂ,ဂန္ထ,ဥပါဒါန်,နီဝရဏ,အနုသယ,သံယောဇဉ်,ကိလေသာဌာနအားဖြင့် ၉–ဌာနတစ်၏ ဟူ၍ဆိုလေ။

## မိဿကသင်္ဂဟ

မိဿကသင်္ဂဟ၌ (၁) ဟိတ် ၆ ပါး၊ (၂) ဈာနင် ၇ ပါး၊ (၃) မဂ္ဂင် ၁၂ ပါး၊ (၄) ဣန္ဒြေ ၂၂ ပါး၊ (၅) ဗိုလ် ၉ ပါး၊ (၆) အဓိပတိ ၄ ပါး၊ (၇) အာဟာရ ၄ ပါးအားဖြင့် ဝေဖန်ပြဆို၏။

### (၁) ဟိတ်

အာရုံ၌ မိမိနှင့် ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကုန်သော ပစ္စယုပ္ပန်အကျိုးဟရားတို့ကို ကောင်းစွာတည်တံ့စေတတ်သော အကြောင်းတရားသည် ဟိတ်မည်၏။ ၎င်းဟိတ်တရားတို့သည် သစ်မြစ်နှင့်တူကုန်၏။ သစ်မြစ်တို့သည် ပင်စည်ကိုကြီးပွားခိုင်ခံ့ တည်တံ့စေကုန်သကဲ့သို့ ဟိတ် ၆ ပါးသည် မိမိနှင့်ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ကုန်သော စိတ်,စေတသိက်တရားတို့ကို အာရုံ၌စွဲမြဲတည်တံ့ ခိုင်ခံ့ကြီးပွားစေကုန်၏။ ထို့ကြောင့်–

"ရေသောက်မြစ်နယ်၊ ကျေးဖူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ"

ဟုဆို၏။ ဟိတ်တရားတို့သည် လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်ဟူ၍ ၆ ပါးအပြားရှိကုန်၏။

### (၂) ဈာနင်

ကောင်းသောအာရုံ၌ဖြစ်စေ၊ မကောင်းသောအာရုံ၌ဖြစ်စေ၊ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲကပ်၍ ရှုတတ်သောကြောင့် ဈာန်မည်၏။ ထို့ကြောင့်–

"စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟုခေါ်သတတ်"

ဟုဆို၏။ ထိုဈာန်၏အစိတ်အစိတ်ဖြစ်သော အင်္ဂါတို့သည် ဈာနင် မည်၏။

ဈာနင်တို့သည် ဝိတက်ဈာနင်၊ ဝိစာရဈာနင်၊ ပီတိဈာနင်၊ ကေဂ္ဂတာဈာနင်၊ သောမနဿဈာနင်၊ ဒေါမနဿဈာနင်၊ ဥပေက္ခာဈာနင်ဟူ၍ (၇)ပါးအပြားရှိကုန်၏။

### (၃) မဂ္ဂင်

ခရီးလမ်းကို မဂ္ဂဟူ၍ ဆိုအပ်၏။ စိတ်ကိုဖြောင့်ဖြောင့်သွားရန် ကောက်ကောက်ကွေ့ကွေ့သွားရန် ခရီးစဉ်လည်း မဂ်မည်၏။ အကုသိုလ်မဂ္ဂင်သည် အပါယ်သို့လားကြောင်းဖြစ်၍ ကုသိုလ်မဂ္ဂင်သည် နတ်ရွာသုဂတိ နိဗ္ဗာန်ချမ်းသာသို့ ရောက်ခြင်း၏အကြောင်းဖြစ်သောကြောင့် ခရီးကောက် ခရီးဖြောင့်နှစ်ပါးတို့၏ အင်္ဂါအဆောက်အဦးတို့သည် မဂ္ဂင်မည်ကုန်၏။

မဂ္ဂင်တို့သည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိဟူ၍ ၁၂ ပါးအပြားရှိကုန်၏။

## (၄) ဣန္ဒြေ

သမ္ပယုတ်တရားတို့ကို အစိုးရသောကြောင့် ဣန္ဒြေမည်၏။ အစိုးရ–ဟူသည်ကား မိမိတို့၏ဆိုင်ရာ ဆိုင်ရာ ဌာနကိစ္စတို့၌ သမ္ပယုတ်တရားတို့ကို မိမိအလိုသို့လိုက်ခြင်း မိမိသဘောအတိုင်း ဖြစ်ရခြင်းကိုဆိုလိုသည်။

ဣန္ဒြေတို့သည်–

(၁) စက္ခုပသာဒရုပ်သည် စက္ခုန္ဒြေ။
(၂) သောတပသာဒရုပ်သည် သောတိန္ဒြေ။
(၃) ဃာနပသာဒရုပ်သည် ဃာနိန္ဒြေ။
(၄) ဇိဝှါပသာဒရုပ်သည် ဇိဝှိန္ဒြေ။
(၅) ကာယပသာဒရုပ်သည် ကာယိန္ဒြေ။
(၆) ဣတ္ထိဘာဝရုပ်သည် ဣတ္ထိန္ဒြေ။
(၇) ပုမ္ဘာဝရုပ်သည် ပုရိသိန္ဒြေ။
(၈) ရုပ်ဇီဝိတ, နာမ်ဇီဝိတ ၂ ပါးသည် ဇီဝိတိန္ဒြေ။
(၉) စိတ်တစ်ခုရုပ်ကိုးဆယ်သည် မနိန္ဒြေ။
(၁၀) သုခဝေဒနာသည် သုခိန္ဒြေ။
(၁၁) ဒုက္ခဝေဒနာသည် ဒုက္ခိန္ဒြေ။
(၁၂) သောမနဿဝေဒနာသည် သောမနဿိန္ဒြေ။
(၁၃) ဒေါမနဿဝေဒနာသည် ဒေါမနဿိန္ဒြေ။
(၁၄) ဥပေက္ခာဝေဒနာသည် ဥပေက္ခိန္ဒြေ။
(၁၅) သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ။
(၁၆) ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေ။
(၁၇) သတိစေတသိက်သည် သတိန္ဒြေ။
(၁၈) ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေ။
(၁၉) လောကီဉာဏသမ္ပယုတ်စိတ် ၃၉ ခု၌ယှဉ်သော အမောဟစေတသိက်သည် ပညိန္ဒြေ။
(၂၀) သောတာပတ္တိမဂ်၌ယှဉ်သော အမောဟစေတသိက်သည် အနညာတညဿာမီတိန္ဒြေ။
(၂၁) အထက်မဂ် ၃ ခု၊ အောက်ဖိုလ် ၃ ခု၌ယှဉ်သော အမောဟစေတသိက်သည် အညိန္ဒြေ။
(၂၂) အရဟတ္တဖိုလ်၌ယှဉ်သော အမောဟစေတသိက်သည် အညာတာဝိန္ဒြေ။

ဤဣန္ဒြေ ၂၂ ပါးတို့တွင် သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ ၅ ပါးတို့သည် တရားကိုယ်အားဖြင့် ဝေဒနာစေတသိက် ၁ ပါးသာဖြစ်၏။ ပညိန္ဒြေ အနညာတညဿာမီတိန္ဒြေ

အညိန္ဒြေ၊ အညာတာဝိန္ဒြေ ၄ ပါးတို့သည် တရားကိုယ်အားဖြင့် ပညာစေတသိက် တစ်ခုသာတည်း။ နာမ်ဣန္ဒြေ ၈ ပါး၊ ရုပ်ဣန္ဒြေ ၈ ပါးဖြစ်၏။

## အနညာတညဿာမိတိန္ဒြေစသော ဣန္ဒြေ ၃ ပါးအထူး

အနညာတံ ဉဿာမိတိ ပဝတ္တနဿ ဣန္ဒြိယံ။ ။အနညာတံ၊ မသိအပ်ဘူးသောနိဗ္ဗာန်(ဝါ) သစ္စာ ၄ ပါး တရားကို။ ဉဿာမိတိ၊ သိအောင်အားထုတ်အံ့ဟူ၍။ ပဝတ္တနဿ၊ ကျင့်သောပုဂ္ဂိုလ်၏။ ဣန္ဒြိယံ၊ ဣန္ဒြေသည်။ အနညာတညဿာမိတိန္ဒြိယံ၊ ၊အနညာတညဿာမိတိန္ဒြေမည်၏။

အဓိပ္ပာယ်ကား ရှေးဦးစွာ သံသရာတရားတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ နှလုံးသွင်းသည်မှစ၍ မသိအပ်သေးသော သစ္စာလေးပါးတရားတို့ကို မသိလျှင် ငါမနေ၊ သိအောင်ကျင့်ကြံ အားထုတ်သောပုဂ္ဂိုလ်အား ထိုကြိုးစားမှု မပြီးမစဲမှီပင်လျှင် သောတာပတ္တိမဂ်ကို ရဆဲဖြစ်သော၊ သောတာပန်ပုဂ္ဂိုလ်၏ ပညိန္ဒြေသည် အနညာတညဿာမိတိန္ဒြေမည်၏။

အာဇာနာတီတိ အညံ။ ။အာဇာနာတိ၊ ထင်ရှားစွာထပ်၍ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ အညံ၊ အညမည်၏။ ။အညံဝ ဣန္ဒြိယံ။ ။အညံဝ၊ ထင်ရှားစွာထပ်၍ သိတတ်သော တရားသည်ပင်လျှင်၊ ဣန္ဒြိယံ၊ ဣန္ဒြေတည်း။ ဣတိ၊ ထို့ကြောင့်။ အညိန္ဒြိယံ၊ အညိန္ဒြိယမည်၏။

အဓိပ္ပာယ်ကား သောတာပတ္တိမဂ်ဖြင့် သိအပ်ပြီးသော သစ္စာလေးပါး နိဗ္ဗာန်တရားတို့ကို အဖန်ဖန် အဆင့်ဆင့်ထပ်၍ သိသောကြောင့် ဒုတိယမဂ် ၃ ပါး၊ အောက်ဖိုလ် ၃ ပါး၌ရှိသော ပညိန္ဒြေသည် အညိန္ဒြေမည်၏။

အညာယိတ္တာတိအညာတာဝီ။ ။အညာယိတ္တာ၊ အလုံးစုံသိအပ်ပြီ။ ဣတိ၊ ထို့ကြောင့်။ အညာတာဝီ၊ အညာတာမည်၏။ ။သိသင့်သိအပ်သော တရားများကို သိရှိပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်ရ၏။ ။အညာတာဝိနောဣန္ဒြိယန္တိ အညာတာဝိန္ဒြိယံ။ ။အညာတာဝိနော၊ သစ္စာ ၄ ပါး နိဗ္ဗာန်တရားကို သိပြီးသော ရဟန္တာပုဂ္ဂိုလ်၏။ ဣန္ဒြိယံ၊ ဣန္ဒြေတည်း။ ဣတိ၊ ထို့ကြောင့်။ အညာတာဝိန္ဒြိယံ၊ အညတာဝိန္ဒြေမည်၏။

အဓိပ္ပာယ်ကား သိမှုကိစ္စအပြီးသို့ရောက်သော ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်၌တည်ရှိသော ပညိန္ဒြေသည် အညတာဝိန္ဒြေမည်၏။

ဣန္ဒြေ ၂၂ ပါးကို ဘုံအားဖြင့်ဝေဖန်ခြင်း။ ။စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ သုခ၊ ဒုက္ခ၊ ဒေါမနဿိန္ဒြေ၊ ဤဣန္ဒြေ ၁၀ ပါးတို့သည် ကာမဘုံ၌ ဖြစ်ကုန်၏။ မနိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ-ဤဣန္ဒြေ ရှစ်ပါးတို့သည် စတုဘူမိကဘုံ ၄ ပါး၌ဖြစ်ကုန်၏။ သောမနဿိန္ဒြေသည် ကာမရူပ လောကုတ္တရာ တေဘူမိက ၃ ပါး၌ဖြစ်ကုန်၏။ အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ-ဤဣန္ဒြေ ၃ ပါးတို့သည်ကား လောကုတ္တရာဘုံ၌သာ အကျုံးဝင်၏။

## ( ၅ ) ဗိုလ်

ကြံ့ခိုင်မြဲမြံသောကြောင့် ဗိုလ်မည်၏။ လောက၌ ဗိုလ်အခေါ်ခံသော လူတို့သည် ထိုထိုကိစ္စကိုပြုလုပ်ရာ၌ မယိမ်းမယိုင် မြဲခိုင်ကြသကဲ့သို့၊ ထို့အတူ သဒ္ဓါအစရှိသော တရားများသည် ယုံကြည်ခြင်းစသောကိစ္စ၌ မယိမ်းမယိုင် မြဲခိုင်ကြသဖြင့် ဗလဟူသော အမည်ကိုရ၏။

ဗိုလ်တို့သည် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရီဗိုလ်၊ ဩတ္တပ္ပဗိုလ်၊ အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ်ဟူ၍ ၉ ပါးအပြားရှိကုန်၏။

## ( ၆ ) အဓိပတိ

အတူပြိုင်ဘက်မရှိ စိုးမိုးကြီးကဲသောတရား။ ။မိမိနှင့် ဆက်သွယ်လျက် တကွဖြစ်ဘက်တရားတို့ကို လွှမ်းမိုးအုပ်ချုပ် အရှင်သခင်လုပ်ပြီးလျှင် တကွဖြစ်ဘက်တရားစုကို ထိုထိုကိစ္စ၌ မိမိအလိုကျအောင် လိုက်ပါစေနိုင်သောတရားကို အဓိပတိခေါ်သည်။

အဓိပတိ တို့သည် (၁) ဆန္ဒာဓိပတိ = သာဓိပတိဇော ၅၂ ခု၌ရှိသော ဆန္ဒစေတသိက်။
(၂) ဝီရိယာဓိပတိ = သာဓိပတိဇော ၅၂ ခု၌ရှိသော ဝီရိယစေတသိက်။
(၃) စိတ္တာဓိပတိ = သာဓိပတိဇောစိတ် ၅၂ ခု။
(၄) ဝီမံသာဓိပတိ = တိဟိတ်ဇော ၃၄ ခု၌ရှိသော ပညာစေတသိက်။

အဓိပတိနှင့်ဣန္ဒြေအထူး။ ။ဘစ်ပါးကုန်သောတရားတို့၏ အစိုးရသည်၏အဖြစ်ကို တားမြစ်၍ မိမိတစ်ပါးသည်သာ အစိုးရခြင်းသည်ကို အဓိပတိမည်၏။ ။တစ်ပါးကုန်သော ဣန္ဒြေတို့သည် ရှိကုန်သော်လည်း သက်သက်မြင်ခြင်း အစရှိသည့်တို့၌ စက္ခုဝိညာဏ်အစရှိသည်တို့သည် မိမိအလိုသို့ လိုက်စေခါမျှသည် ဣန္ဒြေမည်၏။ ။အဓိပတိသည် စကြဝတေးမင်းကြီးနှင့်တူ၏။ ဣန္ဒြေသည် ပဒေသရာဇ်မင်းငယ်တို့နှင့်တူကုန်၏။

## ( ၇ ) အာဟာရ

မိမိဆိုင်ရာ အကျိုးတရားများကို ဆောင်တတ်သော တရားကို အာဟာရခေါ်၏။ ဆောင်ဟူသည် ဖြစ်စေခြင်းထောက်ပံ့ခြင်းတည်း။

ဆောင်ပုံ (၁) ကဗဠီကာရအာဟာရသည် ဩဇဋ္ဌမကရုပ်ကိုဆောင်၏။
(၂) ဖဿာဟာရသည် ဝေဒနာ ၃ ပါးကိုဆောင်၏။
(၃) မနောသဉ္စေတနာဟာရသည် ၃ ပါးသောဘဝ၌ ပဋိသန္ဓေကိုဆောင်၏။
(၄) ဝိညာဏာဟာရသည် မိမိနှင့်အတူတကွဖြစ်သော နာမ်ရုပ်တို့ကိုဆောင်၏။

အာဟာရလေးပါးကား – (၁) ဩဇာရုပ်သည် ကဗဠီကာရအာဟာရမည်၏။
(၂) ဖဿစေတသိက်သည် ဖဿအာဟာရမည်၏။
(၃) စေတနာစေတသိက်သည် မနောသဉ္စေတနာဟာရမည်၏။
(၄) စိတ် တစ်ခုယုတ်ကိုးဆယ်သည် ဝိညာဏာဟာရမည်၏။

**အာဟာရလေးပါးကို ဘုံပုဂ္ဂိုလ်အားဖြင့်ဝေဖန်ပြခြင်း။** ။ကာမဘုံ၌ အာဟာရ ၄ ပါးလုံးကိုရ၏။ အသညသတ်ကြဉ်သော ရူပဘုံအရူပဘုံတို့၌ အာဟာရ ၃ ပါးကိုသာရ၏။ အသညသတ်ဘုံ၌ ပစ္စယာဟာရကို ရသည်။ အသညသတ်ဗြဟ္မာတို့အား မိမိ၊ရအပ်ပြီးသော ပဥ္စမဈာန်သည်ပင်လျှင် အာဟာရဖြစ်၍ ပစ္စယာဟာရကို ရသည်ဟုဆို၏။ ။ပုဂ္ဂိုလ်အားဖြင့် သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ–ဆိုခြင်းကြောင့် အလုံးစုံသောပုထုဇဉ် အရိယာတို့မှာ ရကြသည်။

ဈာနင်, ဗိုလ်, မဂ္ဂင်, ဣန္ဒြေကိစ္စမတပ်သော တရားများ

ဒွေပဉ္စဝိညာဏ် ၁၀ တို့၌ ဈာနင်တို့ကို မရအပ်ကုန်။ ဝီရိယမယှဉ်သောစိတ် ၁၆ ခုတို့၌ ဗိုလ်တို့ကို မရအပ်ကုန်၏။ အဟိတ်စိတ် ၁၈ ခုတို့၌ မဂ္ဂင်တို့ကို မရအပ်ကုန်။ ထို့အတူ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ဧကဂ္ဂတာစေတသိက်သည် မဂ္ဂင် ဣန္ဒြေ ဗိုလ်အဖြစ်သို့မရောက်။

ဒွေပဉ္စဝိညာဏ် ၁၀ တို့၌ယှဉ်သော ဥပေက္ခာဝေဒနာနှင့် ဧကဂ္ဂတာတို့သည် ဈာနင်မျိုးဖြစ်သော်လည်း ဝိတက်ကင်းသောကြောင့် အာရုံ၌ရှေးရှုကာမျှဖြစ်၍ အားနည်းသောကြောင့် ဈာနင်ကိစ္စမတပ်။

ဝီရိယမယှဉ်သောစိတ် ၁၆ ခု၌ရှိသော ဧကဂ္ဂတာသည် ဗိုလ်မျိုးဖြစ်သော်လည်း ဝီရိယကင်းသော ကြောင့် အားနည်းသဖြင့် ဗိုလ်ကိစ္စမတပ်။

အဟိတ်စိတ် ၁၈ ခုတို့၌ရှိသော ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာတို့သည် မဂ္ဂင်မျိုးဖြစ်သော်လည်း ဟိတ်ကင်းသောကြောင့် အားနည်းသဖြင့် မဂ္ဂင်ကိစ္စမတပ်။

ဝိစိကိစ္ဆာ၌ရှိသော ဧကဂ္ဂတာသည် ဗိုလ်မျိုး ဣန္ဒြေမျိုး မဂ္ဂင်မျိုးဖြစ်သော်လည်း အဓိမောက္ခကင်း သောကြောင့် ဆုံးဖြတ်ခြင်းမရှိသဖြင့် ဗိုလ်ကိစ္စ, ဣန္ဒြေကိစ္စ, မဂ္ဂင်ကိစ္စမတပ်။

သမ္ပယုတ်ဟိတ်အားဖြင့်လည်းကောင်း ဇောတည်းဟူသောကိစ္စအားဖြင့်လည်းကောင်း လွန်စွာအားရှိကြ ကုန်သော ဒွိဟိတ်ဇော ၁၈ ခု၊ တိဟိတ်ဇော ၃၄ ခုတို့သာလျှင် အဓိပတိကိစ္စကို တစ်ခုစီတစ်ခုစီ ရအပ်၏။

ဧကဟိတ်ဇော မောဟမူဒွေ၊ အဟိတ်ဇော ဟသိတုပ္ပါဒ်၊ လောကီဝိပါက် ၃၂ တို့၌ အချင်းခပ်သိမ်း အဓိပတိမဖြစ်။

ဤမိဿက သင်္ဂဟရှိ ဟိတ်, ဈာနင်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ်, အဓိပတိ, အာဟာရတို့၏ သရုပ်တရား ကိုယ်များကို မိဿကသင်္ဂဟဇယားတွင် ကြည့်လေ။

**မိဿကသင်္ဂဟ ပြီး၏။**

✧✧✧✧✧

## သမုစ္စည်းပိုင်း – မိဿကသင်္ဂဟ တရားကိုယ်နှင့်ဌာနယူပုံဇယား

| အမည် | | လောဘ | ဒေါသ | မောဟ | အလောဘ | အဒေါသ | ပသာဒရုပ် ၅၊ ဘာဝရုပ် ၂ | ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ | ဆန္ဒ | ကဗဠီကာရအာဟာရ၊ ဖဿ၊ စေတနာ | စိတ် | ပညာ | ဒိဋ္ဌိ | ဝိတက် | ဝိရတီ ၃ | ဝိစာရ | ပီတိ | သဒ္ဓါ | ဝီရိယ | သတိ | ဧကဂ္ဂတာ | ဝေဒနာ | ဟိရီ၊ဩတ္တပ္ပ၊ အဟိရိက၊အနောတ္တပ္ပ | တရားကိုယ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဟိတ် | ၆ | ၁ | ၁ | ၁ | ၁ | ၁ | | | | | | ၁ | | | | | | | | | | | | ၆ |
| ဈာနင် | ၇ | | | | | | | | | | | | | ၁ | | ၁ | ၁ | | | | ၁ | ၃ | | ၅ |
| မဂ္ဂင် | ၁၂ | | | | | | | | | | | ၁ | ၁ | ၂ | ၃ | | | | ၂ | ၁ | ၂ | | | ၉ |
| ဣန္ဒြေ | ၂၂ | | | | | | ၇ | ၁ | | | ၁ | ၄ | | | | | | ၁ | ၁ | ၁ | ၁ | ၅ | | ၁၆ |
| ဗိုလ် | ၉ | | | | | | | | | | | ၁ | | | | | | ၁ | ၁ | ၁ | ၁ | | ၄ | ၉ |
| အဓိပတိ | ၄ | | | | | | | | ၁ | | ၁ | ၁ | | | | | | | ၁ | | | | | ၄ |
| အာဟာရ | ၄ | | | | | | | | | ၃ | ၁ | | | | | | | | | | | | | ၄ |
| ဌာနယူပုံ= | | ၁ | ၁ | ၁ | ၁ | ၁ | *၇ | *၂ | ၁ | *၃ | ၃ | ၅ | ၁ | ၂ | *၃ | ၁ | ၁ | ၂ | ၄ | ၃ | ၄ | ၂ | *၄ | |

*ခရေပွင့်ပြအကွက်များတွင် သဘောသရုပ် တစ်ခုစီဖြစ်၍ ခွဲပြီးရေတွက်၏။ အချို့အကွက်များမှာ သဘောခြင်းတူ၍ ပေါင်းပြီးရေတွက်ရ၏။ ပညာကို ၅ ဌာန၊ ဝီရိယနှင့် ဧကဂ္ဂတာကို ၄ ဌာနစီ၊ စိတ်နှင့်သတိကို ၃ ဌာနစီ၊ ဝိတက်, သဒ္ဓါ, ဝေဒနာကို ၂ ဌာနစီ၊ ကျန် ၂၈ ပါးကို ၁ ဌာနစီယူလေ။

ဗောဓိပက္ခိယသင်္ဂဟ

သတိပဋ္ဌာန် ၄ ပါး | သမ္မပ္ပဓာန် ၄ ပါး | ဣဒ္ဓိပါဒ် ၄ ပါး | ဣန္ဒြေ ၅ ပါး | ဗိုလ် ၅ ပါး | ဗောဇ္ဈင် ၇ ပါး | မဂ္ဂင် ၈ ပါး

ဗောဓိ = သစ္စာလေးပါးတရားကို သိတတ်ကြောင့် + ပက္ခိယ = အဘို့ အစုအသင်းအပင်း။ သစ္စာလေးပါးတရားတို့ကိုသိတတ်သောကြောင့် ဗောဓိမည်သော အရိယမဂ်ဉာဏ်၏ အသင်းအပင်းဖြစ်ကုန်သော သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တရားတို့သည် ဗောဓိပက္ခိယတရားမည်ကုန်၏။ ထိုဗောဓိပက္ခိယတရားအပေါင်းကို သိမ်းယူရာသိမ်းယူကြောင်း စကားအပေါင်းသည် "ဗောဓိပက္ခိယသင်္ဂဟ" မည်၏။

## သတိပဋ္ဌာန်

အခြားတစ်ပါးများစွာသောအာရုံတို့၌ စိတ်ပျံ့နှံ့ပြေးဝင်ခြင်းကိုတားမြစ်၍ ကိုယ်စသော ကမ္မဋ္ဌာန်းအာရုံ၌သာလျှင် အစဉ်ဝင်လျက် တည်တံ့စွာဖြစ်တတ်သော မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော ၌ ၄၂ ပါးတို့၌ရှိသော (ဝါ) လောကုတ္တရာစိတ် ၈ ခု၌ရှိသော သတိစေတသိက်။

### သတိပဋ္ဌာန် ၄ ပါး

(၁) ကာယာနုပဿနာသတိပဋ္ဌာန် = ရူပကာယ၌ (ဝါ) ကိုယ်၌အဖန်ဖန် ရှုဆင်ခြင်ခြင်း။

(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန် = ဝေဒနာတို့၌ အဖန်တလဲလဲ ရှုဆင်ခြင်ခြင်း။

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန် = သရာဂစိတ်အစရှိသော ထိုထိုဖြစ်ပေါ်လာသောစိတ်ကို အဖန်တလဲလဲ ရှုဆင်ခြင်ခြင်း။

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် = သညာသင်္ခါရဖြစ်သော နီဝရဏစသော တရားတို့ကို ထိုထိုဓမ္မဟုလည်းကောင်း၊ အနိစ္စဝိပဿနာအားဖြင့်လည်းကောင်း အဖန်တလဲလဲ ရှုဆင်ခြင်ခြင်း။

## သမ္မပ္ပဓာန်

သမ္မပ္ပဓာန ဟူသောအမည်သည် ဝီရိယ၏အမည်တည်း။ အကြောအခြင် အရိုးအရေကြွင်းစေ၊ အသွေးအသားကုန်ခန်းစေ၊ အသက်ပင်သေစေဟူ၍ ရဲရဲဝံ့ဝံ့ လောကုတ္တရာစိတ် ၈ ခု၌ရှိသော ဝီရိယစေတသိက်သည် သမ္မပ္ပဓာန်မည်၏။

### သမ္မပ္ပဓာန် ၄ ပါး

(၁) ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော = ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ အားထုတ်မှုဝီရိယ။

(၂) အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော = မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားထုတ်မှုဝီရိယ။

(၃) အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော = မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ အားထုတ်မှုဝီရိယ။

(၄) ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော = ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို အလွန်ပွားများစေခြင်းငှာ အားထုတ်မှုဝီရိယ။

ဣဒ္ဓိပါဒ်

ရှာန် မဂ်ဖိုလ်ရအောင် အားထုတ်သဖြင့် ထိုဈာန်မဂ်ဖိုလ်များ ထမြောက်လာမှု၊ ပြီးစီးပြည့်စုံမှု (ဈာန်မဂ်ဖိုလ်ရမှု)ကို ဣဒ္ဓိဟုခေါ်၏။ ထိုဈာန်မဂ်ဖိုလ်ကိုရဖို့ရန် အခြေခံဖြစ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ ဟူသော အဓိပတိတရား ၄ ပါးတို့သည် ဣဒ္ဓိပါဒ်မည်၏။

ဣဒ္ဓိပါဒ် ၄ ပါး

(၁) ဆန္ဒိဒ္ဓိပါဒ် = လောကုတ္တရာစိတ် ၈ ခုၦရှိသော ဆန္ဒစေတသိက်။

(၂) ဝီရိယိဒ္ဓိပါဒ် = လောကုတ္တရာစိတ် ၈ ခုၦရှိသော ဝီရိယစေတသိက်။

(၃) စိတ္တိဒ္ဓိပါဒ် = လောကုတ္တရာစိတ် ၈ ခု။

(၄) ဝီမံသိဒ္ဓိပါဒ် = လောကုတ္တရာစိတ် ၈ ခုၦရှိသော ပညာစေတသိက်။

ဣန္ဒြေ ၅ ပါး = ဗိုလ် ၅ ပါး

(၁) သဒ္ဓိန္ဒြေ=သဒ္ဓါဗိုလ် = လောကုတ္တရာစိတ် ၈ ခုၦရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုၦရှိသော သဒ္ဓါစေတသိက်။

(၂) ဝီရိယိန္ဒြေ=ဝီရိယဗိုလ် = လောကုတ္တရာစိတ် ၈ ခုၦရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုၦရှိသော ဝီရိယစေတသိက်။

(၃) သတိန္ဒြေ=သတိဗိုလ် = လောကုတ္တရာစိတ် ၈ ခုၦရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုၦရှိသော သတိစေတသိက်။

(၄) သမာဓိန္ဒြေ=သမာဓိဗိုလ် = လောကုတ္တရာစိတ် ၈ ခုၦရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုၦရှိသော ဧကဂ္ဂတာစေတသိက်။

(၅) ပညိန္ဒြေ=ပညာဗိုလ် = လောကုတ္တရာစိတ် ၈ ခုၦရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုၦရှိသော အမောဟစေတသိက်။

ဣန္ဒြေနှင့်ဗိုလ်အထူး။ ။စိတ်ကို အစိုးတရပိုင်နိုင်သောကြောင့် ဣန္ဒြေမည်၏။ တစ်စုံတစ်ခုသော တရားဖြင့် မလှုပ်မရှားနိုင် ခန့်နိုင်သောကြောင့် ဗိုလ်မည်၏။ တရားကိုယ်တစ်ပါးတည်းပင် ဖြစ်လင့်ကစား သတ္တိဂုဏ်ပြားသောကြောင့် ဣန္ဒြေ, ဗိုလ် ၂ ပါးပြား၏။

ဗောဇ္ဈင်

(ဗောဓိ+အင်္ဂ) သတိ, ပညာ စသော တရား (၇) ပါး သည် လေးပါးကုန်သော အရိယသစ္စာတို့ကို ထိုးထွင်း၍သိတတ်၏။ ထိုတရားအပေါင်းသည် ဗောဓိမည်၏။ ထိုတရားအပေါင်းဟု ဆိုအပ်သော ဗောဓိ၏ အကြောင်း အင်္ဂါအစိတ်ပဲ့သည် ဗောဇ္ဈင် မည်၏။

ဇောဈျှင် ၇ ပါး

(၁) သတိသမ္ဗောဇ္ဈင် = လောကုတ္တရာစိတ် ၈ ခုနှင့်ရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုနှင့်ရှိသော ကမ္မဋ္ဌာန်းအာရုံ၌ ပမာဒတရားကိုဖျက်ဆီး၍ မမေ့မလျော့သော အပ္ပမာဒတရားကို ပြည့်စုံစေတတ်သော သတိစေတသိက်။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် = လောကုတ္တရာစိတ် ၈ ခုနှင့်ရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုနှင့်ရှိသော ကမ္မဋ္ဌာန်း၏အာရုံဖြစ်သော သင်္ခါရတရားတို့၌ အနိစ္စတာစသော အထူးထူးသောအခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်ပယ်သော အမောဟစေတသိက်။

(၃) ဝီရိယသမ္ဗောဇ္ဈင် = လောကုတ္တရာစိတ် ၈ ခုနှင့်ရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုနှင့်ရှိသော သမ္မပ္ပဓာန်အာရုံတို့၌ ဘာဝနာကိစ္စ၏အစွမ်းဖြင့် ကောင်းစွာကြီးပွား၍ အစဉ်အတိုင်း ကုသိုလ်တရားတို့၌ တွန့်တိုဆုတ်နစ်ခြင်း ကိလေသာတရားအပေါင်းကို ပယ်ဖျက်တတ်သော ဝီရိယစေတသိက်။

(၄) ပီတိသမ္ဗောဇ္ဈင် = လောကုတ္တရာစိတ် ၈ ခုနှင့်ရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုနှင့်ရှိသော ဘာဝနာ၏အာရုံတွင် မမွေ့မလျော်ပျင်းရိမှုတရားတို့ကို ဖျက်ဆီးမှတ်လွှင့်တတ်သော ပီတိစေတသိက်။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင် = လောကုတ္တရာစိတ် ၈ ခုနှင့်ရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုနှင့်ရှိသော ဘာဝနာ၏အာရုံ၌ စိတ်ပူပန်မှု တောင့်တမှုကို ပယ်ဖျောက်တတ်သော ပဿဒ္ဓိစေတသိက်၊

(၆) သမာဓိသမ္ဗောဇ္ဈင် = လောကုတ္တရာစိတ် ၈ ခုနှင့်ရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုနှင့်ရှိသော ဘာဝနာ၏အာရုံ၌ စိတ်၏မတည်ကြည်မှု လှုပ်ရှားမှုများကို ပယ်ဖျောက်တတ်သော ဧကဂ္ဂတာစေတသိက်။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင် = လောကုတ္တရာစိတ် ၈ ခုနှင့်ရှိသော (ဝါ) ဆိုအပ်ပြီးသော စိတ် ၄၂ ခုနှင့်ရှိသော ဘာဝနာအာရုံ၌ စိတ်၏နှံ့လွန်းခြင်း ထက်လွန်းခြင်းကို ပယ်ဖျောက်တတ်သော တတြမဇ္ဈတ္တတာစေတသိက်။

မဂ္ဂင်ရှစ်ပါး

(၁) သမာဒိဋ္ဌိ = အမောဟစေတသိက်။
(၂) သမ္မာသင်္ကပ္ပ = ဝိတက်စေတသိက်။
(၃) သမ္မာဝါစာ = သမ္မာဝါစာစေတသိက်။
(၄) သမ္မာကမ္မန္တ = သမ္မာကမ္မန္တစေတသိက်။
(၅) သမ္မာအာဇီဝ = သမ္မာအာဇီဝစေတသိက်။
(၆) သမ္မာဝါယမ = ဝီရိယစေတသိက်။
(၇) သမ္မာသတိ = သတိစေတသိက်။
(၈) သမ္မာသမာဓိ = ဧကဂ္ဂတာစေတသိက်။

(လောကုတ္တရာစိတ် ၈ ခုနှင့်ရှိသော (ဝါ)ဆိုအပ်ပြီးသော စိတ် ၄၂ ခုနှင့်ရှိသော အမောဟစေတသိက်စသည်တို့ကိုကောက်။) သရုပ်တရားကိုယ်များနှင့် ဌာနအားဖြင့် ဝေဖန်ပုံကို ဖယားတွင်ယူလေ။

ဓောဓိပက္ခိယသင်္ဂဟ ပြီး၏။

◇◇◇◇◇

သမုစ္စည်းပိုင်း – ဗောဓိပက္ခိယသင်္ဂဟ တရားကိုယ်နှင့်ဌာနယူပုံဇယား

| အမည် | | ဆန္ဒ | သဒ္ဓါ | ဝီရိယ | သတိ | လောကုတ်စိတ် | ပီတိ | ပဿဒ္ဓိ | ဧကဂ္ဂတာ | ပညာ | ဝိတက် | သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ | တတြမဇ္ဈတ္တတာ | တရားကိုယ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | တရားကိုယ် ၁၄ | | | | | | | | | | | | | | |
| သတိပဋ္ဌာန် | ၄ | | | | ကာယ၊ဝေဒနာ စိတ္တ၊ဓမ္မာ | | | | | | | | | | | ၁ |
| သမ္မပ္ပဓာန် | ၄ | | | ဥပ္ပန္န ပါပက အနုပ္ပန္န ပါပက အနုပ္ပန္န ကုသလ ဥပ္ပန္န ကုသလ | | | | | | | | | | | | ၁ |
| ဣဒ္ဓိပါဒ် | ၄ | ဆန္ဒ | | ဝီရိယ | | စိတ္တ | | | | ဝီမံသ | | | | | | ၄ |
| ဣန္ဒြေ | ၅ | | သဒ္ဓိန္ဒြေ | ဝီရိယန္ဒြေ | သတိန္ဒြေ | | | | သမာဓိန္ဒြေ | ပညိန္ဒြေ | | | | | | ၅ |
| ဗိုလ် | ၅ | | သဒ္ဓါ | ဝီရိယ | သတိ | | | | သမာဓိ | ပညာ | | | | | | ၅ |
| ဗောဇ္ဈင် | ၇ | | | ၃ ဝီရိယ | ၁ သတိ | | ၄ ပီတိ | ၅ ပဿဒ္ဓိ | ၆ သမာဓိ | ၂ ဓမ္မဝိစယ | | | | | ၇ ဥပေက္ခာ | ၇ |
| မဂ္ဂင် | ၈ | | | ၆ သမ္မာဝါယာမ | ၇ သမ္မာသတိ | | | | ၈ သမ္မာသမာဓိ | ၁ သမ္မာဒိဋ္ဌိ | ၂ သမ္မာသင်္ကပ္ပ | ၃ သမ္မာဝါစာ | ၄ သမ္မာကမ္မန္တ | ၅ သမ္မာအာဇီဝ | | ၈ |
| ဌာနယူပုံ = | | ၁ | ၂ | ၉ | ၈ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၁ | ၁ | ၁ | ၁ | |

ဗောဇ္ဈင်နှင့်မဂ္ဂင်တို့တွင် ဒေသနာက္ကမအစဉ်အတိုင်းဖြစ်ရန် နံပါတ်စဉ်အတိုင်းယူ

သင်္ဂဟ

ခန္ဓာ ၅ ပါး | ဥပါဒါနက္ခန္ဓာ ၅ ပါး | အာယတန ၁၂ ပါး | ဓာတ် ၁၈ ပါး | သစ္စာ ၄ ပါး

## ခန္ဓာ ၅ ပါး

(၁) ရုပ်အဖွဲ့ဝိသသည် ရူပက္ခန္ဓာ။
(၂) ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ။
(၃) သညာစေတသိက်သည် သညာက္ခန္ဓာ။
(၄) ဝေဒနာ, သညာမှ ကြွင်းသောစေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာ။
(၅) စိတ် တစ်ခုယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာ။

အပေါင်းအစုဟူသော အနက်ကြောင့် ခန္ဓာမည်၏။

ရုပ်, သင်္ခါရ, ဝိညာဏ်တို့သည် အပေါင်းအစုရှိကြ၍ ရူပက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟု ဆိုသင့်သော်လည်း တစ်ပါးတည်းသာဖြစ်သော ဝေဒနာ, သညာကို အဘယ့်ကြောင့် ခန္ဓာဟုခေါ်ဆိုအပ်ပါ သနည်းဟူမူ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဟူ၍လည်းကောင်း။ စက္ခုသမ္ဖဿဇာသညာ (ပ) မနောသမ္ဖဿဇာသညာဟူ၍လည်းကောင်း။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, အာသန္န, သန္တိကဟုဆိုအပ်သော ၁၁ ဌာန၌ဖြစ်သော ဝေဒနာအချင်းချင်း၊ သညာအချင်းချင်း ပေါင်း၍ ယူအပ်သောကြောင့် ခန္ဓာဟု ဆိုအပ်ပါသည်။

## ဥပါဒါနက္ခန္ဓာ ၅ ပါး

(၁) ရူပုပါဒါနက္ခန္ဓာ (၂) ဝေဒနုပါဒါနက္ခန္ဓာ (၃) သညုပါဒါနက္ခန္ဓာ (၄) သင်္ခါရုပါဒါနက္ခန္ဓာ (၅) ဝိညာဏုပါဒါနက္ခန္ဓာဟူ၍ ၅ ပါး အပြားရှိ၏။

ဥပါဒါန်တရားတို့၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာမည်၏။ ။တရားကိုယ်မှာ ဝိညာဏုပါဒါနက္ခန္ဓာ၌ လောကီစိတ် ၈၁ ကို ကောက်သည်သာထူး၏။ ထို့ကြောင့် လောကုတ္တရာစိတ်ရှစ်ခု၊ စေတသိက်ဆက္ကိုသည် ခန္ဓာသာမည်၍ ဥပါဒါနက္ခန္ဓာမမည်။

## အာယတန ၁၂ ပါး

(၁) စက္ခုပသာဒရုပ်သည် စက္ခာယတန။
(၂) သောတပသာဒရုပ်သည် သောတာယတန။
(၃) ဃာနပသာဒရုပ်သည် ဃာနာယတန။
(၄) ဇိဝှါပသာဒရုပ်သည် ဇိဝှါယတန။

(၅) ကာယပသာဒရုပ်သည် ကာယာယတန။
(၆) စိတ် တစ်ခုယုတ် ကိုးဆယ်သည် မနာယတန။
(၇) ရူပါရုံသည် ရူပါယတန။
(၈) သဒ္ဒါရုံသည် သဒ္ဒါယတန။
(၉) ဂန္ဓာရုံသည် ဂန္ဓာယတန။
(၁၀) ရသာရုံသည် ရသာယတန။
(၁၁) ပထဝီ တေဇော ဝါယောဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန။
(၁၂) စေ ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်သည် ဓမ္မာယတန။

ထိုအာယတန ၁၂ ပါးတို့တွင် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန– ဤ ၆ ပါးသည် အဇ္ဈတ္တိကာယတနမည်၏။ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန– ဤ ၆ ပါးသည် ဗာဟိရာယတန မည်၏။

ရှည်လျားစွာသော ဝဋ်ဆင်းရဲကိုဖြစ်စေတတ်သောကြောင့် အာယတန မည်၏။

### ဓာတ် ၁၈ ပါး

| အခံဓာတ် | အတိုက်ဓာတ် | အပွင့်ဓာတ် |
|---|---|---|
| စက္ခုဓာတ် | ရူပဓာတ် | စက္ခုဝိညာဏဓာတ် |
| သောတဓာတ် | သဒ္ဒဓာတ် | သောတဝိညာဏဓာတ် |
| ဃာနဓာတ် | ဂန္ဓဓာတ် | ဃာနဝိညာဏဓာတ် |
| ဇိဝှါဓာတ် | ရသဓာတ် | ဇိဝှါဝိညာဏဓာတ် |
| ကာယဓာတ် | ဖောဋ္ဌဗ္ဗဓာတ် | ကာယဝိညာဏဓာတ် |
| မနောဓာတ် | ဓမ္မဓာတ် | မနောဝိညာဏဓာတ် |

တစ်စုံတစ်ယောက်သော သတ္တဝါတို့၏ အလိုသို့မလိုက်ပါမူ၍ မိမိသဘောကိုသာလျှင် တည့်တည့် မတ်မတ် ဆောင်ရွက်တတ်သောကြောင့် ဓာတ်မည်၏။ (တရားကိုယ်များကို ဇယားတွင်ကြည့်ပါ။)

### အာယတန – ဓာတ်အပြားဖြစ်ပုံ

ဒွါရခြောက်ပါး, အာရုံခြောက်ပါး ပြားသောကြောင့် အာယတန ၁၂ ပါးပြားကုန်၏။ ဒွါရခြောက်ပါး အာရုံခြောက်ပါး ထိုဒွါရအာရုံကိုမှီ၍ဖြစ်သော ဝိညာဏ်ခြောက်ပါး အစဉ်ပြားသောကြောင့် ဓာတ် ၁၈ ပါး ပြားကုန်၏။

## သစ္စာ ၄ ပါး

၁။ လောကီစိတ် ၈၁၊ လောဘကြဉ်သော စေတသိက် ၅၁၊ ရုပ် ၂၈- ဤ တေဘူမိကဖြစ်သော ဝဋ်တရားသည် ဒုက္ခသစ္စာမည်၏။

၂။ ဒုက္ခ၏အကြောင်းဖြစ်သော တဏှာဟူသော လောဘစေတသိက်သည် သမုဒယသစ္စာမည်၏။

၃။ ဒုက္ခ သမုဒယနှစ်ပါးတို့၏ ချုပ်ရာချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၄။ နိရောဓသို့ရောက်ကြောင်း မဂ်စိတ် ၄ ခု၌ရှိသော မဂ္ဂင်တရားကိုယ် ၈ ပါးသည် မဂ္ဂသစ္စာမည်၏။

## သစ္စာဝိမုတ်

မဂ်စိတ္တုပ္ပါဒ် ၂၉ ဖိုလ်စိတ္တုပ္ပါဒ် ၃၇ တို့သည် သစ္စာ ၄ ပါး၌မပါဝင်သဖြင့် သစ္စာဝိမုတ်မည်၏။ ။ မဂ်စိတ် ၄ ပါးကို လက္ခဏာတူသဖြင့် တစ်ပါးတည်းပြု၍ ၎င်းနှင့်ယှဉ်သောစေတသိက် ၂၈ ပါးကိုပေါင်းသော် မဂ်စိတ္တုပ္ပါဒ် ၂၉ ဖြစ်၏။ (မဂ္ဂင်တရားကိုယ် ၈ ပါးကို မဂ္ဂသစ္စာယူ၍ စေတသိက် ၂၈ ဖြစ်သည်)။ ။ ဖိုလ်စိတ် ၄ ပါးကို လက္ခဏာတူသဖြင့် တစ်ပါးတည်းပြု၍ ၎င်းနှင့်ယှဉ်သော စေတသိက် ၃၆ ပါးကိုပေါင်းသော် ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ဖြစ်၏။

သမုစ္စည်းပိုင်း ပြီး၏။

◇◇◇◇◇

<table>
<tr><th colspan="2" rowspan="3"></th><th colspan="11">ရုပ် ၂၈</th><th colspan="5">စေတသိက် ၅၂</th><th rowspan="3">နိဗ္ဗာန်</th><th colspan="8">စိတ် ၈၉</th></tr>
<tr><th colspan="10">ဩဠာရိကရုပ် ၁၂</th><th rowspan="2">သုခုမရုပ် ၁၆</th><th rowspan="2">ဝေဒနာ</th><th rowspan="2">သညာ</th><th rowspan="2">လောဘ</th><th rowspan="2">မဂ္ဂင်တရားကိုယ်-၈</th><th rowspan="2">ကြွင်းစေ ၄၁</th><th rowspan="2">စက္ခုဝိညာဏ်ဒွေ</th><th rowspan="2">သောတ =</th><th rowspan="2">ဃာန =</th><th rowspan="2">ဇိဝှါ =</th><th rowspan="2">ကာယ =</th><th rowspan="2">ပဉ္စဒွါရ၊ သမ္ပ ၂</th><th rowspan="2">ကြွင်းလောကီစိတ် ၆၈</th><th rowspan="2">လောကုတ္တရာစိတ် ၈</th></tr>
<tr><th>စက္ခုပသာဒ</th><th>သောတ =</th><th>ဃာန =</th><th>ဇိဝှါ =</th><th>ကာယ =</th><th>ရူပါရုံ</th><th>သဒ္ဒါရုံ</th><th>ဂန္ဓာရုံ</th><th>ရသာရုံ</th><th>ဖောဋ္ဌဗ္ဗာရုံ</th></tr>
<tr><td>ခန္ဓာ</td><td>၅</td><td colspan="11">ရူပက္ခန္ဓာ</td><td>ဝေဒနာက္ခန္ဓာ</td><td>သညာက္ခန္ဓာ</td><td colspan="3">သင်္ခါရက္ခန္ဓာ</td><td>×</td><td colspan="8">ဝိညာဏက္ခန္ဓာ</td></tr>
<tr><td>ဥပါဒါနက္ခန္ဓာ</td><td>၅</td><td colspan="11">ရူပုပါဒါနက္ခန္ဓာ</td><td>ဝေဒနုပါဒါနက္ခန္ဓာ</td><td>သညုပါဒါနက္ခန္ဓာ</td><td colspan="3">သင်္ခါရုပါဒါနက္ခန္ဓာ</td><td>×</td><td colspan="7">ဝိညာဏုပါဒါနက္ခန္ဓာ</td><td>×</td></tr>
<tr><td>အာယတန</td><td>၁၂</td><td>စက္ခာယတန</td><td>သောတာယတန</td><td>ဃာနာယတန</td><td>ဇိဝှါယတန</td><td>ကာယာယတန</td><td>ရူပါယတန</td><td>သဒ္ဒါယတန</td><td>ဂန္ဓာယတန</td><td>ရသာယတန</td><td>ဖောဋ္ဌဗ္ဗာယတန</td><td colspan="7">ဓမ္မာယတန</td><td colspan="8">မနာယတန</td></tr>
<tr><td>ဓာတ်</td><td>၁၈</td><td>စက္ခုဓာတ်</td><td>သောတဓာတ်</td><td>ဃာနဓာတ်</td><td>ဇိဝှါဓာတ်</td><td>ကာယဓာတ်</td><td>ရူပဓာတ်</td><td>သဒ္ဒဓာတ်</td><td>ဂန္ဓဓာတ်</td><td>ရသဓာတ်</td><td>ဖောဋ္ဌဗ္ဗဓာတ်</td><td colspan="7">ဓမ္မဓာတု</td><td>စက္ခုဝိညာဏဓာတ်</td><td>=</td><td>=</td><td>=</td><td>=</td><td>မနောဓာတ်</td><td colspan="2">မနောဝိညာဏဓာတ်</td></tr>
<tr><td>သစ္စာ</td><td>၄</td><td colspan="13">ဒုက္ခသစ္စာ</td><td>သမုဒယ</td><td>မဂ္ဂ</td><td>ဒုက္ခ</td><td>နိရောဓ</td><td colspan="7">ဒုက္ခသစ္စာ</td><td>×</td></tr>
</table>

လောကုတ္တရာမဂ္ဂင် ၈–ပါးသာ မဂ္ဂသစ္စာထိုက်၍၊ လောကီမဂ္ဂင် ၈–ပါးကို ဒုက္ခသစ္စာသို့သွင်း၍ ရေတွက်ရ၏။

## ပစ္စည်းပိုင်း

ပရမတ္ထတရားလေးပါးတို့ကို သဘောတူချင်းပေါင်း၍ သမုစ္စည်းပိုင်း၌ပြဆိုခဲ့ပြီးနောက် ထိုသဘာဝ ဓမ္မတို့သည် ဣဿရနိမ္မာနစသော တန်ခိုးရှင်တို့ဖန်ဆင်း၍ ပေါ်လာသည်မဟုတ်၊ အကြောင်းကင်း၍ ပေါ်လာ သည်လည်းမဟုတ်၊ အကြောင်းအကျိုး ဆက်သွယ်နေပုံကိုလည်းကောင်း၊ အကျိုးတရားများ ဖြစ်လောက် အောင် အကြောင်းတရားတို့၌ သတ္တိစွမ်းပကားရှိပုံကိုလည်းကောင်း၊ ဤပစ္စည်းပိုင်း၌ ထိုက်သည်အားလျော်စွာ ပြဆိုဝ်၏။ ဤပစ္စယသင်္ဂဟ၌ (၁) ပဋိစ္စသမုပ္ပါဒ်နည်း (၂) ပဌာန်းနည်းဟူ၍ ၂ ပါးအပြားရှိ၏။

အကြောင်းတရားကိုစွဲ၍ အကျိုးတရားသည် ကောင်းစွာဖြစ်ပေါ်တတ်သောကြောင့် ပဋိစ္စသမုပ္ပါဒ် မည်၏။ အထူးထူးအပြားပြားရှိသော ဟေတုစသော ပစ္စည်းတို့၏အစွမ်းဖြင့်ပြအပ်သောကြောင့် ပဌာန်းမည်၏။ ပဋိစ္စသမုပ္ပါဒ်နည်း၌ ဟေတုသတ္တိ အာရမ္မဏသတ္တိစသော သတ္တိထူးမပါ။ ပစ္စည်းပစ္စယုပ္ပန်တို့၏ ဖြစ်ပုံလောက် ကိုသာပြသည်။ ပဌာန်းနည်း၌ကား ပစ္စည်းပစ္စယုပ္ပန်အပြင် ပစ္စယသတ္တိကိုလည်း ပြသည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ် နည်း၌ ပစ္စယသတ္တိမပါခြင်း၊ ပဌာန်းနည်း၌ ပစ္စယသတ္တိပါရှိခြင်းသည် နည်း ၂ ပါး၏ ထူးခြားချက်တည်း။

## ပဋိစ္စသမုပ္ပါဒ်နည်း

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသာ, သမ္ဘဝန္တိ၊ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။ (ပဋိစ္စသမုပ္ပါဒ် အနုလောမ ပါဠိတော်)

| | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| ၁။ | အဝိဇ္ဇာ | သင်္ခါရ |
| ၂။ | သင်္ခါရ | ဝိညာဏ |
| ၃။ | ဝိညာဏ | နာမရူပ |
| ၄။ | နာမရူပ | သဠာယတန |
| ၅။ | သဠာယတန | ဖဿ |
| ၆။ | ဖဿ | ဝေဒနာ |
| ၇။ | ဝေဒနာ | တဏှာ |
| ၈။ | တဏှာ | ဥပါဒါန |
| ၉။ | ဥပါဒါန | ဘဝ |
| ၁၀။ | ဘဝ | ဇာတိ |
| ၁၁။ | ဇာတိ | ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ။ |

## အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

သစ္စာလေးပါးတို့၌လည်းကောင်း၊ ရှေ့အစွန်းဟုဆိုအပ်သော ပုဗ္ဗန္တ၊ နောက်အစွန်းဟုဆိုအပ်သော အပရန္တ၊ ရှေ့နောက်အစွန်းဟုဆိုအပ်သော ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်တို့၏ အကျိုးအကြောင်းဟုဆိုအပ်သော ပဋိစ္စသမုပ္ပါဒ် ဤရှစ်ရပ်သောတရားတို့၌ ဖုံးလွှမ်းတတ်သော မောဟစေတသိက်သည် အဝိဇ္ဇာမည်၏။

၁။ ကာမကုသိုလ်စေတနာ ၈ ခု၊ ရူပကုသိုလ်စေတနာ ၅ ခု၊ ဤကုသိုလ်စေတနာ ၁၃ ခုသည် ကောင်းသော ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့ကို ဖြစ်စေတတ် ပြုပြင်စီရင်တတ်သောကြောင့် ပုညာဘိသင်္ခါရ။

၂။ အကုသိုလ်စေတနာ ၁၂ ခုသည် မကောင်းသော ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့ကို ပြုပြင်စီရင်တတ်သောကြောင့် အပုညာဘိသင်္ခါရ။

၃။ အရူပကုသိုလ်စေတနာ ၄ ခုသည် မတုန်လှုပ်တတ်သော အရူပဘဝကို ပြုပြင်စီရင်တတ်သောကြောင့် အာနေဉ္ဇာဘိသင်္ခါရမည်၏။

တစ်နည်း

၁။ ကာယဝိညတ်ဟုဆိုအပ်သော ကာယဒွါရကြောင့် ဖြစ်ကုန်သော ကာမကုသိုလ်စေတနာ ၈ ခု၊ အကုသိုလ်စေတနာ ၁၂ ခု၊ ဤ ၂၀ သော ကာယကံစေတနာအပေါင်းသည် ကာယသင်္ခါရ။

၂။ ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရကြောင့်ဖြစ်ကုန်သော ဆိုအပ်ပြီးသော ၂၀ သော ဝစီကံစေတနာအပေါင်းသည် ဝစီသင်္ခါရ။

၃။ ဝိညတ် ၂ ပါးကို မဖြစ်စေမူ၍ မနောဒွါရ၌သာဖြစ်သော အကုသိုလ်စေတနာ ၁၂ ခု၊ မဟာကုသိုလ်စေတနာ ၈ ခု၊ မဟဂ္ဂုတ်ကုသိုလ် စေတနာ ၉ ခု၊ ဤစေတနာ ၂၉ ခုသည် စိတ္တသင်္ခါရမည်၏။

ဤပြဆိုခဲ့ပြီးသော သင်္ခါရ ၆ ပါး၊ တရားကိုယ်အားဖြင့် လောကီ ကုသိုလ် အကုသိုလ်စေတနာ ၂၉ ပါးတို့သည် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာပုဒ်၌ အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတရားတို့ ဟူ၍မှတ်ပါ။ လောကုတ္တရာ စေတနာသည် ဝဋ္ဋကထာ(ဝဋ်လည်ပုံကို ပြသောစကား)၌ မဟောသင့်သောကြောင့် သင်္ခါရဟု မဆိုရ။

### အဝိဇ္ဇာသည် သင်္ခါရအား ကျေးဇူးပြုပုံ

အဝိဇ္ဇာသည် သစ္စာလေးပါးကို မသိမမြင်သောကြောင့် မျက်စိကန်းသောသူနှင့်တူ၏။ သံသရာလမ်းခရီး၌ ကျင်လည်ကြရာ တစ်ခါတစ်ရံ ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတည်းဟူသော ဖာလ်မြေမှန်မြေကို နင်းမိ၏။ တစ်ခါတစ်ရံ အပုညာဘိသင်္ခါရတည်းဟူသော ဆူးငြောင့်ခလုတ်ကို နင်းမိ၏။ ထို့ကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရ ၃ ပါးဖြစ်သည်ဟုဆိုသည်။

အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်သည်ဆိုရာ၌ ကျေနပ်ဖွယ်ရှိ၏။ အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ၊ အာနဉ္စာဘိသင်္ခါရဖြစ်ပုံမှာ ရုပ်နာမ်ခန္ဓာကို ရရှိနေသမျှ ဇာတိ,ဇရာ,မရဏာမကင်း။ ဝိပရိဏာမဒုက္ခနှင့် မုချ တစ်နေ့ တွေ့ရမည်။ ထိုဒုက္ခတွေကို သတိရသော်လည်း ပြောပလောက်သော ဒုက္ခဟုမထင်ဘဲ အဝိဇ္ဇာက ထိုဒုက္ခတွေကို ကာကွယ်ထားသဖြင့် ပုညာဘိသင်္ခါရ အာနဉ္စာဘိသင်္ခါရတို့ကို အားပါးတရသတိပြုမိကြ၏။ အဝိဇ္ဇာကင်း၍ ရဟန္တာဖြစ်သည့်အခါ ပြုသမျှကောင်းမှုတွေသည် ပုညာဘိသင်္ခါရအမည်မရဘဲ ကြိယာမျှသာ ဖြစ်ရတော့၏။ အဝိဇ္ဇာမကင်းသေးခင် (ရဟန္တာမဖြစ်ခင်)ပြုသမျှကောင်းမှုကား (ဝဋ္ဋနိဿိတဖြစ်ဖြစ်၊ ဝိဝဋ္ဋနိဿိတ ဖြစ်ဖြစ်) ကြိယာအမည်မရနိုင်။ အဝိဇ္ဇာနယ်က မလွတ်သေးသမျှ ပုညာဘိသင်္ခါရမည်ရလေ၏။

## အဝိဇ္ဇာကိုအစထားခြင်း

အဝိဇ္ဇာမှာ အကြောင်းမရှိသောကြောင့် အစထားသည်မဟုတ်။ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋ တည်းဟူသော ဝဋ်သုံးပါး၏ပြဋ္ဌာန်းသော အကြောင်းရင်းဖြစ်သောကြောင့် အဝိဇ္ဇာကိုအစထား၍ မြတ်စွာ ဘုရား ဟောတော်မူအပ်၏။ ။"အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော"။ ။အာသဝသမုဒယာ၊ အာသဝေါ တရားလေးပါးဖြစ်ခြင်းကြောင့်။ အဝိဇ္ဇာသမုဒယော၊ အဝိဇ္ဇာဖြစ်ပေါ်လာရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟု ဟောတော်မူသောကြောင့် အဝိဇ္ဇာ၏အကြောင်းကား "ဘဝတဏှာ"ဟူသော "အာသဝေါတရား"ပင်ဖြစ်၏ဟု မှတ်။ ထိုသို့ဖြစ်ပါက ဘဝတဏှာကိုအစထား၍ ဟောကြားအပ်သည်မဟုတ်ပါလောဟူမူ၊ ၎င်းဘဝတဏှာကား အဝိဇ္ဇာ၏အကြောင်းသာဖြစ်၏။ စင်စစ်အကြောင်းရင်းမဟုတ်၊ ၎င်းဘဝတဏှာ၏ အကြောင်းသည်လည်း အဝိဇ္ဇာပင်ဖြစ်၍ အဝိဇ္ဇာသည်သာလျှင် အကြောင်းရင်းဖြစ်၏။ ထို့ကြောင့် အဝိဇ္ဇာကိုသာ အစထား၍ ဟောကြားအပ်ပါသည်။

## သင်္ခါရ ပစ္စယာ ဝိညာဏံ

"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာပုဒ်"၌ သင်္ခါရအရ အလုံးစုံသော လောကီကုသိုလ် အကုသိုလ်စေတနာ ၂၉ ကို အကုန်လုံးယူ၏။ ။"သင်္ခါရပစ္စယာ ဝိညာဏံပုဒ်"၌ သင်္ခါရအရကို ပဋိသန္ဓေအခါ ဥဒ္ဒစ္စစေတနာ၊ ပဝတ္တိ ပဋိသန္ဓေအခါတို့၌ အဘိညာဏ်စေတနာကိုကြဉ်၍ ကြွင်းသော လောကီကုသိုလ် အကုသိုလ်စေတနာ များကိုသာယူရမည်။ ။"ဝိညာဏပုဒ်"အရကို ဘုံသုံးပါး၌ဖြစ်သော ပဋိသန္ဓေဝိညာဏ် ၁၉၊ ပဝတ္တိဝိညာဏ် လောကီဝိပါက် ၃၂ ကိုသာ ဤပဋိစ္စသမုပ္ပါဒ်အရာ၌ ယူရမည်။

### ပဋိသန္ဓေအစွမ်းဖြင့် ကျေးဇူးပြုပုံ

ပုညာဘိသင်္ခါရကြောင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ ပါး၊ မဟာဝိပါက် ၈ ပါး၊ ရူပဝိပါက် ၅ ပါး- ဤ ၁၄ ပါးသော ဝိညာဏ်ဖြစ်၏။ ဥဒ္ဒစ္စစေတနာကြဉ်သော အပုညာဘိသင်္ခါရကြောင့် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ ခုသာဖြစ်၏။ ဥဒ္ဒစ္စကား ပဝတ္တိဝိညာဏ်ကို ဖြစ်စေနိုင်၏။ အာနေဉ္စာဘိ သင်္ခါရကြောင့် အရူပဝိပါက် ဝိညာဏ် ၄ ခုသာဖြစ်၏။ ပေါင်းသော် သင်္ခါရသုံးပါးကြောင့် (၁၄ + ၁ + ၄) ပဋိသန္ဓေဝိညာဏ် ၁၉ ဖြစ်၏။

## ပဝတ္တိအစွမ်းဖြင့် ကျေးဇူးပြုပုံ

ကာမာဝစရကုသိုလ် ပုညာဘိသင်္ခါရ ၈ ခုကြောင့် အဟိတ်ကုသလဝိပါက် ၈ ပါး၊ မဟာဝိပါက် ၈ ပါး–ပေါင်း ၁၆ ပါးဖြစ်၏။ ရူပါဝစရကုသိုလ် ပုညာဘိသင်္ခါရ ၅ ခုကြောင့် ရူပါဝစရဝိပါက် ၅ ခုဖြစ်၏။ အပုညာဘိသင်္ခါရကြောင့် အကုသလဝိပါက် ၇ ခုဖြစ်၏။ အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပါဝစရဝိပါက် ၄ ခု ဖြစ်၏။

## ဝိညာဏ ပစ္စယာ နာမရူပံ

"သင်္ခါရ ပစ္စယာ ဝိညာဏံပုဒ်"၌ ဝိညာဏအရကို ပဋိသန္ဓေဝိညာဏ် ၁၉၊ ပဝတ္တိဝိညာဏ် လောကီဝိပါက် ၃၂ ကိုယူ၏။ ကံ၏အကျိုးတရားဖြစ်သောကြောင့် ဝိပါက်ဝိညာဏ်ကိုသာ ယူရသည်။ ။"ဝိညာဏ ပစ္စယာ နာမရူပံပုဒ်"၌ ဝိညာဏအရကို အလုံးစုံသော စိတ် တစ်ခုယုတ်ကိုးဆယ်ကိုယူ၏။ "နာမရူပံပုဒ်"၌ နာမအရကို ဝေဒနာအစရှိသော ခန္ဓာ ၃ ပါး၊ ဥတသိက် ၅၂ ပါးကိုယူအပ်၏။ "ရူပ"အရကိုကား ကမ္မဇရုပ် (တစ်နည်း) စတုသမုဋ္ဌာနိကရုပ်ကို ယူအပ်၏။

## ဝိညာဏ်သည် နာမ်ရုပ်အားကျေးဇူးပြုပုံ

ပဋိသန္ဓေဝိညာဏ်သည် ပဋိသန္ဓေနာမ်ရုပ်အား ကျေးဇူးပြု၏။ ပဝတ္တိဝိညာဏ်သည် ပဝတ္တိနာမ်ရုပ်အား ကျေးဇူးပြု၏။ ။ပြုပုံကား–ပဥ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခါ ပဋိသန္ဓေဝိပါက်စိတ် ၁၊ စေတသိက် ၃၅၊ ကာယဒသက, ဝတ္ထုဒသက, ဘာဝဒသကဟုဆိုအပ်သော ကမ္မဇကလာပ် ၃ စည်း (၇ စည်း၊ ၄ စည်း) တို့သည် တစ်ပြိုင်နက်ဖြစ်၏။ ပဋိသန္ဓေဝိညာဏ်စိတ်သည် မိမိနှင့်အတူတကွဖြစ်သော စေတသိက်နာမ်နှင့် ကမ္မဇရုပ်တို့အား ကျေးဇူးပြု၏ဟုဆိုလိုသည်။ ။ပဝတ္တိအခါ ကုသိုလ်စိတ်စသည်ဖြစ်ရာ၌ ၎င်းကုသိုလ်စိတ်နှင့်အတူတကွ စေတသိက် ၃၈ ပါး၊ စိတ္တဇရုပ်ဖြစ်၏။ ကုသိုလ်စိတ်ဝိညာဏ်သည် မိမိနှင့်အတူတကွဖြစ်သော စေတသိက်နာမ်နှင့် စိတ္တဇရုပ်တို့အား ကျေးဇူးပြု၏။

စတုဝေါကာရဘုံ၌ ပဋိသန္ဓေ ပဝတ္တိ ၂ ပါးလုံးပင် ၄ ပါးသော အရူပဝိပါက်ဝိညာဏ်သည် စေတသိက် ၃၀ တည်းဟူသော နာမ်တရားအား ကျေးဇူးပြု၏။

## နာမရူပ ပစ္စယာ သဠာယတနံ

နာမ၏အရကို ဝေဒနာအစရှိသော ခန္ဓာ ၃ ပါး အပေါင်းကိုပင် ယူအပ်၏။ ရူပ၏အရကို မဟာဘုတ် ၄ ပါး၊ ဆဝတ္ထုရုပ်၊ ဇီဝိတရုပ်တို့ကို ယူအပ်၏။ ။သဠာယတန၏အရကို အဇ္ဈတ္တိကာယတန ၆ ပါးကို ယူအပ်၏။

## သဠာယတန ပစ္စယာ ဖဿော

ဤ၌ သဠာယတနအရကို အဇ္ဈတ္တိယာယတန ၆ ပါး၊ ဗာဟိရာယတန ၆ ပါး၊ ပေါင်း အာယတန ၁၂ ပါးစလုံးကိုပင်ယူအပ်၏။ ဖဿ၏အရကို လောကီဝိပါက် ၃၂ ခုနှင့်ယှဉ်သော ဖဿစေတသိက် ၃၂ ပါး

သည် ဖဿမည်၏။ ။ထိုတွင် စက္ခုဝိညာဏ်ဒွေ၌ယှဉ်သော ဖဿစေတသိက်သည် စက္ခုသမ္ဖဿ၊ သောတဝိညာဏ်ဒွေ၌ယှဉ်သော ဖဿစေတသိက်သည် သောတသမ္ဖဿ၊ ဃာနဝိညာဏ်ဒွေ၌ယှဉ်သော ဖဿစေတသိက်သည် ဃာနသမ္ဖဿ၊ ဇိဝှါဝိညာဏ်ဒွေ၌ယှဉ်သော ဖဿစေတသိက်သည် ဇိဝှါသမ္ဖဿ၊ ကာယဝိညာဏ်ဒွေ၌ယှဉ်သော ဖဿစေတသိက်သည် ကာယသမ္ဖဿ၊ ကြွင်းသော လောကီဝိပါက် ၂၂ ခုနှင့် ယှဉ်သော ဖဿစေတသိက်သည် မနောသမ္ဖဿမည်၏။ ။ဒွေပဉ္စဝိညာဏ် ၁၀ မှကြွင်းသော စိတ် ၇၉ ခု၌ ယှဉ်သော ဖဿစေတသိက်ကို မနောသမ္ဖဿဟုလည်း ယူသေး၏။ ဤ၌ ဝဋ္ဋကထာဖြစ်၍ လောကီဝိပါက် ၃၂ ခု၌ရှိသော ဖဿကိုသာ ကောက်ယူသင့်၏။

## ဖဿ ပစ္စယာ ဝေဒနာ

လောကီဝိပါက် ၃၂ ပါးနှင့်ယှဉ်သော စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာတို့ကို ယူအပ်၏။

## ဝေဒနာ ပစ္စယာ တဏှာ

"ဖဿ ပစ္စယာ ဝေဒနာ"၌ ဝေဒနာ၏အရကို လောကီဝိပါက် ၃၂ ခု၌ရှိသော အကျိုးဝေဒနာကိုသာ ကောက်ခဲ့၏။ "ဝေဒနာ ပစ္စယာ တဏှာ"၌ကား အကြောင်းဝေဒနာဖြစ်၍ တဏှာကိုဖြစ်စေနိုင်သော ဝေဒနာတို့ကိုကောက်ယူသင့်သောကြောင့် လောကီစိတ် ၈၁ ခု၌ရှိသော ဝေဒနာ ၈၁ ခုကိုယူ၏။ တဏှာ၏အရကိုကား ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာအားဖြင့် ၆ ပါး ဖြစ်၏။ တဏှာအရကား လောဘစေတသိက်ပင်တည်း။ ။ရူပါရုံ၌တပ်သောလောဘသည် ရူပတဏှာ(ပ) ဓမ္မာရုံ၌ တပ်သောတဏှာသည် ဓမ္မတဏှာမည်၏။

တစ်နည်း- ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာအားဖြင့် ၃ ပါးဖြစ်၏။

## တဏှာ ပစ္စယာ ဥပါဒါန်

တဏှာ၏အရ အားနည်းသောလောဘသည် တဏှာ၊ အားကြီးသောလောဘသည် ဥပါဒါန်မည်၏။ ဥပါဒါန် ၄ ပါးကို သမုစ္စည်းပိုင်း၌ ဆိုခဲ့ပြီးဖြစ်၏။ ဖွတ်ကြီးလျှင် မိကျောင်း၊ မြွေကြီးလျှင် နဂါး၊ တဖွေကြီးလျှင် သူရဲ၊ သူရဲကြီးလျှင် သဘက်ဆိုဘိသကဲ့သို့ တဏှာတတ်အဆင့်ဆင့် ရင့်သန်၍ အပြင်းအထန် စွဲလမ်းမှုကြီး ဖြစ်ပေါ်၍လာ၏။ ထိုသို့ အပြင်းအထန် စွဲလမ်းမှုကိုပင် ဥပါဒါန်မည်၏။

## ဥပါဒါန ပစ္စယာ ဘဝေါ

ဤ၌ ဥပါဒါန်၏အရကို ဆိုခဲ့ပြီးသော ဥပါဒါန်တရား ၄ ပါးတို့ပင်တည်း။ ဘဝ၏အရကား ကမ္မဘဝ, ဥပပတ္တိဘဝ ၂ ပါးရ၏။ ဖြစ်ပေါ်တတ် ကြီးပွားတတ်သောကြောင့် ဘဝမည်၏။

ချမ်းသာအမျိုးမျိုး ဆင်းရဲအမျိုးမျိုးတို့၏ ဖြစ်ပေါ်ခြင်း ကြီးပွားခြင်း၏အကြောင်းဖြစ်သော လောက ကုသိုလ် အကုသိုလ်တို့နှင့်ယှဉ်သော စေတနာ ၂၉ ခုသည် ကမ္မဘဝမည်၏။ ထင်ရှားစွာဖြစ်ပေါ်လာတတ်သော လောကီဝိပါက် ၃၂၊ စေတသိက် ၃၅၊ ကမ္မဇရုပ် ၂၀ တို့သည် ဥပပတ္တိဘဝမည်၏။

## သင်္ခါရနှင့် ဘဝအထူး

အတိတ်ဘဝ၌ဖြစ်သော စေတနာသည် သင်္ခါရမည်၏။ ယခုပစ္စုပ္ပန်ဘဝ၌ဖြစ်သော စေတနာသည် ကမ္မဘဝမည်၏။ တစ်နည်း–စေတနာသက်သက်သည် သင်္ခါရမည်၏။ စေတနာသည်လည်းကောင်း၊ စေတနာ နှင့်ယှဉ်သော စေတနာသမ္ပယုတ်ဖြစ်သော သံသရာ၌ကျင်လည်တတ်သော အဘိဇ္ဈာစသော တရားအပေါင်း သည်လည်းကောင်း၊ ဘဝမည်၏။

## ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ

ကာမုပါဒါန်ကြောင့် ဒုစရိုက်ကိုပြု၏။ ထိုဒုစရိုက်စေတနာသည် ကမ္မဘဝမည်၏။ ထိုအကုသိုလ် ကမ္မဘဝကြောင့် ငရဲဘုံစသည်တို့၌ လားရ ရောက်ရ၏။ ထိုဒုဂ္ဂတိဘဝ၌ ပဋိသန္ဓေဝိပါက်ဖြစ်မှုသည် ဥပပတ္တိဘဝ မည်၏။ ဤသို့ အကုသိုလ်ကံဟူသော ကမ္မဘဝနှင့် ဒုဂ္ဂတိဘဝဟူသော ဥပပတ္တိဘဝသည် ကာမဂုဏ်၌ လွန်စွာစွဲလမ်းမှုဖြစ်သောကြောင့် ဘဝဖြစ်၏ဟု ဆို၏။

လူ့ဘုံ နတ်ဘုံ၌ သာယာစွဲလမ်းခြင်းကြောင့် သုစရိုက်ကုသိုလ်ကံကို ပြုလုပ်အားထုတ်၏။ ထိုကုသိုလ်ကံ သည် ကမ္မဘဝမည်၏။ ထိုကံသည်ဖြစ်စေအပ်သော နတ်ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာသည် ဥပပတ္တိဘဝမည်၏။

အကုသိုလ်ကမ္မဘဝ ပြုမိလေသောကြောင့် အပါယ် ၄ ဘုံ၌ အပါယ်ခန္ဓာဟုဆိုအပ်သော ဥပပတ္တိဘဝ အမျိုးမျိုးတို့သည် ဖြစ်ပေါ်ပြန်ကုန်၏။ ကုသိုလ်ကမ္မဘဝကို ပြုမိလေသောကြောင့် ကာမသုဂတိ ၇ ဘုံ၌ ကာမသုဂတိခန္ဓာဟုဆိုအပ်သော ဥပပတ္တိဘဝအမျိုးမျိုးတို့သည် ဖြစ်ပေါ်ရပြန်ကုန်၏။ ရူပါဝစရဘုံ၌ ဗြဟ္မာ ခန္ဓာဟုဆိုအပ်သော ဥပပတ္တိဘဝအမျိုးမျိုးသည်လည်း ဖြစ်ပေါ်ရပြန်ကုန်၏။ အရူပ ၄ ဘုံတို့၌ အရူပဗြဟ္မာ ခန္ဓာဟုဆိုအပ်သော ဥပပတ္တိဘဝအမျိုးမျိုးသည်လည်း ဖြစ်ပေါ်ရပြန်ကုန်၏။ ဤသို့ ဘဝ ၂ ပါး၏ဖြစ်ပွား ဆက်လက်နေမှုသည်လည်း အပြင်းအထန် စွဲလမ်းသော ဥပါဒါန်အတွက်ကြောင့်သာ ဖြစ်ရ၏။ ထို့ကြောင့် ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဟု ဆိုရလေသည်။

## ဘဝ ပစ္စယာ ဇာတိ

ကမ္မဘဝအတွက် ဥပပတ္တိဘဝ ဖြစ်ပေါ်ရ၏။ ထိုဥပပတ္တိဘဝ၏ ရှေးဦးပထမ ဖြစ်ပေါ်မှုသဘောကို ဇာတိ ဆိုရ၏။

ဇာတိကြောင့် ဇရာ(ရင့်ရော်အိုမင်းမှု)၊ မရဏ(သေခြင်း)၊ သောက(စိုးရိမ်ပူပန်ခြင်း)၊ ပရိဒေဝ(ငိုကြွေး မြည်တမ်းခြင်း)၊ ဒုက္ခ(ကာယိကဒုက္ခ)၊ ဒေါမနဿ(စေတသိကဒုက္ခ)၊ ဥပါယာသ(စိုးရိမ်ပူဆွေးငိုကြွေးမြည်တမ်း ရုံမျှမက ရှိုက်ကြီးငင်ကြီးဖြစ်မှု၊ မျော၍သွားမှု၊ နစ်၍သွားမှု)သည် ဖြစ်၏။ ဥပါယာသ၏ တရားကိုယ်မှာ ဒေါသစေတသိက်တည်း။

## ကာလစသည်ဖြင့် ဝေဖန်ခြင်း

ဤပဋိစ္စသမုပ္ပါဒ်နည်း၌ ကာလ ၃ ပါး၊ အင်္ဂါ ၁၂ ပါး၊ အခြင်းအရာ ၂၀၊ အစပ် ၃ ပါး၊ အလွှာ ၄ ပါး၊ ဝဋ် ၃ ပါး၊ မူလ ၂ ပါးတို့ကို သိအပ်ကုန်၏။

### ကာလ ၃ ပါး

အဝိဇ္ဇာနှင့် သင်္ခါရ ၂ ပါးတို့သည် လွန်ခဲ့ပြီးသော အတိတ်ဘဝ၌ဖြစ်ခဲ့သော အကြောင်းတရားများ ဖြစ်သောကြောင့် အတိတ်ကာလတရားများမည်ကုန်၏။ ဇာတိ၊ ဇရာ၊ မရဏ ဤ ၃ ပါးတို့သည် နောက်လာလတ္တံ့သောဘဝ၌ ဖြစ်မည့်တရားမျိုးများဖြစ်သောကြောင့် အနာဂတ်ကာလတရားမျိုး မည်ကုန်၏။ အလယ်၌ရှိသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ ဟူသော တရား ၈ ပါးတို့သည် ယခုပစ္စုပ္ပန်ကာလ၌ ဖြစ်ပေါ်သော တရားများဖြစ်သောကြောင့် ပစ္စုပ္ပန်တရားမည်၏။

### အင်္ဂါ ၁၂ ပါး

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်-ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ-အားဖြင့် အင်္ဂါ ၁၂ ပါးအပြားရှိ၏။

### အခြင်းအရာ ၂၀

အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဟူသော အတိတ်အကြောင်း ၅ ပါး။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ပစ္စုပ္ပန်အကျိုး ၅ ပါး။ တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ ဟူသော ပစ္စုပ္ပန်အကြောင်း ၅ ပါး။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အနာဂတ်အကျိုး ၅ ပါး- ဤသို့အားဖြင့် အခြင်းအရာ ၂၀ ဖြစ်၏။

အဝိဇ္ဇာကို အတိတ်ကာလ၌ဖြစ်သောတရားဟုယူသဖြင့် တဏှာ, ဥပါဒါန် ၂ ပါးကိုလည်း အတိတ်ကာလ၌ဖြစ်သောတရားဟု ယူအပ်၏။ အဘယ့်ကြောင့်ဆိုသော် ကိလေသာဝဋ်ချင်းတူသောကြောင့်တည်း။

သင်္ခါရကို အတိတ်ကာလ၌ဖြစ်သောတရားဟုယူသဖြင့် ကမ္မဘဝကိုလည်း အတိတ်ကာလ၌ဖြစ်သော တရားဟုယူအပ်၏။ အဘယ့်ကြောင့်ဆိုသော် ကမ္မဝဋ်ချင်းတူသောကြောင့်တည်း။

တဏှာ, ဥပါဒါန်ကို ပစ္စုပ္ပန်ကာလ၌ဖြစ်သောတရားဟုယူသဖြင့် အဝိဇ္ဇာကိုလည်း ပစ္စုပ္ပန်ကာလဖြစ်သော တရားဟုယူအပ်၏။ အဘယ့်ကြောင့်ဆိုသော် ကိလေသဝဋ်ချင်း တူသောကြောင့်တည်း။

ကမ္မဘဝကို ပစ္စုပ္ပန်၌ ဖြစ်သောတရားဟု ယူသဖြင့် သင်္ခါရကိုလည်း ပစ္စုပ္ပန်ကာလ၌ဖြစ်သောတရားဟု ယူအပ်၏။ အဘယ့်ကြောင့်ဆိုသော် ကမ္မဝဋ်ချင်းတူသောကြောင့်တည်း။

ဇာတိ, ဇရာ, မရဏ ၃ ပါးကို အနာဂတ်ဖြစ်သောတရားဟုယူသဖြင့် ရုပ်နာမ်တို့၏ တည်မှု, ရင့်မှု, ပျက်မှုများ၏ တရားကိုယ်ကိုစစ်သော် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာများသာ ဖြစ်၍ ၎င်း ၅ ပါးကိုလည်း အနာဂတ်အကျိုး၌ယူအပ်၏။

## ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်

အင်္ဂါ ၁၂ ပါး။ မူလ ၂ ပါး။ ကာလ(အစွန်) ၃ ပါး။ အလွှာ ၄ ပါး။ အစပ် ၃ ပါး။




အခြင်းအရာ ၂၀

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ
အတိတ်အကြောင်း ၅ ပါး
↓

တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ၊
ပစ္စုပ္ပန်အကြောင်း ၅ ပါး
↓

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ
ပစ္စုပ္ပန်အကျိုး ၅ ပါး = အနာဂတ်အကျိုး ၅ ပါး



### ဝဋ် ၃ ပါး

တပြောင်းပြန်ပြန်လည်အောင် လှည့်တတ်သောကြောင့် "ဝဋ်"မည်၏။ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်ဟု ၃ ပါး။ သရုပ်ကို စက်ရဟတ်ပုံစံတွင် ကြည့်လေ။

### မူလ ၂ ပါး

အဝိဇ္ဇာနှင့်တဏှာ ၂ ပါးကို "မူလတရား"ဟူ၍ သိအပ်၏။ အဝိဇ္ဇာအစ ဝေဒနာအဆုံးသည် "ပုဗ္ဗန္တမူလမည်၏။" တဏှာအစ ဇရာ,မရဏအဆုံးသည် "အပရန္တမူလမည်၏။" ၎င်း ၂ ပါးကို အကြွင်းမဲ့ သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်ပါမှ သံသရာစက်ရဟတ်သည် အဆက်ပြတ်၍ ချုပ်ငြိမ်းကင်းပျောက် လွတ်ခြင်းသို့ရောက်တော့သည်။

◇◇◇◇◇

## ပဋ္ဌာန်းနည်း အစိပ္ပာယ်များ

ပဋ္ဌာန–ဟူသောပုဒ်ကိုစွဲ၍ ပဋ္ဌာန်းဟုခေါ်ဆိုကြသည်။ အထူးထူးအပြားပြား များစွာကုန်သော ပစ္စည်းတို့၏ ဖြစ်ရာဖြစ်သောကြောင့် ပဋ္ဌာန်းမည်၏။ တစ်နည်း။ ကုသိုလ်စသော သခံတတရားတို့ကို ဟေတုပစ္စည်းအစရှိသည်တို့၏အစွမ်းဖြင့် ဝေဖန်ရာဖြစ်သောကြောင့် ပဋ္ဌာန်းမည်၏။

ပစ္စည်း = အကျိုးတရားများဖြစ်ပေါ်အောင်၊ ဖြစ်ပြီးတရားကို တည်တံ့နိုင်မြဲအောင် ကျေးဇူးပြုတတ်သော စိတ်, စေတသိက် ရုပ်, နိဗ္ဗာန်ပညတ်ဟုဆိုအပ်သော အကြောင်းတရားများ။

ပစ္စယုပ္ပန် = အကြောင်းကြောင့်ဖြစ်ရသော စိတ်,စေတသိက်,ရုပ်ဟူသော အကျိုးသခံတတရားများ။

ပစ္စနိက် = ပစ္စည်းတရားပင်ဖြစ်သော်လည်း ပစ္စယုပ္ပန်၌ မပါဝင်သောတရားမျိုး။

ဟေတုပစ္စည်း။ ။အမြစ်သဖွယ် ကျေးဇူးပြုသောတရား။ ရေသောက်မြစ်သည် သစ်ပင်အား အစဉ်ကြီးပွား၍ စည်ကားအောင်ကျေးဇူးပြုဘိသကဲ့သို့ ဟိတ် ၆ ပါးတို့သည် အတူတကွဖြစ်သော စိတ်, စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား ကြီးပွားနိုင်မြဲစေရန် အကြောင်းမူလသတ္တိဖြင့် ကျေးဇူးပြုတတ်ကြ၏။

"ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ။"

သတ္တိ = ထင်ရှားမဖြစ်ပေါ်သေးလည်း ဖြစ်နိုင်စွမ်း၏၊ ပြုစွမ်းနိုင်၏ဟူသောသဘော။

ဗျတ္တိ = သတ္တိအားလျော်စွာ ထင်ရှားဖြစ်ပေါ်လာ၊ ပြုလာသောသဘော။

ပစ္စယ = ပစ္စယသဒ္ဒါသည် ဥပကာရကအနက်ရှိ၏။ ဥပကာရကဆိုသည်ကား ကျေးဇူးပြုတတ်သည်၊ ထောက်ပံ့ချီးမြှောက်တတ်သည်ဟု ဆိုလိုသည်။ ။ကျေးဇူးပြုဆိုသည်မှာ မိမိထင်ရှားရှိနေခဲ့လျှင် မိမိနှင့်စပ်ဆိုင်သော တရားတို့သည် မဖြစ်ပေါ်သေးလျှင်လည်း ဖြစ်ပေါ်ကြကုန်၏။ ဖြစ်ပေါ်ပြီးရှိလျှင်လည်း တည်တံ့နိုင်ကြကုန်၏။ တည်ပြီးသော တရားတို့သည်လည်း အဆင့်ဆင့်ကြီးပွားစည်ပင်ရန် အခြေအနေသို့ ရောက်ကြကုန်၏။ ထိုသဘောမျိုးကို ကျေးဇူးပြုမှု ဆိုသည်။

**အာရမ္မဏပစ္စည်း။** ။အာရုံဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ကြိုးတန်း, တောင်ဝှေးတို့သည် အားအင်ချိနဲ့သောသူတို့အား ဆွဲကိုင်ရာအဖြစ်ဖြင့် ကျေးဇူးပြုဘိသကဲ့သို့ အာရုံ ၆ ပါးတို့သည် စိတ်, စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်ကြ၏။

"ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ်ခေါ်အာရုံ။"

**အဓိပတိပစ္စည်း။** ။အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ စကြာဝတေးမင်းသည် တစ်ပါးသောသူတို့၏ ကြီးမှူးသောသတ္တိကိုမြင်၍ တိုင်းနိုင်ငံသားတို့အား အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် အဓိပတိပစ္စည်းမည်၏။ ။အဓိပတိပစ္စည်းသည် (၁) အာရမ္မဏာဓိပတိ (၂) သဟဇာတာဓိပတိဟု ၂ ပါးအပြားရှိ၏။

"စကြာဘုန်းလူ၊ အုပ်စိုးမှုသို့၊ ပြိုင်တူမရှိ၊ အုပ်စိုးဘိ၊ အဓိပတိခေါ်သတည်း။"

**အနန္တရပစ္စည်း။** ။အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ စကြာဝတေးမင်းကြီး၏ နတ်ရွာလားခြင်းသည် သားကြီးရတနာအား အဘိသိက်သွင်းခြင်းငှာ ကျေးဇူးပြုသကဲ့သို့ မိမိချုပ်ဆုံးပြီးနောက်အခြားမဲ့၌ စိတ် စေတသိက်တရားတို့ ဖြစ်ပွားအောင်ရွက်ဆောင်သမှု ကျေးဇူးပြုသောတရားသည် အနန္တရပစ္စည်းမည်၏။

"ခြားမဲ့နာမ်တွေ၊ ဖြစ်ပေါ်စေ၊ မှတ်လေနန္တရ။"

**သမနန္တရပစ္စည်း။** ။ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ စကြာဝတေးမင်းကြီး၏ ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ်ကိုရစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ နောက်စိတ်အားကောင်းစွာ အခြားမရှိသောအားဖြင့် ကျေးဇူးပြုသောတရားသည် သမနန္တရပစ္စည်းမည်၏။

အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည် သံသဒ္ဒါမျှသာထူး၏။ သဘောအနက်အားဖြင့်ကား အထူးမရှိ။ သို့သော် ဝေနေယျသတ္တဝါတို့၏ အလိုအားလျော်စွာ ၂ မျိုးခွဲ၍ ဟောတော်မူ၏။

**သဟဇာတပစ္စည်း။** ။ဆီမီးသည် မိမိနှင့်အတူတကွဖြစ်သော အလင်းဓာတ်အား တကွဖြစ်၍ ကျေးဇူးပြုသကဲ့သို့ မိမိနှင့် တကွဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့အား တကွဖြစ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် သဟဇာတပစ္စည်းမည်၏။

"အတူဖြစ်ရန်၊ ကျေးဇူးသန်၊ အမှန်သဟဇ။"

**အညမညပစ္စည်း။** ။အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ သစ်သား ၃ ခုကို ထောင်၍ထားရာ မလဲမပြိုအောင် အချင်းချင်းကျေးဇူးပြုသကဲ့သို့ ရုပ်, နာမ်အချင်းချင်း အပြန်အလှန်ကျေးဇူးပြုတတ်သောကြောင့် အညမညပစ္စည်းမည်၏။

"အချင်းချင်းပြန်လှန်၊ ပြုလေပြန်၊ မှတ်ရန်အညမညတည်း။"

အတူတကွဖြစ်၍သာ ကျေးဇူးပြုလျှင် သဟဇာတမည်၏။ အတူတကွလည်းဖြစ်၊ အချင်းချင်း အပြန်အလှန်လည်းဖြစ်၍ ကျေးဇူးပြုလျှင် အညမညပစ္စည်းမည်၏။ ဤကား သဟဇာတနှင့် အညမညပစ္စည်း ၂ ပါးတို့၏ အထူးတည်း။

နိဿယပစ္စည်း။ ။မှီရာဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ မြေကြီးသည် သစ်ပင် စသည်တို့၏ တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း။ ကားဘောင်ရှိအဝတ်ပုဆိုးသည် ပန်းချီဆေး၏မှီရာ ဖြစ်သကဲ့သို့လည်းကောင်း။ ပစ္စယုပ္ပန်တရားတို့၏ မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် နိဿယပစ္စည်းမည်၏။

နိဿယပစ္စည်းသည် သဟဇာတနိဿယ၊ ပုရေဇာတနိဿယဟူ၍ ၂ ပါးအပြားရှိ၏။ ထို ၂ ပါး တို့တွင် သဟဇာတနိဿယသည် သဟဇာတနှင့်တူ၏။ ။ပုရေဇာတနိဿယသည် ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယအားဖြင့် ၂ ပါးအပြားရှိ၏။

"မှီရာဖြစ်စေ၊ ဖြစ်တုံပေ၊ မှတ်လေနိဿယ။"

ဥပနိဿယပစ္စည်း။ ။အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ မိုးသည် သတ္တဝါ ဟူသမျှနှင့် ၎င်းကိုမှီကာ ကြီးပွားပေါက်ရောက်ကြသော သစ်ပင်တို့၏အားကြီးသော မှီရာဖြစ်သလို သာမည မှီရာဖြစ်သော နိဿယထက်အားကြီးသောမှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဥပနိဿယ မည်၏။

ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယအားဖြင့် ၃ ပါး ရှိ၏။ ထိုတွင် အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့်တူ၏။ အနန္တရူပနိဿယသည် အနန္တရနှင့်တူ၏။

အာရုံ၊ အနန္တရတို့နှင့် မရောရသည့်တိုင်အောင် ပင်ကိုယ်ပကတိ သဘောသက်သက်ဖြင့်ပင် အားကြီး လှသော မှီရာအကြောင်းဖြင့် ကျေးဇူးပြုတတ်သောကြောင့် ပကတူပနိဿယမည်၏။

"အားကြီးမှီရာ၊ ပြုတုံပါ၊ မှတ်ပါဥပနိဿယ။"

ပုရေဇာတပစ္စည်း။ ။ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ကမ္ဘာဦးက ပေါ်ပေါက်ခဲ့သော နေ,လတို့သည် ယခုတိုင်ထင်ရှားရှိကာ ၎င်းတို့နောက်မှဖြစ်ပေါ်သော သတ္တဝါတို့အား အလင်း, အအေး, အပူရောင်ပေးကာ ကျေးဇူးပြုသလို၊ ပစ္စယုပ္ပန်တရားမှ ရှေးဦးစွာဖြစ်နှင့်၍ တည်လင့်သည်အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သောကြောင့် ပုရေဇာတပစ္စည်းမည်၏။ ။ပုရေဇာတပစ္စည်းသည် အာရမ္မပုရေဇာတ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထာရမ္မဏ ပုရေဇာတဟု ၃ ပါးရှိ၏။

"ရှေး၌ပုံသေ၊ ဖြစ်ခဲ့ပေ၊ မှတ်လေပုရေဇ။"

ပစ္ဆာဇာတပစ္စည်း။ ။နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ရှေးကပေါက်နှင့်ကာ ကြီးပွား နေသောသစ်ပင်အား နောက်မှသွန်းလောင်းအပ် ရွာအပ်သော မိုးရေသည် စည်ပင်ကြီးပွားစေခြင်းငှာ ကျေးဇူး ပြုသကဲ့သို့ သတ္တဝါတို့၏သန္တာန်မှာ နောက်နောက်၌ဖြစ်သောစိတ်တို့သည် ရှေးရှေး၌ဖြစ်၍ ဌီအနေအားဖြင့် ထင်ရှားရှိသောရုပ်တို့အား တည်ခိုင်သန့်စွမ်းစေသောအားဖြင့် ကျေးဇူးပြုတတ်သောသဘောသည် ပစ္ဆာဇာတ ပစ္စည်းမည်၏။

"သတ္တိရှိနေ၊ ဌီရုပ်တွေအား၊ စိတ်စေနစ်ဖြာ၊ နောက်နောက်လာ၊ တည်ငှာပစ္ဆာဇ။"

**အာသေဝနပစ္စည်း။** ။အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ရှေးရှေး၌ ထုံအပ်သောနံ့သာသည် နောက်နောက်၌ထုံအပ်သောနံ့သာအား အဆင်းအနံ့ကို လွန်စွာပွားစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရှေးရှေး၌ သင်အံသောကျမ်းဂန်သည် နောက်နောက်၌ သင်အံသောကျမ်းဂန်အား သင်ကြားလေ့ကျက် ဆောင်ရွက်လွယ်ကူစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရှေးရှေးဖြစ်သော ဇောတို့သည် အခြားမဲ့ဖြစ်သော နောက်နောက်ဇောတို့အား ကျေးဇူးပြုတတ်သောကြောင့် အာသေဝနပစ္စည်း မည်၏။

"ရှေ့ဇောအစု၊ ဇာတ်တူမှုကြောင့်၊ ကု, အကုပါ၊ ကြိယာတစ်ဖန်၊ နန္တရုံ၊ ပွားဟန်သေဝန။"

**ကမ္မပစ္စည်း။** ။မိမိကြောင့်ဖြစ်ကုန်သော ရုပ်နာမ်တရားတို့ကို ပြုပြင်စီရင်တတ်သော စေတနာသည် ကမ္မပစ္စည်းမည်၏။ သစ်ပင်၏အမြစ်သည် သစ်ပင်နှင့်တကွဖြစ်၍ ထိုသစ်ပင်အား မြဲမြဲခိုင်ခန့်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ထို့အတူ စေတနာသည် သဟဇာတ်ဖြစ်သော နာမ်ရုပ်တို့အား ကျေးဇူးပြု၏။ (ဤကား သဟဇာတကမ္မအဖို့)။ ။ကောင်းစွာလုပ်း၍ ကောင်းစွာစီရင်အပ်သော မျိုးစေ့သည် အညွန့်ကိုဖြစ်စေခြင်းငှာ အမှုအရာ လုံ့လ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ထို့အတူ အတိတ်ဖြစ်သော ကုသိုလ်အကုသိုလ်စေတနာသည် ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်တို့အား အမှုအရာလုံ့လအဖြစ်ဖြင့် ကျေးဇူးပြု၏။ (ဤကား နာနာက္ခဏိက ကမ္မအဖို့)

**ဝိပါကပစ္စည်း။** ။အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ မှည့်ရင့်မှုသို့ရောက်သော သစ်သီး သစ်ပွင့်တို့သည် အရှိန်အစွမ်းကုန်ခမ်းကာ ဗျာပါရလုံ့လမရှိတော့ဘဲ သိမ်မွေ့နူးညံ့နေသောသဘောသို့ ရောက်ကြသလို နာနာက္ခဏိကကမ္မပစ္စည်းမှ ရင့်ကျက်မှုသဘောဖြစ်ကုန်သော ဝိပါက်တို့သည် မိမိကိုယ်တိုင်က ကံကျိုးဖြစ်ခြင်းကြောင့် ဗျာပါရလုံ့လမရှိ ငြိမ်းအေးကာ တကွဖြစ်ဖက်တရားတို့ကိုလည်း အဟုန်အရှိန် ဗျာပါရကင်းလျက် ငြိမ်းအေးဖို့ရာ ကျေးဇူးပြုသောတရားသည် ဝိပါကပစ္စည်းမည်၏။

**အာဟာရပစ္စည်း။** ။ထောက်ပံ့နိုင်စေသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ပစ္စယုပ္ပန်ဖြစ်ကုန်သော ရုပ်နာမ်တရားတို့အား ထောက်ပံ့နိုင်စေတတ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာဟာရလေးပါးသည် အာဟာရပစ္စည်းမည်၏။

"ထောက်ပံ့နိုင်တွယ်၊ ကျေးဇူးကြွယ်၊ လေးသွယ်အာဟာရ။"

အာဟာရပစ္စည်းသည် ရုပ်အာဟာရ၊ နာမ်အာဟာရအားဖြင့် ၂ ပါးအပြားရှိ၏။

**ဣန္ဒြိယပစ္စည်း။** ။အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ တစ်ပြည်တည်း၌ အထူးထူးသော တာဝန်ကို ဆောင်ရွက်ကြသောမင်းတို့သည်၊ တစ်ပါးသောမင်းတို့၏ ကြီးကဲသောသတ္တိကို မမြစ်မူ၍ အသီး အသီး မိမိတို့၏အရာ၌သာ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ နာမ်ဣန္ဒြေ တရားကိုယ်ရှစ်ပါး အစရှိသည်တို့လည်း တစ်ပါးသည် တစ်ပါး၏သတ္တိကိုမမြစ်မူ၍ မိမိတို့အရာ၌သာ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသောတရား။

ဣန္ဒြိယပစ္စည်းသည် သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယအားဖြင့် ၃ ပါးရှိ၏။

ဈာနပစ္စည်း။ ။ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ကသိုဏ်းစသောအာရုံသို့ ကပ်၍ကြံခြင်း၊ လက္ခဏာရေးသုံးပါးသို့ ကပ်၍ကြံခြင်း အစွမ်းအားဖြင့်ကပ်၍ အာရုံကို ကြံတတ်ကုန်သော အားဖြင့် ဝိတက်အစရှိသည်တို့သည် ဈာနပစ္စည်းမည်၏။

မဂ္ဂပစ္စည်း။ ။သုဂတိဘုံ၊ ဒုဂ္ဂတိဘုံ၊ နိဗ္ဗာန်ဘုံသို့ ဆိုက်ရောက်စေနိုင်သော လမ်းခရီးသဘောသတ္တိ အားဖြင့် ကျေးဇူးပြုတတ်ကုန်သော သမ္မာဒိဋ္ဌိစသောတရားတို့သည် မဂ္ဂပစ္စည်းမည်၏။

သမ္ပယုတ္တပစ္စည်း။ ။နို့၊ ရေ၊ ထောပတ်၊ ပျားသကာဟူသော စတုမဓုရအရသာသည် အချင်းချင်းနှီးနှော သည်ဖြစ်၍ ကျေးဇူးပြုသကဲ့သို့၊ နာမ်ခန္ဓာလေးပါးသည်လည်း အချင်းချင်း မကွေမကွာ ယှဉ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သဘောတရား။

ဝိပ္ပယုတ္တပစ္စည်း။ ။အချို၊ အချဉ်၊ အစပ်၊ အငံ၊ အဖန်၊ အခါးဟူသော အရသာ ၆ ပါးသည် အချင်းချင်း မနှီးနှော မယှဉ်သောအားဖြင့် ကျေးဇူးပြုသကဲ့သို့၊ နာမ်နှင့်ရုပ်တို့၏ အချင်းချင်း မယှဉ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုသောတရား။

ဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ်အားဖြင့် ၃ ပါး အပြားရှိ၏။

အတ္ထိပစ္စည်း။ ။ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ မြေကြီး၊ ဟိမဝန္တာတောင်တို့သည် မိမိထင်ရှားရှိခိုက် မိမိအပေါ်ပေါက်ရောက်ကြသော ထိုထိုသစ်ပင်၊ ဆေးပင် စသည်တို့အား ကြီးထက်မြက် အောင် စိမ်းရှင်အောင် ထောက်ပံ့သလို မိမိထင်ရှားရှိခိုက် ထင်ရှားရှိနေသော တရားတို့အား ထောက်ပံ့မှုဖြင့် ကျေးဇူးပြုသောတရား။

အတ္ထိပစ္စည်းသည် (၁) သဟဇာတတ္ထိ (၂) ပုရေဇာတတ္ထိ (၃) ပစ္ဆာဇာတတ္ထိ (၄) အာဟာရတ္ထိ (၅) ဣန္ဒြိယတ္ထိအားဖြင့် ၅ ပါးအပြားရှိ၏။

နတ္ထိပစ္စည်း။ ။မီးရောင်၏ချုပ်ငြိမ်းမှုသည် အမှောင်ဖြစ်ရန် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ညဥ့်ကုန်မှုသည် နေထွက်ရန် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ မိမိတို့ချုပ်မှုဖြင့် နောက်စိတ်များ ဥပါဒ်ဖြစ် ပေါ်ရန် ထင်ရှားမရှိဘဲ ကျေးဇူးပြုသောတရား။

ဝိဂတပစ္စည်း။ ။နေဝင်ခြင်းသည် လထွက်ရန်ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ နေဝင်ခြင်းသည် အမှောင်ဖြစ်ရန် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ မိမိတို့ကင်းချုပ်မှုဖြင့် နောက်နောက် တရားဖြစ်ပေါ်ရန် ကင်း၍ ကျေးဇူးပြုသောတရား။

အဝိဂတပစ္စည်း။ ။မဟာသမုဒ္ဒရာသည် မိမိကိုမှီ၍နေကုန်သော ငါး၊ လိပ်၊ မကန်းစသည်တို့အား ပီတိသောမနဿကို ပွားစေခြင်းငှာ မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မိမိမကင်းမချုပ်သေးဘဲ ပစ္စုပ္ပန်ရှိဆဲ အနေအားဖြင့် ကျေးဇူးပြုသောတရား။

**နတ္ထိနှင့်ဝိဂတအထူး။** ။ဥပါဒ်,ဌီ,ဘင်ချုပ်ပြီး၍ ကင်းဆိတ်မှုသဘောသည် နတ္ထိသဘော။ ချုပ်ခါမျှဖြစ်သောသဘောသည် ဝိဂတသဘော။

**အတ္ထိနှင့်အဝိဂတအထူး။** ။ပရမတ္ထသဘာဝ ခဏိကပစ္စုပ္ပန် မဖောက်မပြန် မိမိသဘောထင်ရှားရှိနေသည့်အဖြစ်ဖြင့် ကျေးဇူးပြုမှုသည် အတ္ထိသဘော။ ပရမတ္ထသဘောမကင်း, ချုပ်ခြင်းသို့ မရောက်သေးသောသဘောဖြင့် ကျေးဇူးပြုမှုသည် အဝိဂတသဘော။

## အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယအထူး

အလေးအမြတ်ပြုအပ်သည်၏ အဖြစ်မျှဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏာဓိပတိ ပစ္စည်းမည်၏။ အလေးအမြတ်ပြုအပ်သည်၏အဖြစ်တွင် လွန်ကဲအားကြီးသော အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏူပနိဿယပစ္စည်းမည်၏။

## အနန္တရနှင့် အနန္တရူပနိဿယအထူး

မိမိ မိမိတို့၏အခြားမဲ့၌ လျော်ကပ်သော စိတ္တုပ္ပါဒ်ကိုဖြစ်စေခြင်းငှာ စွမ်းနိုင်သောသတ္တိရှိသော တရားသည် အနန္တရပစ္စည်းမည်၏။ အားကြီးသောအကြောင်း၏အစွမ်းဖြင့် ကျေးဇူးပြုခြင်းငှာ စွမ်းနိုင်သော သတ္တိသည် အနန္တရူပနိဿယပစ္စည်းမည်၏။

## နိဿယနှင့် ဥပနိဿယအထူး

သာမညဖြစ်သော မှီရာအကြောင်းသည် နိဿယပစ္စည်း။ ဝိသေသဖြစ်သော အားကြီးသော မှီရာဖြစ်သောအကြောင်းတရားသည် ဥပနိဿယပစ္စည်းမည်၏။ ဥပမာ–သလေးထမင်းဖြစ်ရန် အကြောင်းများတို့တွင် ထမင်းချက်သမား၊ ထမင်းအိုး၊ ထင်း,မီး စသောအကြောင်းတို့သည် နိဿယပစ္စည်းမျှသာဖြစ်ကုန်၏။ သလေးမျိုးစေ့၊ သလေးစပါး၊ လယ်ခင်း၊ မိုးရေတို့သာလျှင် ထမင်း၏ ဥပနိဿယပစ္စည်း ဖြစ်နိုင်ကြကုန်၏။ သလေးမျိုးစေ့ စသည်တို့ကြောင့်သာ ထမင်းချက်သမားနှင့် ထမင်းအိုးစသည်တို့သည် သလေးထမင်းဖြစ်အောင် အစွမ်းထုတ်နိုင်ကြကုန်၏။

## ဂေဇ ကာယ၊ ဒွိဇ ကာယ၊ တိဇ ကာယ၊ စတုဇ ကာယ

ပဋိသန္ဓေစိတ်၏ ဥပ္ပါဒက္ခဏ၌ဖြစ်သော ကမ္မဇရုပ်သည် ဧကဇကာယမည်၏။ ပဋိသန္ဓေစိတ်၏ ဌီကာလ၌ဖြစ်သော ကမ္မဇ, ဥတုဇရုပ်သည် ဒွိဇကာယမည်၏၊ ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်၏ ဥပ္ပါဒက္ခဏ၌ ဖြစ်သော ကမ္မဇ, ဥတုဇ, စိတ္တဇရုပ်သည် တိဇကာယမည်၏။ အာဟာရဇရုပ် ဖြစ်ပေါ်လာသောအခါ ကမ္မဇ, ဥတုဇ, စိတ္တဇ, အာဟာရဇရုပ်သည် စတုဇကာယမည်၏။

## ပဋ္ဌာန်း ပစ္စယနိဒ္ဒေသအတွက် ပစ္စည်း ပစ္စယုပ္ပန်များ

| အမည် | | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား |
|---|---|---|---|
| ဟေတု | | ဟိတ် ၆-ပါး | သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေ့မှ မောဟ ကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်။ |
| အာရမ္မဏ | | ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် တစ်ခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ်။ | စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ။ |
| အဓိပတိ | အာရမ္မဏာဓိပတိ | အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခ သဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄-ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် သတ္တစတ္တာလီသ၊ နိဗ္ဗာန်။ | အလေးအမြတ် ပြုတတ်သော လောဘမူစိတ်-၈ ခု၊ မဟာကုသိုလ်စိတ်-၈ ခု၊ မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ်-၄ ခု၊ လောကုတ္တရာစိတ်-၈ ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ အပ္ပမညာကြဉ်သော စေတသိက် ပဉ္စစတ္တာလီသ။ |
| | သဟဇာတာဓိပတိ | သာဓိပတိဇော ၅၂ ခုနှိရှိသော ဆန္ဒ, ဝီရိယ၊ သာဓိပတိ တိဟိတ်ဇော ၃၄-ခုနှိရှိသော ဝီမံသ၊ သာဓိပတိဇော ၅၂-ခုဟုဆိုအပ်သော စိတ္တာ ဓိပတိအားဖြင့် အဓိပတိတရားကိုယ် ၃-ပါး၊ ၄-ပါးတို့တွင် တစ်ပါးပါး။ | အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁ ခု၊ သာဓိပတိစိတ္တဇရုပ်။ |
| အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ နတ္ထိဝိဂတ | | ရဟန္တာ၏စုတိကြဉ်သော ရှေးရှေးသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ | ရဟန္တာ၏စုတိနှင့်တကွ နောက်နောက်သော စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ |
| သဟဇာတ<br>သဟဇာတနိဿယ<br>သဟဇာတတ္ထိ<br>သဟဇာတအဝိဂတ | | (၁) အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တပ်သော အလုံးစုံသော စိတ်တစ်ခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ (၂) အချင်းချင်း အားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း တပ်သော စိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေကမ္မဇ မဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာ ဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ် ကမ္မဇ မဟာဘုတ်၊ ပဝတ္တိ ကမ္မဇမဟာဘုတ်အားဖြင့် မဟာဘုတ်လေးပါး (၃) အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဟဒယဝတ္ထု။ | (၁) အချင်းချင်းမှထောက်အပ်သော အလုံးစုံ သော စိတ်တစ်ခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ (၂) အချင်းချင်းမှ ထောက်အပ်သော ဥပါဒါရုပ် နှင့်တကွသော အလုံးစုံသော မဟာဘုတ်လေးပါး။ (၃) အချင်းချင်းမှ ထောက်အပ်သော ပဉ္စဝေါ ကာရ ပဋိသန္ဓေ နာမက္ခန္ဓာဟဒယဝတ္ထု။ |

## ပဋ္ဌာန်း ပစ္စယနိဒ္ဒေသအတွက် ပစ္စည်း ပစ္စယုပ္ပန်များ

| အမည် | | | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား |
|---|---|---|---|---|
| အညမည | | | အချင်းချင်းအားတပ်သော အလုံးစုံသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါ။ ။အချင်းချင်း အားတပ်သော မဟာဘုတ် ၄ ပါ။ အချင်းချင်း အားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟာဒယဝတ္ထု။ | အချင်းချင်းမှထောက်အပ်သော အလုံးစုံသော စိတ် တစ်ခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါ။ ။အချင်းချင်းမှထောက်အပ်သော အလုံးစုံသော မဟာဘုတ်လေးပါ။ ။အချင်းချင်းမှ ထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟာဒယဝတ္ထု။ |
| နိဿယ | သဟဇာတ | | သဟဇာတ နိဿယသည် သဟဇာတနှင့်တူ၏။ | |
| | ပုရေဇာတနိဿယ | ဝတ္ထုပုရေဇာတနိဿယ | ပဝတ္တိအခါ ဆဝတ္ထုရုပ်။ တစ်နည်းကား မဖွိမာ ယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု။ ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သောဟာဒယဝတ္ထု။ နိရောဓ သမာပတ်မှ ထသောအခါ ရှေ့စိတ္တက္ခဏ တစ် ချက်ခန့်ကာလ၌ဖြစ်သော ဟာဒယဝတ္ထု။ မရဏာသန္န အခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက်မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထု။ | ပဉ္စဝေါဟာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄ ခု ကြဉ်သော သတ္တဝိညာဏ ဓာတ် ၈၅ ခု၊ စေတသိက် ဒွေပညာသ။ |
| | | ဝတ္ထာရမ္မဏပုရေဇာတနိဿယ | မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇ ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထု။ | မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း။ ကာမဇော ၂၉၊ တဒါရုံကောဒသ၊ အဘိညာဉ်ဒွေ။ ဣသ မစ္ဆရိယ ကုက္ကုစ္စ ဝိရတီ အပ္ပမညာကြဉ်သော စေတသိက်၄၄။ |
| ဥပ နိဿယ | အာရမ္မဏူ | | အာရမ္မဏူပနိဿယးသည် အာနမ္မဏာဓိပတိနှင့် တူ၏။ | |
| | အနန္တရူ | | အနန္တရူပနိဿယသည် အနန္တရနှင့် တူ၏။ | |
| | ပကတူပနိဿယ | | ဗလဝဖြစ်သော ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော စိတ် တစ်နယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဌဝီသ၊ ပစ္စည်းထိုက်သော အချို့သောပညတ်။ | ပစ္စုပ္ပန်ဖြစ်သော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ။ |
| ပုရေ ဇာတ | ဝတ္ထုပုရေ | | ဝတ္ထုပုရေဇာတသည် ဝတ္ထုပုရေဇာတနိဿယနှင့် တူ၏။ | |
| | အာရမ္မဏ ပုရေဇာတ | | ပစ္စုပ္ပန် နိပ္ဖန်ရုပ် အဌာရသ | ပဉ္စဝေါကာရ ဘုံ၌ အာရမ္မဏပုရေဇာတပစ္စည်းကို ရခိုက်ရနေ ကာမစိတ် စတုပညာသ၊ အဘိညာဉ် ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ၅၀။ |

## ပဋ္ဌာန်း ပစ္စယနိဒ္ဒေသအတွက် ပစ္စည်း ပစ္စယုပ္ပန်များ

| အမည် | | ပစ္စည်းလေးပါး | ပစ္စယုပ္ပန်တရား |
|---|---|---|---|
| ပစ္ဆာဇာတ | | ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ ခု ကြဉ်သော ပဌမဘဝင်အစရှိသော နောက်နောက်သော စိတ် ၈၅ ခု၊ စေတသိက် ဒွေပညာသ။ | ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရပ်တံ့ဆဲသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ။ |
| အာသေဝန | | ဖိုလ်တို့ အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ စေတသိက် ဒွေပညာသ။ | ပထမဇော ဖိုလ်ဇောကြဉ်သော နောက်နောက် သောဇော ဧကပညာသ၊ စေတသိက်ဒွေပညာသ။ |
| ကမ္မ | နာနာက္ခဏိက ကမ္မ | အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ ၃၃ ခု။ | ဝိပါက်ဆတ္တိံသ၊ စေတသိက်အဋ္ဌတိံသ၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ |
| | သဟဇာတ ကမ္မ | စိတ် တစ်ခုယုတ်ကိုးဆယ်၌ရှိသော စေတနာ။ | စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတနာကြဉ်သော စေတသိက် ဧကပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်။ |
| ဝိပါက | | အချင်းချင်းအား လည်းကောင်း။ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားလည်း ကောင်း တပ်သော ဝိပါက်ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ | အချင်းချင်းမှ ထောက်အပ်သော ဝိပါက်ဆတ္တိံသ၊ စေတသိက်အဋ္ဌတိံသ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး။ ဝိပါက်နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်၊ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု။ |
| အာဟာရ | ရုပ် အာဟာရ | စတုသမုဋ္ဌာနိကဩဇာ။ | ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်။ |
| | နာမ် အာဟာရ | ဖဿ၊ စေတနာ၊ ဝိညာဏ်ဟုဆိုအပ်သော နာမ် အာဟာရတရား ကိုယ် ၃ ပါး။ | စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ဣန္ဒြိယ | ဝတ္ထုပုရေဇာတိန္ဒြိယ | မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု (၅) ကာယဝတ္ထု။ | ဒွေပဉ္စဝိညာဏ် ၁၀၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ခု။ |
| | ရူပဇီဝိတိန္ဒြိယ | ရုပ်ဇီဝိတိန္ဒြေ။ | ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉ ခု။ |
| | သဟဇာတိန္ဒြိယ | ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ ပညာဟုဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါး။ | စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| ဈာန | | ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာဟု ဆိုအပ်သော ဈာနင် တရားကိုယ်ငါးပါး။ | ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော စိတ် တစ်ခုယုတ် ရှစ်ဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ |
| မဂ္ဂ | | ပညာ၊ ဝိတက်၊ ဝိရတိ ၃၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉ ပါး။ | သဟိတ်စိတ် ဧကသတ္တတိ၊ စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်။ |

## ပဌာန်း ပစ္စယနိဒ္ဒေသအတွက် ပစ္စည်း ပစ္စယုပ္ပန်များ

| အမည် | | ပစ္စည်းလေးပါး | ပစ္စယုပ္ပန်တရား |
|---|---|---|---|
| သမ္ပယုတ္တ | | အချင်းချင်းအားတပ်သော အလုံးစုံသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ | အချင်းချင်းမှထောက်အပ်သော အလုံးစုံသော စိတ် တစ်ခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ |
| ဝိပ္ပယုတ္တ | သဟဇာတ ဝိပ္ပယုတ္တ | ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက် ၄ ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော စိတ်ရ၅ခု၊ စေတသိက်ဒွေပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး။ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာက္ခန္ဓာ ဟဒယဝတ္ထု။ | နာမက္ခန္ဓာမှထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်၊ အချင်းချင်းမှ ထောက်အပ်သော ပဉ္စ ဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဟဒယဝတ္ထု။ |
| | ပုရေဝိပ် | ပုရေဇာတဝိပ္ပယုတ်သည် ဝတ္ထုပုရေဇာတနိဿယ နှစ်ပါးနှင့်တူ၏။ | |
| | ပစ္ဆာဝိပ် | ပစ္ဆာဇာတဝိပ္ပယုတ်သည် ပစ္ဆာဇာတနှင့်တူ၏။ | |

အတ္ထိပစ္စည်းသည် သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိအားဖြင့် ၅ ပါးအပြားရှိ၏။ ။ထို ၅ ပါးတို့တွင် သဟဇာတတ္ထိသည် သဟဇာတ ၃ ပါးနှင့်တူ၏။ ပုရေတတ္ထိသည် ပုရေဇာတ ၂ ပါးနှင့်တူ၏။ ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့်တူ၏။ အာဟာရတ္ထိသည် ရုပ်အာဟာရနှင့်တူ၏။ ဣန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယနှင့်တူ၏။

နတ္ထိနှင့်ဝိဂတပစ္စည်းတို့သည် အနန္တရနှင့်တူ၏။

အဝိဂတသည် အတ္ထိနှင့်တူ၏။

## ပစ္စည်းသဘောတူပေါင်း၍ပြချက်

(၁) ဤ ၂၄ ပစ္စည်းတို့တွင် နာမ်သည် နာမ်အား ပစ္စည်း ပစ္စယုပ္ပန်၏အဖြစ်ဖြင့် ကျေးဇူးပြုရာ၌ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန၊ သမ္ပယုတ္တအားဖြင့် ၆ ပစ္စည်း။

(၂) နာမ်သည် နာမ်ရုပ်အား ပစ္စည်း ပစ္စယုပ္ပန်အဖြစ်ဖြင့် ကျေးဇူးပြုရာ၌ ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါကအားဖြင့် ၅ ပစ္စည်း။

(၃) နာမ်သည် ရုပ်အားကျေးဇူးပြုရာ၌ ပစ္ဆာဇာတပစ္စည်း။

(၄) ရုပ်သည် နာမ်အား ကျေးဇူးပြုရာ၌ ပုရေဇာတပစ္စည်း။

(၅) ပညတ်နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုရာ၌ အာရမ္မဏ၊ ဥပနိဿယ ၂ ပစ္စည်း။

(၆) နာမ်ရုပ် ၂ ပါးသည် နာမ်ရုပ် ၂ ပါးအား ကျေးဇူးပြုရာ၌ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတအားဖြင့် ၉ ပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

## ပစ္စည်းအကျဉ်းချုပ်

၂၄ ပစ္စည်းတို့ကို အကျဉ်းချုံး၍ သိမ်းရုံးပေါင်းစည်းအပ်သည့်ရှိသော် (၁) အာရမ္မဏ (၂) ဥပနိဿယ (၃) ကမ္မ (၄) အတ္ထိ – ၄ ပစ္စည်းသို့သာ ဝင်ကုန်၏။

(၁) အာရမ္မဏ ပစ္စည်း၌ အာရမ္မဏာဓိပတိ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတအဝိဂတ၊ ဤ ၇ ပစ္စည်းနှင့် အာရမ္မဏပါ ပေါင်း၊ ၈ ပစ္စည်းတို့သည် အာရမ္မဏ ရှစ်မျိုးဟု မည်ကုန်၏။ (အာ၊ ဓိ၊ နိ၊ ဥ၊ ပု၊ ဝိပ်၊ အတ်၊ အဝိ–တို့တည်း။)

(၂) ဥပနိဿယ၌ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ၊ အာသေဝန၊ အနန္တရကမ္မ၊ ဗလဝနာနာက္ခဏိက ကမ္မ၊ နတ္ထိ၊ ဝိဂတ–ဤ ၉ ပစ္စည်းတို့သည် ဥပနိဿယ ၉ မျိုး၊ ပစ္စည်း အားဖြင့် ၇ ပါးမည်ကုန်၏။ (အနံ၊ သနံ၊ ဥ၊ အာသေ၊ ကံ၊ နတ်၊ ဝိဂတ–တို့တည်း။)

(၃) ကမ္မမှာ ကာမဝိပါက်အားတပ်သော ဒုဗ္ဗလကမ္မ၊ ကဋတ္တာရုပ်အားတပ်သော ပဋိသန္ဓေဝေါဟာရ ကုသိုလ်၊ အကုသိုလ်စေတနာဟု ဆိုအပ်သော ဗလဝဒုဗ္ဗလကမ္မတစ်ပါးသာတည်း။ ဤကား နာနက္ခဏိက ကမ္မမျိုးတည်း။

(၄) အတ္ထိ၌ (က) သဟဇာတတ္ထိ (ခ) ဝတ္ထုပုရေဇာတတ္ထိ (ဂ) ပစ္ဆာဇာတတ္ထိ (ဃ) ရူပအာဟာရတ္ထိ (င) ရူပဇီဝိတိန္ဒြိယတ္ထိဟူ၍ ၅ ပါးအပြားရှိ၏။

(က) သဟဇာတတ္ထိ၌ ဟေတု၊ သဟဇာတာဓိပတိ၊ သဟဇာတ၊ အညမည၊ သဟဇာတနိဿယ၊ သဟဇာတကမ္မ၊ ဝိပါက၊ နာမ်အာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ သဟဇာတ ဝိပ္ပယုတ္တ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ–ပေါင်းသဟဇာတ မျိုး ၁၅ ပါး။

(ခ) ဝတ္ထုပုရေဇာတတ္ထိ၌ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတအဝိဂတ–ပေါင်း ဝတ္ထုပုရေဇာတ မျိုး ၆ ပါး။

(ဂ) ပစ္ဆာဇာတတ္ထိ၌ ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတ–ပေါင်း ပစ္ဆာဇာတမျိုး ၄ ပါး။

(ဃ) ရူပအာဟာရတ္ထိ၌ ရုပ်အာဟာရ၊ ရုပ်အာဟာရတ္ထိ၊ ရူပါဟာရအဝိဂတ–ပေါင်း ရုပ်အာဟာရ မျိုး ၃ ပါး။

(င) ရူပဇီဝိတိန္ဒြိယတ္ထိ၌ ရုပ်ဇီဝိတိန္ဒြေ၊ ရူပဇီတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယအဝိဂတ – ပေါင်း ရူပဇီဝိတိန္ဒြိယမျိုး ၃ ပါးဟူလို။

## ကာလသုံးပါးစသည်ဖြင့် ဝေဖန်ပြခြင်း

ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ–ဤ ၁၅ ပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလတစ်ပါး၌ဖြစ်၏။ ။

အနုဿရ၊ သမနုဿရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ–ဤ ၅ ပစ္စည်းတို့သည် အတိတ်ကာလ တစ်ပါးတည်း၌သာဖြစ်၏။ ။ဤ ၂၀ သောပစ္စည်းတို့သည် ကာလတစ်ပါးတည်း၌သာ ဖြစ်သော ပစ္စည်းမည်၏။

သဟဇာတကမ္မပစ္စည်းသည် ပစ္စုပ္ပန်ကာလ၌ဖြစ်၍၊ နာနာက္ခဏိကကမ္မပစ္စည်းသည် အတိတ်ကာလ၌ဖြစ်သောကြောင့် ကမ္မပစ္စည်းသည် ကာလ ၂ ပါး၌ဖြစ်သော ဒွေကာလိက ပစ္စည်းမည်၏။

အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ– ဤ ၃ ပစ္စည်းတို့သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဟူသော ကာလ ၃ ပါး၌ ဖြစ်ကုန်သောကြောင့် တေကာလိက ပစ္စည်းမည်ကုန်၏။

နိဗ္ဗာန်, ပညတ် ၂ ပါးတို့သည် ကာလ ၃ ပါးမှလွတ်သော တရားတို့မည်ကုန်၏။

အာရမ္မဏ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ အာဟာရ၊ အတ္ထိ၊ အဝိဂတ–ဤ ၁၀ ပါးသောပစ္စည်းတို့သည် အဇ္ဈတ္တ ဗဟိဒ္ဓ ၂ ပါးလုံး၌ဖြစ်သောတရားတို့ မည်ကုန်၏။ ကြွင်းသော (၁၄)ပစ္စည်းတို့သည် အဇ္ဈတ္တဖြစ်သော ပစ္စည်းတို့မည်ကုန်၏။

◇◇◇◇◇

# ပညတ္တိဝိဘာဂ

"ပညတ်"ဆိုသည်မှာ ပရမတ်အားဖြင့် ထင်ရှားရှိသော နာမ်တရား, ရုပ်တရားကိုဖယ်ထား၍ ပရမတ်အားဖြင့် ထင်ရှားမရှိသော ပရမတ်၏အာကာအယောင်သဘောမျိုးဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းမျိုးကို "ပညတ်"ဟု ခေါ်ဆိုသည်။

၎င်းပညတ်သည် ခေါ်ဝေါ်အပ်သော အနက်ဒြပ်ဟုဆိုအပ်သော အတ္ထပညတ်၊ ခေါ်ဝေါ်ကြောင်းဖြစ်သော အမည်သညာ သဒ္ဒါ ဝေါဟာရဟုဆိုအပ်သော သဒ္ဒပညတ်ဟု ၂ မျိုးပြား၏။

အစိပ္ပာယ်။ ။ပုရိသော-ဟူသော သဒ္ဒါအသံဓာတ်သည် ယောကျ်ားဒြပ် အကောင်အထည်တည်းဟူသောအနက်ကို သိစေတတ်သောကြောင့် သဒ္ဒပညတ်မည်၏။ ၎င်းသဒ္ဒါသည် သိစေအပ်သောကြောင့် ယောကျ်ားဒြပ်အနက်သည် အတ္ထပညတ်မည်၏။ ။ပဗ္ဗတ သဒ္ဒါသည် သဒ္ဒပညတ်၊ တောင် ဒြပ်သည် အတ္ထပညတ် မည်၏ဟုသိ။

### အတ္ထပညတ်အပြား

(၁) ပထဝီစသော မဟာဘုတ်တို့၏ ဖောက်ပြန်သောအခြင်းအရာကိုစွဲ၍ ထိုထိုသို့သော အခြင်းအရာပုံဟန်သဏ္ဌာန်ကိုစွဲ၍ ပညတ်သမုတ်အပ်သော မြေ, တောင်အစရှိသော သဏ္ဌာနပညတ်။
(၂) သစ်,မြေစိုင်,ချည်အစရှိသော အဆောက်အအုံတို့၏ပေါင်းစည်းစုဝေးသော အခြင်းအရာကို အစွဲပြု၍ ပညတ်သမုတ်အပ်သော အိမ်၊ ရထား၊ လှည်း၊ အိုး၊ ပုဆိုးစသော သမူဟပညတ်။
(၃) ခန္ဓာ ၅ ပါးအပေါင်းကိုစွဲ၍ ပညတ်သမုတ်အပ်သော ယောကျ်ားပုဂ္ဂိုလ်စသော ဇာတိပညတ်။
(၄) လ, နေ, နက္ခတ်တို့၏ မြင်းမိုရ်တောင်ကို လက်ယာရစ်လှည့်၍သွားခြင်းအစရှိသော အခြင်းအရာကိုစွဲ၍ ပညတ်သမုတ်အပ်သော အရှေ့အရပ်စသော ဒိသာပညတ်။
(၅) နံနက်စသော ကာလပညတ်။
(၆) ကဆုန်လစသော မာသပညတ်။
(၇) ထိုထိုသို့သော ရုပ်ကလာပ်တို့သည် မတွေ့ထိအပ်သော အခေါင်း စသော အခြင်းအရာကိုစွဲ၍ ပညတ်သမုတ်အပ်သော တွင်း, ဂူ, လိုဏ်ပေါက် စသော အာကာသပညတ်။
(၈) ထိုထိုသို့သော အခြင်းအရာအားဖြင့် ထင်သော ပထဝီကသိုဏ်း အစရှိသော နိမိတ်ကိုလည်းကောင်း၊ ပရိကမ္မ စသည်ဖြင့်ပွားသော ဘာဝနာ၏ အစဉ်ဟူသော အထူးကိုလည်းကောင်း၊ စွဲ၍သမုတ်အပ်သော ကသိုဏ်းနိမိတ်၊ အသုဘနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်စသော နိမိတ္တပညတ်။

ဤအတ္ထပညတ်များသည် ပရမတ္ထအားဖြင့် ဒြပ်,အကောင်အထည် ထင်ရှားမရှိသော်လည်း သဘောဆတ်ဆတ် ပရမတ်ကိုစွဲမြှောင်၍ အရိပ်အယောင်အတုဟူသော အခြင်းအရာအားဖြင့် စိတ်, စေတသိက် ပရမတ်တရားတို့၏ အာရုံအဖြစ်သို့ရောက်၏။ ထိုအတ္ထပညတ်ကို နာမပညတ်ဖြင့် သိစေအပ်၏။

ဝိဇ္ဇပညတ်၊ ဝစနီယပညတ်၊ အတ္ထပညတ်ဟူသည် အတူတူ။ ဝါစကပညတ်၊ နာမပညတ်၊ သဒ္ဒပညတ်ဟူသည်အတူတူ။ အမည်သာကွဲပြားသည်။

## သဒ္ဒပညတ်အပြား

၁။ ဝိဇ္ဇမာနပညတ် = ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်ဝေဒနာစသော သဒ္ဒပညတ်မျိုး။

၂။ အဝိဇ္ဇမာနပညတ် = ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မြေ တောင် စသောအနက်ကို သိကြောင်းဖြစ်သော သဒ္ဒပညတ်မျိုး။

၃။ ဝိဇ္ဇမာနေန အဝိဇ္ဇာမာနပညတ် = ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ကို သိစေသော ဆဠဘိညော (အဘိညာဉ်ရသောပုဂ္ဂိုလ်)စသော သဒ္ဒပညတ်။

၄။ အဝိဇ္ဇမာနေန ဝိဇ္ဇာမာနပညတ် = ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ကို သိစေတတ်သော ဣတ္ထိသဒ္ဒေါ (မိန်းမအသံ)စသော သဒ္ဒပညတ်မျိုး။

၅။ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် = ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ကိုပင်သိစေသော စက္ခုဝိညာဏံစသော ဘဒ္ဒပညတ်။

၆။ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် = ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက် ၂ ပါးကိုသိစေသော ရာဇပုတ္တော စသော သဒ္ဒပညတ်။

အနက်နှင့်သဒ္ဒါကို ခြားနားစွာသတိပြု။ ပုတ္တောကား ပါဠိသဒ္ဒါ၊ သား ကား မြန်မာသဒ္ဒါ၊ အထည်ကိုယ်ဒြဗ်သာ အနက်ဖြစ်၏။ ဤသို့ သဒ္ဒါနှင့်အနက်တို့၏ ခြားနားမှုကို သတိပြု။ သို့မှ အတ္ထပညတ်နှင့် သဒ္ဒပညတ်ကွဲမည်။

## အနက်ကိုသိရာ၌ ဝီထိဖြစ်ပုံ

တစ်လုံးသောအက္ခရာရှိသော 'လူ'စသော သဒ္ဒါ၌ ပစ္စုပ္ပန်လူဟူသော သဒ္ဒါရုံကိုအာရုံပြု၍ "သောတဒွါရ တဝီထိ"ကျ၏။ ထိုနောက် ချုပ်ပြီးသော 'လူ'ဟူသော အတိတ်သဒ္ဒါရုံကိုအာရုံပြု၍ "တဒနုဝတ္တက မနောဒွါရ ဝီထိ"ကျပြန်၏။ ထိုနောင် "လူ"ဟူသော နာမပညတ်ကိုအာရုံပြု၍ "သုဒ္ဓမနောဒွါရဝီထိ" ကျ၏။ ထိုနောင် လူ၏ခန္ဓာ ပဋ္ဌဒြဗ် အတ္ထပညတ်ကိုအာရုံပြု၍ "သုဒ္ဓမနောဒွါရဝီထိ"ကျ၏။ ဤသို့ လေးဝီထိကျပြီးမှ "လူ" ဟူသောအနက်ကို သိရ၏။

အက္ခရာ ၂ လုံး ၃ လုံးစသည်ရှိသော သဒ္ဒါများ၌ ပြခဲ့ပြီးနည်းအတိုင်း အက္ခရာတစ်လုံးလျှင် ၂ ဝီထိကျ တိုးသွား၍ နောက်ဆုံး၌ နာမပညတ်ကိုအာရုံပြု၍ သုဒ္ဓမနောဒွါရ တဝီထိ၊ ဒြဗ်အနက်အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရ တဝီထိ-ပေါင်း ၂ ဝီထိထပ်၍ထည့်ရမည်။ အက္ခရာတစ်လုံး ၄ ဝီထိ၊ နှစ်လုံး ၆ ဝီထိ၊ သုံးလုံး ၈ ဝီထိ စသည်တိုး၍ယူလေ။ အက္ခရာများလျှင် များသည့်အလျောက် ဝီထိတိုး၍ များလေတော့သည်။

အနက်ကိုသိရခြင်းသည်လည်း သောတဝိညာဏ်၏အာရုံအဖြစ်သို့ ကြားရောက်လာရခြင်း၊ ရှေးအခါက ဤသဒ္ဒါသည် ဤအနက်ကိုဟောရသည်ဟု ပိုင်းခြားမှတ်သားပြီးရှိခြင်း၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံမှ အနက်ကို သိစေနိုင်သည်။

**ပစ္စည်းပိုင်းပြီး၏။**

◇◇◇◇◇

# ကမ္မဋ္ဌာန်းပိုင်း

ကမ္မဋ္ဌာနသင်္ဂဟ၌ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့၏ အာရုံဖြစ်သော သမထကမ္မဋ္ဌာန်း ဝိပဿနာ ကမ္မဋ္ဌာန်းကိုပြဆို၏။

ကမ္မဋ္ဌာန်း ၄၀ ကို ပွားများခြင်းသည် နီဝရဏစသော ကိလေသာကို ငြိမ်းစေတတ်သောကြောင့် သမထဘာဝနာဟုခေါ်သည်။ တေဘူမက သင်္ခါရတရားတို့ကို လက္ခဏာယာဉ်သုံးပါးဖြင့် အဖန်ဖန်ရှုဆင်ခြင်ခြင်း ကြောင့် ဝိပဿနာဘာဝနာဟု ခေါ်သည်။

ကသိုဏ်းဝန်းစသော အာရုံ, တေဘူမက သင်္ခါရအာရုံသည်ပင်လျှင် ပွားများခြင်းရှုဆင်ခြင်း၏ တည်ရာဖြစ်သောကြောင့် ကမ္မဋ္ဌာန်းမည်၏။

## သမထကမ္မဋ္ဌာန်း

ထိုသမထကမ္မဋ္ဌာန်း၌ (၁) ကသိုဏ်း ၁၀ ပါး (၂) အသုဘ ၁၀ ပါး (၃) အနုဿတိ ၁၀ ပါး (၄) အပ္ပမညာ ၄ ပါး (၅) သညာ ၁ ပါး (၆) ဝဝတ္ထာန် ၁ ပါး (၇) အာရုပ္ပ ၄ ပါးဟူ၍ ၇ မျိုးဖြင့် ဝေဖန်ပိုင်းခြား သိအပ်၏။

### ကသိုဏ်း ၁၀ ပါး

| | | | | | |
|---|---|---|---|---|---|
| ၁။ | ပထဝီ | = မြေကသိုဏ်း | ၆။ | ပီတ | = အဝါရောင်ကသိုဏ်း |
| ၂။ | အာပေါ | = ရေကသိုဏ်း | ၇။ | လောဟိတ | = အနီရောင်ကသိုဏ်း |
| ၃။ | တေဇော | = မီးကသိုဏ်း | ၈။ | ဩဒါတ | = အဖြူရောင်ကသိုဏ်း |
| ၄။ | ဝါယော | = လေကသိုဏ်း | ၉။ | အာကာသ | = အပေါက်ဟင်းလင်းကသိုဏ်း |
| ၅။ | နီလ | = အညိုရောင်ကသိုဏ်း | ၁၀။ | အာလောက | = အရောင်အလင်းကသိုဏ်း |

မှတ်ချက်–လုံးစုံမကြွင်း ပျံ့နှံ့ခြင်းကို ကသိုဏ်းဟုခေါ်သည်။

### အသုဘ ၁၀ ပါး

၁။ ဥဒ္ဓုမာတက = ဖူးဖူးရောင်သော သူကောင်အသုဘ

၂။ ဝိနီလက = ညိုညိုမည်းမည်းအဆင်းရှိသော သူကောင်အသုဘ

၃။ ဝိပုဗ္ဗက = ယိုစီးသောပြည်ရှိသော သူကောင်အသုဘ

၄။ ဝိစ္ဆိဒ္ဒက = ဓားလက်နက်စသည်ဖြင့် အလယ်၌ နှစ်ပိုင်းဖြတ်အပ်သော သူကောင် အသုဘ

၅။ ဝိက္ခာယိတက = ခွေးစသည်တို့ ကိုက်ခဲ၍ထားအပ်သော သူကောင်အသုဘ

၆။ ဝိက္ခိတ္တက = ခွေး, ကျီး, လင်းတ စသည်တို့ ကိုက်ချီစားသောက်၍ ပစ်လွှင့်ထားအပ်သော သူကောင်အသုဘ

၇။ ဟတဝိက္ခိတ္တက = ရန်သူသည် ဓား,သန်လျက်ဖြင့် ကိုယ်တခြား ခေါင်းတခြား ခြေတခြား လက်တခြား ဖြတ်တောက်လျက် အထူးထူးသောအရပ်၌ ဖရိုဖရဲ ပစ်ထားအပ်သော သူကောင်အသုဘ

၈။ လောဟိတက = ယိုစီးသောသွေးရှိသော သူကောင်အသုဘ

၉။ ပုဠဝက = ပိုး လောက်တို့ဖြင့်ပြည့်သော သူကောင်အသုဘ

၁၀။ အဋ္ဌိက = အရိုးစုမျှသာဖြစ်သော သူကောင်အသုဘ

**အနုဿတိ ၁၀ ပါး**

၁။ ဗုဒ္ဓါနုဿတိ = မြတ်စွာဘုရား၏ဂုဏ်တော်ကို အဖန်ဖန်တလဲလဲအောက်မေ့ခြင်း။

၂။ ဓမ္မာနုဿတိ = တရားတော်၏ဂုဏ်တော်ကို အဖန်ဖန်တလဲလဲအောက်မေ့ခြင်း။

၃။ သံဃာနုဿတိ = သံဃာတော်၏ဂုဏ်တော်ကို အဖန်တလဲလဲအောက်မေ့ခြင်း။

၄။ သီလာနုဿတိ = မိမိ၏သီလဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း။

၅။ စာဂါနုဿတိ = မိမိ၏စွန့်ကြဲခြင်းဒါနဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း။

၆။ ဒေဝတာနုဿတိ = နတ်တို့ကိုသက်သေအရာထား၍ နတ်တို့၏သဒ္ဓါစသော ဂုဏ်နှင့်တူသော မိမိ၏သဒ္ဓါစသောဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း။

၇။ ဥပသမာနုဿတိ = နိဗ္ဗာန်၏ဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း။

၈။ မရဏာနုဿတိ = သေခြင်းတရားကို အဖန်တလဲလဲအောက်မေ့ခြင်း။

၉။ ကာယဂတာသတိ = ဆံအစရှိသော ၃၂ ပါးသော ကောဋ္ဌာသကို ရွတ်ဆိုနှလုံးသွင်းခြင်း။

၁၀။ အာနာပါနဿတိ = ထွက်သက်ဝင်သက်ကို အာရုံပြု၍ အောက်မေ့ခြင်းသတိ။

**အပ္ပမညာ ၄ ပါး**

၁။ မေတ္တာ = အတိုင်းမသိသော သုခိတ ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ ချစ်ခြင်း မေတ္တာ။

၂။ ကရုဏာ = အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၍ သနားခြင်းကရုဏာ။

၃။ မုဒိတာ = အတိုင်းမသိသော သုခိတ သတ္တဝါ ပညတ်ကိုအာရုံပြု၍ ဝမ်းမြောက်ခြင်း မုဒိတာ။

၄။ ဥပေက္ခာ = အတိုင်းမသိသော သုခိတ ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ လျစ်လျူရှုခြင်း ဥပေက္ခာ။

အတိုင်းမသိသော သုခိတ ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ ဖြစ်တတ်သောကြောင့် အပ္ပမညာ မည်၏။ ဤလေးပါးကို ကျင့်သုံးသောသူသည် မြတ်သောနေခြင်းဖြစ်သောကြောင့်–ဗြဟ္မဝိဟာရတရား ၄ ပါး ဟုလည်း ခေါ်သည်။

## ၅၂၈ သွယ်မေတ္တာ

သဗ္ဗေသတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ-ဤ ၅ ခုကား မည်သူမည်ဝါ ယောကျ်ား မိန်းမ စသည်ဖြင့် ရည်မှတ်ပိုင်းခြားခြင်းမရှိသောကြောင့် အနောဓိသ ပုဂ္ဂိုလ်မည်၏။

သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ-ဤ ၇ ခုကား မိန်းမယောကျ်ား စသည်ဖြင့် ရည်မှတ်ပိုင်းခြားခြင်းရှိသောကြောင့် ဩဓိသပုဂ္ဂိုလ်မည်၏။

ဎင်းဩဓိသ၊ အနောဓိသ ၂ ပါးကိုပေါင်းသော် ၁၂ ဖြစ်၏။ ဎင်း ၁၂ ပါးကို တည်၍ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု- ဟူသောအခြင်းအရာ ၄ လေးပါးနှင့်မြှောက်သော် ၄၈ ဖြစ်၏။ ဤ ၄၈ ကား အရပ်မျက်နှာနှင့်မစပ်ဘဲ ပို့သောမေတ္တာတည်း။

အရပ် ၁၀ မျက်နှာနှင့်စပ်၍ ပို့ရာ၌ တစ်မျက်နှာ တစ်မျက်နှာတွင် ၄၈ စီရသောကြောင့် အရပ် ၁၀ မျက်နှာ၌ ၄၈၀ ဖြစ်၏။ ၄၈၀ ကို အရပ်မျက်နှာနှင့်မစပ်သော ၄၈ နှင့်ပေါင်းသော် ၅၂၈ ဖြစ်၏။

### ကေသညာ

မျိုးအပ်စားအပ်သော အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်သောအဖြစ်ကို အောက်မေ့ဆင်ခြင်သော အမှတ်သညာ သည် "အာဟာရေပဋိက္ကူလသညာ"မည်၏။

### ကေဝဝတ္ထာန

မိမိကိုယ်၌ တည်ရှိကုန်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ် ၄ ပါးကို မှတ်သောအားဖြင့် ပိုင်းခြားရှုဆင်ခြင်၍ ဆုံးဖြတ်ခြင်းသည် "စတုဓာတုဝဝတ္ထာန"မည်၏။

### အာရုပ္ပ ၄ ပါး

ရုပ်၏ဆန့်ကျင်ဘက်ဖြစ်သော ကောင်းကင်ပညတ်စသော လေးပါးသော အာရုံ၌ဖြစ်သော အာရုပ္ပ ကမ္မဋ္ဌာန်း ၄ ပါးသည် အာရုပ္ပ ၄ ပါးမည်၏။

သမထကမ္မဋ္ဌာန်းလေးဆယ် ပြီး၏။

◇◇◇◇◇

## ကမ္မဋ္ဌာန်း ၄၀ ကို စရိုက် ၆ ပါးနှင့်တွဲစပ်ပုံ

အဖြစ်များခြင်းကြောင့်လည်းကောင်း၊ မပြတ်ဖြစ်ခြင်းကြောင့်လည်းကောင်း "စရိုက်"မည်၏။ စရိုက်တို့သည် ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက်ဟူ၍ ၆ ပါးအပြားရှိ၏။

| စရိုက် | သင့်လျော်သောကမ္မဋ္ဌာန်း | ပေါင်း |
|---|---|---|
| ရာဂ | အသုဘ ၁၀ ပါး၊ ကာယဂတာသတိ | ၁၁ |
| ဒေါသ | အပ္ပမညာ ၄ ပါး၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတကသိုဏ်း | ၈ |
| မောဟ၊ ဝိတက် | အာနာပါနဿတိ | ၁ |
| သဒ္ဓါ | ဗုဒ္ဓါ၊ ဓမ္မာ၊ သံဃာ၊ သီလာ၊ စာဂါ၊ ဒေဝတာနုဿတိ | ၆ |
| ဗုဒ္ဓိ | မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် | ၄ |
| စရိုက် ၆ ပါး | ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ အာလောက ကသိုဏ်း၊ အာရုပ္ပ ၄ ပါး | ၁၀ |

ရာဂစရိုက်များသောသူသည် အသုဘ ၁၀ ပါး၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအပ်၏ စသည်ယူလေ။

သပ္ပါယဘေဒပြီး၏။

✧✧✧✧✧

## ကမ္မဋ္ဌာန်း ၄၀ ကို ဘာဝနာ ၃ ပါးနှင့်တွဲစပ်ပုံ

ဘာဝနာသည် (၁) ပရိကမ္မဘာဝနာ (၂) ဥပစာရဘာဝနာ (၃) အပ္ပနာဘာဝနာဟု ၃ ပါးအပြားရှိ၏။

(၁) ပရိကမ္မဘာဝနာ = ကသိုဏ်းဝန်း ပရိကမ္မနိမိတ်ကိုအာရုံပြု၍ အကြိမ်များစွာ "ပထဝီ,ပထဝီ" စသည်ဖြင့် မှန်းဆကြည့်ရှုပွားများသော ဘာဝနာ။

(၂) ဥပစာရဘာဝနာ = ထင်လာသော ဥဂ္ဂဟနိမိတ်ကိုအာရုံပြု၍ ရှေးကထက် တည်တည်ကြည်ကြည် သမာဓိရစွာ ပွားများသောဘာဝနာ။

(၃) အပ္ပနာဘာဝနာ = ပဋိဘာဂနိမိတ်ပေါ်လာသောအခါ နီဝရဏတရားများကင်းကွာကာ ဝိတက်စသော ဈာန်အင်္ဂါတို့ မိမိတို့ဆိုင်ရာကိစ္စကို ဆောင်ရွက်နိုင်သော ဘာဝနာ။

ပရိကမ္မဘာဝနာသည် အလုံးစုံသော သမထကမ္မဋ္ဌာန်း ၄၀ တို့၌ဖြစ်နိုင်၏။ တစ်စုံတစ်ခုသော သမထမျှသည် ပရိကမ်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့်တည်း။

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိဟူသော အနုဿတိ ၈ ပါးနှင့် အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်အားဖြင့် ၁၀ ပါးသည် ပရိကမ္မဘာဝနာနှင့် ဥပစာရဘာဝနာ ၂ ပါးရ၏။ အပ္ပနာဘာဝနာကိုမရနိုင်။ ။ အကြောင်းကား ဗုဒ္ဓါနုဿတိ (ပ) ဥပသမာနုဿတိဟူသော အနုဿတိ ၆ ပါးတို့သည် အလွန်တရာနက်နဲသောဂုဏ်တော် စသော အာရုံရှိသောကြောင့် တည်တံ့ခြင်းငှာ မစွမ်းနိုင်အောင် နက်နဲသောကြောင့် အပ္ပနာဘာဝနာ မဖြစ်နိုင်ချေ။ မရဏာနုဿတိသည် ထိတ်လန့်ကြောက်ရွံ့အပ်သော သဘောတရားဖြစ်သောကြောင့် အပ္ပနာကို မဖြစ်စေနိုင်။ အာဟာရေပဋိကူလသညာနှင့် စတုဓာတုဝဝတ္ထာန်တို့သည်ကား တရားသဘောအားဖြင့် အလွန်တရာနက်နဲသောကြောင့် အပ္ပနာကို မဖြစ်နိုင်။

ကြွင်းကမ္မဋ္ဌာန်း ၃၀ သည် ဘာဝနာ ၃ ပါးစလုံးရ၏။ ထိုကမ္မဋ္ဌာန်း ၃၀ တွင် ကသိုဏ်း ၁၀ ပါးနှင့် အာနာပါနဿတိ–ပေါင်း ၁၀ ပါးသည် ဈာန် ၅ ပါးစလုံးကိုရနိုင်၏။

အသုဘ ၁၀ ပါးနှင့် ကာယဂတာသတိ–ပေါင်း ၁၁ ပါးသည် ပထမဈာန်ကိုသာ ရနိုင်၏။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ–ပေါင်း ၃ ပေါင်းသည် စတုတ္ထဈာန်တိုင်အောင် ရနိုင်၏။

ဥပေက္ခာကမ္မဋ္ဌာန်းသည် ပထမဈာန်ကိုသာရနိုင်၏။ ။ဤကား ရူပါဝစရဈာန်ကိုရနိုင်သော ကမ္မဋ္ဌာန်း ၂၆ ပါးတည်း။

အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါးတို့သည် အစဉ်အတိုင်း အရူပဈာန် ၄ ပါးကို ရစေနိုင်၏။

ဘာဝနာဘေဒ ပြီး၏။

◇◇◇◇◇

## ကမ္မဋ္ဌာန်း ၄၀ ကို နိမိတ် ၃ ပါးနှင့်တွဲစပ်ပုံ

နိမိတ်သည် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်ဟူ၍ ၃ ပါးအပြားရှိ၏။

(၁) ပရိကမ္မနိမိတ် = ကသိုဏ်းဝန်းစသော အာရုံတစ်ခုခုရအောင် အားထုတ်ရာ၌ အစစွာ ရှုမြင်သော အာရုံ။

(၂) ဥဂ္ဂဟနိမိတ် = မျက်စိဖွင့်၍ကြည့်ရာ၌မြင်ရသလို စိတ်ထဲမှာထင်ရှားစွာပေါ်လာသောအာရုံ။

(၃) ပဋိဘာဂနိမိတ် = ဥဂ္ဂဟနိမိတ်နှင့် သဏ္ဌာန်တူစွာ ၎င်းထက်ဆပေါင်းများစွာ ကြည်နူးဖွယ်ကြည်လင်စွာ ပေါ်လာသောအာရုံ။

နိမိတ် ၃ ပါးနှင့် ဘာဝနာ ၃ ပါးတွဲစပ်ပုံမှာ – ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် ၂ ပါးကို ပရိကမ္မဘာဝနာနှင့်တွဲ။ ပဋိဘာဂနိမိတ်ကို ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ ၂ ပါးနှင့်တွဲလေ။

ကမ္မဋ္ဌာန်း ၄၀ စလုံး၌ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်တို့ကို ရနိုင်သည်။ ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ – ပေါင်း ၂၂ ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ကိုရနိုင်သည်။

ဈာန်ဖြစ်ပေါ်ပုံ။ ။ဥဂ္ဂဟနိမိတ်ထင်ပြီးနောက် ၎င်းနိမိတ်ကို အဖန်ဖန်အထပ်ထပ် ဆင်ခြင်ပွားများသော ယောဂီပုဂ္ဂိုလ်အား အစဉ်အတိုင်း နီဝရဏတရားတို့သည် ကင်းကွာကုန်၏။ ထိုအခါ ဥဂ္ဂဟနိမိတ်ထက် အဆများစွာ စင်ကြယ်သော ပဋိဘာဂနိမိတ်သည် ထင်ရှားဖြစ်ပေါ်လာ၏။ ထိုပဋိဘာဂနိမိတ်ထင်ပြီး ၎င်းနိမိတ်ကိုပင် အဖန်ဖန်အထပ်ထပ်ပွားများသော ယောဂီပုဂ္ဂိုလ်အား ရူပါဝစရ ပထမအပ္ပနာဈာန်သည် ဖြစ်ပေါ်လာ၏။

ထိုသို့ ပထမဈာန်ကိုရပြီးသော ပုဂ္ဂိုလ်သည် မိမိရရှိသောဈာန်၌ ပိုင်နိုင်ခြင်း စသည်ဖြစ်အောင် ဝသီဘော်ငါးပါးဖြင့် လေ့လာရသည်။

## ဝသီဘော် ၅ ပါး

၁။ အာဝဇ္ဇန ဝသီဘော် = ဈာန်အင်္ဂါကို ဘဝင်အနည်းငယ်ခြား၍ ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် ဆင်ခြင်မှု။
၂။ သမာပဇ္ဇန ဝသီဘော် = ဈာန်ဝင်စားလိုလက်သော် လျင်မြန်စွာဝင်စားခြင်း၌ စွမ်းနိုင်မှု။
၃။ အဓိဋ္ဌာန ဝသီဘော် = မိမိအလိုရှိသမျှ ကာလကြာအောင် ဈာန်အစဉ်ကိုထားနိုင်မှု။
၄။ ဝုဋ္ဌာန ဝသီဘော် = ဝင်စားသောဈာန်မှ မိမိထလိုသောအခါ၌ မိမိအလိုရှိတိုင်း ထခြင်း၌ စွမ်းနိုင်မှု။
၅။ ပစ္စဝေက္ခဏ ဝသီဘော် = ဈာန်အင်္ဂါတို့ကို လျင်မြန်စွာ အထပ်ထပ်ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဇောစိတ်ဖြင့် ဈာန်အင်္ဂါကိုဆင်ခြင်မှု။

အာဝဇ္ဇန ဝသီဘော်မြောက်လျှင် ပစ္စဝေက္ခဏဝသီဘော်လည်း ပြီးစီးတော့၏။ အမြန်ဆုံးဆင်ခြင်နိုင်သော မနောဒွါရာဝဇ္ဇန်း၏သတ္တိကို အာဝဇ္ဇန ဝသီဘော်ဟုဆို၏။ ပစ္စဝေက္ခဏဇော၏သတ္တိကို ပစ္စဝေက္ခဏ ဝသီဘော်ဟု ဆို၏။

မှတ်ချက်။ ။အာဒိကမ္မိကဝိထိ၊ ဝသီဘော်ဝိထိများကျပုံကို ဝိထိပိုင်း၌ဆိုခဲ့ပြီ။

ဒုတိယဈာန်စသည်ရပုံမှာ ။ဝိတက်စသော ရှေးရှေးသော ဈာနင်ကိုပယ်စွန့်၍ အဖန်ဖန်တလဲလဲ ပွားများဆင်ခြင်သည်ရှိသော် ဒုတိယဈာန် (ပ) ပဉ္စမဈာန်စသည်တို့ ဖြစ်ပေါ်လာကုန်၏။

အထက်ဈာန်သို့တက်လိုသောယောဂီသည် ရအပ်ပြီးသောဈာန်ကို ဝသီဘော်ပေါက်အောင် လေ့လာအားထုတ်ရသည်။ ထိုကဲ့သို့ မလေ့လာဘဲနေက ရပြီးသောဈာန်သည်ပင် အသားမကျခင် ပစ်ထားမိသဖြင့် ပျောက်ကွယ်သွားတတ်သည်။

## အာရုပ္ပဈာန်တက်ခန်း

ကရဇကာယ ရုပ်တရားအပေါ်၌ အပြစ်မြင်၍ အရူပဘုံသို့ရောက်၍ အာကာသာနဉ္စာယတနဈာန်ကို အလိုရှိသောယောဂီသည် ရူပဈာန်၏အာရုံဖြစ်သော ကသိုဏ်းရုပ်ကိုပင် စက်ဆုတ်လေတော့၏။ ဤသို့ ကရဇကာယနှင့် ကသိုဏ်းကိုပါ ကြောက်ရွံ့မုန်းတီးသော ယောဂီသည် ရူပပဉ္စမဈာန်ကို ဝသီဘော်မြောက်အောင် လေ့လာဝင်စားပြီးနောက် အာကာသ ကသိုဏ်းမှ တစ်ပါးသော ကသိုဏ်း ၉ ပါးတို့တွင် တစ်ပါးပါးကို ပဋိဘာဂ နိမိတ်ထင်အောင် နှလုံးသွင်း၏။ ထိုအခါ ထင်နေသော ကသိုဏ်းဝန်းကို အာရုံမပြုတော့ဘဲ

ကသိုဏ်းဝန်း ပျံ့နှံ့ရာအရပ်ကို "အာကာသော အနန္တော၊ အာကာသော အနန္တော"ဟု ကောင်းကင်ကိုသာ အာရုံပြုလျက် ပရိကမ္မဘာဝနာဖြင့် အထပ်ထပ်နှလုံးသွင်းလတ်သော် "ပထမာရုပ္ပဝိညာဏ်"ခေါ်သော အာကာသာနဉ္စာတနစျာန် အပ္ပနာဖြစ်ပေါ်လာလေသည်။

အာကာသာနဉ္စာယတနစျာန်ကို အဖန်ဖန်ဝင်စား၍ အသားကျသည့်အခါ ဝိညာဏဉ္စာယတနစျာန်ကို အလိုရှိသောယောဂီသည် ပထမာရုပ္ပစျာန်ကို အပြစ်ရှုပြီး ကောင်းကင်ပညတ်ကို အာရုံမပြုတော့ဘဲ ပထမာရုပ္ပဝိညာဏ်ကို အာရုံပြုကာ "ဝိညာဏံအနန္တံ"ဟု အဖန်ဖန်ပွားများလတ်သော် "ဒုတိယာရုပ္ပဝိညာဏ်" ခေါ်သော ဝိညာဏဉ္စာယတနစျာန် ဖြစ်ပေါ်လာလေ၏။

ဝိညာဏဉ္စာယတနစျာန်ကို အဖန်ဖန်ဝင်စား၍ အသားကျသည့်အခါ အာကိဉ္စညာယတနစျာန်ကို အလိုရှိသောယောဂီသည် ဒုတိယာရုပ္ပစျာန်ကို အပြစ်ရှုပြီးလျှင် ဝိညာဏဉ္စာတနစျာန်၏ အာရုံဖြစ်သော အာကာသာနဉ္စာယတန ဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍ "နတ္ထိကိဉ္စိ နတ္ထိကိဉ္စိ"ဟု စီးဖြန်းဖန်များလတ်သော် "တတိယာရုပ္ပဝိညာဏ်"ခေါ်သော အာကိဉ္စညာယတနစျာန် ဖြစ်ပေါ်လာ၏။

အာကိဉ္စညာတနစျာန်ကို အဖန်ဖန်ဝင်စား၍ အသားကျသည့်အခါ နေဝသညာနာသညာယတနစျာန်ကို အလိုရှိသောယောဂီသည် တတိယာရုပ္ပစျာန်ကို အပြစ်ရှုပြီးလျှင် နတ္ထိဘောပညတ်ကို အာရုံမပြုတော့ဘဲ တတိယာရုပ္ပစျာန်ကို အာရုံပြုကာ "သန္တမေတံ၊ ပဏီတမေတံ"ဟု အဖန်ဖန်ပွားများအပ်သော် "စတုတ္ထာရုပ္ပဝိညာဏ်"ခေါ်သော နေဝသညာနာသညာယတနစျာန် ဖြစ်ပေါ်လာ၏။

(အဘိညာဉ်ဝင်စားပုံနှင့် ဝိထိကျပုံတို့ကို ဝိထိပိုင်း၌ ပြဆိုခဲ့ပြီးဖြစ်သည်။)

## ၂၆ ဘုံ၌ ရကြသော သမထ ကမ္မဋ္ဌာန်းများ

လူ့ဘုံ၌ သမထ ကမ္မဋ္ဌာန်း ၄၀ စလုံးရ၏။ နတ်ပြည် ၆ ထပ်၌ အသုဘ ၁၀ ပါး၊ ကာယဂတာသတိ, အာဟာရေပဋိကူလသညာ–ပေါင်း ၁၂ ကြဉ် ၂၈ ပါးရ၏။ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ အသုဘ ၁၀ ပါး၊ ကာယဂတာသတိ, အာနာပါနဿတိ, အာဟာရေပဋိကူလသညာ–ပေါင်း ၁၃ ကြဉ် ၂၇ ပါးရ၏။ (သမ်ါရယမိုက်အရ အဿာသ ပဿာသသည် ရူပဗြဟ္မာများမှာမဖြစ်။) အာကာဘုံ၌ အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါးရ၏။ ဝိညာဘုံ၌ အာကာစျာန်ကြဉ် ၃ ပါးရ၏။ အာကိဘုံ၌ အာကာ, ဝိညာစျာန်ကြဉ် ၂ ပါးရ၏။ နေဝဘုံ၌ နေဝစျာန် ၁ ပါးသာရ၏။

ဂေါစရဘေဒ ပြီး၏။

သမထကမ္မဋ္ဌာန်းနည်း ပြီး၏။

◇◇◇◇◇

## ဝိပဿနာကမ္မဋ္ဌာန်း

ဤဝိပဿနာ ကမ္မဋ္ဌာန်းအဖွင့်၌ (၁) ဝိသုဒ္ဓိ ၇ ပါး (၂) လက္ခဏာ ၃ ပါး (၃) အနုပဿနာ ၃ ပါး (၄) ဉာဏ် ၁၀ ပါး (၅) ဝိမောက္ခ ၃ ပါး (၆) ဝိမောက္ခမုခ ၃ ပါးတို့ကိုပြဆို၏။

## ဝိသုဒ္ဓိ ၇ ပါး

| | | |
|---|---|---|
| ၁။ သီလဝိသုဒ္ဓိ | = | စတုပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်း။ |
| ၂။ စိတ္တဝိသုဒ္ဓိ | = | ဥပစာရသမာဓိ၊ အပ္ပနာသမာဓိစိတ်၏ စင်ကြယ်ခြင်း။ |
| ၃။ ဒိဋ္ဌိဝိသုဒ္ဓိ | = | လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၏ အစွမ်းဖြင့် နာမ်ရုပ်ကို သိမ်းဆည်းသော ဉာဏ်၏စင်ကြယ်ခြင်း။ |
| ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ | = | နာမ်ရုပ်တရား ၂ ပါး၏ အကြောင်းတရားကို သိမ်းဆည်းသည်ဖြစ်၍ ၁၆ ပါးသော ယုံမှားခြင်းကို လွန်နိုင်သောဉာဏ်၏စင်ကြယ်ခြင်း။ |
| ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | = | ဝိပဿနာ၏ ညစ်ညူးကြောင်းဘေးရန်ကို သိမ်းဆည်းသောအားဖြင့် မဂ်ဟုတ်သည် မဟုတ်သည်ကို သိမြင်နိုင်သော ဉာဏ်၏စင်ကြယ်ခြင်း။ |
| ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | = | ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမဉာဏ်တိုင်အောင် ၉ ပါးသော ဝိပဿနာဉာဏ်ဟု ဆိုအပ်သော မဂ်တည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိ၏ အကျင့်ဖြစ်သော ဉာဏ်အမြင်၏စင်ကြယ်ခြင်း။ |
| ၇။ ဉာဏဒဿနဝိသုဒ္ဓိ | = | နိဗ္ဗာန်ကိုသိမြင်နိုင်သော မဂ်ဉာဏ်၏စင်ကြယ်ခြင်း။ |

## ၁။ သီလဝိသုဒ္ဓိ

၁။ ရဟန်းတို့မှာ ပါတိမောက်၌လာသော ၂၂၇ ပါးသော သိက္ခာပုဒ်တော်အပေါင်းသည် "**ပါတိမောက္ခသံဝရ သီလ**"မည်၏။

၂။ စက္ခုစသော ဣန္ဒြေကိုကောင်းစွာလုံခြုံအောင် စောင့်ရှောက်ခြင်းသည် "**ဣန္ဒြိယသံဝရသီလ**"မည်၏။

၃။ မြတ်စွာဘုရားစက်ဆုပ်အပ်သော မိစ္ဆာဇီဝအမှုဖြင့်ရသော ပစ္စည်းတို့ကိုရှောင်ကြဉ်၍ တရားသဖြင့် ရသော ဓမ္မိယလဒ္ဓကပ္ပိယပစ္စည်း ၄ ပါးတို့ကိုသာ မှီဝဲသုံးဆောင်၍ အသက်မွေးခြင်းသည် "**အာဇီဝပါရိသုဒ္ဓိသီလ**" မည်၏။

၄။ တရားသဖြင့် ရအပ်သောပစ္စည်း ၄ ပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်မှီဝဲခြင်းသည် "**ပစ္စယ သန္နိဿိတသီလ**" မည်၏။

ဤသီလ ၄ ပါး၏ လုံခြုံပြည့်စုံစင်ကြယ်မှုသည် သီလဝိသုဒ္ဓိမည်၏။

လူတို့မှာသော်ကား ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ သုစရိတသီလတို့ကို ကောင်းစွာ လုံခြုံအောင်စောင့်ရှောက် ထိန်းသိမ်းခြင်းသည် "ပါတိမောက္ခသံဝရသီလ" မည်၏။ ဣန္ဒြိယသံဝရသီလမှာ ရဟန်းတော်တို့နှင့်တူ၏။ မိစ္ဆာဇီဝအမှုဖြင့်ရသော ပစ္စည်းတို့ကိုကြဉ်ရှောင်၍ ကောင်းသော ကုန်သွယ်ခြင်း

စသော တရားသဖြင့် ရသောပစ္စည်းတို့ကိုသာ မှီဝဲ၍အသက်မွေးခြင်းသည် "အာဇီဝပါရိသုဒ္ဓိသီလ"မည်၏။ တရားသဖြင့်ရှာကြံရအပ်သော အဝတ်,ပုဆိုး,အစာအာဟာရကို ပဋိကူလသညာ,စတုဓာတုဝဝတ္ထာန်တို့ဖြင့် အောက်မေ့ဆင်ခြင်၍ စည်းစိမ်ဥစ္စာဖြင့် ပိန်းမောတွေဝေခြင်းသို့ မရောက်စေဘဲ သုံးဆောင်ခံစား မှီဝဲခြင်းသည် "ပစ္စယသန္နိဿိတသီလ" မည်၏။

စတုပါရိသုဒ္ဓိသီလ လေးပါးတွင် သဒ္ဓါပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပါတိမောက္ခသံဝရသီလ ပြည့်စုံသည်။ သတိပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ဣန္ဒြိယသံဝရသီလ ပြည့်စုံသည်။ ဝီရိယပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် အာဇီဝပါရိသုဒ္ဓိသီလပြည့်စုံသည်။ ပညာပြဋ္ဌာန်းသောကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပစ္စယသန္နိဿိတသီလ ပြည့်စုံသည်။

## ၂။ စိတ္တဝိသုဒ္ဓိ

ဥပစာရသမာဓိ အပ္ပနာသမာဓိ ၂ပါးသည် (ဝါ) သမာဓိ ၂ပါးနှင့်ယှဉ်သောစိတ်သည် ကာမစ္ဆန္ဒနီဝရဏ စသော အညစ်အကြေးတို့မှစင်ကြယ်သောကြောင့် စိတ္တဝိသုဒ္ဓိမည်၏။ ဝိပဿနာကမ္မဋ္ဌာန်းကို အဟုတ်ကြိုးပမ်း မည့်ယောဂီသည် သမထကမ္မဋ္ဌာန်းကို ရှေးဦးစွာ ဥပစာရသမာဓိလောက်ဖြစ်စေ၊ အပ္ပနာ သမာဓိသို့ရောက်အောင် ဖြစ်စေ၊ အားထုတ်၍ နီဝရဏတို့မှ စင်ကြယ်စေသဖြင့် ဝိပဿနာကမ္မဋ္ဌာန်းအာရုံထိရောက်စေနိုင်၏။

## ၃။ ဒိဋ္ဌိဝိသုဒ္ဓိ

ပရမတ္ထတရားတို့၌ ယောဂီ ပုဂ္ဂိုလ်များသိဖို့ရန် အမှတ်အသား တစ်မျိုးစီရှိကြ၏။ ထိုအမှတ်အသားကို လက္ခဏာဟုခေါ်သည်။ ပရမတ္ထတရားဝို့၏ ပြုဖွယ်ကိစ္စဟူသော ကိစ္စရသ၊ အကြောင်းစုံညီ၍ ဖြစ်ပုံဟူသော သမ္ပတ္တိရသ ၂မျိုးသည် ရသမည်၏။ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ အကျိုးတရားသည် ပစ္စုပဋ္ဌာန် မည်၏။ နီးစွာသော အကြောင်းတရားသည် ပဒဋ္ဌာန်မည်၏။

စိတ် စေတသိက်ဟူသော နာမ်နှင့် နိပ္ဖန္နရုပ်တရားတို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တင်၍ ဆင်ခြင်လိုက်သောအခါ- သိမှုသည်စိတ်၊ ခံစားမှုသည် ဝေဒနာ၊ မှတ်သားမှုသည် သညာ၊ ပြုလုပ်အားထုတ်မှုကား သင်္ခါရ၊ ဖောက်ပြန်တတ်သော ဤခန္ဓာကိုယ်ကြီးကား ရုပ်တည်း-ဟု သိမြင်ခြင်းသည်ပင် အတ္တစွဲလမ်းမှုဟူသော အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ဤသို့ ဆင်ခြင်ဖန်များလျှင် သတ္တဝါမရှိ၊ ပုဂ္ဂိုလ်မရှိ၊ အတ္တမရှိ၊ ယောက်ျားမရှိ၊ မိန်းမမရှိ၊ ရုပ်နာမ်သာရှိသည်ဟု မိမိရသဘောကျသဖြင့် အတ္တဒိဋ္ဌိအညစ်အကြေးမှ ကင်းဝေးစင်ကြယ်၍ ဒိဋ္ဌိဝိသုဒ္ဓိနယ်သို့ ရောက်လေပြီ။

## ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ်ကား အဝိဇ္ဇာသင်္ခါရဟောဟု စသော အကြောင်းတရားကြောင့်ဖြစ်၏။ ရုပ်ကား ကံစသော အကြောင်းတရားကြောင့် ဖြစ်၏ဟု ရုပ်နာမ်တို့၏ဖြစ်ကြောင်းကို ကောင်းကောင်းသိမြင်သောအခါ- ရှေးရှေး ဘဝတုန်းကလည်း အကြောင်းအားလျော်စွာ ရုပ်နာမ်ခန္ဓာတို့ဖြစ်ခဲ့လှပြီ။ ရဟန္တာမဖြစ်သေးသမျှ နောက်နောင်

ဘဝတို့၌လည်း အကြောင်းအားလျော်စွာ ဖြစ်ကြရလိမ့်ဦးလတ္တံ့-ဟု သဘောကျသဖြင့် ၁၆ ပါးသော ယုံမှားမှုများကို လွတ်မြောက်၍တည်သော ဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ။ကင်္ခါ ၁၆ ပါးကား-

(၁) ငါသည် လွန်လေပြီးသောကာလ၌ ဖြစ်ဖူးပြီလော။ (၂) လွန်လေပြီးသောကာလ၌ မဖြစ်ဘူးလေသလော။ (၃) အဘယ်သို့သောသူ ဖြစ်ဘူးလေသနည်း။ (၄) အဘယ်ပုံသဏ္ဍာန်ဖြင့် ဖြစ်ခဲ့ပါလိမ့်မည်နည်း။ (၅) ပဌမဘဝက ဘယ်ပုံဖြစ်ခဲ့၍ လွန်ပြီးသော ဒုတိယဘဝ၌ ဘယ်လိုဖြစ်ခဲ့ပါလိမ့်မည်နည်း-ဟု အတိတ်ဘဝအတွက် ယုံမှားချက် ၅ ပါး၊ အနာဂတ်ဘဝအတွက် ၅ ပါး၊ ပေါင်း ၁၀ ပါးဖြစ်၏။

ပစ္စုပ္ပန်အတွက် ယုံမှားခြင်း ၆ ပါးမှာ- (၁) ငါဟုတ်လေသလော။ (၂) ငါမဟုတ်လေသလော။ (၃) အဘယ်သို့သောသူသည် ငါဖြစ်လေသနည်း။ (၄) အဘယ်သို့သော အခြင်းအရာအားဖြင့် ငါဖြစ်လေသနည်း။ (၅) ဤငါဖြစ်သော သတ္တဝါအတ္တဘောသည် အဘယ်ဘဝကလာခဲ့လေသနည်း။ (၆) ထိုအတ္တဘောသည် အဘယ်ဘဝသို့ လားရလတ္တံ့နည်း။

## ၅၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ရှေးဝိသုဒ္ဓိ လေးပါးအခိုက်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မရှုသေး။ သီလဝိသုဒ္ဓိဖြင့် သီလကို စင်ကြယ်စေခဲ့၍၊ စိတ္တဝိသုဒ္ဓိဖြင့် သမာဓိရအောင် အားထုတ်ခဲ့၏။ ဒိဋ္ဌိဝိသုဒ္ဓိ၌ နာမ်ရုပ်တို့ကို ပိုင်းခြား၍ သိစေခဲ့၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ နာမ်ရုပ်တို့၏အကြောင်းရင်းကို ရှာဖွေခဲ့၏။ ယခုအခါ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ဖို့ရာအကြောင်းနှင့်တကွ သိပြီးသော တေဘူမကနာမ်ရုပ်တို့ကို လက္ခဏာယာဉ် ၃ ပါးသို့တင်၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်တော့သည်။ သုံးသပ်တတ်သောဉာဏ်ကို သမ္မသနဉာဏ် ခေါ်သည်။

သမ္မသနသည် ကလာပ သမ္မသန၊ အဒ္ဓါ သမ္မသန၊ သန္တတိ သမ္မသန၊ ခဏ သမ္မသနဟု ၄ မျိုးရှိ၏။ အတိတ်ဘဝ၌ဖြစ်သော ရုပ်နာမ်စသည်ဖြင့် မခွဲခြားဘဲ ရူပက္ခန္ဓာအားလုံး၊ ဝေဒနာက္ခန္ဓာ အားလုံးစသည်ဖြင့် ခန္ဓာတစ်ခုတစ်ခုကို အပေါင်းပြု၍ သုံးသပ်ခြင်းသည် ကလာပသမ္မသနမည်၏။ အတိတ်ဘဝ၌ဖြစ်သော ရူပက္ခန္ဓာ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ရူပက္ခန္ဓာစသည်ဖြင့် ဘဝခွဲခြား၍ သုံးသပ်ခြင်းသည် အဒ္ဓါသမ္မသနနည်းမည်၏။ အအေးရုပ်အစဉ် အပူရုပ်အစဉ်စသည်ဖြင့် တစ်ဘဝတည်း၌ပင် အစဉ်အမျိုးမျိုးခွဲခြား၍ သုံးသပ်ခြင်းသည် သန္တတိ သမ္မသနနည်း၏။ ရုပ်အစဉ်တစ်မျိုးတည်း၌ပင် ဥပါဒ်၊ ဋ္ဌီ၊ ဘင်ဟူသော ခဏအားဖြင့် ခွဲ၍သုံးသပ်ခြင်းသည် ခဏ သမ္မသနနည်းမည်၏။

ဤနေရာ၌ ဝိပဿနာဉာဏ် ၁၀ ပါးနှင့် ဝိပဿနာကို ညစ်နွမ်းစေတတ်သော ဥပက္ကိလေသတရား ၁၀ ပါးကိုသိအပ်၏။

ဝိပဿနာဉာဏ် ၁၀ ပါးမှာ-

၁။ သမ္မသနဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သုံးသပ်သော အစွမ်းဖြင့် ဖြစ်စေသောဉာဏ်။

၂။ ဥဒယဗ္ဗယဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်း ၂ ပါးကို အဖန်တလဲလဲ ရှုသော အစွမ်းဖြင့် ဖြစ်စေသောဉာဏ်။

၃။ ဘင်္ဂဉာဏ် = ခန္ဓာငါးပါးသင်္ခါရတရားတို့၏ ပျက်ခြင်းတစ်ပါးကိုသာ အဖန်ဖန်တလဲလဲရှုသော ဉာဏ်။

၄။ ဘယဉာဏ် = ပျက်ခြင်း၏အစွမ်းဖြင့်ဖြစ်သော ခန္ဓာငါးပါးသင်္ခါရတရားတို့ကို အလွန်ကြောက်လန့်ဖွယ် ဘေးကြီးဟု အဖန်တလဲလဲ ရှုသောအစွမ်းဖြင့် ဖြစ်သောဉာဏ်။

၅။ အာဒီနဝဉာဏ် = ဘေးကြီးဟု မြင်အပ်ပြီး ထင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားကို အပြစ်အားဖြင့် ရှုသောဉာဏ်။

၆။ နိဗ္ဗိဒါဉာဏ် = အပြစ်ဟုမြင်အပ်ပြီး ထင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ငြီးငွေ့သော အစွမ်းဖြင့် ဖြစ်သောဉာဏ်။

၇။ မုစ္စိတုကမျတာဉာဏ် = ငြီးငွေ့၍ ထိုခန္ဓာငါးပါး သင်္ခါရတရားတို့မှလွတ်မြောက်ခြင်းငှာ အလိုရှိသည်၏ အစွမ်းဖြင့်ဖြစ်သောဉာဏ်။

၈။ ပဋိသင်္ခါရဉာဏ် = သင်္ခါရတို့မှလွတ်မြောက်ခြင်း၏ အကြောင်း၏ ပြည့်စုံစေခြင်းငှာ တစ်ဖန် ခန္ဓာငါးပါး သင်္ခါရတရားတို့ကို သိမ်းဆည်းခြင်းအစွမ်းဖြင့်ဖြစ်သောဉာဏ်။

၉။ သင်္ခါရုပေက္ခာဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ကြောက်ခြင်း၊ နှစ်သက်ခြင်းမှကင်းသည်၏ အစွမ်းဖြင့် လျစ်လျူရှု၍ဖြစ်သောဉာဏ်။

၁၀။ အနုလောမဉာဏ် = အနိစ္စအစရှိသော လက္ခဏာကို ရှုသည်၏အဖြစ်ဖြင့် အောက်၌ဖြစ်သော ဝိပဿနာဉာဏ် ၉ ပါးတို့အားရှင်း အထက်၌ ၃၇ ပါးသော ဗောဓိပက္ခိယတရားတို့နှင့်လျော်သော (ဝါ) မဂ်ဖြစ်ခြင်းငှာ လျော်သောဉာဏ်။

သမ္မသနဉာဏ် ရင့်သန်ပြီးနောက် တိုးတက်အားထုတ်သည့်အခါ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာ၏။ ဥဒယဗ္ဗယဉာဏ် ရင့်သန်သောအခါ ဖြစ်ပေါ်လာတတ်သော ဝိပဿနုပက္ကိလေသ ၁၀ ပါးကား-

၁။ ဩဘာသ = ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှင်းလင်းစွာသိမြင်သောအခါ လွန်စွာစိတ်ကြည်လင်ရကား ကိုယ်မှအရောင်အလင်းတို့သည် ထွက်ဖြာကုန်၏။

၂။ ပီတိ = ဩဘာသ သာမကသေး ခုဒ္ဒိကာပီတိစသော ၅ ပါးသော ပီတိမျိုးလည်း ဖြစ်ပေါ်၍ နှစ်သက်၏။

၃။ ပဿဒ္ဓိ = ကိုယ် စိတ် ၂ ပါးလုံး အေးမြငြိမ်းချမ်းသဖြင့် ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိဖြစ်၏။

၄။ အဓိမောက္ခ = ကမ္မဋ္ဌာန်းအာရုံ၌ သက်ဝင်ဆုံးဖြတ်တတ်သော သဒ္ဓါတရားလည်း ဖြစ်ပေါ်၏။

၅။ ပဂ္ဂဟ = ဝိပဿနာစိတ်ကို နောက်မဆုတ်ရအောင် အားပေးချီးမြှောက်ထောက်ပံ့တတ်သော ဝီရိယလည်း ဖြစ်ပေါ်၏။

၆။ သုခ = တစ်ကိုယ်လုံး၌ စိတ္တဇရုပ်တွေကို ပျံ့နှံ့ထုံမွှမ်းစေတတ်သော သုခဝေဒနာလည်း ဖြစ်၏။

၇။ ဉာဏ = သွက်လက်လျင်မြန် အမြင်သန်သော ဝိပဿနာဉာဏ်လည်း ဖြစ်ပေါ်၏။

၈။ ဥပဋ္ဌာန = မြင်းမိုရ်တောင်ပမာ ကမ္မဋ္ဌာန်းအာရုံ၌ လွန်စွာတည်တံ့သော သတိလည်း ဖြစ်၏။

၉။ ဥပေက္ခာ = အဖြစ်အပျက်ကိုရှုရန် ဗျာပါရမပြုရတော့ဘဲ အသင့်အားဖြင့် ရှုနိုင်သော ဝိပဿနာဉာဏ်နှင့်ယှဉ်သော တတြမဇ္ဈတ္တုပေက္ခာမည်သော ဝိပဿနုပေက္ခာ၊ ထိုဖြစ်မှု ပျက်မှုကို ဆင်ခြင်လိုသည့်အခါ ဆင်ခြင်နိုင်သော အာဝဇ္ဇနုပေက္ခာဟူသော ဥပေက္ခာ ၂ မျိုးလည်း ဖြစ်၏။

၁၀။ နိကန္တိ = ဩဘာသ စသည်တို့ဖြင့်ဖြစ်ငှသော ဝိပဿနာကို သာယာနှစ်သက်နေတတ်သော တဏှာလည်းဖြစ်၏။

ဆိုခဲ့ပြီးသော ဩဘာသ, ပီတိ စသည်တို့သည် ဖြစ်ပေါ်၍လာသောအခါ ထိုအရောင်အဝါ စသည်တို့ကို သာယာသော တဏှာနိကန္တိအတွက် ငါမဂ်ရပြီဟု အထင်မှားနေတတ်၏။ ထိုသို့ ထင်မှားခြင်းကို ဤကား မဂ်မဟုတ်သေးဟူ၍ ပိုင်းခြားဆုံးဖြတ်နိုင်သောသဘောသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

## ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဝိပဿနုပက္កိလေသတို့မှ လွတ်ပြီးသော ယောဂီသည် ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ် တိုင်အောင် ဝိပဿနာဉာဏ် ၉ ပါးကို အစဉ်အတိုင်း တဖန်ထူထောင်၍ လက္ခဏာယာဉ် ၃ ပါးကို ပွားများ အားထုတ်ပြန်ရာ ထိုဉာဏ် ၉ ပါးကိုပိုင်သော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ် ၉ ပါးသည် သိတတ်မြင် တတ်သောကြောင့် ဉာဏဒဿနမည်၏။ ထိုဉာဏဒဿနမည်သော ဝိပဿနာဉာဏ် ၉ ပါးသည်ပင် နိဗ္ဗာန်သို့ ရောက်စေတတ်သောအကျင့်မြတ်ဖြစ်သောကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

## ၇။ ဉာဏဒဿနဝိသုဒ္ဓိ

ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ဆိုးသည်မှာ ဝိပဿနာ၏ အထွဋ်အထိပ်သို့ရောက်သော အနုလောမဉာဏ် နှင့်တကွ သင်္ခါရုပေက္ခာဉာဏ်ကို အပါယ်စသည်မှလည်းကောင်း၊ သင်္ခါရနိမိတ်မှလည်းကောင်း၊ ထွက်မြောက်၍ မဂ်သို့ရောက်ကြောင်းဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟုခေါ်၏။ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ် ဟုဆိုအပ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် ထက်သန်လာသောအခါ သစ္စိကရဏကိစ္စဖြင့် နိဗ္ဗာန်ကို ကိုယ်တိုင်ပေါက်ရောက်၍ မဂ်ဉာဏ်ဖြစ်ပေါ်လာသည်။ ထိုမဂ်ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

ဝိသုဒ္ဓိ ၇ ပါးပြီး၏။
(မဂ္ဂဝိထိကို ဝိထိပိုင်း၌ ပြဆိုခဲ့ပြီ)

◇◇◇◇◇

## လက္ခဏာ ၃ ပါး

၁။ ခန္ဓာငါးပါး ရုပ်နာမ်တရား၏ မမြဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သော အနိစ္စလက္ခဏာ။

၂။ ခန္ဓာငါးပါး ရုပ်နာမ်တရား၏ ဆင်းရဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သော ဒုက္ခလက္ခဏာ။

၃။ ခန္ဓာငါးပါး ရုပ်နာမ်တရား၏ အနှစ်သာရမဟုတ်ခြင်း၊ အလိုသို့မလိုက်ခြင်းအမှတ်ဖြင့် မှတ်ကြောင်းဖြစ်သော အနတ္တလက္ခဏာ။

## အနုပဿနာ ၃ ပါး

၁။ အနိစ္စာနုပဿနာ = ခန္ဓာငါးပါး သင်္ခါရတရားတို့ကို မမြဲသောအားဖြင့် အဖန်တလဲလဲ ရှုဆင်ခြင်ခြင်း။

၂။ ဒုက္ခာနုပဿနာ = ခန္ဓာငါးပါး သင်္ခါရတရားတို့ကို ဆင်းရဲသောအားဖြင့် အဖန်ဖန် ရှုဆင်ခြင်ခြင်း။

၃။ အနတ္တာနုပဿနာ = ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အစိုးမရ အလိုသို့မလိုက်သောအားဖြင့် အဖန်တလဲလဲ ရှုဆင်ခြင်ခြင်း။

## ဝိမောက္ခ ၃ ပါး

၁။ ခန္ဓာငါးပါး သင်္ခါရတရားတို့၌ အတ္တဇီဝမှဆိတ်သည်ဖြစ်၍ သံယောဇဉ်စသည်တို့မှလွတ်သော မဂ်သည် သုညတ ဝိမောက္ခမည်၏။

၂။ နိစ္စနိမိတ်စသည် မရှိသည်ဖြစ်၍ သံယောဇဉ်စသည်မှ လွတ်သောမဂ်သည် အနိမိတ္တ ဝိမောက္ခ မည်၏။

၃။ တဏှာတည်းဟူသော တောင့်တခြင်း ကင်းသည်ဖြစ်၍ သံယောဇဉ်စသည်တို့မှလွတ်သော မဂ်သည် အပ္ပဏိဟိတ ဝိမောက္ခမည်၏။

## ဝိမောက္ခမုခ ၃ ပါး

၁။ ခန္ဓာငါးပါးတို့၌ အတ္တမှဆိတ်သည်ကို အဖန်တလဲလဲရှုခြင်းပညာသည် သုညတာနုပဿနာ မည်၏။

၂။ ခန္ဓာငါးပါးတို့၌ နိစ္စနိမိတ်မရှိခြင်းကို အဖန်တလဲလဲရှုခြင်းပညာသည် အနိမိတ္တာနုပဿနာမည်၏။

၃။ ခန္ဓာငါးပါးတို့၌ တဏှာတည်းဟူသော တောင့်တခြင်းကင်းသည်ကို အဖန်တလဲလဲရှုဆင်ခြင်ခြင်း ပညာသည် အပ္ပဏိဟိတာနုပဿနာမည်၏။

မဂ်နှင့်ဖိုလ်သည် အတ္တာဘိနိဝေသစသော ဆန့်ကျင်ဘက်ကိလေသာဟု ဆိုအပ်သော ဆန့်ကျင် ဘက်မှ လွတ်တတ်သောကြောင့် ဝိမောက္ခမည်၏။ အဖန်တလဲလဲရှုသော ဝိပဿနာဉာဏ်သည် လောကုတ္တရာ မဂ်ဖိုလ်ရခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝိမောက္ခမုခမည်၏။

မဂ် ၄ ပါး၊ မဂ်၏အခြားမဲ့၌ဖြစ်သော ဖိုလ် ၄ ပါး၊ ဖလသမာပတ္တိ၌ဖြစ်သော ဖိုလ်တို့တွင် တစ်ပါး တစ်ပါး၌ သုညတ, အနိမိတ္တ, အပ္ပဏိဟိတဟူသော အမည် ၃ ပါးစီရကြ၏။ မဂ်သည် ဝိပဿနာဂမန, အာရမ္မဏ, သရသ၏ အစွမ်းဖြင့် သုညတစသော အမည် ၃ ပါးကိုရ၏။ မဂ္ဂဝီထိ၌ရှိသောဖိုလ်သည် မဂ္ဂါဂမန, အာရမ္မဏ, သရသအစွမ်းဖြင့် သုညတစသော အမည် ၃ ပါးကိုရသည်။ ဖလသမာပတ္တိဝီထိ၌

ရှိသောဖိုလ်သည် ဝိပဿနာဂမန, အာရမ္မဏ, သရသအစွမ်းဖြင့် သုညတစသော အမည် ၃ ပါးကိုရသည်။ ဖလသမာပတ္တိဝီထိ၌ မဂ်ဖြစ်ခြင်း မရှိသောကြောင့် ထိုဖလသမာပတ္တိဝီထိ၌ မဖြစ်သောမဂ်သည် ဖိုလ်ဖြစ်ခြင်း၏ အကြောင်းလည်း မဖြစ်နိုင်။ ထို့ကြောင့် ဖလသမာပတ္တိဝီထိ၌ မဂ္ဂါဂမန၏အစွမ်းဖြင့် အမည် ၃ ပါးကိုမရဘဲ ဝိပဿနာဂမန၏အစွမ်းဖြင့်သာ သုညတစသော အမည် ၃ ပါးကိုရလေသည်။ အာရမ္မဏ, သရသတို့ကား မဂ်ဖိုလ်နှစ်ပါးလုံးမှာပင် ရနိုင်သည်။

မဂ်တည်းဟူသော ရောက်ကြောင်းကို မဂ္ဂါဂမန။ ဝိပဿနာတည်းဟူသော ရောက်ကြောင်းကို ဝိပဿနာဂမန။ အာရုံ၏အစွမ်းဖြင့်ရသည်ကို အာရမ္မဏ။ မိမိ၏ဂုဏ်, မိမိ၏သဘောအားဖြင့်ရသည်ကို သရသ ခေါ်သည်။

## ပုဂ္ဂလဘေဒ

သောတာပတ္တိမဂ်သည် အပါယ်လားကြောင်းဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ခုနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၊ ပေါင်း ၅ ခုကို အကြွင်းမရှိပယ်၏။ သောတာပန်ပုဂ္ဂိုလ်သည်-

၁။ သတ္တက္ခတ္တုပရမ သောတာပန် = ခုနစ်ဘဝ၏အဆုံး၌ နိဗ္ဗာန်သို့စံဝင်သောပုဂ္ဂိုလ်။

၂။ ကောလံကောလ သောတာပန် = နှစ်ဘဝမှ ခြောက်ဘဝတိုင်အောင် ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်စံဝင်သော ပုဂ္ဂိုလ်။

၃။ ဧကဗီဇီ သောတာပန် = တစ်ဘဝသာလျှင် ပဋိသန္ဓေတည်နေ၍ ပရိနိဗ္ဗာန်စံဝင်သောပုဂ္ဂိုလ်။

သကဒါဂါမိမဂ်သည် ကြမ်းတမ်းသော ရာဂ ဒေါသ မောဟတို့ကို တနုကရအားဖြင့် ခေါင်းပါးအောင် ပယ်သည်။ ထိုသကဒါဂါမ်ပုဂ္ဂိုလ်သည်-

၁။ ဣဓပတ္တာ ဣဓပရိနိဗ္ဗာယီ = ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ဘုံ၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၂။ ဣဓပတ္တာ တတ္ထပရိနိဗ္ဗာယီ = ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ဘုံ၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၃။ တတ္ထပတ္တာ တတ္ထပရိနိဗ္ဗာယီ = ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ဘုံ၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၄။ တတ္ထပတ္တာ ဣဓပရိနိဗ္ဗာယီ = ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ဘုံ၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၅။ ဣဓပတ္တာ တတ္ထနိဗ္ဗတ္တိတွာ ဣဓပရိနိဗ္ဗာယီ = ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ပြည်၌ဖြစ်ပြီး ဤလူ့ဘုံ၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

၆။ တတ္ထပတ္တာ ဣဓနိဗ္ဗတ္တိတွာ တတ္ထပရိနိဗ္ဗာယီ = ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်ပြီး ဤလူ့ဘုံ၌ ပဋိသန္ဓေနေ၍ ဤလူ့ပြည်မှ တစ်ဖန် ထိုနတ်ပြည်သို့ပြန်၍ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်။

အနာဂါမိမဂ်သည် သိမ်မွေ့သော ကာမရာဂနှင့် ဗျာပါဒကို အကြွင်းမရှိ ပယ်သည်၊ အနာဂါမ်ပုဂ္ဂိုလ်သည်–

၁။ အန္တရာပရိနိဗ္ဗာယီ အနာဂါမ် = သုဒ္ဓါဝါသ ၅ ဘုံတွင် မိမိရောက်ရာဘုံ၏အသက်အပိုင်းအခြား ရှေ့ထက်ဝက်အတွင်း ရဟန္တာဖြစ်သောအနာဂါမ်။

၂။ ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ် = သုဒ္ဓါဝါသ ၅ ဘုံတွင် မိမိရောက်ရာဘုံ၏ အသက်ထက်ဝက်ကိုလွန်ပြီးမှ ရဟန္တာဖြစ်သောအနာဂါမ်။

၃။ အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ် = ဆင်းဆင်းရဲရဲ အလွန်လုံ့လမပြုဘဲ ကိလေသပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသောအနာဂါမ်။

၄။ သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ် = ဆင်းဆင်းရဲရဲ ပြင်းပြင်းပန်းပန်းစွာ အလွန်လုံ့လပြုပြီးမှ ကိလေသပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသောအနာဂါမ်။

၅။ ဥဒ္ဓံသောတအကနိဋ္ဌဂါမီ အနာဂါမ် = သုဒ္ဓါဝါသ ၅ ဘုံတို့တွင် အောက်အောက်သောဘုံတို့၌ အရဟတ္တမဂ်ကို မရမူ၍ အထက်ဆုံးဖြစ်သော အကနိဋ္ဌဘုံသို့ရောက်မှ ရဟန္တာဖြစ်သော အနာဂါမ်။

ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ်ကို ဤသို့ခွဲသေး၏။

(က) အဝိဟာဘုံမှစ၍ အစဉ်အတိုင်း အကနိဋ္ဌဘုံတိုင်အောင်သွား၍ ပရိနိဗ္ဗာန်ပြုသော ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ်။

(ခ) အဝိဟာဘုံမှစ၍ အစဉ်အတိုင်း သုဒဿီဘုံတိုင်အောင်သွား၍ ပရိနိဗ္ဗာန်ပြုသော ဥဒ္ဓံသောတ နအကနိဋ္ဌဂါမီ အနာဂါမ်။

(ဂ) ဤကာမဘုံမှ အကနိဋ္ဌဘုံသို့ရောက်၍ ပရိနိဗ္ဗာန်ပြုသော နဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ်။

(ဃ) ဤကာမဘုံမှ သုဒ္ဓါဝါသ အောက် ၄ ဘုံသို့သွား၍ ဖြစ်ရာဘုံ၌ပင် ပရိနိဗ္ဗာန်ပြုသော နဥဒ္ဓံသောတ နအကနိဋ္ဌဂါမီ အနာဂါမ်။

အရဟတ္တမဂ်သည် ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ခုနှင့် ဥဒ္ဓစ္စသဟဂုတ် ၁ ခု၊ ပေါင်း ၅ ခုကို အကြွင်းမဲ့ပယ်၏။ ရဟန္တာပုဂ္ဂိုလ်သည်–

(၁) ပညာဝိမုတ္တ ရဟန္တာ
(၂) ဥဘတောဘာဂဝိမုတ္တ ရဟန္တာ
(၃) တေဝိဇ္ဇ ရဟန္တာ
(၄) ဆဠာဘိညာ ရဟန္တာ
(၅) ပဋိသမ္ဘိဒါပတ္တ ရဟန္တာအားဖြင့် ၅ မျိုးဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်အား အာသဝေါကရား ၄ ပါးတို့သည် ကင်းကုန်သောကြောင့် "ခီဏာသဝ" မည်၏ဟူ၍လည်းကောင်း၊ အမြတ်ဆုံးသောအလှူကို ခံတော်မူထိုက်သောကြောင့် "အဂ္ဂဒက္ခိဏေယျ" ဟူ၍လည်းကောင်း သဂြိုဟ်ကျမ်းတွင် ပြဆို၏။

ပုဂ္ဂလဘေဒ ပြီး၏။

◇◇◇

| အကုသိုလ်တရား | ၁ | ၂ | ၃ |
|---|---|---|---|
| သံယောဇဉ်–၁၀ | သက္ကာယဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ | ကာမရာဂ, ပဋိဃ | ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ |
| ကိလေသာ–၁၀ | ဒိဋ္ဌိ, ဝိစိကိစ္ဆာ | ဒေါသ | လောဘ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ |
| မိစ္ဆတ္တ–၁၅ | မိစ္ဆာဒိဋ္ဌိ, ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ, မုသာဝါဒ, မိစ္ဆာအာဇီဝ | မိစ္ဆာသင်္ကပ္ပ, ပိသုဏဝါစာ, ဖရုသဝါစာ | သမ္ဖပ္ပလာပ, မိစ္ဆာဝါယမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ |
| လောကဓမ်–၈ | | အလာဘ, အယသ, ဒုက္ခ, နိန္ဒ | လာဘ, ယသ, သုခ, ပသံသ |
| မစ္ဆရိယ–၅ | အာဝါသ, ကုလ, လာဘ, ဓမ္မ, ဝဏ္ဏ | | |
| ဝိပလ္လာသ–၁၂ | အနိစ္စကိုနိစ္စ–အနတ္တကို အတ္တဟူသော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ ၆ ပါး။ ဒုက္ခကို သုခ–အသုဘကို သုဘဟူသော ဒိဋ္ဌိ ဝိပလ္လာသ ၂ ပါး။ ပေါင်း ၈ ပါး။ | အသုဘကို သုဘဟူသော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ ၂ ပါး | ဒုက္ခကို သုခဟူသော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ ၂ ပါး |
| ဂန္ထ–၄ | သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသ | ဗျာပါဒကာယဂန္ထ | အဘိဇ္ဈာကာယဂန္ထ |
| အဂတိ–၄ | ဆန္ဒ, ဒေါသ, မောဟ, ဘယ | | |
| အာသဝ၊ ဩဃ၊ ယောဂ–၄ စီ | ဒိဋ္ဌာသဝ, ဒိဋ္ဌောဃ, ဒိဋ္ဌိယောဂ | ကာမာသဝ, ကာမောဃ, ကာမယောဂ | ဘဝါသဝ, ဘဝေါဃ, ဘဝယောဂ, အဝိဇ္ဇာသဝ, အဝိဇ္ဇောဃ, အဝိဇ္ဇာယောဂ |
| နီဝရဏ–၆ | ဝိစိကိစ္ဆာ, ဩဠာရိက ကုက္ကုစ္စ | ကာမစ္ဆန္ဒ, ဗျာပါဒ, ကြွင်းသော အနုဝသေသ ကုက္ကုစ္စ | ထိနမိဒ္ဓ, ဥဒ္ဓစ္စ, အဝိဇ္ဇာ |
| ပရာမာသ–၁ | ဒိဋ္ဌိပရာမာသ | | |
| ဥပါဒါန်–၄ | သီလဗ္ဗတုပါဒါန်, ဒိဋ္ဌုပါဒါန်, အတ္တဝါဒုပါဒါန် | | ကာမုပါဒါန် |
| အနုသယ–၇ | ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ | ကာမရာဂါနုသယ, ပဋိဃာနုသယ | မာနာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ |
| မူလ–၃ | | ဒေါသ | လောဘ, မောဟ |
| အကုသလ ကမ္မပထ–၁၀ | ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ မိစ္ဆာဒိဋ္ဌိ | ပိသုဏာဝါစာ, ဖရုသဝါစာ, ဗျာပါဒ | သမ္ဖပ္ပလာပ, အဘိဇ္ဈာ |
| အကုသိုလ် စိတ္တုပ္ပါဒ်–၁၂ | ဒိဋ္ဌိဂတသမ္ပယုတ် ၄, ဝိစိကိစ္ဆာ ၁ | ဒေါသမူဒွေ | ဒိဋ္ဌိဂတဝိပ္ပယုတ် ၄၊ ဥဒ္ဓစ္စ ၁ |

အမှတ်–၁ အကွက်ရှိ အကုသိုလ်တရားများကို သောတာပတ္တိမဂ်သည် အကြွင်းမဲ့ပယ်၏။ အမှတ်–၂ အကွက်ရှိ အကုသိုလ်တရားများကို သောတာပတ္တိမဂ်သည် အပါယဂမနီယဖြစ်သောတရားကို တနကရအားဖြင့်ပယ်၍ သကဒါဂါမိမဂ်သည် ရုန့်ရင်းကြမ်းတမ်းသော (ဩဠာရိက) အကုသိုလ်တရားကို ပယ်၏။ အနာဂါမိမဂ်သည်ကား အကြွင်းမဲ့ပယ်၏။ အမှတ်–၃ အကွက်ရှိတရားများကို အရဟတ္တမဂ်သည် အကြွင်းမဲ့ပယ်၏။

ကမ္မဋ္ဌာန်းပိုင်း ပြီး၏။

# နိဂုံးနှင့် ပတ္ထနာ

ဩကာသံ ကာယကမ္မသ္မိံ အနာဒါယေဝ ကေဝလံ၊
နိဋ္ဌာပေသိံ ဣမံဂန္ထံ၊ ဝါစနာမဂ္ဂသင်္ဂဟံ။

ဣမိနာ ပုညကမ္မေန၊ ဘဝေ တိဟေတုကုက္ကဋ္ဌော၊
တိက္ခဇဝနဂမ္ဘီရ၊ ပုထုနိဗ္ဗေဓဉာဏိကော။

ပရမိဿရိယော သောဟံ၊ ပရပ္ပဝါဒ မဒ္ဒနော၊
ဗောဓိပ္ပတ္တော ဒုခါမုတ္တော၊ တာရေမိ ဒုက္ခိတေဇနေ။

ကာယကမ္မသ္မိံ၊ အမှုရာထမ်း အလုပ်ပန်းသဖြင့် မကျန်းသာလှ ကိုယ်ကာယကို ခဏပန်းပြေ ဖြေမည်လေဟု အချိန်လုရ၍ လှုပ်မှုကိစ္စ လုပ်ပြီးကလျှင် ပန်းလျကိုယ်လက် ခန့်ကျန်းခြင်းအတွက်ငှာ၊ ဩကာသံ၊ အလုပ်ပြီးချိန် ပန်းဖြေချိန်ဟု အချိန်လိုသင့် ချိန်အခွင့်ကို၊ အနာဒါယေဝ ကေဝလံ၊ အညောင်းအညာ ဝေဒနာကို ညှာတာမပြု ဥပေက်ရှုလျက် ဂရုမထား သင်ချိန်များဖြင့် စိတ်အားရွှင်ပျ ပျော်နေရကား လုံးဝမယူ မှူ၍သာ လျှင်။ ဝါစနာမဂ္ဂသင်္ဂဟံ။ ပို့ချစဉ်လမ်း ပိုငြိမ်းသမှု ပေါင်းပြုအပ်သော။ ဣမံဂန္ထံ၊ ဤသဂြိုဟ်သရုပ်အခြေပြု ကျမ်းကို။ နိဋ္ဌာပေသိံ၊ အန္တရာယ်ပေါင်း ဝေးစွာရှောင်း၍ ကောင်းစွာရေးသား ပုံနှိပ်ပြီးမြောက်စေခဲ့ပါပြီ။

ဣမိနာပုညကမ္မေန၊ ကိုယ်ရေးကိုယ့်တာ မသက်ညှာဘဲ ကောင်းစွာပို့ချ သင်တန်းပြလျက် ဝေငှ နည်းပေး ဤအရေးဖြင့် ရေးသားဖြန့်ဖြူး ဤသို့သော ကုသိုလ်ကံအထူးကြောင့်၊ တိဟေတုကုက္ကဋ္ဌော၊ ဇာတိအရေး မကင်းသေး၍ ဟိုပြေးဒီလွှား သံသရာ၌ ကျင်လည်ရခြားက မြတ်ပွားသင့်စွ တိဟိတ်ပဋိသန္ဓေကို ရသည်။ ဘဝေ၊ မုချမသွေ ဖြစ်ရပါစေသား။ တိက္ခဇဝနဂမ္ဘီရ ပုထုနိဗ္ဗေဓဉာဏိကော၊ ထက်မြက်လျင်စွာ နက်နဲရာနှင့် ကျယ်ဖြာကြီးထု ဖောက်ထွင်းပြုသား ထင်ရှားစုံစုံ ကုံလုံပြည့်လွင် ပညာရှင်သည်။ ဘဝေ၊ ဘဝတိုင်းတွက် ဤကျိုးဆက်ကြောင့် ဆက်ဆက်မသွေ ဖြစ်ရပါစေသတည်း။

သောဟံ၊ သဂြိုဟ်သရုပ်အခြေပြုကျမ်းကို ကြိုးပမ်းပြုစု သင်ကြားမှုဖြင့် ကြီးထုကောင်းမှု ဆည်းပူး စုသား မြတ်များရည်မြော် ဦးကျော်ပညာဟ် သမုတ်အပ်လျက် ရုပ်ဓာတ်နာမ်ဓာတ် မပြတ်ဖြစ်တည် အကျွန်ုပ် သည်။ ပရမိဿရိယော၊ နိဗ္ဗာန်သောင်မြို့ ကယ်ဆောင်ပို့ဟု နစ်လို့ရည်ညိတ် ရှေ့ဆောင်စိတ်ဖြင့် ဣဿရိယ ရှေ့ဘုန်းခလျက် ကိုယ်မှအခြား သူတစ်ပါးကို တရားသဖြင့် အုပ်စိုးနိုင်ခွင့်ရှိသည်။ ဘဝေ၊ ဆက်တိုင်းမသွေ ဖြစ်ရပါစေသတည်း။ ပရပ္ပဝါဒမဒ္ဒနော၊ သမ္မာအယူ မဖြူညစ်ပွါး သူတစ်ပါး၏ အမှားဟူသမျှ ယူဝါဒကို ကျနုပြတ်သား ပညာအားဖြင့် ပယ်ရှားနှိမ်နင်း ကောင်းမွန်သွင်းလျက် မယွင်းမဖောက် ဖြေဖျောက်ပယ်ရှား နိုင်သည်။ ဘဝေ၊ ကောင်းစွာမသွေ ဖြစ်ရပါစေသတည်း။ ဒုခါမုတ္တော၊ ဆင်းရဲဟူသမျှ ကင်းလွတ်ရလျက်။ ဗောဓိပ္ပတ္တော၊ သစ္စာလေးအင် သိမြင်မှန်ဘိ ဉာဏ်ဗောဓိသို့ အမိအရ မုချကေန် အမှန်ပင်ရောက်ရ၍။ ဒုက္ခိတေဇနေ၊ ခပ်သိမ်းများစွာ ဒုက္ခိတ သတ္တဝါတို့ကို။ တာရေမိ၊ ဆင်းရဲကင်းပျောက် ချမ်းသာရောက်အောင် ပွားထောက်ကယ်တင်နိုင်ရပါစေသတည်း။ ။

အမှတ်
ရက်စွဲ

# အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၌ရနိုင်သော

## အဂ္ဂမဟာပဏ္ဍိတ မူလပဋ္ဌာန်းဆရာတော်

## ဘဒ္ဒန္တ နာရဒမဟာထေရ်

## ပို့ချခဲ့သော

## အဘိဓမ္မာဆိုင်ရာ အသံဖမ်းပို့ချစဉ်ကျမ်းများ

၁။ သစ္စယမက ပို့ချစဉ်
၂။ သင်္ခါရယမက ပို့ချစဉ်
၃။ စိတ္တယမက ပို့ချစဉ်
၄။ ဓမ္မယမက ပို့ချစဉ်
၅။ မူလ + ခန္ဓ ပို့ချစဉ်
၆။ အနုသယ ယမက ပို့ချစဉ်
၇။ ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ပို့ချစဉ်
၈။ ပဋ္ဌာန်း ဆဝါရဝိဘင် ပို့ချစဉ်
၉။ ပဋ္ဌာန်း ပဥ္စဝါရဝိဘင် ပို့ချစဉ်
၁၀။ ပဋ္ဌာန်း ဆဝါရ သင်္ချာ
၁၁။ ပဋ္ဌာန်း ပဥ္စဝါရ သင်္ချာ (၁)
၁၂။ ပဋ္ဌာန်း ပဥ္စဝါရ သင်္ချာ (၂)
၁၃။ ဥက္ကဋ္ဌ-ဦးကျော် ရေးသားသော သင်္ဂြိုဟ်သရုပ်အခြေပြုကျမ်း

၃၄-၁၃



# သင်္ဂြိုဟ်သရုပ်အခြေပြုကျမ်း


စီစဉ်ရေးသားသူ

**ဥက္ကဋ္ဌ ဦးကျော်**

အဘိဓမ္မာပြန့်ပွားရေးအသင်း၊ ရန်ကုန်မြို့။